# အဝါရောင် သောင်းရက်များ၏ ရိုးဝက်ပုံပြင်

ငြိမ်းအေးခိုင်

အဝါရောင်

ဆောင်းရက်များ၏

# မိုးစက်ပုံပြင်

ငြိမ်းအေးအိမ်

မြန်မာအီးဘုခ် အယ်ဒီတာအဖွဲ့
စီစဉ်သည်။

မြန်မာ အီးဘုခ် ၄
၂၀၀၄၊ ဖေဖော်ဝါရီ ၂၈
[မြန်မာစာပေလောက၏ အကျိုးငှာ အင်တာနက်စာအုပ်ဆိုင်တွင် အခမဲ့ တင်သော စာအုပ် ဖြစ်ပါတယ်။]

ဤဝတ္ထုအား စာရေးဆရာ ငြိမ်းအေးအိမ်၏ သဘောတူ ခွင့်ပြုချက်အရ မြန်မာအီးဘုခ် စာဖတ်ပရိသတ်သို့ နှစ်သစ်ကူး သင်္ကြန်အဖြစ် ဒစ်ဂျစ်တယ်မူအဖြစ်သာ ပေးပို့ခြင်း ဖြစ်ပါသဖြင့် စီးပွားရေးသဘောအရ အသုံးပြုလိုပါက ဆရာဇော်ဇော်အောင်ထံ တိုက်ရိုက်ဆက်သွယ် ခွင့်တောင်းပါရန်

# စီစဉ်သူ့အမှာ

ဖော်အဲဗား စပေ့စ်ဒေ့ါကွမ်းရဲ့ အွန်လိုင်း သတင်းစာစောင် စာမျက်နှာများပေါ် ကတစ်ဆင့် မြန်မာအီးဘုခ် စာဖတ်ပရိသတ်သို့ သီးသန့် အစီအစဉ်အဖြစ် ဆရာငြိမ်းအေးအိမ်ရဲ့ *အဝါရောင်ဆောင်းရက်များ၏ မိုးစက်ပုံပြင်* ဝတ္ထုကို အခမဲ့အီးဘုခ်အဖြစ် သီးသန့်အစီအစဉ်အရ တင်ဆက်ပါတယ်။ ဒီဝတ္ထုဟာ မဟာဂျာနယ် စာမျက်နှာများပေါ် ကနေ စာဖတ်သူများရှေ့မှောက် အခန်းဆက်အဖြစ် ရောက်ရှိခဲ့ပြီး ဖြစ်ပါတယ်။ စာရေးသူရဲ့ ဆန္ဒ၊ မြန်မာအီးဘုခ်အယ်ဒီတာအဖွဲ့ရဲ့ ဆုံးဖြတ်ချက်အရ ဒီစာအုပ်ကို မူရင်း ဒစ်ဂျစ်တယ်စာအုပ်အနေနဲ့ ထုတ်ဝေလိုက်ပါတယ်။

ဝတ္ထုဆိုတဲ့ စာပေအဖွဲ့ကို ဖျော်ဖြေရေးမှသည် စာပေအနုပညာခံစားမှုဆီထိ အဆင့်ဆင့် အသီးသီး ရည်ရွယ်ကာ စာရေးသူများက ဆက်လက်ရေးဖွဲ့နေမှာဖြစ်သလို စာဖတ်သူများကလည်း ဆက်လက် ဖတ်ရှုနေဦးမယ်လို့ မှန်းဆရပါတယ်။ အင်တာနက်ထဲကနေ ကွန်ပျူတာပေါ် မှာ ဖတ်ဖို့ အသင့် ဖြစ် မဖြစ် ဆိုတာတော့ ကျွန်တော်တို့လည်း ရေရေရာရာ မမှန်းဆနိုင်သေးပါ။ ဘာပဲ ဖြစ်ဖြစ် စာဖတ်သူရှိရာ ၊ပရိသတ်ရှိရာဆီ သွားရောက်ဖို့ ကြားခံလမ်းကြောင်း တစ်ခု ဆိုတာကတော့ သေချာနေပါပြီ။ စာဖတ်သူများရော၊ ကျွန်တော်တို့ပါ စာပေအနုပညာနဲ့ မြန်မာဝတ္ထုအပေါ် ယုံကြည်ချက်နဲ့ စမ်းသပ်ကြည့်ကြပါစို့။

အခြေအနေ အခွင့်အလမ်းပေါ် မူတည်ပြီး မြန်မာအီးဘုခ်စာဖတ်သူများအတွက် ဆက်လက် ကြိုးပမ်းသွားမှာ ဖြစ်ပြီး ဝေဖန်အကြံပြုချက်များကို ပေးပို့ပါရန် ဖိတ်ခေါ် ပါတယ်။

**မြန်မာအီးဘုခ် အယ်ဒီတာအဖွဲ့**

**ကျေးဇူးတင်လွှာ**

*ဆောင်းရက်များ၏ မိုးစက်ပုံပြင်* ဝတ္ထုကို အခမဲ့အီးဘုခ်အဖြစ်
တင်ခွင့်ပြုသော ဆရာ ငြိမ်းအေးအိမ်ကိုလည်းကောင်း၊
အခန်းဆက်ဝတ္ထုအဖြစ် မူလ ဖော်ပြခဲ့ရာ
မဟာဂျာနယ်ကိုလည်းကောင်း၊ ကျေးဇူးတင်ရှိကြောင်း
မှတ်တမ်းပြုအပ်ပါတယ်။

# ငြိမ်းအေးအိမ်

## အဝါရောင်ဆောင်းရက်များ၏မိုးစက်ပုံပြင်

အလင်းမြစ်

အလင်းမြစ်

# ပဉ္စလက်နွေဦး

( ၁ )

ဒီအချိန်ဒီနေရာမျိုးမှာ တစ်သက်တာအတွက် ကျွန်မကို အရူက် အရစေဆုံး၊ အကြေကွဲရစေဆုံး၊ စိတ်အပျက်ရစေဆုံး၊ မျက်လုံးတစ်စုံကို တွေ့ကြုံခဲ့ရလိမ့်မယ်လို့ ဘယ်လိုမှ မထင်မှတ်ခဲ့မိပါ။

တကယ်တော့ ဒါဟာ ကျွန်မတစ်ဘဝတာလုံး တမ်းမက် မျှော်လင့်နေခဲ့တဲ့ မဆုံးနိုင်သောအိပ်မက်ရှည်ရှည်ထဲက ရတနာပါ။ အနှစ်နှစ်ဆယ်လုံးလုံး ပျောက်ဆုံးနေတဲ့ အဲဒီရတနာကို ကျွန်မခင်ပွန်းသည်ဆုံးတဲ့နေ့၊ တိတိကျကျပြောရရင် မြေချတဲ့နေ့မှာ လုံးလုံးမမျှော်လင့်မိခဲ့ပါဘဲနဲ့ စက္ကန့်တချို့ ပြန်တွေ့ခွင့်ရလိုက်တယ်။

ကျွန်မ သေဆုံးသည်အထိ၊ နောင် ဘယ်တော့မှ ပြန်မတွေ့ရတော့မယ့်၊ အပြီးတိုင်ဆုံးရှုံးရတော့မယ့် အရာပါပဲ။

ဒါဟာ ထူထဲနက်မှောင်တဲ့ မျက်ခုံးထူထူအောက်က အခုအချိန်အထိအသွေးအရောင် မပြောင်းဘဲ တလက်လက် တောက်ပနေသေးတဲ့ ချစ်သူရဲ့ ညိုလဲ့လဲ့မျက်ဝန်းတစ်စုံလေ...။

( ၂ )

တကယ်တော့ အထက်တန်းကျောင်းသားကျောင်းသူဘဝဆိုတာ သန့်စင်ရိုးသားလွန်းလှပါတယ်။

ပြီးတော့ တစ်ဘဝစာ ဒဏ်ရာတွေအထပ်ထပ်နဲ့ နာကျင်နေရလိမ့်မယ်လို့ လုံးလုံးမထင်မှတ်မိတဲ့ ကိုယ့်နှလုံးသားကို ကိုယ့်ဖာသာကိုယ်လှုပ်နှိုးမိတတ်တဲ့ အရွယ်လည်း ဖြစ်နေပြန်တယ်။

ကြည့်စမ်းပါရှင်ရယ်...။

ဖြူယော်ယော် လူကောင်သေးသေးလေးတစ်ယောက်ရဲ့ အချိုးအစား ပြေပြစ်လွန်းလှတဲ့ သည်မျက်နှာ။

အထူးသဖြင့် နက်မှောင်သန်စွမ်းတဲ့ မျက်ခုံးထူထူအောက်က စူးရှကြည်လင်လွန်းတဲ့ မျက်လုံးညိုညိုတစ်စုံပေါ်မှာ ကျွန်မဘဝတစ်ခုလုံးကို နှစ်ပေါင်းများစွာ တည်ဆောက်ထားရလိမ့်မယ်လို့ ယောင်မှားလို့တောင် မထင်မိခဲ့ပါဘူး။

ဒါပေမဲ့...။

( ၃ )

ဒါတွေဟာ တကယ်ပဲဖြစ်ပျက်ခဲ့တယ်။ တကယ့်ကို နှစ်ပေါင်းများစွာ ကြာသည်အထိ တငွေ့ငွေ့လောင်ကျွမ်းတောက်လောင်ဆဲ။

ခွန်မောင်ဆိုတဲ့ အမည်နာမတစ်ခုဟာ ကျွန်မတို့ ကျောင်းသူတွေကြားမှာ ဆွဲဆောင်အားကောင်းလွန်းတဲ့ သင်္ကေတတစ်ခုပါ၊ သူနဲ့ ခင်မင်ရင်းနှီး မိတ်ဆွေဖြစ်လိုသူတွေ...၊ တတ်နိုင်ရင်တစ်ဆင့်တက် ရင်းနှီးလိုသူတွေ ဝိုင်းဝိုင်းကိုလည်လို့။

သူကတော့ တကယ့်ကို လူတစ်မျိုးပါ။

သူ့အပေါ် တိမ်းညွှတ်နေတဲ့ မျက်လုံးတွေရဲ့အင်အားကို သူ သိနေမှာပါ။ ယောကျ်ားပဲလေ...။ သူ သိနေမှာပါဆိုတဲ့ အတွေးဟာ ကျွန်မအထင်သက်သက်လည်း ဖြစ်ကောင်းတော့ ဖြစ်နိုင်ပါတယ်။

သူ့ကို ကျွန်မ ရှင်းရှင်းကြီး မြင်တွေ့နေရတာကတော့ ကျောင်းစာ၊ သီချင်းနဲ့ ဘောလုံးကန်ခြင်းကလွဲလို့ ဘာကိုမှ မက်မက်စက်စက် မရှိသူ။ တစ်ကိုယ်ရေဘဝမှာ နှစ်ခြိုက်စွာပျော်ပိုက်နေထိုင်သူ ဖြစ်နေတာကိုပါပဲ။

သူမို့ ဘောလုံးကန်ပြီဆိုရင် သူ့ကိုအားပေးနေကြတဲ့ ကျောင်းသူတွေရဲ့အသံ ကွင်းဘေးမှာ တပေါးပေါးညံလို့။

အသံသြဇာ ကောင်းလွန်းရုံမက ဆွဲဆောင်အားပြင်းလှသူ။

ကျွန်မတို့ တောင်ပေါ်မြို့ကလေးက တီးဝိုင်းလေးမှာ သူမို့ သီချင်းဆိုပြီဆိုရင် သူ့နာမည်တပ်လို့ သီချင်းတောင်းကြသူတွေက ထုနဲ့ဒေး။

အဲသလိုအနေအထားမျိုးမှာ ပတ်ဝန်းကျင်တစ်ခုလုံးကို မထုံတက်တေး အေးတိအေးစက် တုံ့ပြန်တတ်တဲ့ သူ့အမူအရာကို မိန်းကလေးတော်တော်များများ (သူ့ကို စိတ်ဝင်စားနေကြတဲ့ မနည်းလှတဲ့ အရေအတွက်ကို ဆိုလိုတာပါ)က ပိုပိုပြီး အသည်းတယားယားဖြစ်ကြရတယ်။

အဒီထဲမှာ ကျွန်မလည်း တစ်ယောက်အပါအဝင်ဖြစ်ခဲ့တာကိုတော့ မရှက်မကြောက် ဝန်ခံပါရစေ။

( ၄ )

တစ်တန်းတည်းသား၊ ကျွန်မရဲ့အရှေ့ဘက် ဓားလွယ်ခုတ်ခုံမှာ အမြဲထိုင်လေ့ရှိတဲ့ သူ့ကို စတင် စိတ်ဝင်စားခဲ့သူ၊ ရှင်းအောင်ပြောရရင် စ ချစ်ခဲ့သူဟာ ကျွန်မကိုယ်တိုင်ပါပဲ။

သူ့ကို စိတ်ဝင်စားသူတွေ များလာနေတာ သိရလေလေ ကျွန်မစိတ်တွေ ပိုလှုပ်ရှားယိမ်းယိုင်လာလေလေနဲ့ လပေါင်းများစွာ ဖြတ်သန်းခဲ့ရပါတော့တယ်။

အလှပန်းတစ်ပွင့်ကို ချစ်ခဲ့ရသလိုမျိုးနဲ့ စ,ခဲ့တာလား။ စူပါစတားတစ်ယောက်ရဲ့ကျော်ဇောခြင်းအပေါ် သာယာမိတာသက်သက်နဲ့ စခဲ့တာလား။ ကိုယ်တိုင် ရေရေရာရာမခွဲခြားနိုင်ခင်မှာပဲ ကျွန်မရင်ထဲ တစိမ့်စိမ့်နဲ့ စူးနစ် အမြစ်တွယ်ခဲ့တာဟာ သူ့ကို စွဲစွဲလမ်းလမ်း ချစ်နေမိခြင်းပဲဖြစ်ပါတော့တယ်။

သူ့ကို ကျွန်မ တကယ်ချစ်နေမိပြီဆိုတာ ကျွန်မကိုယ်တိုင် သေသေချာချာကို သိလိုက်တဲ့နေ့ကတော့ ကျွန်မတို့ကျောင်းနဲ့ အထက(၁) ကျောင်းရဲ့ ဘောလုံးဗိုလ်လုပွဲနေ့ပါပဲ။

အဲဒီနေ့က တစ်ကွင်းလုံးမှာ မိုးရွာတယ်။

ကျွန်မရင်ထဲမှာလည်း ချစ်ခြင်းမိုးတွေ သည်းသည်းစွေတယ်။ မိန်းမတစ်ယောက်ရဲ့ မာနက ကျွန်မဘက်က စချစ်မိပြီဆိုတာ သေချာခဲ့တဲ့ အဲဒီနေ့အကြောင်းကို ဘယ်သူ့ကိုမှ ဖွင့်ပြောဖြစ်ဖို့ ခွင့်မပြုခဲ့ပါဘူး။ ဒဏ်ရာရနေတဲ့ သူ့ခြေထောက်က သွေးစီးကြောင်းတွေကို သန့်စင်နေရင်း သူ

နာကျင်မှာစိုးလို့ လေနဲ့ တဖွဖွမှုတ်ပေးနေမိတဲ့ အချိန်လေးတစ်ခုမှာ ကျွန်မမျက်နှာဟာ မိုးရေထဲမှာ မီးလောင်နေခဲ့ဖူးပါတယ်။

ငါ မိန်းကလေးဆိုတဲ့အသိ၊ စာသင်တုန်းအရွယ်ဆိုတဲ့အသိနဲ့ ရေလာအောင် မြောင်းမဖောက်ရဲခဲ့တာ အမှန်ပါ၊ ကျွန်မဘက်က ရေမြောင်းအကြိမ်ကြိမ်ဖောက်မိတယ်ထားဦး၊ ကျွန်မချစ်တဲ့ ရေခဲမြစ်တစ်စင်းဆီက ရေကြည်တစ်ပေါက်လောက်တောင်မှ စီးဆင်းလာနိုင်ပါ့မလား။ သံသယစိတ်၊ အားငယ်စိတ်၊ ပင်ပန်းညစ်ညူးစိတ်၊ တထွေးတစ်ပိုက်နဲ့ ဆယ်တန်းစာသင်နှစ်ဟာ ကုန်ဆုံးလွန်မြောက်ခဲ့ပါပြီ။

( ၅ )

ကံတရားဟာ တစုံတရာကို ကြိုတင်အကွက်ချ စီစဉ်ခဲ့တာလား။

ကျွန်မအပေါ် တစ်ဘဝစာ ဒဏ်ခတ်အပြစ်ပေးချင်တဲ့ အာဃာတတရားနဲ့ ဆုံဆည်းမှုထောင်ချောက်တစ်ခု တပ်ဆင်ခဲ့တာလား။

မပြောတတ်တော့ပါဘူး။

နွေကျောင်းပိတ်ရက်မှာတော့ ရှောင်လွှဲမရတဲ့ စည်းဝိုင်းလေး တစ်ခုထဲမှာ ကျွန်မတို့နှစ်ယောက် မျက်နှာချင်းဆိုင်ခဲ့ရပါတော့တယ်။

ဒီအတွက် ကျွန်မရင်တွေ တလှပ်လှပ်ခုန်နေခဲ့တယ်။

အပျော်လွန် အအိပ်မဲ့ညတွေနဲ့ မိုးသောက်ယံများစွာကို မျက်နှာသစ် ခဲ့ရတယ်။

ဒါဟာ ကျွန်မအတွက်တော့ အေးမြချိုဆိမ့်တဲ့ မိုးစက် မိုးပေါက်ပေါင်း များစွာပါပဲ။

ကိုယ့်ကိုယ်ကို အလှဆုံးဆင်သထားတဲ့ ရုံးတက်မနက်ခင်း များစွာမှာ သီချင်းချိုချိုဆိုလို့။

နေခြည်ဖောက်တိမ်မျှင်တွေကို တွဲလွဲခိုနေမိပါတယ်။

ဒီဆုံဆည်းမှုဟာ နှလုံးအိမ်ကို အစိတ်စိတ် အမြွှာမြွှာ ကွဲအက်ကြေပြုန်းစေမယ့် အဆိပ်ပြင်းပြင်းတစ်ခွက် ဖြစ်မယ်ဆိုရင်လည်း ကျွန်မပျော်ရွှင်စွာ သောက်သုံးချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အရိုးရှင်းဆုံး စကားနဲ့ပြောရရင် ကျွန်မ သူ့ကို သိပ်ချစ်နေမိလို့ပဲ။

( ၆ )

ပြီးခဲ့တဲ့နှစ်က (ခ)စာရင်းနဲ့သာ အောင်ခဲ့တဲ့ ကျွန်မဟာ တကယ်တော့ ပညာရေးမှာ သိပ်ထွန်းထွန်းပေါက်ပေါက် မရှိလှပါ၊ ဒီနှစ်လည်း သိပ်မဖြေနိုင်ခဲ့ပြန်ဘူး။ ဒါ့ကြောင့် နွေကျောင်းပိတ်ရက်မှာ မြို့နယ် သမဝါယမအသင်းရဲ့ နေ့စားတစ်ယောက်အနေနဲ့ အလုပ်ဝင်လုပ်ဖို့ အိမ်က စီစဉ်ပေးတာကို လက်ခံခဲ့ရပါတော့တယ်။ (က)စာရင်းနဲ့ အောင်ခဲ့ရင် တောင်မှ အလုပ်လုပ်ရင်း စာပေးစာယူ တက်ရမယ်တဲ့။ ကျွန်မအတွက် ထူးထွေပြီး စိတ်ပျက်အားငယ်စရာ မဖြစ်မိတော့ပါဘူး။ မိသားစုထဲမှာ မထင်မရှား မှိန်ဖျော့စွာ ကြီးပြင်းအသက်ရှင်ခဲ့ရတာ ခုမှမဟုတ်ပဲ။ ထုံပေပေ ပျင်းတွဲတွဲနဲ့ မွန်းကြပ်တဲ့ အသက်ရှူသံတွေဟာ ကျွန်မခေါင်းပေါ်က ဆံပင်သန်သန်တွေလို ဦးနှောက်နဲ့ နှလုံးသားနေရာအနှံ့မှာ အမြစ်စွဲပေါက်နေကြတယ်လို့ အမြဲခံစားနေရတာ ကြာလှရှိပြီပဲ။

အဲဒီလိုခံစားမှုတွေဟာ အခန်းတွေအများကြီးပါတဲ့ အမွေရရေးအိမ် အိုဟောင်းကြီးတစ်လုံးရယ်၊ ခြောက်နှစ်အရွယ် သမီးငယ်တစ်ယောက် ရယ်ကိုသာ ပိုင်ဆိုင်တဲ့ အမေမုဆိုးမကို လူကြီးတစ်ယောက်က သူရဲ့ ဒုတိယအိမ်ထောင်အဖြစ် ရွေးချယ်ပြီး ကျွန်မတို့အိမ်ပေါ် တက်လာတဲ့ အချိန်ကပဲ စတင်ခဲ့တာထင်ပါတယ်။ အဖေမဟုတ်မှန်းသိပေမဲ့ အမေ့ မျက်နှာညိုမှာ ကြောက်တာကြောင့် အဖေလို့ ခေါ်ခဲ့ရတာ၊ ခုတော့လည်း နှုတ်ကျိုးနေပါပြီ၊ အဖေ... ပေါ့လေ။

ကျွန်မအဘိုး ကိုယ်တိုင်ဆောက်ခဲ့တဲ့ ထင်းရှူးပင် မြင့်မြင့်ကြီးတွေကြားက မည်းညိုညို အိမ်အိုကြီးဟာ စစ်တုရင်ခုံပေါ်က ရဲတိုက် အရုပ်တစ်ခုလို ကုန်းမို့မို့တစ်ခုထိပ်မှာ မားမားကြီးရပ်နေတာ မြို့ခံလူ အားလုံးတွေ့ဖူးကြပါလိမ့်မယ်။ အဲဒီရဲတိုက်လိုအိမ်ကြီးထဲမှာ အဖေဆိုတဲ့ လူကြီးရဲ့ လက်ညှိုးညွှန်ရာ ရေဖြစ်ပေးနေရတဲ့ နယ်ရုပ်လေး တစ်ရုပ်လိုမျိုးနဲ့ ကျွန်မဘဝကိုတော့ ဘယ်သူမှ မမြင်နိုင်ခဲ့ပါ။ အမေကလည်း နောက်အိမ်ထောင်နဲ့ရတဲ့ မောင်လေးအပေါ်မှာသာ မေတ္တာတွေပုံပေး၊ အဖေကလည်း သူ့သွေးစစ်စစ် ဖြစ်တဲ့ မောင်လေးအပေါ်မှာသာ အချစ်တွေထားနဲ့ ကျွန်မကိုယ်ပေါ်မှာ မိဘမေတ္တာတရားတွေ ခမ်းခြောက် ကွယ်ပကုန်ပြီလားလို့ အမြဲတွေးနေမိတာဟာ လူသူမသိတဲ့ ပုံပြင်တစ်ပုဒ်ပါပဲ။

စေခိုင်းသူဆန္ဒအရ သည်တစ်ခါ ရွှေ့ပေးလိုက်ရတဲ့နေရာမှာ ကျွန်မ ချစ်တဲ့ သန်စွမ်းလှပ ပန်းရိုင်းတစ်ပွင့် ရှိနှင့်မယ်လို့ ဘယ်လို တွက်ချက်မှု မျိုးနဲ့မှ ကြိုတင်မသိနိုင်ခဲ့တာကိုပဲ တွေးတွေးပြီး ပျော်နေမိပြန်ပါတယ်။

( ၇ )

စာအုပ်တွေ၊ ဖိုင်တွေ အထပ်ထပ်ပုံထားတဲ့ စားပွဲတွေကြားထဲ ဟိုတိုးသည်ကွေ့ တိုးဝင်ဖြတ်သွားရင်း လိုက်ပို့သူက ကျွန်မ ထိုင်ရမယ့် စားပွဲလေးကို ညွှန်ပြတယ်။

အလုပ်ခွင်ဝင်စ လူအသစ်စက်စက်တစ်ယောက်ရဲ့ အူကြောင် ကြောင် နိုင်မှုမျိုးနဲ့ ထမင်းဘူးရယ်၊ လွယ်အိတ်လေးရယ်ကို စားပွဲပေါ်တင် ပြီး ခေါင်းမော့လိုက်တော့ ဘေးချင်းယှဉ်လျက် စားပွဲတစ်လုံးမှာ စာရွက် တစ်ထပ်ကို စိတ်ရှုပ်ဟန်နဲ့ တဖြတ်ဖြတ်လှန်လှောကြည့်ရှုနေတဲ့ သူ့ကို တွေ့လိုက်ရတယ်။

'ခွန်မောင်'

ပျော်လွန်းလွန်းလို့ ကိုယ်ပါးစပ်က ထွက်တဲ့အသံ ကိုယ်မမှတ်မိ သလိုပဲ။

'ဟင်... နန်းမြမှုံ'

'ခွန်မောင်... နင် ဒီမှာအလုပ်ဝင်နေတာလား'

'အဖေပေါ့ဟာ... ကျောင်းပိတ်ရက်မှာ လတ်လျားလတ်လျား ဖြစ်နေမယ့်အတူ ငါ့ရုံး နေ့တိုင်းလိုက်ခဲ့ဆိုပြီး ဂုတ်ဆွဲခေါ်လာလို့ ဒီမှာ ဒုက္ခလာခံနေတာဟေ့'

ခွန်မောင့်အဖေဟာ ဒီဌာနရဲ့အကြီးအကဲတစ်ယောက်ဖြစ်ကြောင်း မေ့လျော့နေမိတဲ့ ကိုယ့်ကိုယ်ကိုပဲ ကယောင်ကယောင်နဲ့ ပြန်ကျိစယ်နေမိ တော့တယ်။

'ဒါဆို နင် လုပ်အားပေးပေါ့'

'ဟုတ်တယ် အမေ ထည့်ပေးတဲ့ ထမင်းဘူးစားပြီး တစ်နေ့လုံး အဖေ့ရုံးက ဘာမှန်းမသိတာတွေ လာလုပ်နေရတာ သုံးရက်ရှိသွားပြီ'

စိတ်တိုနေတဲ့ ခွန်မောင့်မျက်နှာလေးကိုကြည့်ပြီး သူ ဒီရုံးထဲမှာ စိတ်မသက်မသာ အကျဉ်းကျနေမယ့် ကျောင်းပိတ်ရက်တွေအတွက်

ကျွန်မအလွန်ပျော်ရွှင်သွားတာကို တစ်ကိုယ်ကောင်းဆန်တယ် အတ္တကြီးတယ်လို့ ဝိုင်းဝန်းရှုတ်ချကြရင်လည်း ကျွန်မ ပြုံးနေမိမယ်ထင်ပါတယ်။

ခွန်မောင့်ကို နေ့တိုင်း တွေ့ခွင့်ရဖို့အတွက် ကျွန်မမှာ ရှိသမျှအားလုံးနဲ့ လဲလှယ်ဖို့ အဆင်သင့်ဖြစ်နေတာကို ကျွန်မ ကိုယ်တိုင်သာ သိနေပါတော့တယ်။

( ၈ )

ကျောင်းမှာတုန်းကလို လူအများကြီးထဲက တစ်ယောက်အဖြစ်သာ ကြည့်ခွင့်ရနေတဲ့ အဖြစ်မျိုးလည်းမဟုတ်။ စာသင်ခန်းဆိုတဲ့ အကန့်သတ် အကာရံကြီးတစ်ခုအောက်မှာ အနေကြုံ့နေရတဲ့ အနေအထားမျိုးလည်း မဟုတ်တော့။

တစ်ပတ်မှာ(၅)ရက် တွေ့မြင်အတူနေထိုင်ခွင့်ဆိုတာ နည်းတဲ့အခွင့်အရေးလား။

ဘုရားပေးတဲ့ အခွင့်အရေးတစ်ခုပါပဲ။

ကျွန်မအတွက် ပြောတာပါလေ...၊ သူ့အတွက်တော့ ဟုတ်ချင်မှ ဟုတ်မယ်။

နီးနီးစပ်စပ်နေရတဲ့ စက္ကန့်လေးတွေဟာ ကျွန်မဆောက်ချင်တဲ့ ဘုံဗိမာန်အတွက် အုတ်အချပ်ချပ်ဖြစ်ရမယ်ဆိုတဲ့ အတွေးလေးတွေဝင်လာပြီးတဲ့နောက်မှာတော့ ရေလာအောင် တကယ်ပဲ မြောင်းဖောက်နေသူတစ်ယောက်အဖြစ် ကျွန်မကိုယ်ကျွန်မ အံ့သြစွာ တွေ့ရှိလိုက်ရပါတော့တယ်။

သီချင်းဆိုဖို့၊ ဘောလုံးကန်ဖို့လောက်ကလွဲပြီး ဘာကိုမှ စိတ်ဝင်တစားမရှိတတ်တဲ့ ခွန်မောင်ဟာ လုပ်အားပေးဆိုတဲ့ အလေးအပင်ကြီးကို စိတ်ပျက်ပျင်းရိစွာ ထမ်းဆောင်နေတာကြည့်ရင်း သနားမိတယ်။ နောက်ပိုင်းရက်တွေမှာတော့ သူ စိတ်မပါတဲ့အလုပ်တွေကို ကျွန်မကူလုပ်ပေးရင်း ကျွန်မအလုပ်တွေကိုတော့ သူ ဘောလုံးကွင်းကို ကမန်းကတန်း ပြေးဆင်းသွားလေ့ရှိတဲ့ ညနေသုံးနာရီကျော်မှ လုပ်တတ်တဲ့အကျင့် အလိုလို ရလာလေရဲ့။

သူ့အလုပ်တွေကို ကျွန်မ ကူလုပ်နေတဲ့အချိန်တွေမှာဆိုရင် ကျွန်မ

ဘေးမှာ သူဟာ သီချင်းတစ်ပိုဒ် ညည်းချင်ညည်းနေမယ်၊ တစ်ခါတရံ စိတ်လိုလက်ရရှိတဲ့အခါများမှာ ကိန်းဂဏန်းတွေ အော်ပေးချင်ပေးနေမယ်၊ ဒါမှမဟုတ် ဂဏန်းတွက်စက်တစ်လုံးကို ချောက်ချောက်ချက်ချက်နှိပ်ရင်း အပေါင်းအနှုတ် အမြှောက်အစားတွေ လုပ်ပေးနေမယ်၊ ကျွန်မအတွက်ကတော့ သူ့ရဲ့မျက်လုံးညှိုညှိုတစ်စုံကို မြင်တွေ့ရရင်ကို လုံလောက်လှပါပြီ။

ကျေနပ် ခွန်အားပြည့်လှပါပြီ။

ရုံးချိန်အတွင်းမှာ အလုပ်စားပွဲနဲ့ ဖင်မြဲလွန်းတဲ့ ခွန်မောင့်အဖေကိုလည်း ကျေးဇူးအကြိမ်ကြိမ်တင်ရတာ မမောမပန်းပါပဲ။ အဖေကိုကြောက် တဲ့ ခွန်မောင်ဟာ ကျောက်ချခံထားရတဲ့ စက်လှေတစ်စင်းလို ကျွန်မအနား အမြဲရှိနေရပါတော့မယ်။

ကျွန်မဟာ သူ့ရဲ့ပင်လယ်။

သူဟာ ကျွန်မရင်ခွင်ပင်လယ်ပြင်ပေါ်က တစ်စီးတည်းသော လှေကလေးပါပဲ။

( ၉ )

ဇာတ်လမ်းအစ ကန့်လန့်ကာဖွင့်တဲ့နေ့ကို နှစ်ပေါင်းများစွာ ကြာသည်အထိ မေ့မရတာဟာ ဘယ်လို စွမ်းအင်မျိုးပါလိမ့်...။

မျက်လုံးမှိတ်လိုက်ရင်ပဲ အဲဒီနေ့က မြင်ကွင်းတွေကို လတ်လတ် ဆတ်ဆတ် အမြဲမြင်တွေ့နေမိတတ်တယ်။

စိတ်အလျဉ်ကို ဆက်နှစ်မြှုပ်လိုက်မယ်ဆိုရင် အရုပ်အရောင်တွေပါမက အသံတွေပါ အတိုင်းသား ပြန်ကြားလာရတယ်။

'ဟာ ပြဿနာပဲ...၊ အမေက ဇွန်းခက်ရင်းလည်း ထည့်မပေးလိုက်ဘူး'

စားပွဲနဲ့ မလှမ်းမကမ်းက လက်ဆေးကြွေကန်မှာ ဖန်ခွက်တွေဆေးနေရင်း အလိုမကျတဲ့ သူ့အသံသြသြကို ကျွန်မ ကြားလိုက်ရတယ်။

'ခွန်မောင်...၊ ငါ့အံဆွဲထဲမှာ ဇွန်းခက်ရင်း အသစ်တစ်စုံရှိတယ်၊ ဖွင့်ပြီး ယူလိုက်'

သူ အံ့သြသွားပုံရတယ်။ ပျော်လည်းပျော်သွားလိမ့်မယ်လို့ ထင်ရ

တယ်။

အံ့ဆွဲဖွင့်သံ ကြားရပြီ။

စတီးဇွန်းလေး တစ်ချောင်းတည်းနဲ့သာ အမြဲ ထမင်းစားတတ်တဲ့ ကျွန်မဆီမှာ ဇွန်းခက်ရင်း အပိုတစ်စုံရှိနေတာကို သူ ဘယ်လို နားလည်မလဲ မသိနိုင်။ နေ့စဉ်ဇွန်းခက်ရင်းနဲ့မှ ထမင်းစားတတ်ပြီး အမြဲလိုလို အဲဒီ ဇွန်းခရင်းကိုပဲ မေ့မေ့ကျန်ခဲ့၊ မေ့ကျန်တိုင်းလည်း အိမ်ကအမေ့ကိုသာ လှမ်းလှမ်းပြူစူတတ်တဲ့ သူ့အတွက် ဇွန်းခက်ရင်းအသစ်တစ်စုံ ကျွန်မ မှတ်မှတ်ရရသိမ်းပေးထားတယ်ဆိုတာ သူများ ရိပ်မိသွားလေမလား။

ကျွန်မ စိုးရိမ်သွားတယ်။

စိုးရွံ့စိတ်နဲ့ပဲ သူ့ကို လှမ်းကြည့်လိုက်မိတယ်။

သူ့မျက်လုံးညိုညိုတွေဟာ ပစ်ခတ်တော့မယ့် သေနတ်တစ်လက်လို ကျွန်မဆီ ချိန်ရွယ်ထားတယ်လို့ ခံစားလိုက်ရတယ်။

အညှို့ခံထားရသူတစ်ယောက်လို သူ့စားပွဲရှိရာကို ကျွန်မ တစ်လှမ်းချင်း လျှောက်ပြန်လာနေမိတယ်။

ပြီးတော့ ဆေးကြောသန့်စင်လာတဲ့ ဖန်ခွက်နဲ့သူ့အတွက် သောက်ရေတစ်ခွက် ငှဲ့ပေးနေမိပြန်တယ်။

'ပီနန်း'

တစ်ခါတရံ စိတ်လိုလက်ရရှိရင် သူ ကျွန်မကို အဲသလိုပဲ ခေါ်တတ် ပေမဲ့ ခုတစ်ခါခေါ်သံမှာတော့ ထူးဆန်းတဲ့ တုန်ခါမှုမျိုး ပါနေတယ်လို့ ထင်မိတယ်။

ပြန်မထူးဖြစ်ဘဲ မျက်လွှာသာချလို့ ကျွန်မခုံမှာ ကျွန်မ ဝင်ထိုင်လိုက်တယ်။

သူကတော့ ကျွန်မစားပွဲနားမှာ မတ်မတ်ရပ်နေတုန်းပါပဲ။

ကျွန်မတို့ရဲ့စားပွဲနှစ်လုံးက ခြေနှစ်လှမ်းစာလေးပဲ ခြားတာဆိုတော့ တစ်ယောက်အသက်ရှူသံ တစ်ယောက်ကြားနေရသလိုပါပဲ။ ကျွန်မ အံဆွဲ ထဲက ဇွန်းခက်ရင်းတစ်စုံဟာ ခုတော့ ကလေးတစ်ယောက်လက်ထဲ ရောက်သွားတဲ့ ကစားစရာတစ်ခုလို သူ့လက်ထဲမှာ တထပ်ထပ် ရိုက်ခတ် ကစားခံနေရပြီ။

ကျွန်မရဲ့နှလုံးသားဟာ အဲဒီဇွန်းခက်ရင်းတစ်စုံလို တဖျတ်ဖျတ် ခုန်နေတာတော့ သူ မသိတန်ကောင်းဘူးထင်တာပါပဲ။

(၁၀)

'ပီနန်း...၊ တို့နှစ်ယောက် ဒီရုံးမှာ အတူ အလုပ်လုပ်နေတာ နှစ်လနီးပါး ရှိသွားပြီ၊ နင် ငါ့အပေါ်မှာ အသေးစိတ်လေးတွေကအစ သိပ်ဂရုစိုက်၊ သိပ်အနွံတာခံတယ်။ အဲဒါ ဘာဖြစ်လို့လဲဟင်...'

ကျွန်မ ရယ်ချင်သွားတယ်။

စိုင်းထီးဆိုင်သီချင်းကို စိတ်ထဲမှာ ညည်းမိတယ်၊ (မသိလို့ မေးတာလား၊ သိလျက်နဲ့မေးတာလား) ဆိုတဲ့အပိုဒ်ကိုပါ၊

ရင်ခုန်စွာ ငုံ့ထားမိတဲ့ မျက်နှာကို ပြင်ပြီး မော့ကြည့်လိုက်တဲ့အခါ မှာ ကျွန်မမျက်နှာဟာ နဂိုပုံမှန်အတိုင်း ဖြစ်မနေမှာတော့ သေချာသ လောက် ရှိပါရဲ့။ နှုတ်ဆိတ်နေလို့ မဖြစ်တဲ့အတူ ကျွန်မ အားတင်းပြီး ပြောလိုက်ပါတယ်၊ နှုတ်ဖျားက ခုန်ထွက်သွားတဲ့ အသံဟာ တကယ့်ကို ကတုန်ကယင် မဝံ့မရဲ။

'မောင်လေးအရင်းတစ်ယောက်လို ချစ်လို့ပေါ့'

ထမင်းဘူးပေါ်က လက်သုတ်ပဝါကို ဖြည်ဖို့ကြိုးစားနေတဲ့ ကျွန်မ လက်အပေါ် နွေးထွေးသန်စွမ်းလှတဲ့ လက်တစ်ဖက် အုပ်မိုးဆုပ်ကိုင် လာတယ်။

'ပီနန်း ညာတယ်'

'ငါ ဘာလို့ညာရမှာလဲ။ နင်ဟာ ငါ့အတွက် မောင်ဆိုးဆိုးလေး တစ်ယောက်ပဲပေါ့။ အစ်မအပေါ် အမြဲအနိုင်ကျင့်တတ်တဲ့ မောင်ဆိုးဆိုး လေးလေ...နော့...၊ ဟုတ်ဘူးလား'

အပြောင်အပျက် မျက်နှာနဲ့ ကျွန်မ သူ့ကို ကြည့်လိုက်တယ်။

သူ့မျက်လုံးအစုံဟာ ပိုမိုညို့မှောင်တောက်ပနေတာပါလား။

တည်ငြိမ်လွန်းတယ်။

ကျွန်မမျက်လုံးတွေထဲကို ရဲရဲဝံ့ဝံ့ ထွင်းဖောက်စူးစိုက်ကြည့်နေ တယ်။ ဘယ်ဘက်လက်က ကျွန်မလက်တွေအပေါ် ဆုပ်ကိုင်ထားလျက်

ကပဲ ညာလက်နဲ့ ဖိုင်တွေအောက်က စာအုပ်တစ်အုပ်ကို သူဆွဲထုတ်လိုက်တယ်။

အဲဒီစာအုပ်ကို မြင်လိုက်ရတယ်ဆိုရင်ပဲ ကျွန်မရဲ့ အမြင်အာရုံတွေဟာ ပြာနှမ်းသွားတော့တယ်။

ပါးနှစ်ဖက်ဟာ ဆောင်းရာသီမဟုတ်ပါဘဲနဲ့ ချယ်ရီပွင့်ဖတ်တွေဖြစ်နေလိမ့်မယ်။

ကိုယ့်ပေါ့လျော့မှုကိုပဲ အခါခါ ကျိန်စာတိုက်မိရုံကလွဲပြီး ဘာများတတ်နိုင်တော့မှာလဲ။

‘ ဇွန်းခက်ရင်းယူရင်း ပီနန်း အံဆွဲထဲကတွေ့တာ’

ရှက်စိတ်နဲ့ ခေါင်းငုံ့မျက်လုံးမှိတ်လျက်က စားပွဲပေါ်တင်ပေးလိုက်တဲ့ စာအုပ်အဖုံးကို အတိုင်းသားမြင်နေမိတယ်။

အဝါရောင်ရွက်ကြွေတောအလယ်မှာ အထီးထီးရှိနေတဲ့ ခုံတန်းဖြူဖြူလေး။

အဲဒီခုံပေါ်မှာ ရွှေဝါဆံပင်ရှည်ဖြောင့်ဖြောင့်နဲ့ ကောင်မလေးတစ်ယောက် ထိုင်လျက် ခေါင်းငုံ့နေ။ ကလေးမပေါင်ပေါ်မှာ ကောင်လေးတစ်ယောက် ခေါင်းတင်လဲလျောင်းပြီး သူ့မျက်နှာပေါ် ငုံ့မိုးကြည့်နေတဲ့ ကောင်မလေးမျက်နှာကို ကောင်းကင်ကြီးတစ်ခုလို မော့ကြည့်ကြည်နူးနေတယ်။

ကောင်လေးက သူ့ညာလက်မှာ ဖွဖွလေးကိုင်ထားတဲ့ ပန်းဖြူဖြူတစ်ပွင့်နဲ့ ကောင်မလေးပါးပြင်နုနုကို ပွတ်သပ်ကျီစယ်လို့။

ကျွန်မစာအုပ်ရဲ့ အဖုံးလေးဟာ ငယ်ရွယ်သူတို့ချစ်ခြင်းကို လင်းလင်းချင်းချင်းမြင်နိုင်အောင် ဖွဲ့ဆိုပုံဖော်ထားတယ်။ စာအုပ်အဖုံးကို လှန်လိုက်ရင် ပထမဆုံးစာရွက် ဘယ်ဘက်အပေါ်ဆုံးထောင့်ကနေ နောက်ဆုံးစာရွက်ရဲ့အောက်ခြေထောင့်အထိ တစ်အုပ်လုံး အကြားအလပ်မရှိ ပြည့်နှက်နေအောင် ရေးထားတဲ့ အမည်နာမတစ်ခုကိုတွေ့လိမ့်မယ်။

အဲဒီနာမည်ဟာ ခွန်မောင်ပါ။

ကျွန်မရင်ထဲက ခွန်မောင်။

ချစ်ခင်စွဲလမ်းမှုရဲ့ မြစ်ဖျားရေစက် ခွန်မောင်ပါပဲ။

သူ့ကို သတိရတိုင်း၊ သူ့ကိုချစ်စိတ်တွေနဲ့ တုန်ယင်လာတိုင်း၊အိပ်မရ ညအတွေးထဲ သူနဲ့ဆုံတိုင်း မပျက်မကွက် ကျွန်မ လုပ်လေ့ရှိတဲ့ အလုပ်ကတော့ ဒီစာအုပ်ထဲမှာ သူ့နာမည်ကို အကြိမ်ကြိမ်ရေးနေမိခြင်း ပါပဲ။

အခုတော့ ကြိတ်မှိတ် မြိုသိပ်ခဲ့ထားသမျှ လျှို့ဝှက်ချက် အားလုံး ဟာ...၊

ကျွန်မ သိပ်ရှက်နေပြီလို့ ရှက်စိတ်ထဲ အာရုံနှစ်ထားတဲ့ကြားက သူ့ကို သိပ်ချစ်နေမိကြောင်း သေသေချာချာကြီးကို သိနေပြန်ပါတော့ တယ်။

(၁၁)

ရုံးသူရုံးသား အစ်ကိုကြီး၊ အစ်မကြီးတွေကတော့ ကျွန်မတို့ နှစ်ယောက်ကို သိပ်ချစ်ကြတဲ့ ငယ်သူငယ်ချင်းတွေလို့ပဲ သိထားကြတယ်။ ကျွန်မတို့ဘက်ကလည်း မူမပျက်ရဲ၊ လူသိမခံရဲကြဘူး။ အခန်းတစ်ခန်းစီ ဖြစ်ပေမဲ့ အမိုးတစ်ခုတည်းအောက်မှာ ခွန်မောင့်အဖေ ရှိနေတယ်ဆိုတာ ကလဲ ကြီးမားတဲ့ အတားအဆီးကြီးတစ်ခု ဖြစ်စေခဲ့တယ်။

ဘာပဲဖြစ်ဖြစ် အများအမြင်မှာ ထူးခြားပြောင်းလဲမသွားပေမဲ့ ကျွန်မ တို့နှစ်ဦးဟာ တကယ်ပဲ ချစ်သူတွေဖြစ်သွားခဲ့ကြပါပြီ။ တိုးညှံ့ညင်သာစွာ ပြောဆိုကြရင်း၊ ငြိတွယ်စွာ မျက်လုံးချင်းဆုံကြရင်းပေါ့။

ပျော်မောတယ်ဆိုတဲ့ စကားလေးတစ်လုံးကို ကျွန်မတို့ နှစ်နှစ် ခြိုက်ခြိုက် သုံးတတ်လာမိကြပါပြီ၊ သူ့ကို ချစ်ရခြင်းအပေါ် ရင်ခုန်စွာ ပျော်ရွှင်ခြင်းနဲ့ စိုးရိမ်သောကတွေကြောင့် မောပမ်းနေခြင်း ဆတူပေါင်းစပ် ဖွဲ့စည်းဖြစ်တည်နေတဲ့ ကိုယ့်ရင်ဟင်းလင်းပြင်ကို ကိုယ်တိုင်ရှင်းရှင်းကြီး ပြန်မြင်နေရလို့ပါ။

စက္ကန့်တွေ ခုန်နေတယ်၊ မိနစ်တွေ လှုပ်နေတယ်။

နေ့ရက်တွေ နောက်ကို တစ်လှမ်းချင်း ဆုတ်နေတယ်။ ဒီလိုနဲ့ နှစ်ဦးတည်းသာသိတဲ့ ချစ်သူသက်တမ်း နှစ်လ။ နွေကျောင်းပိတ်ရက် လေးလ။ ကုန်လွန်ခဲ့ပြန်ပြီ၊ အဲဒီအခါမှာတော့...။

အောင်စာရင်းဟာ ကျွန်မတို့ နှစ်ဦးကို အလွမ်းဇာတ်ထဲ ဇွတ်

အတင်းဆွဲခေါ်ပြီး ကပြစေပါတော့တယ်။

ရိုးရိုးလေးမှ တကယ့်ကို ရိုးရိုးလေးဖြစ်ပျက်ခဲ့တာပါ။

မျှော်လင့်ထားတဲ့အတိုင်း ကျွန်မ ကျတယ်။ သူ အောင်တယ်။ ကျွန်မ အလုပ်ခွင် ဝင်ရမယ်၊ သူ တက္ကသိုလ် ဆက်တက်ရမယ်ပေါ့။

ဒါပါပဲ။

ဖြစ်ပျက်သွားခဲ့သမျှ အားလုံးဟာလဲ ဒါလောက်ပါပဲ။

(၁၂)

ပိုလွန်းတယ်လို့ ရယ်ပွဲခဲ့ဖူးတဲ့ ကိန္နရီချောင်းခြားဇာတ်ကို ခုတော့ ကျွန်မ တကယ့်ကို စာနာတတ်ပါပြီ။ အခြေအနေနဲ့ အချိန်ကာလဆိုတဲ့ ကမ်းတစ်ဖက်စီမှာ ကျွန်မတို့နှစ်ယောက် တကယ့်ကို နေကြရတော့မှာ။ ရင်ကို ထွန့်ထွန့်လူး ပူလောင်စေခဲ့တဲ့ သောကညပေါင်းများစွာမှာ သူ့ ဓာတ်ပုံလေးတောင်မှ ကျွန်မကို သက်သာရာ ရှာမပေးနိုင်ခဲ့ပါဘူး။

သန်ဘက်ခါ မနက်။

ခုချိန်ကစပြီး နောက်ထပ် လေးဆယ့်ရှစ်နာရီအကြာမှာ သူ ရန်ကုန် တက္ကသိုလ်ကို သွားရတော့မယ်။

ချစ်ကြင်စဦး။

ချစ်ဆိပ်ရည်နဲ့ မွှန်ထူလူးလိမ့်နေရတဲ့ အချိန်မျိုးမှာမှ တကယ့်ကို ခွဲခွာကြရတော့မယ်။ ခဏဆိုပေမဲ့ ကျောင်းပိတ်လို့ သူအိမ်မပြန်ခင်စပ်ကြား ကာလဟာ ကျွန်မ အတွက်တော့ ရှည်လျားလွန်းလှပါတယ်ရှင်။ စိတ်မချမှုနဲ့ စိုးရိမ်သောကတွေဟာ သဲချောင်းလေးကို တောင်ကျချောင်းရေ ဖုံးသလိုမျိုး၊ ကျွန်မနှလုံးအိမ်နဲ့ ဦးနှောက်တစ်ခုလုံးကို အရှိန်အဟုန်နဲ့ စိတ်တိုင်းကျ ဖုံးလွှမ်းမြိုဝါးနေတော့တယ်။

ကျွန်မ သူ့ကို သိပ်တွေ့ချင်တယ်။ အကြာကြီးခွဲမနေရခင်မှာ ခဏ လေးဖြစ်ဖြစ် သူ့ရင်ခွင်ထဲမှာ မှီနွဲ့ပြီး သူ့မျက်နှာကို တစ်ဝကြီးကြည့်ချင်နေ တယ်၊ တကယ်တော့ ချစ်သူဖြစ်ပြီလို့ သိလိုက်ကြတဲ့နေ့က ကျွန်မလက် ကလေးကို သူ ထိတွေ့အုပ်မိုး၊ ဆုပ်ကိုင်ထားတာကလွဲလို့ ဘယ်တုန်းကမှ ကျွန်မတို့ နှစ်ယောက်တည်း ဆုံတွေ့ဖို့ မကြိုးစားခဲ့ကြဘူး။ ချစ်သူတို့ သဘာဝ ကယုကယင်နေထိုင်ခွင့်

မရခဲ့ကြ၊ မယူခဲ့ကြဘူး။ အံဩစရာ ကောင်းတာက သူ့ဘက်ကလည်း ဘယ်တုန်းကမှတောင်းဆို အခွင့်အရေး မယူခဲ့ဖူးဘူး။ နှစ်ယောက်တည်း ချိန်းချက်တွေ့ဖို့ မတောင်းဆိုခဲ့ဖူးတာပါပဲ။

ရက်ရှည်မခွဲခွာကြရခင် နောက်ဆုံးအချိန်တွေ့ဆုံခွင့်၊ စကား တစ်ဝ ကြီး ပြောခွင့်အတွက် ကျွန်မကိုယ်တိုင်ပဲ ပြင်ဆင်စီစဉ်လိုက်ပါတယ်။

မနက်ဖြန် ဥပုသ်နေ့။

မေမေရော အဖေနဲ့ မောင်လေးပါ အင်းထဲက ဘုန်းကြီးကျောင်း သွားကြမယ်။ ကိုဇော်လတ်က လိုက်ပို့ရမယ်။ ကိုဇော်လတ်ဆိုတာ ဒီမြို့မှာ အငယ်တန်း အင်ဂျင်နီယာတစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်ရင်း ကျွန်မတို့အိမ်မှာပဲ နေနေတဲ့ အဖေ့ရဲ့ တူအရင်းပါ။ ကျွန်မနဲ့ ဘယ်လိုမှ သွေးမတော်သားမစပ်တဲ့ မောင်နှမလို့ပဲ ဆိုပါစို့။

ဘာပဲဖြစ်ဖြစ် လူငါးယောက်တည်းနဲ့ ဖွဲ့စည်းထားတဲ့အိမ်မှာ မနက်ဖြန် ကျွန်မတစ်ယောက်တည်းပဲ ရှိနေမယ်၊ အိမ်စောင့်ဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ပေါ့...။

တစ်ရက်တည်း...။

တကယ့်ကို တစ်ရက်တည်းပါ ကံကြမ္မာရယ်။

ခွဲခွာကြရဦးမယ့် ချစ်သူနှစ်ယောက်အတွက် တစ်ရက်တည်းပါ။

'ခွင့်ပေးပါ ကံကြမ္မာ'

ကျွန်မ တီးတိုးရေရွတ်ဆုတောင်းမိရင်းနဲ့ မိုးစင်စင်လင်းခဲ့ပြီ။

မနက်ခင်း နေခြည်နုနုလေးတွေ ခြံထဲခုန်မချလာခင် အမေတို့ သွားနှင့်ကြပြီ။ အိပ်ရေးပျက်နေပေမယ်၊ တက်ကြွထက်သန်လွန်းတဲ့ မျက်လုံးတစ်စုံနဲ့ ခြံတံခါးဝကို မမှိတ်မသုန် ကြည့်နေမိတယ်။

နေထွက်ခါနီးမှ နှင်းမှုန်တွေ ထုနဲ့ထည်နဲ့ ပြိုကျလာပါရော။

ကျွန်မ အသေအချာ ချိန်းဆိုထားပေမဲ့ အရက်အကြောက် ကြီးတဲ့သူ လာမှလာရဲပါ့မလားဆိုတဲ့ စိုးရိမ်သောကတွေဟာ အာဖရိက ဝုံသံ ရိုင်းရိုင်းတွေလို ကျွန်မရင်ကို တုန်ခါမြည်ဟည်းနေစေတော့တယ်။

မနက် ရှစ်နာရီ။

ငေးမျှော်စောင့်ကြည့်ရလွန်းလို့ ကျွန်မမျက်လုံးတွေ ကျိန်းစပ်ဖန်ခါးနေချိန်မှ ခြံဝင်းတံခါးဝမှာ လူရိပ်တွေ့လိုက်ရတယ်။

ခြေထောက်တွေက ကျွန်မကို သယ်ဆောင်သွားတာလား။ ကျွန်မခန္ဓာကိုယ်ကပဲ ခြေထောက်တွေကို ဒရွတ်ဆွဲခေါ်ယူသွားတာလား။ ဘာကိုမှ ရှင်းရှင်းလင်းလင်းမသိလိုက်ရသေးမီမှာပဲ လူကိုယ်တိုင်က ခွန်မောင်ရှိရာ ခြံတံခါးဝကို ရောက်နှင့်နေပြီဆိုတာသာ နားလည် သိရှိလိုက်ပါတော့တယ်။

ရှက်ရွံ့စိုးရိမ်မှုနဲ့ ရုပ်တုတစ်ခုလို တောင့်တောင့်ကြီး ဖြစ်နေတဲ့ခွန်မောင့်ကို ကျွန်မ လက်ဆွဲခေါ်ယူလိုက်မိတယ်၊ တွယ်ဆက်ထားတဲ့ကျွန်မတို့လက်နှစ်ဖက်ဟာ ရေခဲတုံးနှစ်တုံးကို ထိကပ်ထားသလိုမျိုးအေးစက်မာတောင့်လို့ပေါ့။

အသက်ပြင်းပြင်း ရှူထုတ်လိုက်တိုင်း…၊ စကားပြောမယ်ကြံပြီးပါးစပ်ဟလိုက်တိုင်း…၊ ထွက်ကျလာတဲ့ ကိုယ်တွင်းထွက်သက်လေဟာအပြင်ဆောင်းလေအေးနဲ့ထိလို့ အငွေ့ဖြူဖြူတွေ ဖြစ်သွားတာဟာ သာမန်ထက် ပိုများနေတယ်။ ရင်တွင်းအပူတွေရဲ့ သင်္ကေတလားလို့တောင်တွေးထင်မိပါရဲ့။

ကျွန်မတို့ရဲ့ အိမ်အိုကြီးဟာလည်း ဆောင်းနှင်းထုထဲမှာ ခါတိုင်းထက်ကို ပိုပြီးတိတ်ဆိတ်ငြိမ်သက်နေသလိုပဲ။ ကြားရနေကြ ငှက်ကလေးတွေရဲ့ တကျီကျီမြည်သံတောင် မကြားတော့ဘူးထင်တယ်။ ချစ်သူနှစ်ဦးရဲ့သောကကို စာနာနားလည်စွာ ငြိမ်ဆိတ် အသိအမှတ်ပြုနေကြခြင်းလား။

ဝေခွဲဖို့ ခက်လှပါတယ်။

ကျွန်မလက် အေးစက်စက်တွေနဲ့ စာကြည့်ခန်းတံခါးကို ဖွင့်လိုက်မိတယ်။

ခါတိုင်းလိုပါပဲ၊ ကျွီခနဲ အသံရှည်တစ်ချက် ညည်းတွားရင်း အခန်းတံခါး ပွင့်သွားခဲ့ပါပြီ။

အိမ်အိုကြီးရဲ့ အခန်းအခန်းအဆောင်ဆောင်တွေထဲက ဒီအခန်းလေးဟာတော့ ကျွန်မရဲ့ နှလုံးအိမ်အခန်းလို့တောင် ပြောနိုင်ပါတယ်။ တစ်ချပ်တည်းသော ပြတင်းပေါက်ကိုဖွင့်လိုက်ရင် ခြံဝင်းထဲက သစ်ပင်

အုပ်အုပ်ရယ်၊ နှင်းမှုန်နဲ့နေခြည် လုံးထွေးရောနယ်ထားတဲ့ မြင်ကွင်းဝါးဝါး ထဲမှာ ဟိုပင်ဒီပင် ခုန်ကူးပြေးလွှားရင်း အစာရှာလိုက်၊ အော်မြည်လိုက် လုပ်နေကြတဲ့ ရှဉ့်ငပေါလေးတွေရယ်၊ ငှက်ကလေးတွေရယ်ကို တွေ့ရပါ လိမ့်မယ်။ သဘာဝတရားရယ်၊ ကျွန်မရယ် နှစ်ယောက်တည်းပဲ ရှိနေချင် တယ် ဆိုရင်တော့ ကျွန်မအနေနဲ့ တစ်ခုပဲလုပ်စရာရှိပါတယ်။ အဖွင့်အပိတ် လုပ်တိုင်း ကျွီခနဲ မြည်ညည်းနှုတ်ဆက်တတ်တဲ့ အခန်းတံခါးမကြီးကို ပိတ်ပစ်လိုက်ဖို့ပါပဲ။

အဲဒီအခါမှာ အဘိုးရှိစဉ်က စာကြည့်ခန်းအဖြစ်အသုံးပြုခဲ့တဲ့ အခန်း ဟာ ကမ္ဘာလောကကြီးနဲ့ ကျွန်မကို အဆက်ဖြတ်ပေးထားပါလိမ့်မယ်။ ဒီလိုနည်းနဲ့ သူဟာ ကျွန်မရဲ့ နှလုံးအိမ်အခန်း ဖြစ်လာခဲ့ပါတော့တယ်။ ပြူတင်းပေါက်လေးကတော့ သန့်ရှင်းတဲ့လေ၊ လှပတဲ့ သဘာဝတရားနဲ့ ကျွန်မကို ချက်ကြိုးဆက်ပေးထားပါလိမ့်မယ်။ ဘယ်လောက်များ ကျေနပ် နေပျော်ဖို့ကောင်းတဲ့ အခိုက်အတန့်လေးပါလဲ။

မိသားစုတွင်း မပြေလည်မှု၊ စိတ်ညစ်ညူးမှု၊ မိန်းကလေးဖြစ်ပြီး ဘာမှအသုံးမကျဘူးဆိုတဲ့ ဆူပူကြိမ်းမောင်းခံရမှုတွေဆီက လွတ်မြောက် လိုမှု၊ ခွန်မောင့်ကို လွမ်းတဲ့အခါ(ချစ်သူမဖြစ်ကြသေးခင်တုန်းကတော့) ရင်ထဲကဝေဒနာကို တစ်ယောက်တည်း စိတ်ကြိုက် ကြဲဖြန့်အန်ထုတ် အလွမ်းဖြေလိုမှု၊ ယုတ်စွအဆုံး ကျွန်မတို့နှစ်ဦးကို ချစ်သူတွေဖြစ်စေခဲ့တဲ့ သက်သေခံစာအုပ်အပေါ်မှာ ခွန်မောင်ဆိုတဲ့ နာမည်တွေကို စိတ်ရှိလက်ရှိ လွတ်လွတ်လပ်လပ် ရေးလိုမှုတွေအတွက် ဒီအခန်းကို အသုံးချခဲ့ရတယ်။ အခန်းရဲ့ အေးစက်ငြိမ်သက်မှုတွေကိုက ကျွန်မရဲ့ အသက်ရှူသံ၊ ကျွန်မရဲ့ နှလုံးခုန်သံတွေ ဖြစ်နေခဲ့ပါပြီ။

ခုတော့ ...။

အဲဒီအခန်းထဲမှာ ကျွန်မတို့နှစ်ယောက်တည်း။

ကျိန်းမာဖြတ်လတ်မှုနဲ့ အမြဲ ပန်းသွေးရောင်ထနေတဲ့ ချစ်သူ့ မျက်နှာဟာ ဒီအခန်းထဲမှာ သွေးဆုတ်ဖျော့တော့နေတာ တွေ့ရတယ်။ စိုးရိမ်ခြင်း၊ ရှက်ရွံ့ခြင်းတွေကြောင့် ဖြစ်မယ်ထင်ပါရဲ့။ သူ့စိတ် သက်သာ လို သက်သာငြား ပြူတင်းတံခါးကို ဖွင့်ပေးလိုက်တဲ့အခါ ဆောင်းမနက်

မှာ ရွှေးစိုနေတဲ့ မျက်နှာနှစ်ခုကို ခြံထဲကလေအေးတွေက ပြေးဝင်လာပြီး မျက်နှာသစ်ပေးကြတယ်။ ခါတိုင်း တစ်ယောက်တည်း တွေနေကျအခန်း ထဲမှာ နှစ်ယောက်တွေလိုက်လို့လား မသိ၊ ရှဉ့်ကလေးတွေ၊ ငှက်ကလေး တွေ၊ အဝေးကို ပြေးသွားကြတယ်။ ဒီလိုနဲ့ပဲအခန်းဟာ သည်းမခံနိုင် လောက်အောင်ကို သိပ်သိပ်သည်းသည်း တိတ်ဆိတ်နေတော့တယ်။

ဘယ်လောက်တောင်ကြာခဲ့ပြီလဲ...။

မျက်ဝန်းတစ်ခုနဲ့ တစ်ခု ဆုံတွေနေခဲ့ကြတာ။

ဘယ်လောက်တောင်ကြာခဲ့ပြီလဲ...။

တစ်ယောက်လက်တစ်ယောက် မြဲမြဲဆုပ်ကိုင်ထားခဲ့ကြတာ။

ဘယ်လောက်တောင်ကြာခဲ့ပြီလဲ...။

ဘာစကားမှ မဆိုမိခဲ့ကြတာ။

ငြိမ်သက်ခြင်းဟာ ကျွန်မရင်ထဲကို မုန်တိုင်းပြင်းပြင်းတစ်ခုလို စိတ်တိုင်းကျ လှည့်ပတ်မွှေနှောက်ပြီးမှ ဖောက်ခွဲဖွင့်အန်ချလိုက်တော့ တယ်။ 'ခွန်မောင်...၊ နင် ငါ့ကို ဘာမှ မပြောတော့ဘူးလား။ ဒီအတိုင်းပဲ ကြည့်နေတော့မှာလား'

အတော်ကြာအောင် ဆက်ငြိမ်သက်နေပြီးမှ...။

လေးကန်ပေမဲ့ တိကျအားရှိလှတဲ့ အသံတစ်သံ သူ့ဆီက ထွက် အန်ကျလာတယ်။

'နန်း...၊ နင့်ကိုငါ သိပ်ချစ်တယ်၊ ငါ့ကိုယ်ငါ မယုံနိုင်လောက် အောင် နင့်ကို သိပ်ချစ်နေမိတယ်'

ကမ္ဘာပေါ်မှာ ထွက်ပေါ်ခဲ့ဖူးသမျှ အသံတွေထဲမှာ ဒီစကားသံ လောက် ချိုမြိန်ရင်ခုန်စရာကောင်းတာ ရှိပါဦးမလား၊ လွင့်မျောလာတဲ့ ပီတိစိတ်နဲ့ ပျော်ရွှင်လွန်းလို့ သူ့ရင်ခွင်ထဲ မှီနွဲ့ပျော့ခွေပစ်လိုက်ချင်တယ်။ မိန်းမဆိုတဲ့ အသိတရားက တစ်ကိုယ်လုံးကို ဆွဲဆန့်တပ်လှန့်လိုက်တော့ သူ့လက်ဖဝါးကြီးကြီးတွေကိုသာ အားရှိပါးရှိ ဖြစ်ညှစ်ဆုပ်ကိုင်နေမိတော့ တယ်။

'နန်း...၊ ငါပြန်မယ်။ ကျောင်းရောက်မှ စာရေးလိုက်မယ်၊ ကျောင်း ပိတ်ရက် ပြန်လာမှ လူချင်းတွေကြတာပေါ့၊ နန်းရေ... နင်ဟာ ငါ့အချစ် ဦး။ ဒါ့ကြောင့် ငါ့အိမ်ထောင်ဖက်ဟာ နင်ပဲဖြစ်ရမယ်။ တို့ အတူနေဖို့

စောင့်ရလှ နောက်ထပ်လေးငါးနှစ်ပေါ့၊ နင့်ကျန်းမာရေးကို ဂရုစိုက်နော်။ နင်ဟာ ငါ့တစ်သက်တာအတွက် တစ်ပွင့်တည်းသော ပန်းကလေးပဲ နန်းရေ…'

'သေချာအောင်ထပ်ပြောမယ်။ နင့်ကိုပဲ ငါ လက်ထပ်မယ်။ ဒါဟာ နင့်ဘက်က သစ္စာမပျက်သရွေ့ ခွန်မောင်ဆိုတဲ့ ယောကျ်ားတစ်ယောက် ဘက်က ဘယ်တော့မှမပျက်မယ့်၊ အမြဲတည်နေမယ့် ကတိစကားလို့ နင် နားလည်ပေးထားပါ'

အဆက်အစပ်မဲ့ အဆီအငေါ်မတည့်စွာ ပြောချင်ရာ ပြောသွားပြီး တဲ့အခါ ခွန်မောင်ဟာ သူ့ရဲ့ခြေတံရှည်ရှည်ကို ကျဲကျဲလှမ်းပြီး တံခါးရှိရာ လျှောက်သွားတယ်။ ကြည်နူးရင်ခုန်စွာ မျက်လုံးမှိတ်ရင်း အခန်းလယ်မှာ မတ်တပ်ရပ် ကျန်ရစ်တဲ့ ကျွန်မနားထဲ တံခါးပိတ်သံကြားမှ သူထွက်ခွာ သွားရာဆီ အပြေးလိုက်သွားမိတယ်။

ကျွန်မ မျက်နှာတည့်တည့်မှာတော့…၊ သူ ပိတ်ထားခဲ့တဲ့ တံခါး ကြီးသာ မာကျောအေးစက်စွာ…။

အဲဒီ တံခါးကိုဖွင့်ပြီး သူ့ကျောပြင်ကို မကြည့်ရဲတာနဲ့ တံခါးဆီ ကျောမှီပြီး ထိုင်ချနေမိတယ်။ ကျွန်မကို အနမ်းတစ်ပွင့် ချွေမသွားပေမယ့် ကျွန်မအခန်းထဲမှာတော့ ချစ်သူကိုယ်ရနံ့ သင်းပျံ့လို့၊ ကျွန်မရင်ထဲမှာလဲ ချစ်သူ့အရိပ်တွေ ပြည့်လျှံလို့။

(၁၃)

ဒေါက်…ဒေါက်…ဒေါက်

ကျွန်မ ကျောမှီထားတဲ့ တံခါးမကြီးကို တိုးတိုးတိတ်တိတ် ခေါက် လိုက်တဲ့ တံခါးခေါက်သံ သုံးချက်။

ခွန်မောင်ပဲနေမှာပါ။

လောလောဆယ် ဒီအိမ်မှာ သူရယ်၊ ကျွန်မရယ် နှစ်ယောက်ပဲ ရှိတာ။ ဘာဖြစ်လို့ သူ ပြန်လာတာလဲ။ တိတ်ဆိတ်လုံခြုံတဲ့ နေရာတစ်ခု အပေါ်မှာ ယောကျ်ားတစ်ယောက်ရဲ့ သွေးဆူလာတဲ့ အတွေးဆိုးတွေ ကြောင့်လား ဒါမှမဟုတ် ခွဲခွာရမယ့် ချစ်သူကို နှုတ်ဖူးလေး နမ်းဖို့တောင်မှ သတိမရတဲ့ သူ့ကိုယ်သူ အပြစ်တင်ရင်း ခွဲခွာခြင်း အနမ်းလက်ဆောင်

ပေးသွားချင်လို့လား၊ ကျွန်မကို ပြောစရာစကားတွေ ကျန်နေသေးလို့လား။

ဒေါက်…ဒေါက်…ဒေါက်

အတွေးအမျှင် မပြတ်ခင် တံခါးခေါက်သံတွေ ထွက်ပေါ်လာပြန်တယ်။ ကျွန်မလက်က တံခါးလက်ကိုင်ဘုဆီ ရောက်နေပေမယ့် ဖွင့်ဖို့ မဖွင့်ဖို့ စဉ်းစားလို့ မရသေးဘူး၊ ဘာပဲဖြစ်ဖြစ် သူဟာ ကျွန်မ သိပ်ချစ်တဲ့ ချစ်သူဆိုတဲ့ အသိတစ်ချက် ခေါင်းထဲ လက်ခနဲ ဖြစ်သွားချိန်မှာတော့ အခန်းတံခါးဟာ ဖွင့်ပြီးသား ဖြစ်နေပါပြီ။ တကယ်လို့များ သူနမ်းမယ်ဆိုရင်တောင် ကျွန်မခေါင်းကလေး မော့ပေးလိုက်ဖို့ အဆင်သင့်ပါပဲ။ အဲသလို နမ်းပြီး နှုတ်ဆက်သွားစေချင်တဲ့ စိတ်ကလည်း ကျွန်မရင်ကို လှိုင်းတံပိုးတစ်ခုလို လှုပ်ရှားရိုက်ခတ်နေတယ်။ တံခါးရွက်ဟာ ကျွန်မလက်ထဲမှာ တဖြည်းဖြည်း ပွင့်အာလာနေတယ်။ ကျွန်မ မျက်လုံးအစုံကလည်း တံခါးရဲ့တစ်ဖက်ကို မက်မက်မောမော စူးစိုက်ကြည့်လို့၊ တစ်နေရာအရောက်မှာတော့ တံခါးရွက်ရဲ့ ဒေါင်လိုက်မျဉ်းနဲ့ အနားသတ်ထားတဲ့ ချစ်သူရဲ့ခန္ဓာကိုယ် တစ်ပိုင်းတစ်စ ပေါ်ထွက်လာတယ်။

နောက်…၊ပျော့ခွေခွေ ဆံပင်နက်နက်တွေနဲ့ ချစ်သူရဲ့ မျက်နှာတစ်ခြမ်း။

ကျွန်မဟာ လောဘတကြီးပဲ တံခါးရွက်ကို အကုန်ဖွင့်လိုက်ပြီး ခွန်မောင်နဲ့ မျက်နှာချင်းဆိုင်လိုက်တယ်။

'ခွန်မောင်… ဘာကျန်ရစ်ခဲ့လို့လဲ'

ရင်ထဲမှာတော့ အနမ်းလက်ဆောင်လို့ပြန်ဖြေစေချင်လိုက်တာ။

သူ တကယ်ကို အဲသလိုဖြေလိုက်ပြန်ရင်ရော…၊ ကျွန်မ ကြားရဲ့မှာလား။

ဒါပေမဲ့ တကယ်ကြားလိုက်ရတာက ・ ။

'ဘာမှ မကျန်ခဲ့ဘူး…၊နင့်အိမ်ကြီးထဲက ငါ ပြန်မထွက်တတ်တော့လို့၊ ဘယ်တံခါးကိုဖွင့်ဖွင့် အပြင်ဘက်မရောက်ဘဲ အခန်းတွေထဲကိုပဲ ပြန်ရောက်ရောက်နေတယ်။ ငါ့ကိုလမ်းပြပါဦး'

ကျွန်မ သက်ပြင်းရှည်တစ်ချက် ချလိုက်မိသလား။

မသေချာ။

ထွက်ပေါက်ရှိရာ ညွှန်ပြလို့ သူ့ကျောပြင်ကိုသာ ငေးကြည့်နေမိပါ

တော့တယ်။

နှင်းမှုန်မှုန်တွေကြားမှာ ရှည်မတ်မတ် သူ့ခန္ဓာကိုယ်ဟာ တဖြည်းဖြည်း မှုန်ရီဝိုးဝါး...။

(၁၄)

ခွန်မောင် ကျွန်မတို့ မြို့ကလေးကို ခွဲခွာသွားချိန်ကစပြီး အိမ်မှုကိစ္စလုပ်ချိန်နဲ့ ရုံးသွားချိန်ကလွဲရင် ကျွန်မရဲ့အချိန် အားလုံးလိုလိုကို အဘိုးရဲ့စာကြည့်ခန်းထဲမှာပဲ ကုန်လွန်သွားစေခဲ့တယ်။ တချို့ညတွေမှာ အိပ်ခန်းရှိရာကိုတောင် ပြန်တက်မအိပ်တော့ဘဲ ကျွန်းသား ပက်လက်ကုလားထိုင်အိုကြီးပေါ်မှာ ညတွေ ကုန်ဆုံးခဲ့တယ်၊ နေ့သစ်တွေ သန့်စင်ခဲ့တယ်။

တသီးတသန့်နေပြီး သိမ့်သိမ့်လေး လွမ်းနေရတာကိုက အရသာတစ်မျိုး၊ စွဲလမ်းတမ်းမက်စေတဲ့ အလေ့အကျင့်တစ်မျိုးဖြစ်ခဲ့ပြီ။

ဒီအခန်းမှာ တဏှာပေမနဲ့ ပေလူးညစ်ထေးမနေဘဲ သန့်ရှင်းလတ်ဆတ်တဲ့ အချစ်ပန်းတစ်ပွင့် အမှန်တကယ်ပွင့်ဖူးခဲ့ပြီးပြီပဲ။ အခန်းလေးရဲ့နေရာအနှံ့မှာ သစ္စာမပျက်ယွင်းသရွေ့ ကာလပတ်လုံး အဲဒီပန်းရနံ့ မွှေးပျံ့နေလိမ့်မယ်၊ ဒီပန်းရနံ့ကို ရှူရှိုက်မိသူတိုင်းဟာလည်း ချစ်ခြင်းရဲ့ အစွမ်းသတ္တိကြောင့် ပျော်ရွှင်ချမ်းမြေ့နေလိမ့်မယ်လို့ ယုံနေမိတယ်။ ဒီယုံကြည်မှုလေးကြောင့်ပဲ ကျွန်မရဲ့ စာဖတ်ခန်းဟာ ခါတိုင်းထက် လန်းဆန်းနေတာအမှန်ပါပဲ။

ဒီအခန်းလေးဟာ ကျွန်မအတွက်တော့ ကြီးကျယ်ခန်းနားလှတဲ့ တစ်ထီးတစ်နန်းလည်း ဖြစ်ခဲ့။

နွေမရောက်ခင် နေ့ရက်အထိ လှပလွန်းတဲ့ အိပ်မက်တွေထဲ လိပ်ပြာတွေလည်း ဝဲလို့ပျံလို့။

လွမ်းတမ်းတခြင်းဆိုတဲ့ ဝတ်ရုံကို ချစ်သူရဲ့ကိုယ်ငွေ့လို လွှမ်းခြုံရင်း၊ ပြူတင်းပေါက်ကလေးရဲ့ အကူအညီယူလို့ သဘာဝတရားနဲ့ ကျွန်မနှစ်ယောက်တည်း နေခွင့်ရနေချိန်လေးဟာ ကျွန်မအတွက် အသာယာဆုံး စိတ်အချမ်းမြေ့စေဆုံး အချိန်ပါ။

ဒါပေမဲ့ . . .။

(၁၅)

ရုံးပိတ်ရက်မို့ ချက်ပြုတ်လျှော်ဖွတ်တဲ့အလုပ်တွေကို စိတ်အေးလက်အေးနဲ့ ပြီးစီးအောင်လုပ်ကိုင်ပြီး ရေချိုး သနပ်ခါးလိမ်းနေမိတယ်။

'မမကြီးရေ. . .၊ ကျွန်တော် ဈေးဘက်ခဏသွားမလို့'

အိမ်အောက်ထပ်က မောင်လေးရဲ့ အော်ပြောလိုက်သံနဲ့အတူ စက်ဘီးသော့ဖွင့်သံပါ ကြားလိုက်ရတယ်။

'ဟဲ့. . .မောင်လေး၊ မင်းသွားရင် မမကြီးတစ်ယောက်တည်း ကျန် နေရစ်မှာပေါ့. . .၊ အမေတို့လာမှ သွားစမ်းပါဟာ'

'ဟာ. . . မမကြီးကလဲ အမေတို့က ဟိုဘက်တစ်ခြံကျော် ခဏသွားလည်ကြတာ။ ခုပြန်လာမှာပေါ့၊ ဆယ့်တစ်နာရီပဲ ခွဲနေပြီ၊ ကိုကြီးဇော်လတ်တောင် ထမင်းစား ပြန်လာတော့မှာ၊ ခဏလေးပါ မမကြီးရာ. . .နော၊ ဟိုမှာ သူငယ်ချင်းတွေနဲ့ ချိန်းထားလို့ပါ'

'ကဲဟေ့. . .ပြောမရရင်လဲ သွား၊ ခြံတံခါးတော့ သေသေချာချာ ပိတ်ခဲ့'

တကယ်တော့ အကြောင်းအမျိုးမျိုးကြောင့် နေ့လယ်နေ့ခင်း အိမ်မှာ တစ်ယောက်တည်းနေနေရတဲ့ အဖြစ်မျိုးက ကျွန်မအတွက်တော့ သိပ်အထူးအဆန်း မဟုတ်တော့ပါ။

အိမ်မှုကိစ္စအားလုံး ပြီးသွားရင် စာကြည့်ခန်းထဲမှာ ငြိမ်ငြိမ်လေး သွားထိုင်ပြီး စိတ်အလျဉ်ကို သွားလိုရာသွား လွှတ်ပေးထားလိုက်ရင်၊ အချိန်တွေ အလိုအလျောက် ကုန်သွားကြတာချည်းပါပဲ။

အခုလည်း အဘိုးရဲ့ ပက်လက်ကုလားထိုင်မှာ သက်သောင့်သက်သာ ထိုင်ရင်း ပြူတင်းပေါက်က မြင်နေရတဲ့ တိမ်ဖြူမှျင်စ ဖရိုဖရဲနဲ့ ကောင်းကင်ပြာပြာကြီးကို ငေးမောကြည့်နေမိတယ်။ လေနှင်ရာ လွင့်နေတဲ့ တိမ်စတွေနဲ့ ခွန်မောင့်ရုပ်ပုံကို စိတ်ကူးပုံဖော်ကြည့်ရတာ ကျွန်မအတွက် ပျော်စရာအကောင်းဆုံး ကစားနည်းပါပဲ။

'ဒေါက်. . .ဒေါက်'

လှုပတဲ့ စိတ်ကူးအတွေးတွေဟာ တံခါးခေါက်သံအောက်မှာ တွန့်ကြေ ပုံပျက်သွားကြတယ်။

'ဒေါက်. . .ဒေါက်. . .မိမှူ၊ နင် အိပ်ပျော်နေလား'

ဒါ. . .၊ ကိုဇော်လတ် အသံပဲ၊ ကိုယ့်အတွေးထဲကိုယ် ဘယ်လောက်များ နစ်မွန်းနေမိပါလိမ့်၊ သူပြန်လာတိုင်း ကြားနေကျ ဆိုင်ကယ်သံ၊ ဟွန်းသံ ဘာမှမကြားလိုက်ရဘဲ လူကိုယ်တိုင် တံခါးရှေ့ရောက်နေပါရောလား။

'လာပြီ. . .၊ အစ်ကိုကြီး. . .၊ ထမင်းစားတော့မလို့လား။ ခူးလိုက်မယ်'

အခန်းတံခါးဖွင့်ရင်း တစ်ဆက်တည်း မေးလိုက်မိတယ်။

'အေးကွာ. . .ခဏနေ စားတာပေါ့၊ ကိုယ် စာအုပ်တစ်အုပ် အရင်ရှာလိုက်ဦးမယ်'

ကျွန်မအမေးကိုဖြေရင်း ကိုဇော်လတ် အခန်းထဲ ဝင်လာတယ်။ အခန်းတံခါးကို သူ့ကျောပြင်ကျယ်ကြီးနဲ့ မှီပိတ်လိုက်ရင်း စာအုပ်ဘီရိုဆီ လျှောက်သွားတယ်။ အစီအရီရှိနေတဲ့ စာအုပ်အတန်းလိုက်ကြီးရဲ့ အနှောင့်တစ်ခုစီကို လက်ညှိုးနဲ့ တရွေ့ရွေ့ထောက်ပြီး စာအုပ်တစ်အုပ်ကို သဲသဲမဲမဲ ရှာနေတယ်။

ဒါဟာ ဟန်ဆောင်ပြီးရှာနေတာ ဆိုတာကိုတော့ နောက်ထပ် မိနစ်အနည်းငယ်အကြာမှာမှ ကျွန်မ တိတိပပ သိလိုက်ရပါတော့တယ်။

'အစ်ကိုကြီး စာအုပ်ရှာထားနှင့်လေ. . .၊ ကျွန်မ ထမင်းခူးထားလိုက်မယ်'

ပြောရင်း ထမင်းစားခန်းကို လှည့်အထွက်မှာ. . .။

'မိမှူ. . .၊ နေဦး၊ နင့်ကို ငါ ပြောစရာရှိတယ်'

သူ့ပါးစပ်က စကားလုံးတချို့ ကမျောသောပါး ပြုတ်ကျလာသလို သန်မာတဲ့ သူ့လက်နှစ်ဖက်ဟာ ကျွန်မရဲ့လက်ကောက်ဝတ်တွေကို မြဲမြဲမြံမြံ ဆုပ်ကိုင်ထားပြီး ဖြစ်နေတော့တယ်။

ဘယ်လိုမှ မမျှော်လင့်ထားခဲ့တဲ့ ဒီအဖြစ်အပျက်အတွက် အံ့အားသင့်တယ်ဆိုတဲ့ စကားလုံးနဲ့တင် လုံလောက်မှုမရှိတော့ပါဘူး။ မိုးကြိုးပစ်ခံရပြီးစ သစ်ငုတ်တစ်ခု၊ ဒါမှမဟုတ် အပြင်းဆုံးမီးနဲ့ လုံထဲထည့် အထိုးခံထားရတဲ့ သတ္တုတစ်စလို ပူလောင်မှုတွေက ကျွန်မတစ်ကိုယ်လုံးကို မြိုဝါးချလိုက်ပါတော့တယ်။

'အစ်ကိုကြီး. . .ဒါ. . .ဘာလုပ်. . .'

ကျွန်မစကား အဆုံးသတ်ခွင့် မရလိုက်ပါ။

'ဟုတ်တယ်. . .နင့်ကို ငါ ချစ်လို့'

သွေးမတော်သားမစပ် မောင်နှမအမည်ခံ ဆန့်ကျင်ဘက်လိင်နှစ်ဦး။ တစ်အိမ်တည်းမှာ မိသားစုတစ်စုလို သုံးနှစ်လောက် အတူနေလာခဲ့ပြီးမှ ဆိပ်ကွယ်ရာအရပ်မှာ အနိုင်ကျင့် ရည်းစားစကား အပြောခံရတာပါလား ဆိုတဲ့ အသိတရားက မိုးဦးမုန်တိုင်းတစ်ခုလို ကျွန်မရင်ထဲ ဒေါသအဖြစ် ဆောင့်တွန်းဝင်ရောက်လာချိန်မှာတော့ ကိုဇော်လတ်ရဲ့ ပါးပြင်နဲ့ ကျွန်မ လက်ဟာ ပြင်းပြင်းထန်ထန်တွေ့ဆုံ ရိုက်ခတ်မိပြီးကြပါပြီ။

ဖြူဖွေးတဲ့ သူ့ပါးပြင်ဟာ ကျွန်မရဲ့ရိုက်ချက်ပြင်းပြင်းကြောင့် နီရဲ နေပါတယ်၊ သူ့မျက်လုံးအစုံမှာ မျက်ရည်ကြည်တွေ လဲ့လို့။ ဘာကြောင့် လဲ. . .။ နာကြင်မှုကြောင့်လား။ ရှက်စိတ်ကြောင့်လား။ ရမ္မက်ကြောင့် လား။ တခြား ဘာအကြောင်းကြောင့်လဲ။

ကျွန်မ မဝေခွဲနိုင်ခဲ့ပါဘူး။

'နင့်ကို ငါသိပ်ချစ်တယ်. . .၊ မခွဲနိုင်ဘူး. . .၊ လက်လွှတ် အဆုံးရှုံး မခံနိုင်ဘူး'

နာကြင်ကြေကွဲနေတဲ့ ယောက်ျားတစ်ယောက်ရဲ့အသံဟာ အား မာန် ပါလွန်းလှတယ်။

'ဟင့်အင်း. . . မချစ်နဲ့၊ ကျွန်မမှာ ချစ်သူရှိတယ်'

'တော်. . .၊ မပြောနဲ့. . .၊ မကြားချင်ဘူး၊ ငါသိတယ်'

ကျားဟိန်းသံဟာ ကျယ်လောင် ဟိန်းထလွန်းလှတယ်ဆိုပေမဲ့ အချစ်စိတ်၊ ဒေါသစိတ်နဲ့ ပေါက်ကွဲနေတဲ့ ယောက်ျားတစ်ယောက်ရဲ့ အော်ဟစ်ခြိမ်းခြောက်သံလောက်တော့ ကြောက်စရာကောင်းနိုင်ပါ့မလား။ နာနာကျင်ကျင်နဲ့ ကျွန်မ နားနားကပ်ပြီး တစ်ခွန်းချင်း ပြောချလိုက်တဲ့ စကားဟာ သွေးကြောတွေထဲအထိ စီးလိမ့်တိုးဝင်သွားပါတော့တယ်။

'နင်၊ ခွန်မောင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါသိတယ်။ ရိပ်မိနေတယ်၊ နင့်ကို ငါ ဘယ်လောက်ချစ်တယ်ဆိုတာ နင်မသိခဲ့ဘူး၊ မရိပ်မိခဲ့ဘူး၊ ဘာပဲဖြစ်ဖြစ် ငါ့ဘဝထဲမှာ နင်ရှိကိုရှိရမယ်၊ နင့်ကို ဘယ်သူ ချစ်တာမှ ငါခွင့်မပြုနိုင်ဘူး၊ နင်ကလည်း ငါ့အပြင် ဘယ်သူ့ကိုမှ မချစ်ရ ဘူး၊ နင့်ကို ငါ သိပ်ချစ်ခဲ့တယ် မိမှူ၊ ခုမှမဟုတ်ဘူး၊ ဒီအိမ်ကို ငါရောက်စ

ကတည်းက’

ဘုရားရေ. . .၊ တစ်အိမ်တည်းနေ ယောက်ျားတစ်ယောက် သုံးနှစ်လုံးလုံး ကျွန်မကို ချစ်နေခဲ့တာ ကျွန်မ အရိပ်အမြွက်တောင် မသိခဲ့မိပါလား။ ပတ်ဝန်းကျင်နဲ့ ကျွန်မရဲ့ဆက်ဆံရေးဟာ ဒီအထိကို ကင်းပြတ်စေခဲ့ပြီလား၊ ကျွန်မရဲ့အာရုံခံစားမှုတွေ။ အသိစိတ်တွေ ဒီလောက်ကို ချို့ယွင်းပျက်စီးခဲ့ပြီလား။ လူတိုင်းလူတိုင်း အလွယ်တကူ သင်ကြားတတ်မြောက်ထားကြတဲ့ မျက်နှာရိပ်မျက်နှာကဲနဲ့ စကားသံတွေက တစ်ဆင့် အတွင်းစိတ်ကို ဘာသာပြန် နားလည်တဲ့အတတ်ကို ကျွန်မ ညံ့ဖျင်းစွာ မေ့လျော့ဆုံးရှုံးခဲ့ပြီလား။

ခွန်မောင်နဲ့ ပတ်သက်သမျှကလွဲရင် ကျွန်မ ဦးနှောက်ထဲမှာ အရာရာဟာ ကွက်လပ်ဖြစ်ခဲ့တယ်ဆိုတာ သေချာလွန်းမက သေချာနေပါတော့တယ်။

ဒီတစ်ချက်တည်းနဲ့ ကိုဇော်လတ်အပေါ်ထားတဲ့ ကျွန်မ သဘောထား၊ ခွန်မောင့်အပေါ် ညွှတ်ပြောင်းခဲ့တဲ့ စိတ်အင်အားကို အလွယ်တကူ ခန့်မှန်းလို့ ရတတ်ပါပြီ။

အကျဉ်းအကြပ်က ရုန်းထဖို့ သက်ပြင်းတစ်ချက်အရှိုက်မှာပဲ၊ မုန်တိုင်းပြင်းပြင်းတစ်ခု တိုက်ခဲ့တယ်။ တိမ်တိုက်တွေရဲ့အဆုံး မရောက်ခင်မှာပဲ ကျွန်မဟာ အိပ်မက်ဆိုးတစ်ခုထဲ ဇောက်ထိုးမိုးမျှော် လိမ့်ကျဆုံးပါးသွားပါတော့တယ်။ ပိန်းပိတ်အမှောင်ထဲမှာ ရောင်စုံပန်းတွေ မြင်ရတယ်။ ဆန္ဒမပါခြင်း၊ အလိုမတူခြင်းလောက် ခါးသက်တဲ့အရသာ မရှိနိုင်တာသေချာတယ်။ ပြန်ဆယ်ယူလို့မရနိုင်တဲ့ မျောပါပျောက်ဆုံးခြင်းကို ကျွန်မပိုင်ဆိုင်ခဲ့ရတယ်။ ကိန်းဂဏန်းနဲ့တွက်ချက် ဖော်ပြလို့မရတဲ့ ဆုံးရှုံးမှုဆိုတာရှိတယ်၊ ဘယ်လိုလျော်ကြေးနဲ့မှ လဲလှယ်မရနိုင်တော့တဲ့အရာ...။ အသစ်ပြန်လည်မွေးဖွားခွင့် မရှိတော့တဲ့အရာ. . .။

အဲဒါဟာ ဘာပါလဲ။

(၁၆)

အိပ်မက်ထဲမှာလား. . .။

ရုပ်ရှင်ဇာတ်လမ်းတစ်ပုဒ်ရဲ့ ညှို့ယူမှုထဲမှာ စီးဝင်မျောပါသွားနေတာလား။

ကြောက်စရာ ကောင်းလိုက်တာ ။

ခွန်အားကြီးလှတဲ့ မိစ္ဆာတစ်ကောင်ဟာ သူရဲ့သန်မာ စွင့်ကားလှတဲ့ ဦးချိုနှစ်ချောင်းနဲ့ ကျွန်မကို ပင့်ကော်မြှောက်တင်လိုက်တာလား။

ဦးချိုထိပ်ဖျား လေဟာနယ်ထဲမှာ ကျွန်မခန္ဓာကိုယ်ဟာ နိမ့်လိုက်မြင့်လိုက်။ တုန်ခါနေလိုက်၊ ပေါ့ပါးသွားလိုက်၊ လေးလံလွန်းလိုက်။ ဘယ်အရာမှ အလိုက်သင့်ဖြစ်နေတာ မဟုတ်ပါဘူး။ ကျွန်မအလိုကျ မဟုတ်ခဲ့ရပါဘူး။

ကျွန်မ ခန္ဓာကိုယ်ထဲက ထွက်ပေါ်နေတာ နှလုံးခုန်သံမှ ဟုတ်ရဲ့လား။

အမြောက်တွေ အဆက်မပြတ် ပစ်ဖောက်နေသံနဲ့ တူလိုက်တာ။

လည်ချောင်းထဲက လေတွေ ဒရဟောသွန်ထွက်နေတယ်။ ရေကာတာတစ်ခု ကျိုးပေါက်သွားသလိုပဲ။ ပူလောင်လွန်းတဲ့ လည်ချောင်းက ရေအေးအေးတစ်ခွက်ကို အငမ်းမရတောင်းဆိုနေတယ်။

ကျွန်မတစ်ကိုယ်လုံးဆီက စိမ့်ယိုစီးထွက်နေတာ. . .၊ ချွေးစီးတွေလား. . .။ ဆားငံရေတွေများလား. . .။

ခန္ဓာကိုယ်အနှံ့ ဒဏ်ရာအထပ်ထပ်ဆီက နွေးထွေးစေးပျစ်တဲ့ သွေးနီနီရဲရဲတွေဟာ အဆက်မပြတ် တသွင်သွင်စီးကျလို့. . .။ မြက်ခင်းပေါ်ကျသွားတဲ့ သွေးတစ်စက်ချင်းက စံပယ်ပန်းတစ်ခင်းစီ ပွင့်စေတယ်။

လေဟာနယ်ထဲမှာ သတ္တဝါရိုင်းတစ်ကောင်ရဲ့ ပြင်းပြင်းထန်ထန် အနှိပ်စက်ခံနေရတဲ့ ကျွန်မဟာ မြေပြင်ပေါ်က စံပယ်ပန်းပွင့်တွေကို မျက်စိတဆုံး မြင်တွေ့နေရတယ်။ အထူးဆန်းဆုံးက အဲဒီစံပယ်ပန်း ဖြူဖြူတွေဆီက ချစ်သူရဲ့ကိုယ်သင်းရနံ့ တလှိုင်လှိုင်ရနေတာပါပဲ။

ပန်းခင်းရဲ့အဆုံး နှင်းမှုန်တွေ ဖုံးနေတဲ့နေရာတစ်ခုမှာ ချစ်သူရဲ့ ညိုလဲ့ရွှန်းစိုတောက်ပတဲ့ မျက်လုံးလှလှတစ်စုံက ကျွန်မကို ငေးရီစောင့်ကြည့်နေတယ်။ ပိရိတဲ့ နှုတ်ခမ်းကတော့ ပိတ်ထားတဲ့ တံခါးတစ်ချပ်

လို သပ်သပ်ရပ်ရပ် တင်းတင်းစေ့လို့။

ရက်စက်လိုက်တာလို့ ပြောနေတာများလား။

ရာသက်ပန်အတွက် ဆိုးသည်၊ ကောင်းသည် ဘာမှ မပြောလို တော့ပါဆိုတဲ့ အမှတ်အသားလားကွယ်။ ကွယ်ရာမှာ သစ္စာဖျက်ရက် လေခြင်းလို့ ဝမ်းနည်းစိတ်နဲ့ အံတင်းတင်းကြိတ်နေခြင်းလား၊ ဘာမှ မသေချာလှပါ၊

ချစ်သူရဲ့လက်မှာ ရွှေးဟောင်း သဲနာရီတစ်လုံး။

တယုတယနဲ့ ခိုင်ခိုင်မြဲမြဲပွေ့ပိုက်ထားလို့။

သဲနာရီ . . .။

ဒါဟာ အချိန်ပြ စက်ကိရိယာပဲ။

ဟောင်းလှပြီဖြစ်တဲ့ ဒီနာရီလေးဟာ ဘိုးဘိုးရဲ့ပစ္စည်းပဲ။

ဒီစာကြည့်ခန်းရဲ့ စာအုပ်ဗီရိုကြီးထဲမှာ အဘိုးရှိစဉ်ကတည်းက ဒီနေ့အထိ ရှိနေတဲ့နာရီ။ ဘာဖြစ်လို့ သူ့လက်ထဲမှာ ရောက်နေရတာလဲ။ သူကရော၊ ဘာကြောင့် မြတ်မြတ်နိုးနိုး ပွေ့ပိုက်ထားရတာလဲ။

နေ့စဉ် မြင်တွေ့ဖူးနေကျ သဲနာရီလေးဆီကိုပဲ ကျွန်မ မျက်လုံး အစုံဟာ စူးစူးစိုက်စိုက် ကျရောက်သွားတဲ့အခါ နာရီ ဖန်အိမ်ထဲက ချိန်မှတ်သဲမှုန်တွေဟာ မကုန်ဆုံးနိုင်အောင်ကို တဖြည်းဖြည်းချင်း အ ဆက်မပြတ် ကျနေပါတော့တယ်။ ဘယ်အချိန် ဘယ်ကာလအထိ အဲဒီ သဲမှုန်တွေ အဆက်မပြတ် ကျနေဦးမှာလဲ။ တကယ်တော့ အဆက်မပြတ် ကျဆင်းနေတဲ့ အဲဒီအရာတွေဟာ သဲမှုန်တွေမဟုတ်ပဲ ပြာမှိုင်းပိတ်မှောင် နေတဲ့ နှင်းမှုန်တွေသာဖြစ်ကြောင်း ကျွန်မ အသေအချာကို သိခဲ့ပါတယ်၊

(၁၇)

အဲဒီနှစ်မှာ. . .။

ကျွန်မ ကိုဇော်လတ်နဲ့ လက်ထပ်ဖြစ်ခဲ့တယ်။

အဲဒီလို လက်ထပ်လိုက်တဲ့အတွက် မဆုံးနိုင်တဲ့ ကြေကွဲဖွယ် အိပ်မက်ရှည်ကြီးတစ်ခု ကျွန်မ တစ်သက်လုံး မက်နေရပါတော့တယ်။

အိပ်မက် မက်မိတဲ့အခါတိုင်း ယူငင်မမီ။ ဖမ်းဆုပ်မမိဘဲ ကျွန်မ လက်တစ်ကမ်းမှာ အမြဲမြင်တွေ့နေရတတ်တာကတော့ နူးညံ့သံစဉ်တွေ သီဆိုနေတဲ့ ချစ်သူရဲ့မျက်ဝန်းညိုလဲ့တစ်စုံပါ။ ချစ်သူဟာ သူ့မျက်လုံး တွေကို သွယ်လျသန်မာတဲ့ သူ့လက်ချောင်းတွေနဲ့ ပိတ်ကွယ်ထားလိုက် ပြီလား။ ဒီလက်ချောင်း အကွယ်အကာတွေကြားက ကျွန်မကို အမြဲစောင့် ကြည့်နေတတ်တာလား မသေချာပေမယ့် သူ့မျက်ဝန်းတွေကို ကျွန်မ အမြဲ မြင်တွေ့နေရတာကတော့ သေချာလွန်းလှပါတယ်။

အချစ်စိတ်နဲ့ ရူးသွပ်ခဲ့ရတဲ့ အချိန်တိုင်းမှာ ချစ်သူရဲ့ မျက်ဝန်းက မဆုံးနိုင်တဲ့ အလွမ်းတေးသွားတွေကို မျက်ရည်များအဖြစ် စီးသွန်ရွာချ နေတယ်လို့ပဲ ထင်မှတ်နေမိပါတော့တယ်။

***နန်းမြမှုံ***

●

# ရှည်မျောမျောအချိန်တစ်ခုကို ရင်ဆိုင်ခြင်း

( ၁ )

ထိုနှစ်၏ ဆောင်းသည် ပူပြင်းလှသော အဝါရောင်ဆောင်း ဖြစ်၏။

ဤဆောင်း မတိုင်မီ ရင်ဆိုင်ကျော်ဖြတ်ခဲ့ရသော ဆောင်းတိုင်းသည် ချမ်းစိမ့်သော အအေးဓာတ်ရှိပြီး အဖြူ(သို့မဟုတ်) အပြာရောင် အဆင်းရှိသော ဆောင်းရာသီစစ်စစ်များ ဖြစ်ကြ၏။ ယခု ရင်ဆိုင်ရသော ဆောင်း အဝါရောင် ဖြစ်နေရခြင်းမှာ ရင်တွင်းသောကကြောင့် ဖြစ်ကောင်း ဖြစ်နိုင်သည်ဟု မရေရာစကား ဆိုရမည်ဖြစ်သည်။ သို့သော် ရေရာသည်မှာ သည်နှစ်ဆောင်းသည် အဝါရောင်ဖြစ်နေခြင်းပင် ဖြစ်သည်။

ထိုဆောင်းသည် ပူပြင်းဝါရော်သည့်အပြင် စိတ်ပျက်ဖွယ် ကောင်းအောင် တိတ်ဆိတ်ငြိမ်သက်လွန်းလှသည်။

နွေမှ ကြားရလေ့ရှိသော ဥဩတစ်ကောင်၏ ကယောင်ချောက်ခြား တွန်သံတစ်ခုကြောင့်သာ သက်ရှိလောကဝန်းကျင်ဖြစ်ကြောင်း အမှတ်ရစေတော့သည်။

အမှန်ပင် ကျွန်တော့်ဝန်းကျင်က ငြိမ်သက်ပူပြင်း ကြွပ်ရွနေသည်လား။ စိတ်အတွင်း ဖြစ်ပေါ်နေမှုများက ပြင်ပလောကသို့ စွန်းထင်းသက်ရောက်နေစေသည်လား။

အမှန်ကို မသိတော့ပါ။

ကျောင်းဝင်းတစ်ခုလုံး ငြိမ်သက်နေသည်။

ထိုနေ့က ကျောင်းပိတ်ထားသည်လား။

ကျောင်းဆင်းသွားပြီလား။

ကျောင်းတက်ရန် စောလွန်းနေသေး၍ လူမရှိသေးသည်လား။

သုံးထပ်ကျောင်းဆောင်၏ ကော်ရစ်ဒါတွင် ကျွန်တော်တစ်ယောက်တည်း ရှိနေသည်။

မဟုတ်သေးပါ။

ခပ်လှမ်းလှမ်းတွင် ကျွန်တော့်လို ကြောင်တောင်တောင်ဖြစ်နေသော ဥသြငှက်ကြောင်တစ်ကောင် ရှိသေးသည်။

ကျွန်တော့်လက်ထဲတွင် သတင်းစာတစ်စောင် ရှိသည်။

တစ်ကြိမ်ဖတ်ပြီးရုံမျှနှင့် ထပ်ဖတ်စရာမလိုလောက်အောင် မှတ်မိသွားသော သတင်းတစ်ပုဒ်ပါ သတင်းစာဖြစ်သည်။ နန်း လက်ထပ်ပြီးစီးကြောင်း သတင်းဖြစ်သည်။ သူ့ကြင်ဖော်သည် ကိုဇော်လတ် ဖြစ်သည်။

ကိုဇော်လတ်ကို ကျွန်တော်သိသည်။ နန်းနှင့် တစ်အိမ်တည်းနေသော ဆွေမျိုးသားချင်း ဖြစ်သည်။

အခု. . . သူတို့လက်ထပ်သွားကြပြီ။

ကျွန်တော့်ကို အလွန်ချစ်ကြောင်း အမျိုးမျိုးသက်သေပြ၊ ချစ်ပြခဲ့သော နန်းသည် ပျော်ပျော်ကြီး လက်ထပ်သွားခဲ့ပြီ။ သူတို့၏ ချစ်ခြင်းသည် ယနေ့မှ ပေါ်ပေါက်လာသည့် အချစ်မဖြစ်နိုင်။ နှစ်ရှည်လများ တစ်အိမ်တည်းနေ ချစ်သူများ၏ လက်ထပ်ပွဲ ဖြစ်မည်မှာ လောင်းကြေးထပ်စရာမလိုအောင် သေချာလွန်းသည်။ ချစ်သူရှိပြီး၊ ဘဝအတွက် ရည်ရွယ်သူကြင်ဖော်ရှိပြီး သည်မိန်းမသည် ဘာ့ကြောင့် ကျွန်တော့်ကို မြူဆွယ်ခဲ့ကြောင်း သိလိုလှသည်။ သီးခြားနေသည့် ဘဝထဲသို့ မည်သည့် ရည်ရွယ်ချက်ဖြင့် စည်းဖောက်ဝင်ရောက်ခဲ့ကြောင်း သိလိုလှသည်။

ကျွန်တော်သည် လော်လီသူ၊ မြာပွေသူတစ်ဦး မဟုတ်ခဲ့ပါ။ ထို့အတူ ကျွန်တော်သည် မိန်းမတစ်ယောက်၏ ပျော်ရွှင်မှုအတွက် အလွယ်တကူ ဆော့ကစားခံရစရာ အရုပ်တစ်ရုပ်လည်း မဟုတ်ခဲ့ပါ။ သို့သော် ကျွန်တော်သည် အလွယ်တကူ ဆော့ကစားခံခဲ့ရပြီ။

သူသည် ကျွန်တော့်ကို အလွယ်တကူသိမ်းပိုက်ပြီး၊ အလွယ်တကူ စွန့်ပစ်ခဲ့သည်။

ကျွန်တော်သည် မိန်းမတစ်ယောက်၏ မာယာပိုက်ကွန်ထဲ အလွယ်အမိခံခဲ့ရသည့် ခပ်နုံနုံ ငတုံးအေတစ်ကောင်သာ ဖြစ်နေခဲ့ပြီလား။ ထိုမျှအစွမ်းစမဲ့ နုံဖျင်းသောယောကျ်ားတစ်ယောက် ဖြစ်မည်ဟု ကိုယ့်ကိုယ်ကို ဘယ်တော့မှ ထင်မထားခဲ့။ သန့်စင်သောချစ်ခြင်းကို စော်ကားခံရခြင်း လောက် ဒေါသဖြစ် နာကျည်းစရာကောင်းသည်မှာ ရှိတော့မည်မထင်။

ကျွန်တော်၏ဆောင်းသည် ပူလွန်းလှသည်။

ကျွန်တော့် စိတ်အလျဉ်သည် ပူလွန်းလှသည်။ ထိုအပူနှစ်ခုသည် ကျွန်တော့်လက်ထဲမှ သတင်းစာဆီသို့ ကူးစက်ဝင်ရောက် သွားခဲ့သည်။ သတင်းစာတစ်စောင်လုံး လောင်ကျွမ်းပြာကျသွားသည်အထိ လက်ထဲမှာ ဆုပ်ကိုင်ထားမိသည်မှာ ကျစ်ကျစ်ပါ။

မဲညစ်ညစ် ပြာတောင့်ကို အမှုန့်တွေ ဖြစ်အောင် ချေမွပစ်ပြီး ကော်ရစ်ဒါထက်မှ ကြဲချလိုက်သည်။

ထိုပြာမှုန်များသည် မိုးအဖြစ်ရွာကျပြီ။

အမှန်တကယ် စိမ်းမြနေသော်လည်း ကျွန်တော့်အမြင်တွင် အနီရောင်တောက်နေသော မြက်ခင်းပြင်ဆီသို့ ပြာမှုန်တို့ စီးသွန် ထိုးစိုက် စီးကျသွားခဲ့သည်။

ထိုအချိန်သည် ညဉ့်တွန်သံမဲ့။

အဖော်မဲ့။

နှလုံးသားမဲ့။

ခံစားမှုမဲ့။

ပြာမှုန်ပြာစတို့ စီးသွန်ခုန်ဆင်းသွားရာ မြက်ခင်းဆီသို့ ကျွန်တော် ကိုယ်တိုင် (သို့မဟုတ်) ကျွန်တော့်အာရုံခံစားမှုများကိုယ်တိုင် ခုန်ချလိုက်ပါသွားခဲ့သည်။ ကျွန်တော့်အာရုံတွင် လက်ရှိ စိတ်အခြေအနေနှင့် အချိန်ကာလသည် ကွက်လပ်တစ်ခု ဖြစ်ခဲ့ပြီ။ တကယ်တော့ အမှန်တကယ် ရင်ဆိုင်နေရသည့် အခြေအနေကိုငြင်းဆန်ကာ တိမ်းမူးနှစ်သက်ခဲ့ရာ အတိတ်လွင်ပြင်ဆီသို့ ထွက်ပြေးခဲ့ခြင်းမျှသာ ဖြစ်သည်။

တိမ်းမူးနှစ်သက်ခဲ့ဖူးရာအရပ်တွင် အရုပ် အရိပ်နှင့် အရောင်တို့သည် ချစ်ခင်ဖွယ်အဆင်းရှိကြ၏။

( ၂ )

ကျွန်တော်၏ သန်မာသောခြေထောက်အစုံအောက်မှ မြက်ခင်းသည် စိမ်းမြစိုရွှနေ၏။ ဖွဲ့ဖွဲ့မှုန်မှုန်လေး ရွာချနေသော မိုးစက်များသည် ကျွန်တော့်ချွေးစက်များဖြင့် ရောနှော စိုလူးနေသည်။ ထိုမိုးစက်မှုန်တို့ကြောင့်ပင် ကျွန်တော် အမောလုံနေဟန်တူသည်။

မြက်နံ့သင်းသင်းတို့ကို ရှူရှိုက်ရင်း၊ အော်ဟစ်အားပေးသံများကို နာခံရင်း၊ တစ်ဖက်ပြိုင်ဘက် အထက(၁)လက်ရွေးစင်အသင်း၏ နောက်တန်းကို မွှေနှောက် ကျော်ဖြတ်ဖို့ အပြင်းအထန် ကြိုးစားနေမိသည်။ ထောင့်ဖြတ်တင်ပို့လိုက်သောဘော်လုံးကို သေသေသပ်သပ် ဆွဲယူထိမ်းသိမ်းလိုက်နိုင်၏။ ထိုဘောလုံးကို မနားတမ်း သယ်ပြေးသည်။ ဘောလုံးသည် ကျွန်တော့် ခြေနှစ်ချောင်းကြားတွင် စေးကပ်စီးပိုင်စွာ လိုသလိုကပ်ညိပါလာနေ၏။ ကျွန်တော့်ရှေ့နှင့် ဘေးဘယ်ညာမှ ကျွန်တော့်ကိုဟန့်တားကြမည့် တစ်ဖက်နောက်တန်းလူများ အမြန်ချဉ်းကပ် ပြေးဝင်လာသည်ကို ရိပ်ခနဲလှမ်းတွေ့လိုက်သည်။ ကျွန်တော့်ပြေးအားကို တစ်ဆုံးမြှင့်တင်ရင်း ဘောလုံးကို တစ်ပါတည်းပါအောင် သယ်ယူနေမိသည်။ ထိုအခိုက်အတန့်လေးတွင်ပင် ရှေ့တည့်တည့်မှ လျှောထိုးဝင်လာသော ခြေတစ်စုံကို လွတ်အောင် ခက်ခက်ခဲခဲ ခုန်ကျော်ရင်း ဘောလုံးကိုဖနှောင့် ဖြင့် ချိတ်ယူလိုက်ရသည်။ အတားအဆီးတစ်ခုကို လှပသေသပ်စွာ ကျွန်တော် ဖြတ်ကျော်နိုင်ခဲ့ပြီ၊ အော်ဟစ်အားပေးသံတို့ ကွင်းလုံးညံလာ၏။ ဗိုလ်လုပွဲတစ်ခု၏ ထုံးစံအတိုင်း များပြားလှသော နှစ်ဖက်ပရိသတ်၏ ရင်ခုန်သံသည် ထုထည်ကြီးမားသော အသံလှိုင်းတစ်ခုကို ဖြစ်ပေါ်စေ ခဲ့သည်။ ထို အသံလှိုင်းကြီးကပင် ကြီးမားသောအားတစ်ခုဖြင့် ကျွန်တော့် ကို ရှေ့သို့ တွန်းလွှတ်နေ၏။ တစ်ဖက်ဂိုးရေိယာထဲအရောက်၊ ဂိုးသမား နှင့် မျက်နှာချင်းဆိုင် အတွေ့မှာပင် ပြင်းထန်တိကျသော ကန်ချက်တစ်ခု ဖန်တီးရန် ညာခြေကို မြှောက်လိုက်၏။ ထိုအချိန်မှာပင် မြေပေါ်တွင် ထောက်လျက်သား ရှိနေသေးသော ကျွန်တော့်ဘယ်ခြေပေါ်သို့ တစ်ဖက်နောက်တန်းလူ၏ ခြေထောက်က ပြင်းထန် ချိန်သားကိုက်စွာ ကျရောက်လာခဲ့သည်၊ ဒိုင်လူကြီး၏ ဝီစီမှုတ်သံနှင့်အတူ ကျွန်တော်သည် နာကျင်

စွာ မြက်ခင်းပေါ်တွင် အလူးလူး အလိမ့်လိမ့် အလဲလဲ အပြုံပြုံ။

ကြက်ခြေနီတပ်ဖွဲ့၏ ထမ်းစင်ပေါ် လိုက်ပါနေရသည့် တစ်ခဏတွင် ပွဲပြီးခါနီးမှ ရလိုက်သော ပယ်နယ်တီတစ်လုံးကြောင့် တစ်ကွင်းလုံးကို အော်သံဟစ်သံတို့ ခေတ္တဖုံးလွှမ်းသွားခဲ့သည်။

မိုးမှုန်များ။ မြေကြီးများဖြင့် ပေကျံနေသော ကျွန်တော့်မျက်နှာတွင် ရင်ခုန်မှုတို့လည်း အဖတ်လိုက် ကပ်ငြိနေနိုင်သေးသည်။

ထိုပယ်နယ်တီသည် အနိုင်အရှုံးကို ဆုံးဖြတ်မည်။

ကျွန်တော့်လူများ အနိုင်ဆုဖလားကို ထိုဂိုးဖြင့် ရယူပေးနိုင်ပါမည်လား၊ စိုးရိမ်စိတ်များကြောင့် ကျွန်တော့်နှလုံးသည် တိုင်တွင် လှွင့်ထူထားသော အားကစားအလံတစ်လက်လို တဖြတ်ဖြတ်ခါနေသေးသည်၊

စုတ်ပြဲသွားသော အဖြူရောင်ခြေအိတ်သည် အနီရောင်ဖြစ်နေ၏။ ထိုခြေအိတ်ကို ဖယ်လိုက်သောအခါ တစ်ထွာနီးပါး စုတ်ပြဲသွားသော အရေပြားမှ သွေးတို့စီးယိုကျနေသည်ကို တွေ့ရ၏။ ဒဏ်ရာကို ဆေးထည့်ရန် အရက်ပျံဖြင့်သန့်စင်သောအခါ စပ်လွန်း၍ အားခနဲ တစ်ချက်အော်မိသည်၊ အော်သံမဆုံးမီ ချက်ချင်းပင် ထိုနေရာ၌ အေးမြသည့် ခံစားမှုတစ်ခု ရလိုက်၏။ ခေါင်းထောင်ကြည့်လိုက်သောအခါ မိုးစက်မှုန်တို့ သီးပေနေသော ဆံနွယ်ရှည်ရှည်များကို တွေ့ရသည်။ ဆေးပေးသည့် သူနာပြုရဲဘော်မလေးက အနာသက်သာအောင် လေဖြင့်မှုတ်ပေးနေခြင်းဖြစ်သည်။ အတော်အားနာသွားသည်။ ကျေးဇူးလည်း အလွန်တင်သွားသည်။ သူ ဘယ်သူမှန်း ကျွန်တော်မသိပါ။

ခဏအကြာ၌ ‘စပ်နေသေးလား’ဟု လှည့်မေးလိုက်မှ သူ့မျက်နှာကို ကျွန်တော်မြင်ရသည်၊

သူသည် ကျွန်တော်တို့အတန်းထဲက ‘နန်းမြမှုံ’။

ဘာမျှပြန်ဖြေချိန်မရမီမှာပင် ‘ဂိုး’ဟူသော ကွင်းလုံးဟိန်းသည့် အသံကြီးက ကျွန်တော်တို့၏ အမေးအဖြေအားလုံးကို ပြီးပြည့်စုံစေခဲ့ပြီ ဖြစ်ပါသည်၊

( ၃ )

အမှန်တော့ ကျွန်တော်သည် ဆယ်တန်းရောက်သည်အထိ မိန်းမများကို စိတ်ဝင်စားရန် မေ့လျော့နေသူတစ်ဦး ဖြစ်နိုင်သလို ကျွန်တော့်နှလုံးသားကို ညှို့တန်းအောင် ဆွဲဆောင်နိုင်သည့် မိန်းမတစ်ဦးဦးနှင့် မတွေ့ဆုံခဲ့ဖူးသေးသူတစ်ဦးလည်း ဖြစ်နိုင်ပါသည်၊

ဘောလုံးပွဲပြီးသည့် ထိုညက အိပ်မပျော်ခဲ့ပါ။

ခြေသလုံးဒဏ်ရာက တဆစ်ဆစ် နာနေသလို ထွေပြားသော အာရုံကလည်း တဖြတ်ဖြတ်ခါနေပါသည်၊ ထိုမိန်းမသည် ကျွန်တော်တို့အတန်းထဲမှ ပညာရေးအရရော ရုပ်ရည်အရပါ သာမန်မျှသာရှိသူ ဖြစ်သည်၊ စွဲလမ်းလောက်ဖွယ် အလှပိုင်ရှင် တစ်ဦးမဟုတ်ကြောင်းကိုတော့ တွေ့ဖူးသူတိုင်း ဝန်ခံကြမည်ဖြစ်ပါသည်။ ထူးခြားချက်ဟု ပြောမည်ဆိုပါက ထူထဲသန်စွမ်းသည့် မျက်ခုံးများနှင့် ရှည်လျား ညှို့တပြောင်းလှသည့် ဆံပင်ရှည်ရှည်များကိုသာ ပြောရမည်ဖြစ်သည်။

အိပ်ဆေးသောက် အိပ်သော်လည်း နှစ်ခြိုက်စွာ အိပ်မပျော်ဘဲ၊ အိပ်နိုးတစ်ဝက်အခြေအနေဖြင့်သာ ည၏ အချိန်အားလုံးကို ကျော်လွှန်ခဲ့ရသည်။ ထို ညတာရှည် တစ်ခုလုံး၌ မိုးသက်လေတွင် တလွန့်လွန့်လှုပ်ခါနေသော ဆံနွယ်မျှင်များကိုသာ ကျွန်တော် မြင်နေရပါသည်။

ညနေခင်းနေရောင်အောက်တွင် ရွာသောမိုးဖြစ်၍ သူ့ ဆံနွယ်စတွင် ကပ်ငြိနေသော မိုးမှုန်မိုးစက်များသည် စိန်ပွင့်ပေါင်း ထောင်သောင်းအဖြစ် လင်းလက်နေသည်။ မျက်တောင်ဖျားတွင် တင်ကျန်နေသော မိုးစက်များသည် သူ့မျက်လုံးနှင့်အပြိုင် တောက်ပနေသည်။

'ဂိုး'ဟု အော်လိုက်ကြသော ကျယ်လောင်တုန်ဟည်းသံကြီးထဲတွင် 'စပ်နေသေးလား'ဟူသော အသံသေးသေးလေးတစ်ခုက ထင်းထင်းပေါ်နေသည်။ ထိုအဖြစ်ကို စွဲလမ်းမှုဟု အမည်တပ်မည်ဆိုပါက ကျွန်တော် လက်မခံနိုင်ပါ။ ထူးခြားသော ဖြစ်စဉ်တစ်ခုကို ပြန်လည်တွေးတောနေမိခြင်းဟု ကိုယ့်ဘာသာကိုယ် သတ်မှတ်လိုက်ပါသည်။

နက်ဖန်မနက် ကျွန်တော် ကျောင်းတက်နိုင်ပါမည်လား။

စိတ်က ကျောင်းတက်ချင်နေပါသည်။

ခြေထောက်ထောက်နိုင်လျှင် ကျောင်းတက်မည်ဟု စိတ်တစ်ခု

က ဆုံးဖြတ်သောအခါ နောက်စိတ်တစ်ခုက ယောက်ျားတစ်ယောက် ဖြစ်ပြီး၊ ဒီဒဏ်ရာလောက်နဲ့များ ခြေထောက် မထောက်နိုင်ဘူးဆို သွားသေလိုက်ဟု ဆိုပါသည်။

မျက်လုံးလို ပိတ်ထား၍မရသော နားက လမ်းပေါ်မှ ဈေးသွားဈေးလာတို့ သွားလာစပြုသံကို ကြားရသည်။ မိုးလင်းတော့မည် ထင်ပါသည်။

ဤအချိန်တွင် ထိုမိန်းမ အိပ်ရာမှထပါပြီလား။

မေမေ့လိုပင် အလင်းရောင်မလာမီ ဘုရားရှိခိုးတတ်၊ ဘုရားပန်းလဲတတ်ပါသလား။ မေမေက ဘုရားတရား ကြည်ညိုတဲ့ မိန်းမမျိုးရှာယူသားရေ့ဟု မကြာခဏပြောတတ်သည်ကို ကြားယောင်လာသည်။ ဘာဆိုင်လို့ ဒီအကြောင်း ခေါင်းထဲရောက်လာရတာလဲဟု စဉ်းစားမိသောအခါ ကိုယ့်ကိုယ်ကို ပြန်ရှက်သွားရင်း အိပ်ရာမှ ငေါက်ခနဲ ထထိုင်မိသည်။

မနက်ခင်းတွင် ကျွန်တော့်ခြေထောက်များ အတော်နာနေပါသည်။

သို့သော် ထိုနေ့မနက် ကျွန်တော် ကျောင်းတက်ဖြစ်၏။

ထိုနေ့က ကျောင်းခန်းထဲသို့ ထိုးစိုက်ကျဆင်းနေသော နေရောင်သည် ခါတိုင်းနေ့ထက် ပိုမိုနွေးထွေးလှပနေသည်ဟု ထင်ရသည်။

( ၄ )

ကျွန်တော့်ရင်ထဲတွင် အချစ်ပင်ပျိုများ စတင်ပေါက်ဖွားခဲ့ပြီလား။

မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားတတ်လာပြီလား။ မေးခွန်းများဖြင့် လုံးခြာလိုက်ရင်း ဟင့်အင်းဟူသောအဖြေကို ချက်ချင်း ပြန်ပေးလိုက်မိသည်။ ထိုရှုပ်ထွေးသော အတွေးတို့ကို ကျွန်တော် အချစ်ဟု မသတ်မှတ်နိုင်ပါ။ မိန်းကလေးတစ်ယောက်ကို ပိုးပမ်းဖို့လည်း ကျွန်တော် စိတ်မဝင်စားသေးပါ။ မိန်းကလေးအတော်များများ ကျွန်တော့်ကို စိတ်ဝင်စားကြကြောင်း သူငယ်ချင်းများမှတစ်ဆင့် သိခဲ့ရသည်။ ရွေးချယ်စရာများသော ကျွန်တော့်အဖို့ ထိုသာမန်မိန်းမတစ်ယောက်ကို စတင်စိတ်ဝင်စားရဖို့ ရှက်နေတာလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။ သို့သော် ထိုမိန်းမ၏ သိမ်မွေ့မှုနှင့် အကြင်နာတရားကို ကျွန်တော် အလိုလို သိနေသည်မှာ အံ့ဩဖို့ကောင်းသည်။ ကြိုးတစ်ချောင်းဖြင့် ရစ်ပတ်တုပ်နှောင်ခံရမည့်

အဖြစ်မျိုးကို အလိုမရှိပါဟု ကြွေးကြော်နေရင်းမှပင် ချည်နှောင်ခံရခြင်း၏ အရသာသည် ဘယ်လို နေမည်လဲဟု မကြာခဏ တွေးတောနေမိတတ်ပါသည်။

တုပ်နှောင်ခံရချင်လျှင် ကြိုးတစ်ချောင်းတောင် မလိုပါ။ ဆံနွယ်တစ်မျှင်နဲ့တင် လုံလောက်ပါတယ်ဟူသော အသံတစ်ခုကို ကြားလိုက်ရသည်။ ထိုစကားကိုဆိုသူမှာ ကျွန်တော်ကိုယ်တိုင်မှလွဲ၍ အခြားသူမဖြစ်နိုင်ပါ။

တစ်နေ့က ကျွန်တော့်ဘောကန်ဖိနပ်နှင့် ခြေအိတ်ကို လျှော်သောအခါ သွေးစေးတို့ပေကျံနေသော ခြေအိတ်တွင် ဆံနွယ်မျှင် တစ်ချောင်းကပ်ငြိနေသည်ကိုတွေ့ရပြီး၊ ထို ဆံမျှင်ကို အမှတ်တရ သိမ်းဆည်းထားမိကြောင်း ကျွန်တော်ကိုယ်တိုင်မှလွဲ၍ မည်သူမျှမသိခဲ့။ ငြင်းဆန်နေရင်းက လူတစ်ယောက်သည် သူငြင်းဆန်ခဲ့ရာ အခန်းကျဉ်းတွင် ကိုယ်တိုင်အကျဉ်းကျသွားတတ်ပါသလား။ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်မေးမိသည်။ ဆံမျှင်ရှည်တစ်ချောင်းသည် စာကြည့်စားပွဲပေါ်က စာအုပ်တစ်အုပ်ထဲတွင် ငြိမ်သက်စွာ ခိုအောင်းနေ၏။ မဟုတ်သေးပါ။ ထိုဆံမျှင်သည် သတိရခြင်းခေါင်းလောင်းကို အကြိမ်ကြိမ်ထိုးဖို့ ချောင်းမြောင်းနေခြင်းပိုဖြစ်နိုင်ပါသည်။

ကျွန်တော့်ကို ကြည့်သော သူ့မျက်လုံးများထဲတွင် ညှို့ငင်ဆွဲယူနေမှုတစ်မျိုးပါသည်ဟု ကျွန်တော်ထင်သည်။ ထိုအချက်သည် ကျွန်တော့်သံသယသာဖြစ်၍ ယုံကြည်မှုမဟုတ်ခဲ့ပါ။ အကဲခတ်ညံ့သူတစ်ဦးဟု သတ်မှတ်မည်ဆိုပါကလည်း ထိုအဆိုကို ကျွန်တော် ငြင်းဆန်ရန်အကြောင်းမရှိပါ။ ကျွန်တော်သည် ရေလာအောင် ဖောက်ထားသည့်မြောင်းကလေးအတိုင်း မစီးဆင်းတတ်သည့် ရေစီးကြောင်းကလေး ဖြစ်ခဲ့မည်ဆိုပါက ထိုအဖြစ်အတွက် ကျေနပ်နေမည်သာ ဖြစ်ပါသည်။

ရင်ထဲမှာ ဖြစ်ပျက်ခံစားရသမျှကို သည်အတိုင်းသိမ်းထုပ်ထားပြီးမထုံတတ်တေးနှင့် ဟန်မပျက်နေတတ်သည့် ကျွန်တော့်အကျင့်က ထိုအဖြစ်ကို ဘယ်သူမျှ မမြင်မသိအောင် ကောင်းကောင်း ကာကွယ်ပေးထားနိုင်ခဲ့ပါသည်။ ကျွန်တော့်တွင်ငေးရီသော မျက်လုံးများနှင့် ထိုင်းမှိုင်းသောလှုပ်ရှားမှုမျိုးမရှိပါ။ ကျွန်တော့်တွင် ညှို့ယူဖမ်းစားရန် ရည်ရွယ်၍

ကြည့်သော အကြည့်များမရှိပါ။ ပေါ့ပါးတောက်ပ၍ ရိုးသားသည့် မျက်လုံးများသာရှိပါသည်။ အမြဲ သွက်လက်ပေါ့ပါးစွာ နေတတ်သော လူငယ်တစ်ဦးသည် ကျွန်တော်ပင် ဖြစ်ပါသည်။

ဤသို့ဖြင့် အထက်တန်းကျောင်းသားဘဝ၏ လက်ကျန်နေ့ရက်များ တဖြည်းဖြည်းနည်း ပါးလျားလာပါသည်။ ကျွန်တော်သည် ခြေသလုံးပေါ်မှ အမာရွတ်တစ်ခုနှင့် ပိုင်းခြားစိတ်ဖြာ အဖြေရှာနိုင်စွမ်း မရှိသော ခံစားမှုတစ်မျိုးကို ပိုက်ထွေးသယ်ပိုးရင်း ထိုနေ့ရက်များကို ကျော်လွှား လွန်မြောက်ခဲ့ပါသည်။

( ၅ )

လေအေးမြတို့ ခရီးယာယီထွက်ခွာသွားခဲ့ကြပြီ။

ပူနွေးဝါယော်သော ထိုရာသီတွင် နွေငှက်တို့တေးဆိုနေ၏။ လှပသော နွေဦးသည် အထက်တန်းကျောင်းသားများ၏ ဘဝကို အကန့်ခြားလိုက်သည့် ကားလိပ်တစ်ခုဖြစ်နေသည်မှာ အတန်ငယ် ကြေကွဲဖို့ကောင်းသည်။ ထိုရက်များအတွင်း ကျွန်တော့်စိတ်တွင် တစ်စုံတရာ လစ်ဟာပျောက်ဆုံးနေသလို ခံစားနေရပြန်သည်။ ကျောင်းရှေ့ ထင်းရှူးတောထဲတွင် ထိုင်ရင်း ဆယ်နှစ်တာ နေထိုင်ခဲ့ရသည့် ကျောင်းကြီးကို ငေးကြည့်နေရသည်မှာ ဖော်ပြနိုင်စွမ်းမဲ့ ခံစားမှုတစ်မျိုးကို လေးလံစွာ ထမ်းပိုးထားရသလို ဖြစ်သည်။ မြင်နိုင်စွမ်း မရှိသည့် အနာဂတ်ကို ဆယ်နှစ်၊ အနှစ်နှစ်ဆယ်ခန့် ဆွဲဆန့်ကြည့်မိသောအခါ ထိုအချိန်တွင် ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ အတော်အတန် အသက်အရွယ် ရနေသူများအဖြစ် မှုန်တိမှုန်ဝါး မြင်ရသည်။ ထိုအခါတွင် မည်သူတို့ အတူအကွရှိ၍ မည်သူတို့ ဝေးလွင့်ကွဲကွာနေကြမည်နည်းဟူသော ဝိုးတဝါး အခြေအနေများကို မှန်းဆတွေးတောကြည့်ရသည်မှာ ရင်ခုန်စရာကောင်းသော ကစားနည်းတစ်မျိုးသာ ဖြစ်သည်။

ဆံပင်ဖြူဖြူ၊ မျက်မှန်ထူထူများ၊ တိုးလို့တွဲလောင်း သားသမီးများနှင့် ဘဝရေဆန်ဖြတ်ကူးနေကြသူများ၊ စည်းစိမ်အာဏာနှင့် ပြည့်စုံကုံလုံနေသူများ၊ ချစ်လွန်းကြသူအဖြစ် လက်တွဲခဲ့ကြပြီးမှ လမ်းခွဲပြီးနှင့်သူများ၊ အခြေအနေအရ အချစ်မပါဘဲ လက်တွဲခဲ့ကြပြီးမှ ရာသက်ပန် ခိုင်မြဲခဲ့

ကြသူများ၊ အမယ်စုံလှသည်။ စဉ်းစားရုံနှင့်ပင် လွမ်းစရာလည်း ကောင်း၊ ရယ်စရာလည်း ကောင်း၊ မောစရာလည်း ကောင်းလှသည်။

တက္ကသိုလ်...၊ တက္ကသိုလ်...ဟု အသံကျယ်ကျယ် အော်ဟစ်ရင်း ကောင်းကင်ကျယ်ကြီးကို မော့ကြည့်ပျံသန်းရန် ကြိုးပမ်းနေသူတစ်ဦးက သူ့အထက်တန်းကျောင်းသားဘဝကို တိတ်ဆိတ်စွာ ထိခိုက်ခံစားနေရသော နေ့ရက်များဖြစ်သည်။

ကြေကွဲစရာအကောင်းဆုံးတစ်ည ရှိခဲ့သည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကျောင်းဆင်းပွဲ (သို့မဟုတ်) နှုတ်ဆက်ပွဲညဖြစ်၏။

ဖေဖော်ဝါရီနှင်းစက်တို့ ကျောင်းမြက်ခင်းတွင် ပေကျံနေသည်။

ထိုညကောင်းကင်တွင် တိမ်စင်၏။

ကြယ်လက်၏။

သေးကွေးကြုံလှီ၍ အရွယ်မရောက်သေးသော လ တစ်မျှင်ရှိ၏။

ကြီးမားသော မီးပုံကြီးတစ်ပုံမှ သောကမီးပွားများ တလွှားလွှား လွင့်ပျံတက်နေ၏။

အပူရှိန်တို့ တဖျစ်ဖျစ်မြည် လောင်ကျွမ်းနေသည်။

ကျောင်းခုံများကို ဆက်စပ်ခင်းကျင်းထားသော စားပွဲရှည်ကြီးပေါ်တွင် နှစ်သက်ရာ ယူစားနိုင်သည့် စားစရာမျိုးစုံ အလုံအလောက်ရှိသည်၊ မီးပုံနှင့်စားပွဲကြားတွင် လျှပ်စစ်ကြိုးများ ဆက်သွယ်ထားသည့် တီးဝိုင်းပစ္စည်းတစ်စုံစာ ရှိသည်။ မီးပုံ၏တစ်ဖက်တွင် တန်းခွဲအသီးသီးမှ ဆယ်တန်းကျောင်းသူ ကျောင်းသားတို့ ထိုင်သူ၊ ထသူ၊ လမ်းလျှောက်သူ၊ စကားဖောင်ဖွဲ့သူတို့ဖြင့် ပြန့်ကျဲနေ၏။ မြက်ခင်းတစ်နေရာတွင် ကျောစန့်စန့်ခင်းကာ ကောင်းကင်ကြီးကို မော့ကြည့်ငေးမောနေသူ နှစ်ဦးသုံးဦးပင် ပါသေးသည်။ နေ့လယ်ခင်းက စုပေါင်းကန်တော့ပွဲတွင် ကန်တော့ခံခဲ့ကြသော ဆရာဆရာမများသည် ညနေနှုတ်ဆက်ပွဲတွင် လာရောက်အားပေးကြ၏။ လာရောက် ထိန်းသိမ်းပေးခြင်းဟု သတ်မှတ်က ပိုသင့်လျော်မည်ထင်သည်။ ကျောင်းသားကျောင်းသူတို့သည် ထိုပွဲကို ပျော်ရွှင်ဖို့ တက်ရောက်လာခဲ့သည်လား၊ ကြေကွဲလွမ်းဆွတ်ဖို့ တက်ရောက်လာကြသည်လား၊ သူတို့ကိုယ်တိုင် ထိုအဖြေအတွက်မရေရာ။

ကျွန်တော်တို့ တီးခတ်သီဆိုကြမည့်သူများကိုယ်တိုင် တီးဝိုင်းဘေးတွင် ငူငူငိုင်ငိုင် ထိုင်နေဖြစ်ကြသည့် ညရှစ်နာရီ။

ဆရာက မင်းတို့တီးဝိုင်းစတော့လေဟု ကျွန်တော့်ကို ခေါင်းပုတ်ကျီစယ်ရင်းပြော၏။ ကျွန်တော်တို့လေးယောက် ကိုယ့်တူရိယာပစ္စည်းများကိုယ် ကောက်ကိုင်လိုက်ကြသည်။ ဘာသီချင်း စတင်တီးမှုတ်ကြမည်ကို မတိုင်ပင်ရသေး။ လှုပ်ရှားမှုတို့ လေးကန်နေကြသည်။ တီးဝိုင်းအတွေ့အကြုံ မနည်းလှသော ကျွန်တော်တို့အတွက် ထိုနေ့ကပွဲသည် ထူးခြားစွာ တက်ကြွပျော်ရွှင်မှုကင်းသောပွဲ ဖြစ်ခဲ့၏။ အခြားပွဲများတွင် ပွဲစရမည့်အချိန်ကိုသာ စိတ်စောနေတတ်ကြသော ကျွန်တော်တို့အဖွဲ့သည် စပြီဟော့ ဆိုသည်နှင့် အမျိုးကြွဆုံးဂီတကို တပျော်တပါး တီးခတ်၍ ပရိသတ်၏ အာရုံကို ညှို့ယူကြမြဲ ဖြစ်သည်။ ကခုန်မြူးတူးလိုသူ ပရိသတ်နှင့် ကျွန်တော်တို့၏ အဖွင့်ဂီတသည် အမြဲလိုလို အံဝင်နေတတ်မြဲ။

ဤညက ထိုသို့မဖြစ်ခဲ့ပါ။

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ဘာ တီးကြမလဲဟု အသံတိတ် နှီးနှောနေကြ၏။

ထိုအချိန်၌ ကြားဖူးနေကျ၊ ရင်းနှီးနေကျ ကြည်လင်ပီသ သြဇာရှိသော အသံတစ်ခု ကြားလိုက်ရ၏။

'ဆရာတို့လည်း မင်းတို့နဲ့အတူပါမယ်လေ'တဲ့။

ဆရာအာသာ၏အသံဖြစ်သည်။ ဆရာသည် ကျွန်တော်တို့ကျောင်း၏ ဂီတဆရာ ဖြစ်သည်။ ပြောရင်းဆိုရင်း ခရစ္စတင်းနှင့် ဂျူလီယာဟုခေါ်သော ကျွန်တော်တို့အရွယ် သူ့သမီးနှစ်ယောက်နှင့်အတူ ကျွန်တော်တို့ဝိုင်းထဲသို့ ဆရာဝင်လာ၏။

သူတို့သုံးဦးလက်ထဲတွင် တယောသုံးလက်။

ထိုတယောတို့သည် အမှောင်ထဲတွင်ပင် ပြောင်လက်တောက်ပနေ၏။ ထိုအခိုက်အတန့်လေး၌ ကျွန်တော့်ရင်ထဲ အပျော်များ စီးဝင်လာသည်ဟု ထင်မြင်မိသည်။ အမှန်မှာ အလွမ်းဓာတ်များ ပိုမိုအားပြည့်လာခြင်းသာ ဖြစ်သည်။

ကျွန်တော်သည် လက်ထဲက ဂစ်တာကိုကြည့်သည်။ ဆရာ့လက်ထဲမှ တယောကို ကြည့်သည်။

သည့်နောက် တီးဖော်များဖက်သို့လှည့်ကာ သီချင်းတစ်ပုဒ်နာမည်ကို ရွတ်လိုက်သည်၊

" A Time For Us"

အားလုံးက ကျွန်တော့်ကို သဘောပေါက်လိုက်ကြပုံရသည်။

ဂစ်တာနှင့်တယော အတွဲအဖက်ရှိသည့်အကြိမ်တိုင်း သည်သီချင်းကိုသာ မက်မက်စက်စက် တီးခတ်ခံစားတတ်သော ကျွန်တော့်အကြိုက်ကို သူတို့သိကြသည်။

သူတို့တီးမှုတ်ရမည့် ပစ္စည်းများကို အသီးသီးကောက်ကိုင်လိုက်ကြသည်။ စန္ဒရားသံနှင့် ညှိထားပြီးဖြစ်သည့် ထိုတူရိယာများကို ပြန်ညှိနေစရာ မလိုတော့။ ဝမ်းတူးသရီးဖိုး တိုင်မင်ပင် ခေါ်စရာမလိုဘဲ ကျွန်တော်တို့ တီးခတ်သူအားလုံး သီချင်းတစ်ပုဒ်၏ရင်ကို ခွဲဖွင့်ကာ အနက်ရှိုင်းဆုံးနေရာဆီထိ ရောက်အောင် ဝင်သွားခဲ့ကြသည်။ ကျွန်တော်တို့ထံမှ ဂီတသံတို့ ပြေးထွက်သွားကြပြီ။

ထိုဂီတသံသည် မြက်ခင်းပေါ် လျှပ်တိုက်ပြေးသွား၏။

သည့်နောက် လူတို့ကိုယ်ပေါ် တရွရွတက်ကြ၏။

လူတို့သည် ဂီတဝတ်ရုံကို လုံခြုံစွာ ခြုံမိသွားကြပြီ။ သံစဉ်တို့သည် သည်မျှနှင့် ရပ်တန့်မနေ။

နှင်းရည်လူးသော ထင်ရှူးပင်တို့အပေါ် ခုန်ပေါက်တက်ရောက်သွားကြပြန်ကာ ထိုအပင်ထိပ်မှ မီးပုံပေါ် ခုန်ချကြပြန်၏။

ပြေးဆော့ခြင်းကြောင့် အတန်ငယ် မောပမ်းသွားသောအခါ သံစဉ်တို့သည် သူတို့၏လက်များကို လခြမ်းကွေးနှင့် ကြယ်ပွင့်များရှိရာသို့ ဆန့်တန်းကာ ယိမ်းနွဲ့ကခုန်ကြ၏။ သီချင်းသံက အားလုံးကို သိမ်းပိုက်ထားချိန်ဖြစ်သည်။ စိတ်အစဉ်တို့သည် သံစဉ်စီးကြောင်းထဲ ဒရွတ်တိုက်မျောပါနေကြသည်။ ထို့နောက် သည်ပွဲတော်လေးသို့ တက်ရောက်လာကြသူတို့၏ ပါးစပ်များသည် ဖြည်းဖြည်းချင်း ပွင့်အာလာကာ နောက်ဆုံး၌ သီချင်းကို သံပြိုင်သီဆိုလိုက်ကြသည်။

ကျွန်တော် ထင်ပါသည်။

ထိုညက

လလည်းငို ညလည်းငို၏။

သီချင်းလည်းငို နှင်းလည်းငို၏။

ဂီတလည်းငို သစ်ရွက်ငို၏။

ရင်ဟင်းလင်းဖြင့် အမြဲပျော်နေတတ်သော သူငယ်ချင်းများကပင် တောက်တစ်ချက်ခေါက်ကာ အသားလွတ် လွမ်းလိုက်ရတဲ့ညက္ဗာဟု ဆိုကြသည်။

ကျွန်တော်တို့သည် ထိုသီချင်းကို နှစ်နှစ်ခြိုက်ခြိုက် စိတ်တိုင်းကျ တီးခတ်ပြီးသောအခါ အပျော်အမြူးသီချင်းများကို ပြောင်းလဲတီးခတ် သီဆိုကြရင်း ပွဲတော်လာပရိသတ်ကို မမြင်ရသည့် စိတ်ဖိစီးမှုထံမှ လွတ်မြောက်အောင် လုပ်ရပြန်သည်။

မြူးကြွသောဂီတနှင့် ပွဲလာသူတို့ လုံးထွေးပူးကပ်သွားသော တစ်ဒင်္ဂ၌ အချိန်သည် ရပ်တန့်သွား၏။

ထိုအခိုက်၌ အတိတ်မရှိ။

အနာဂတ်မရှိ။

စိုးရိမ်သောကမရှိ။

ပူပင်ကြောင့်ကြမှုမရှိ။

ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိ။

ပျော်ရွှင်ခြင်းပီတိနှင့် ပကတိဂီတသာရှိ၏။

အပျော်တောမှာ လူတွေမောလောက်သည့်အချိန်၌ ကျွန်တော်တို့သည် ဂီတဖြင့်နေထိုင်ခြင်းကို အဆုံးသတ်လိုက်ကြသည်။

ည ကိုးနာရီထိုးပြီ။

ထိုအချိန်သည် အစီအစဉ်သစ်တစ်ခုကို စတင်ရန် ကြိုတင် သတ်မှတ်ထားချိန် ဖြစ်သည်။ အစီအစဉ်အရ တန်းခွဲအလိုက် ယောကျ်ားလေးများနှင့် မိန်းကလေးများသည် ကိုယ်ယူလာသည့် လက်ဆောင်ပစ္စည်းများကို မဲဖောက်လဲလှယ်ယူကြရမည် ဖြစ်သည်။ ညဦးက ထွန်းညှိထားသော မီးပုံကြီးသည် စောစောကလို အလျံတညီးညီး တောက်လောင်မနေတော့။ အိန္ဒြေဖြင့် မှိန်ဖျော့ဖျော့သာ လင်းတော့သည်။ ကြယ်ရောင်၊ လရောင်၊ ကောင်းကင်ရောင်ကသာ ကျွန်တော်တို့ရှိရာ ကျောင်းဘောလုံးကွင်းပေါ် လဲ့လဲ့လွှမ်းခြုံကျနေ၏။ ထိုမြက်ခင်းပေါ်တွင် တန်းခွဲအလိုက် ကျောင်းသားကျောင်းသူများ ဟိုတစ်စုသည်တစ်စု ထိုင်နေကြသည်။

ကျွန်တော်သည်ဂျာကင်ထဲမှ လက်ဆောင်ဘူးလေးကို ထုတ်ကာ အတန်းခေါင်းဆောင်လက်ထဲ ထည့်ပေးလိုက်သည်။ သူက ပြုံးကျဲကျဲဖြင့် မောင်ရင့်မဲ ဘယ်သူ့ပေါက်စေချင်သလဲ။ ကိုယ် ကြည့်လဲပေးလိုက်မယ်ဟု ကျီစယ်၏။ ခေါင်းခါပြလိုက်သည်။ သူက ကျွန်တော့် ဘူးလေးကို နံပါတ် တစ်ခုတပ်၍ စားပွဲပေါ် တင်လိုက်ချိန်တွင် ကျွန်တော်က ဘူးလေးထဲမှ ပစ္စည်းကို စိတ်ကူးဖြင့် လှမ်းမြင်ယောင်နေသည်။

ကျွန်တော်ကိုယ်တိုင် ဝယ်လာသော ထိုပစ္စည်းသည် ကောင်းကင်ပြာရောင် စိုလဲ့လဲ့ပေါ်တွင် အဆုပ်အခဲလိုက် ပွင့်အာနေသော ပန်းပွင့်ဆွတ်ဆွတ်ဖြူဖြူများ ပါသည့် ခေါင်းစည်းပဝါတစ်ခုသာ ဖြစ်သည်။

အချို့သူငယ်ချင်းများသည် ထုံးစံအရပင် သူတို့လက်ဆောင်ထုပ်များထဲ၌ သူတို့နာမည်များ ကိုယ်စီရေးထိုးထားကြသည်။ ကျွန်တော်က မည်သည့်အမည်၊ အမှတ်မသားမျှ မရေးလိုက်။ လက်ဆောင်ရသူက မည်သူ့ ပစ္စည်းမှန်းမသိဘဲ မေးခွန်းများနှင့်နပမ်းလုံးရှုပ်ထွေးနေစဉ် ထိုအဖြေကို ကျွန်တော် တစ်ယောက်တည်းကသာ သိပြီး ပျော်ရမည့်အဖြစ်မျိုးကို လိုချင်၍ ဖြစ်သည်။

ထိုခေါင်းစည်းပဝါကို ဝယ်ရန်ဆုံးဖြတ်မိချိန်၌ လေတွင် တလူလူလွင့်နေသော ညှို့တတ်ပျောင်းမွေ့မြသည့် ဆံပင်ရှည်သန်သန်များကို မြင်ယောင်နေမိကြောင်းကိုတော့ ဝန်ခံရပါဦးမည်။

တစ်ခါတရံ ရယ်စရာတို့သည် မမျှော်လင့်သောထောင့်မှ ဝင်လာ၍ ရင်ဝကို မှန်တတ်ကြောင်း မကြာမီပင် သိလိုက်ရသည်။ ထိုအစီအစဉ်တွင် ကျွန်တော့်လက်ဆောင်ကို လက်ခံရရှိသူသည် ကျွန်တော်တို့အတန်းထဲမှ ယောကျ်ားဆံပင်နှင့် ယောကျ်ားလျာ ကောင်မလေးဖြစ်သည်။ ဘူးကို သူ ချက်ချင်း ဖွင့်ဖောက်နေချိန်တွင် ကျွန်တော့်မျက်နှာသည် မှောင်ရိပ်အောက်တွင် အတော် မချိုမချဉ် ဖြစ်နေမည်ထင်ပါသည်။ ခေါင်းစည်းပဝါစကို ဆွဲထုတ်ပြီး ထိုမိန်းမက ယောကျ်ားတစ်ယောက်လို ဆဲဆိုရေရွတ်လိုက်သည်။

ကျွန်တော် ဟက်ခနဲ တစ်ချက်ရယ်မိ၏။

အတော်လှပသော လွဲချော်မှုသည် ကျွန်တော့်အတွက် ပျော်စရာကောင်းသော ဟာသတစ်ခု ဖြစ်သွားပြန်၏။ ကျွန်တော် ပျော်သွားပါသည်။

သို့သော် လှစ်ခနဲပေါ်လာသော ထိုအပျော်စိတ်နောက်တွင် လေးတွဲ့ ဆွေးမြည့်သည့် ခံစားမှုတစ်ခု ကပ်ပါလာနေကြောင်း ကျွန်တော် အထိတ်တလန့် သတိပြုလိုက်မိသည်။

ကျွန်တော်က ထိုလက်ဆောင်ကို ဘယ်သူ့ရစေချင်တာလဲ။ ဆံပင်ရှည်ရှည်နဲ့ ဟိုကောင်မလေးကို ရစေချင်တာမဟုတ်လား ဟူသော ကိုယ် တိုင်မေးသည့် မေးခွန်းကို ကျွန်တော်ကိုယ်တိုင် မဖြေဆိုချင်ခဲ့ပါ။

ကံကြမ္မာဆိုတာ ဝတ္ထု၊ ရုပ်ရှင်တွေထဲကလို အလိုပြည့် လှပမနေတတ်ဘူးဟု တွေးနေမိချိန်၌ ကျွန်တော့်လက်ထဲသို့ လှပသော ကံကြမ္မာ လက်ဆောင်ထုပ်ကလေး ရောက်ရှိလာလိမ့်မည်ဖြစ်ကြောင်း ကျွန်တော် မသိခဲ့ပါ။

ထိုညက ကျွန်တော်ရခဲ့သည့် လက်ဆောင်ထုပ်မှာ နန်းမြမှူ၏ လက်ဆောင်ထုပ်ဖြစ်ကြောင်း၊ ထိုအထုပ်ထဲတွင် လှပသော (ဂစ်တာကြိုး အသံညှိသည့်) ဝီစီလေးတစ်ခု ပါရှိကြောင်းကိုတော့ ရက်အတန်ကြာပြီး ထိုအထုပ်လေးကို အမှတ်မထင် ဖောက်ကြည့်မိချိန်မှသာ သိခဲ့ရသည်။ ထိုလှပသော ဝီစီလေးတွင် နန်းမြမှူဟူသော လက်ရေးနာမည်လေးတစ်ခုကို ကော်ဖြင့် သပ်ရပ်စွာ ကပ်ထားသည်။

ကျွန်တော်တို့တီးကြ မှုတ်ကြသည့် သူငယ်ချင်းတစ်စုသည် ကျွန်တော့်လို ပေါ့တီးပေါ့ဆကောင်များသာဖြစ်ကြပြီး ထိုညက ကျွန်တော်တို့အတွက် ရလာသည့်လက်ဆောင်ထုပ်အားလုံးကို လွယ်အိတ်တစ်လုံးထဲ စုထည့်ခဲ့ကြသည်။ လမ်းခွဲခါနီးမှ လွယ်အိတ်ထဲ လက်နှိုက်ကာ ပါ လာသည့်အထုပ်ကို ယူသွားကြခြင်းဖြင့် ထိုညကို အဆုံးသတ်ခဲ့ကြသည်။ ဘယ်သူမဲပေါက်သည့် အထုပ်ကို ဘယ်သူရသွားကြောင်း ကျွန်တော်တို့ ကိုယ်တိုင် မသိလိုက်ကြပါ။

နေသာသည့် မနက်ခင်းတစ်ခုတွင်တော့ ထိုဝီစီ၌ လှပသောအဝါရောင် ပိုးကြိုးလေးတစ်ချောင်းကို ကျွန်တော်ကိုယ်တိုင် တပ်ဆင်ကာ လည်ပင်း၌ ဆွဲလိုက်သည်။ နှုတ်ဆက်ပွဲည ပြီးကတည်းက မတီးဖြစ်သော ဂစ်တာလေးကို ဆွဲယူကာ ရင်ခွင်ထဲ ထွေးပွေ့ထားလိုက်၏။ ဝီစီကို ပါး စပ်တွင်တပ်ကာ နံပါတ်တစ်ကြိုးကို ဖြည်းဖြည်းချင်း တင်းလိုက်သည်။ ကျွန်တော့်ပါးစပ်က ဝီစီလေးကို တစ်ချက်မှုတ်လိုက်သည်နှင့်ချိန်ကိုက်

လက်မှ နံပတ်တစ်ကြိုးကို တစ်ချက်တီးခတ်လိုက်သည်။ ထိုအချိန်ငယ်လေးအတွင်း ဂစ်တာမှ ထွက်သောအသံနှင့် ဝီစီမှ ထွက်သောအသံတို့ ထပ်တူကျမကျ ဂရုတစိုက် နားထောင်ရသည်။ ဝီစီလေးမှ ထွက်သောအသံနှင့် ဂစ်တာ တစ်ကြိုးမှထွက်သော အသံတို့ တစ်ထပ်တည်းကျချိန်သည် စန္ဒရားသံနှင့် ကျွန်တော့်ဂစ်တာ တစ်ကြိုးသံတို့ စံကိုက်ချိန်ညှိပြီး ဖြစ်ခဲ့ပြီ။

( ၆ )

စာမေးပွဲသည် သတ်ပုတ်ရန်ပြုတတ်သော မာန်ကြီး သွေးအေးသည့် သတ္တဝါတစ်ကောင်လို ကျွန်တော်တို့ရှိရာ ဖြည်းဖြည်းမှန်မှန်လှမ်းလာနေသည်။ ကျွန်တော်တို့သူငယ်ချင်းတစ်စုသည် အလွန်အမင်း ထူးချွန်သူများမဟုတ်ကြ။ ထို့အတူ ခတ်ညံ့ညံ့ ငတုံးအေများလည်း မဟုတ်ကြ။ သွက်လက်ထက်မြက်ပြီး ရင်ဆိုင်စရာ မှန်သမျှကို ပျော်ပျော်ရွှင်ရွှင်ကျော်နင်းဖြတ်သန်းသွားတတ်ကြသူများဟု ကိုယ့်ကိုယ်ကို ယူဆထားကြသူများဖြစ်သည်။

ကျွန်တော်တို့ စာစုကျက်ကြ၊ သီချင်းအော်ဆိုကြ၊ ပျင်းရိ အိပ်ချင်လာလျှင် အပြေးပြိုင်ကြ၊ လက်မောင်းလုံ့ကြ၊ မောလာလျှင် တစ်ယောက်ပေါင်ပေါ် တစ်ယောက်ခေါင်းအုံးကာ စာအော်ဆိုကြ၊ ပျော်စရာ နေ့ညများ ဖြစ်ခဲ့၏။ ညကိုးနာရီမှဆယ်နာရီခွဲထိ အများသဘောတူ စာကျက်ချိန်နားကြ၏။ ထိုအချိန်သည် မိုင်ဝက်ခန့်အကွာရှိ 'ကောင်းကင်သစ်' လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်ကျကျ စုသောက်နေကြဖြစ်၏။

ထိုဆိုင်သို့ အသွားအပြန်ခရီးတစ်လျှောက် ဂစ်တာတီးရင်း၊ သီချင်းဆိုရင်း၊ နောက်ပြောင်ကျီစယ်ရင်း သွားလေ့ရှိသည်။ အမှန်တော့ မအိပ်ချင်အောင် လက်ဖက်ရည်ကျကျ သွားသောက်ရခြင်းထက် လူခြေတိတ်ချိန် စုပေါင်းသီဆို စနောက်ခြင်းအပေါ် ပိုပျော်နေကြသူများ ဖြစ်သည်။

လမ်းတစ်လျှောက် သူငယ်ချင်းမိန်းကလေးများ အိမ်ရှေ့ရောက်တိုင်း ကျွန်တော်တို့ နောက်ပြောင်ကျီစယ်သီဆိုနေကျ သီချင်းတစ်ပုဒ်ရှိသည်။ အစီအစဉ်မစမီ အားလုံးက လုံးဝ တိတ်ဆိတ်ပေးထားရ၏။ ထို့နောက် တစ်ယောက်က အသံကျယ်ကျယ်ဖြင့် ရှေ့မှ

ခြေဆင်းတစ်ပိုဒ်ကို ဆိုရသည်။ သူ သီဆိုရသော အပိုဒ်မှာ -

'စာကျက်နေသလားမေ - -

သီချင်းလေးတစ်ပုဒ်လောက် ဆိုကြည့်ပါရစေ'

ဟူ၍ဖြစ်သည်။

*(ထိုအခါ နားထောင်နေသူများကလည်း ပထမ ကြားစတွင် ဘာများဆိုမလဲဟူသော သိလိုစိတ်ဖြင့် ခေတ္တငြိမ်သက်သွားတတ်ကြကြောင်း နောင်တွင် မိန်းကလေးသူငယ်ချင်းများက ပြန်ပြောကြသည်။)*

ခြေဆင်းသီဆိုပြီးသည်နှင့် တစ်ယောက်ယောက်က Condector ဟန် အပြည့်ဖမ်းကာ တုတ်တစ်ချောင်းကို လေတွင် ဟန်ပါပါဝှေ့ယမ်းပြီး ဝမ်း တူး သရီး ဖိုး ဟု အော်ပေးသည်။ သူ့အော်သံအဆုံး အားလုံးသံပြိုင် သီဆိုလိုက်ကြသည်မှာ 'ကမ္ဘာမကြေ မြန်မာပြည် တို့ ဘိုးဘွားအမွေအနှစ် မို့ ချစ်မြတ်နိုးပေ' ဟူသော နိုင်ငံတော်သီချင်းတစ်ပိုဒ်သာ ဖြစ်သည်။ ကြားလိုက်ရသူတိုင်း ပြုံးရ၊ ရယ်ရ၊ ဆူရ၊ ဆဲရမလို ဖြစ်သွားတတ်သော အခြေအနေမျိုးကို ကျွန်တော်တို့က ပျော်စရာဟု မှတ်ယူကြသည်။ နောက် ထိုပြက်လုံးအိုကြီးကို ကြားရဖန်များတော့လည်း ရိုးအီသွားဟန် တူသည်။ သူတို့ မရယ်ကြတော့။ ထိုအခါ ကျွန်တော်တို့က 'မဘုတ်ဆုံ တင်ပဆုံကြီး လှည်းလုပ်လို့စီး'၊ 'သောက်တော်ဗူးရယ်နဲ့ ကိုယ်မကွာ ကိုယ်မကွာ' စသည်ဖြင့် ရောက်တတ်ရာရာ ပြောင်းလဲသီဆိုတတ်ကြသည်။ သို့သော် ခြေဆင်းသီချင်းကမူ ဘယ်တော့မှ မပြောင်း၊ စာကျက်နေသလားမေ သီချင်းလေးတစ်ပုဒ်တော့ ဆိုကြည့်ပါရစေသာဖြစ်သည်။

နန်းမြမှုံတို့အိမ်ရှေ့တွင်တော့ ထိုသို့သီချင်းပြောင်များ မဆိုကြရန် သူငယ်ချင်းများကို ကျွန်တော် တောင်းဆိုခဲ့သည်။ ဘာကြောင့် ထိုသို့ တောင်းဆိုလိုက်မိကြောင်း ကျွန်တော် တကယ် မသိပါ။ ထိုတောင်းဆိုချက်ကြောင့် သူငယ်ချင်းများက ကျွန်တော့်ကို 'ငကြောင်'ဟု ကောင်းချီးပေးကြသည်။ သို့သော် ကျွန်တော့်တောင်းဆိုချက်ကို သူတို့လိုက်လျောကြသည်။ သူ့အိမ်ရှေ့တွင် ကျွန်တော်တို့ သီချင်းဆိုဖြစ်ကြ၏။ သီချင်း၏ ခြေဆင်းသည် ထုံးစံအတိုင်း 'စာကျက်နေသလားမေ'ပင် ဖြစ်၏။ ထို့နောက် တကယ်သီဆိုကြသောသီချင်းမှာ ကျွန်တော် ရွေးချယ်ပေးသော Love Is Blue ဖြစ်သည်။

သူငယ်ချင်းတွေက မင်း နန်းမြမှုံကို ကြိုက်နေသလားဟု မြောင် မေးသောအခါ ရိုးရှင်းစွာပင် ဟင့်အင်းဟု အလွယ်တကူ ဖြေလိုက်နိုင် သည်။ ထိုသို့ဖြေလိုက်ရသည့်အတွက် ကျွန်တော် တစ်ခုခုကို ထိန်ချန် လိမ်ညာထားသလို မခံစားလိုက်ရသည်မှာလည်း အသေအချာပင် ဖြစ် သည်။ ဒါဆို မင်းဘာ့ကြောင့် မြမှုံတို့ အိမ်ရှေ့ကျမှ အဲသလိုအတည် ပေါက်ကြီး လုပ်နေရတာလည်းဟု ထပ်မေးပြန်သည်။ ကျွန်တော်က ခေါင်းကို ဘယ်ညာယမ်းခါရင်း (ထိုအချိန်တွင် ကျွန်တော့်မျက်နှာပေါ်တွင် ဘာ့ကြောင့်မှန်းမသိ ဖြစ်ပေါ်နေသောအပြုံးမှိန်မှိန်တစ်ခု ရှိကောင်းရှိနေ နိုင်ပါသည်။) နန်းမြမှုံတို့ အိမ်ရှိရာဖက်သို့ ကျွန်တော်လက်ညှိုး ညွှန်ပြ လိုက်သည်။

ထိုညက လပြာ၏။

ကောင်းကင်လည်း ပြာနေ၏။

လိမ္မော်ရောင်ကြယ်ပွင့်များပင် အပြာသွေးစွက်နေသည်ဟု ထင်ရ သည်။ ပါးလျလျကျနေသော နွေဦးနှင်းမြူတို့သည် လနှင့်ည အရောင် ကြောင့် အပြာရောင်သန်းနေ၏။ ခြံထဲမှ ထင်းရှူးပင် မြင့်မြင့်များ၊ ကျွန် တော် အမျိုးအမည် မခွဲခြားတတ်သော အပင်တို့၏ အနားစွန်းများသည် လနှင့်ညကြောင့်ပင် လင်းပြာနေ၏။ အပြာရောင် တောင်ကုန်းထိပ်ရှိ မည်းမှောင်နေသော အိမ်ကြီးသည် စစ်တုရင်ခုံပေါ်မှ ရဲတိုက်တစ်ခုနှင့် တူလှသည်။ အိပ်ချိန်ဖြစ်၍ တစ်အိမ်လုံး မည်းမှောင်နေသော အိမ်အိုကြီး၏ အောက်ထပ်တစ်နေရာတွင် လိမ္မော်ရောင် မီးတစ်ပွင့်လင်းနေသည့် မှန် ပြတင်းပေါက်တစ်ခုကို လှမ်းမြင်ရ၏။

အခန်းတစ်ခု၏ ပြတင်းပေါက် ဖြစ်မည်။

ဘယ်သူ့အခန်းလဲ ကျွန်တော်မသိပါ။ ထိုအခန်းသည် စာမေးပွဲဖြေရ တော့မည့် ဆယ်တန်းကျောင်းသူတစ်ယောက်၏ အိပ်ခန်းဖြစ်နိုင်သလို စာကြည့်ခန်း။ ဧည့်ခန်းတစ်ခုခုလည်းဖြစ် နိုင်ပါသည်။(နောင် ချစ်သူဖြစ်မှ ထိုအခန်းသည် သူ့အဘိုး၏ စာဖတ်ခန်းဖြစ်ကြောင်း သိခဲ့ရသည်။)

သီချင်း စဆိုပြီး မကြာမီ ထိုအခန်းတွင် လူရိပ်တစ်ခု မြင်ရ၏။ ပြတင်းပေါက် မဖွင့်သော်လည်း ထိုအရိပ်သည် သီချင်း နားထောင်နေ

ကြောင်း ကျွန်တော် အသေအချာ ပြောရဲသည်။ ဆံပင်ရှည်ရှည်ရှိသော ထိုအရိပ်ကို သူငယ်ချင်းအားလုံးလည်း မြင်တွေ့လိုက်၏။

လပြာ၊ ညပြာ၊ မြူနှင်းပြာ၊ သီချင်းပြာတို့အလယ်၊ လိမ္မော်ရောင် မီးပွင့်များကြားတွင် အနက်ရောင်အရိပ်တစ်ခုကို မြင်တွေ့ခဲ့ရသော ထိုည က ကျွန်တော် အိပ်မရခဲ့ပါ။

( ၇ )

ထိုနှစ်သင်္ကြန်က ကျွန်တော်တို့ သူငယ်ချင်းတစ်စု ဦးစီးသော တီးဝိုင်းသည် ရေပက်ခံ သင်္ကြန်အဖွဲ့တစ်ဖွဲ့ကို စီစဉ်နိုင်ခဲ့ကြသည်။ ကျွန်တော်က ထိုအဖွဲ့ကို 'တွယ်ငြိသည့်ကြိုး'ဟု အမည်ပေးခဲ့သည်။ ရေပက်ခံရင်း၊ စိတ်ကြိုက်သီဆိုတီးမှုတ်ကြရင်း၊ ကခုန်ပျော်ပါးကြရင်း၊ သင်္ကြန်ကို ကျွန်တော်တို့ ပျော်ရွှင်စွာ ဖြတ်သန်းကြသည်။

တောက်ပသော အဝါရောင်သန်းသည့် ထိုနှစ်သင်္ကြန်သည် အလွန် လှ၏။

လူငယ်တစ်ယောက်၏ သင်္ကြန်စိတ်ကူးများသည် ရူးသွပ် များပြား လှသည်။

ထိုစိတ်ကူးများထဲတွင် အလွန်လှပသော သင်္ကြန်မယ်လေး တစ်ယောက်နှင့် တွေ့ဆုံရင်ခုန် ချစ်ကြိုက်သွားကြသော ကိစ္စပါ၏။

ကျွန်တော်တို့ တီးဝိုင်း၏ သီဆိုတီးမှုတ်မှုကို သဘောကျလွန်းသဖြင့် ရန်ကုန်မှလာသော သူဌေးတစ်ဦးက စီးရီးသွင်းပေးရန် ကမ်းလှမ်းခံရခြင်း ပါ၏။

မြို့ကလေး၏ ဆွဲဆောင်မှုအရှိဆုံး အထူးခြားဆုံး သင်္ကြန်အဖွဲ့အဖြစ် ဤမြို့လေးမှပေးအပ်သော ဆုဖလားတစ်လုံးပါ၏။

အဆုံးမဲ့ လက်ခုပ်သံများ ပါ၏။

အားကျချီးကျူးသောမျက်လုံးများ ပါ၏။

မရှက်မကြောက် ဝန်ခံကြစတမ်းဆိုလျှင် နန်းမြမှုံနှင့် အလွန်တူသည့် ရေစိုနေသော ဆံပင်ရှည်ရှည်ကို ရင်ဘတ်ရှေ့ချထားသော ရှက်ရွံ့ရွံ့မိန်းကလေးတစ်ဦးက ကျွန်တော့်ကို ပန်းကုံးစွပ်ပေးလိုက်သည့် ကိစ္စ

ပင် ပါလိုက်သေးသည်။

ထိုအတွေးများနှင့်အတူ တစ်ဝက်တပျက် ကြိုကြားရေစိုနေသော မြို့ကလေး၏လမ်းများအတိုင်း ကျွန်တော်တို့ ကားကို တရွေ့ရွေ့ မောင်းနှင်ရင်း သီဆိုသွားလာလျက်ရှိသည်။

ကျနေက ကျွန်တော်တို့မျက်နှာကို ထိုးပက်ထားသော သင်္ကြန်ဆည်းဆာပျိုတစ်ခု ဖြစ်၏။

လက်ထဲတွင် လေးဆင့်ချိုင့်တစ်လုံးဆွဲကာ ကျွန်တော်တို့ကို ကျောပေး၍ တစ်ယောက်တည်း လမ်းလျှောက်သွားနေသော ဆံပင်ရှည်ရှည် မိန်းကလေးတစ်ယောက်ကို တဖြည်းဖြည်းရွေ့နေသည့် သင်္ကြန်ကားပေါ်မှ ကျွန်တော် လှမ်းမြင်လိုက်ရသည်။ ကျွန်တော်တို့ကားမှလူအားလုံး ပင်ပန်းမှုကြောင့် ဘာမျှ မတီးမဆိုကြဘဲ နားနေရင်း နောက်မဏ္ဍာပ်တစ်ခုဆီ ဦးတည်သွားနေသောအချိန် ဖြစ်သည်။

ချက်ချင်းပင် ကျွန်တော် မိုက်ကရိုဖုန်းကို ဆွဲယူလိုက်သည်။ အသိစိတ်ဖြင့် ယူခြင်းထက် မသိစိတ်ဖြင့် ယူလိုက်မိခြင်း ဖြစ်ဖို့များသည်။

ထိုခဏ၌ ကျွန်တော့်ကိုယ်တွင် ရွှဲနစ်ကပ်ငြိနေသော သင်္ကြန်ရေအားလုံးအငွေ့ပျံသွားခဲ့၏။ နေရောင် ပြောင်းပြန်အထိုးခံထားရသော သူ့ခန္ဓာကိုယ်တွင် ရေတချို့တစ်ဝက် စိုနေသည်။ ဆံဖျားတွင် သီးနေသော ရေစက်တို့သည် နေရောင်ကြောင့် စိန်ပွင့်တွေလို လင်းလက်နေ၏။ ဘောလုံးကွင်းတွင် ကျွန်တော် မြင်တွေ့ကြုံဆုံဖူးသည့် ဆံပင်များသည် ထိုဆံပင်များပင် ဖြစ်သည်။ ရေစိုနေသည့် ကျွန်တော့် ခန္ဓာကိုယ်တွင် အနွေးဓာတ်တို့ ထူးဆန်းစွာ ခိုဝင်လာသည်။

မရည်ရွယ်ဘဲ ကောက်ကာငင်ကာ သီချင်းတစ်ပုဒ်ဆို လိုက်မိ၏။

တီးလုံးမပါ။

ကျွန်တော့်အသံတစ်ခုတည်း ထွက်ပေါ်လာခဲ့သည်။

'တစ်ယောက်တည်း ... ဘယ်များ လျှောက်သွားနေတယ် ... ကိုယ်လိုက်မယ်ခေါ်သွား ... ငြင်းငြင်းမှာစိုးတယ်'

သည်အခိုက်အတန့်လေးတွင် တစ်ယောက်တည်း လျှောက်သွားနေသူ ထိုမိန်းကလေးနှင့်အတူ ကျွန်တော် ယှဉ်တွဲလိုက်ပါနေလိုသည်မှာ

အမှန်ပင်ဖြစ်သည်။ ကျွန်တော့်ကို ချန်ထားခဲ့မှာ။ သူနောက်သို့ လိုက်ပါလိုသည့် ကျွန်တော့် ကမ်းလှမ်းချက်ကို သူငြင်းပယ်လိုက်မှာ ကျွန်တော်စိုးရိမ်နေပါသည်။ ထိုမိန်းမပိုင်ဆိုင်သော ဆံပင်ရှည်ရှည်ပျော့ပျော့များက ကျွန်တော့်ကို ထိုခံစားမှုများ ဖြစ်ပေါ်စေရန် နှိုးဆော်နေပါသည်။

မိန်းကလေးက လျှောက်သွားနေရာမှ ကျွန်တော်တို့ ကားဆီသို့ လှည့်ကြည့်လိုက်၏။ သူ့ကို စောင်းချိတ်သီဆိုသည့် သီချင်းသံကြောင့် ဖြစ်မည်ထင်ပါသည်။

ကျွန်တော်က လှည့်လာသော မျက်နှာလေးကို အမိအရ လိုက်ကြည့်ရင်း ဆိုလက်စသီချင်းကို ပိုမိုပီပြင် အသက်ဝင်စွာ ဆက်သီဆိုဖို့ ကြိုးစားလိုက်သည်။ ဆက်ဆိုနေသော ကျွန်တော့် သီချင်းသံကြောင့် သူငယ်ချင်းများက ဂစ်တာတွေ အသီးသီးကောက်ကိုင်ကာ ကျွန်တော့် သီချင်းကို မီရာကော့ဒ်ဖြင့် လိုက်တီးပေးကြသည်။ ထို့ကြောင့် သီချင်းသံသည် ပိုမိုမြိုင်ဆိုင် အသက်ဝင်လာသည်။

မိန်းကလေးသည် လမ်းလျှောက်ခြင်းကို ရပ်တန့်၍ ကျွန်တော်တို့ ဖက်လှည့်ကာ မျက်နှာချင်းဆိုင်လိုက်၏။

ထိုမိန်းကလေး၏ မျက်နှာတွင် ခံပြင်းသော၊ မလိုမုန်းတီးသော၊ အနောက်ယှက်ခံရမှုတစ်ခုအပေါ် တုံ့ပြန်ရန်ပြုလိုသော အမူအရာများ ထင်ထင်ရှားရှား ပေါ်လာသည်။

ထိုမျက်နှာကို ကျွန်တော့်လိုပင် သူငယ်ချင်းများအားလုံးက မြင်တွေ့လိုက်ကြဟန်တူသည်။

ကျွန်တော့်သီချင်းသံ ချက်ချင်းရပ်သွား၏။

သူငယ်ချင်းများ၏ ဂစ်တာသံ ချက်ချင်းရပ်သွား၏။

သူသည် ကျွန်တော်ထင်ထားသလို နန်းမြမှုံမဟုတ်ပါ။

သူငယ်ချင်းများက ကျွန်တော့်မျက်နှာကို ဝိုင်းကြည့်နေကြသည်။ ဘာ့ကြောင့် သည်အပြုအမူမျိုးကို ကျွန်တော်ပြုမူလိုက်ကြောင်း သူတို့ သိလိုက်ပုံရသည်၊ ထို့နောက်တိုင်ပင်မနေကြဘဲ အားလုံးက ကျွန်တော့် မျက်နှာကို စေ့စေ့ကြည့်ကာ ဝိုင်းအော်လိုက်ကြသည်။

**((( ငကြောင် )))**

ထိုအသံသည် မိုက်ကရိုဖုန်းထဲ ဒရောသောပါး ပြေးဝင်သွားကာ

ကျယ်လောင်မြည်ဟိန်းသံတစ်ခုအဖြစ် ပြန်ထွက်ပေါ်လာခဲ့သည်။

ထိုအသံသည် ကျွန်တော့်အတွက်မူ မိုးကြိုးပစ်သံတစ်ခုထက် ပိုကျယ်လောင်၏။

ကျွန်တော် ခေါင်းငိုက်စိုက်ကျသွားခဲ့သည်။

ရင်ဘတ်ကို ရောင်ယမ်း စမ်းလိုက်မိသည်။

ကျွန်တော့်အတွေးထဲမှ ပန်းကုံးတစ်ကုံး ကျွန်တော့်ရင်ဘတ်တွင် ရှိမနေပါ။

( ၈ )

ကျောင်းပိတ်ရက်တစ်လျှောက် ဂစ်တာတီးခြင်းနှင့် ဘောလုံးကန်ခြင်းဖြင့်သာ သံသရာလည်နေခဲ့သည်။ ကျွန်တော့်အနေအထိုင်အပေါ် အဖေက မျက်စိနောက်နေကြောင်း အမေက ပြောပြ၏၊ ကျွန်တော်က အမေ့ကို နှာခေါင်းရှုံ့ပြမိလိုက်မည် ထင်သည်။ သို့သော် ပြန်စဉ်းစားကြည့်မိတော့ အဖေ့ကိုလည်း သိပ် အပြစ်မဆိုသာ။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့ပင်။ ညစဉ်ညတိုင်း မိုးသောက်လုနီးနီး စုဖွဲ့တီးဆိုကြသည်။ မနက်ဆယ်နာရီထက်စောပြီး အိပ်ရာထသည့်နေ့မရှိ။ အိပ်ရာက နိုးနိုးချင်း မနက်စာနှင့် နေ့လယ်စာကို ပေါင်းစားကာ ဂစ်တာကိုယ်စီကိုင်၍ စုဆုံကြပြန်သည်။ သည့်နောက် သီချင်းရေးခြင်း၊ သီချင်းတိုက်ခြင်းဖြင့် ညနေစောင်း ရောက်ကြ၏။ ဆံပင် အတန်ငယ်ရှည်၍ ဘောင်းဘီစွဲစွဲမြဲမြဲစွတ်ပြီး ဂစ်တာကို လက်ကမချသော ကျွန်တော်တို့အစုကို (ထိုခေတ်အခါ) လမ်းသရဲဟု ပတ်ဝန်းကျင်က တံဆိပ်ကပ်ကြမည်ကို မိသားစုတိုင်းက စိုးရိမ်ကြ၏။ ထိုအခြေအနေမှတစ်ဆင့် မူးယစ်နယ်ပယ်ကို မြေစမ်းခရမ်းပျိုး သွားကြမည်ကို သူတို့စိုးရိမ်ပူပန်ကြ၏။ ညနေ သုံးနာရီကျော်ကျော်မှ မိုးစုန်းစုန်းချုပ်သည်အထိ ချွေးတရွှဲရွှဲဖြင့် ဘောလုံးကွင်းထဲရှိနေကြခြင်း တစ်ခုကြောင့်သာ ကျွန်တော်တို့မိဘများ စိတ်သက်သာရာ ရနေကြဟန်တူသည်။

သင်္ကြန်အပြီး ရက်တစ်ခု၏ မနက်ခုနစ်နာရီခွဲခန့်တွင် အမေက ကျွန်တော့်ကို လာနှိုးသည်။ ကျွန်တော်က မကြားချင်ယောင် ဆောင်၏။

အိပ်ချင်မူးတူးဖြင့် ဖက်ခေါင်းအုံးကို မျက်နှာအပ်ကာ ဇွတ်အတင်း ပြန်အိပ်ရန်ကြိုးစား၏။ ထိုအခါ အမေက ကျွန်တော့်ကို စကားတစ်ခွန်းသာ ပြောပြီး အခန်းထဲမှ လှည့်ထွက်သွားခဲ့သည်။

'အေး... မင်းအဖေ နှိုးခိုင်းလိုက်တာ။ သူ အခု ထမင်းစားခန်းထဲမှာ ကော်ဖီသောက်ရင်း မင်းကိုစောင့်နေတယ်။ မင်းဟာမင်း ထချင်ထ မထချင်နေ၊ ငါတော့ ငါ့တာဝန်ကျေပြီ'

အမေအခန်းတံခါးမပိတ်မီပင် ကျောပေါ် ကြိမ်ကျသော သူတစ်ယောက်လို ကျွန်တော် ငေါက်ခနဲထထိုင်လိုက်မိသည်။ အမေက ကျွန်တော့်ကို တစ်ချက်လှည့်ကြည့်ရင်း မချိုမချဉ်ပြုံး၏။ အမေ့အပြုံးကြောင့် ကျွန်တော် နည်းနည်းရှက်သွားသည်ထင်သည်။ အမှန်တော့ အမေသည် သူ မွေးထားသောသူ့သား၏ အကြောကို ကောင်းကောင်းသိသော မိခင်တစ်ဦးဖြစ်ကြောင်း ကျွန်တော် မေ့မထားသင့်။ ကျွန်တော်တို့အိမ်တွင် အဖေ့စကားသည် အမိန့်ဖြစ်သည်။ တစ်အိမ်လုံးက ချစ်ကြောက်ရိုသေသော အဖေ့အဆုံးအဖြတ်သည် အမြဲတမ်း အတည်ဖြစ်၏။

ကမန်းကတမ်း မျက်နှာသစ်ခါ စွပ်ကျယ်တစ်ထည် ကောက်စွတ်ရင်း ထမင်းစားခန်းသို့ ဆင်းလာလိုက်သည်။

အဖေသည် ဖိုင်ထူထူတစ်ခုကိုလှန်လှောကြည့်ရှုနေရာမှ စာကြည့်မျက်မှန်ပေါ်က ကျော်၍ ကျွန်တော့်ကို တစ်ချက်ကြည့်သည်။

'သား...မင်းကြည့်ရတာ အိပ်ရေးဝပုံ မပေါ်ဘူး။ ကဲကဲ ... ကော်ဖီသောက်လိုက်ဦး'

အဖေ့စကားဆုံးသည်နှင့် ကျွန်တော့်လက်တစ်ဖက် ခရားထဲမှ ကော်ဖီကို ပန်းကန်ထဲငှဲ့ထည့်ရင်း ကျန်လက်တစ်ဖက်ဖြင့် ပေါင်မုန့်ကြော်တစ်ခု ကောက်ယူစားလိုက်သည်။ နံနက်စောစော အိပ်ရာထထချင်း စားလေ့မရှိသောကြောင့် လည်ချောင်းက ထိုအစာကို ငြင်းဆန်၏။ လည်ချောင်းထဲ တစ်ဆို့နေသော ထိုအစာကို ကော်ဖီတစ်ကြိုက်ဖြင့် ကမန်းကတန်း မျှောချဖြေရှင်းလိုက်ရသည်။

ထိုနေ့မနက်က ကျွန်တော်စားလိုက်ရသော နံနက်စာသည် ထိုမျှသာ ဖြစ်သည်။

ကော်ဖီတစ်ကြိုက် ဝမ်းထဲသို့ လျှောလျှောရှူရှူ မရောက်မီ အဖေ့

စကားသံက စလာ၏။

လူငယ်တစ်ယောက်အဖို့ အချိန်ပိုအများကြီး မထားသင့်ကြောင်း၊ ဘဝဟူသည်မှာ အမြဲလွတ်လပ်ပေါ့ပါးစွာ နေထိုင်ခွင့်ရသည့် ပျော်ရွှင်ဖွယ် ကစားကွင်းတစ်ခုမဟုတ်ကြောင်း၊ ဆယ်တန်း ဖြေပြီးသည့် ကျောင်းသား တစ်ယောက်သည် မကြာမီ တက္ကသိုလ် ကျောင်းသားဘဝသို့ ရောက် တော့မည်ဖြစ်ကြောင်း၊ တက္ကသိုလ်ကျောင်းဟူသည်မှာ အရည်အသွေး ပြည့်ဝသော လူကြီးဘဝကို တည်ဆောက်နိုင်ရန် စတင်လေ့ကျင့် ပျိုး ထောင်ပေးသည့် သင်တန်းကျောင်းကြီးဖြစ်ကြောင်း၊ လူတစ်ယောက်၏ ဘဝမှာ အရေးကြီးဆုံးက ကိုယ်လုပ်ဆောင်ရမည့် အလုပ်အပေါ် အ ကောင်းဆုံးလုပ်ကိုင်တတ်သူတစ်ယောက် ဖြစ်ဖို့သာဖြစ်ကြောင်း၊ အလုပ် တစ်ခုကို ဖိဖိစီးစီး သေသေသပ်သပ် လုပ်ကိုင်တတ်ဖို့ အသိစိတ်ဓာတ် ရင့်ကျက်ရန် ဉာဏ်ပညာကြီးမားရန် လေ့လာမှု အားကောင်းရန် အောက် ခြေသိမ်း ဘဝအတွေ့အကြုံရှိရန် အထူးလိုအပ်ကြောင်းနှင့် ကြောင်းပေါင်း များစွာကို အဖေက ပြောပြပါသည်။ အနည်းဆုံး စီခြောက်ဆယ် တစ်ခွေ စာမက ရှည်လျားလိမ့်မည်ထင်ပါသည်။ အဖေ့စကား အတော်များများကို ကျွန်တော် နားမလည်ပါ။ သို့သော် မပြီးမချင်း နားထောင်ရပါသည်။

ထိုမိန့်ခွန်းရှည်ကြီး အပြီးတွင်တော့ အဖေနှင့်အတူ အဖေ့ရုံးသို့ ကျွန်တော် လိုက်ပါခဲ့ရပါတော့သည်။

ကျောင်းပြန်မတက်ရမချင်း လုပ်အားပေးဘဝဖြင့် အဖေနှင့်အတူ နေ့တိုင်းရုံးလိုက်တက်ရမည် ဖြစ်ပါသည်။ ထိုနေ့မှစ၍ ကျွန်တော်သည် ရုံးဆင်းရုံးတက် ထောင်ဒဏ်ချခံထားရသော အကျဉ်းသားတစ်ဦး ဖြစ်ခဲ့ ပါတော့သည်။ ကျွန်တော် စိတ်မဝင်စားသော စာရင်းဇယားနှင့် စာရွက်ပုံ များကြားတွင် မည်မျှကြာအောင် အကျဉ်းကျနေရဦးမည်ကို ကျွန်တော် မသိပါ။

ကျွန်တော်ကတော့ နေ့တိုင်းပင် ရုံးမတက်မီ ရုံးဆင်းချင်နေပါတော့ သည်။

အထူးသဖြင့် ညနေစောင်းတိုင်းမှာတော့ မိုးရွာပြီးစ မြက်ခင်းဆီမှ အစာနံ့ရသော နွားတစ်ကောင်လို ဂဏာမငြိမ် ဖြစ်နေတတ်ပါသည်။ ဘောလုံးကွင်းဆီမှ မြက်ခင်းစိုစို၏ရနံ့သည် ကျွန်တော့်အတွက် ရုံးတက်

ရခြင်းကို စိတ်ကုန်စေဖို့ လုံလောက်သော အကြောင်းအချက်သာ ဖြစ်ပါသည်။

( ၉ )

တစ်လစာ စာရင်းဇယားများကို ဖိုင်တွဲနေရသော တစ်မနက်ဖြစ်သည်။

စုံစီနဖာထည့်သွင်းထားသည့်ဖိုင်တစ်ခုကို သက်ဆိုင်ရာ အကြောင်းအရာအလိုက် သီးသန့်ဖိုင်လေးများဖြစ်အောင် ခွဲထုတ်နေရသည်မှာ ကျွန်တော့်အတွက် အလွန်ပင်ပန်းလှ၏။ စိတ်ပျက်စရာကောင်းလှသော ထိုအလုပ်အပေါ် အမှားအယွင်း မဖြစ်ရလေအောင် ဇွတ်အတင်း အာရုံနှစ်ထားရသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး သတ္တလောကတစ်ခုလုံးသည် ကျွန်တော်နှင့် ကင်းလွတ်ကွာဟနေချိန်ဖြစ်သည်။ ထိုအချိန်ရှိ ကျွန်တော့်မျက်နှာသည် အလွန်ရုပ်ဆိုးစွာ စူပုတ်နေပေလိမ့်မည်။

'ခွန်မောင်'

ခေါ်သံတစ်ခုသည် လုပ်လက်စအလုပ်များအားလုံးကို ရပ်ဆိုင်းသွားစေ၏။

ကျွန်တော် ခေါင်းမော့ကြည့်လိုက်တော့ 'နန်းမြမှုံ'။

ကျွန်တော် အံ့သြသွားသည်လား၊ ဝမ်းသာသွားသည်လား။ အမည်မတပ်နိုင်သော ခံစားမှုတစ်မျိုးပေါ်ပေါက်ခဲ့ပါသည်။ ထိုအခိုက်အတန့်လေး၌ ကျွန်တော့်မျက်နှာမှာ တင်းမာနေသော အကြောအချဉ်များ တစ်ဒင်္ဂ ပြေလျော့သွားလိမ့်မည် ထင်ပါသည်။

သူနှင့် ကျွန်တော် မည်သည့်အမေးအဖြေများ ပြုလုပ်ခဲ့သည်ကို မမှတ်မိတော့ပါ။ ဒီရုံးမှာ နေ့စားဝင်လုပ်တာဟု အဓိပ္ပာယ်ရသည့် အဖြေတစ်ခု သူ ပြန်ဖြေခဲ့ကြောင်းကိုတော့ အမှတ်ရသည်။ သူ့အဖြေသည် တိုတောင်း၏။ သို့သော် ကျွန်တော့်စိတ်ကို ပေါ့ပါးသွက်လက်သွားစေဖို့တော့ လုံလောက်ခဲ့ပါသည်။

ဘဝသည် တင်ကြိုရေးသားထားပြီး စာအုပ်တစ်အုပ် ဟုတ်မဟုတ် ကျွန်တော် မသိ။

ကံကြမ္မာသည် မထင်မှတ်ချိန်၌ မထင်မှတ်သော ပြကွက်များ

ပြသ အံ့သြစေတတ်သော မျက်လှည့်ဆရာတစ်ယောက် ဟုတ် မဟုတ် ကျွန်တော် မသိ။

ထိုအချိန်၌ ကျွန်တော့်စိတ်ခံစားမှု မည်သို့ရှိသည်ကို ကျွန်တော် ကိုယ်တိုင် သေသေချာချာ မသိရှိလိုက်ပါ။

သည့်နောက် နန်းမြမှုံသည် သူ့အတွက် နေရာချပေးထားသည့် စားပွဲသို့သွားရန် ကျွန်တော့်အနီးမှ လှည့်ထွက်လိုက်သည်။

ရှည်သွယ်ညွတ်ပြောင်းသော သူ့ဆံပင်ရှည်အဖျားများက ကျွန် တော့်လက်ကို ပွတ်တိုက်သွားခဲ့သည်။

ထိုထိတွေ့မှုက ကျွန်တော့်ရင်နွေပင်လယ်တွင် ရုတ်တရက်မုန်တိုင်း ဆင်လာသလို ခံစားရစေ၏။

ထိုခဏ၌ ဘောလုံးကွင်းတွင် ရရှိခဲ့ဖူးသော ဒဏ်ရာနေရာမှ တဆစ် ဆစ် နာကျင်လာသည်။ ပြီးနောက် ထိုအနာနေရာက ရုတ်ချည်း အေးမြ သွားပြန်သည်။

ထိုခဏ၌ ကျွန်တော် ဝတ်ဆင်ထားသောအင်္ကျီသည် မိုးရေတို့ ရွှဲနစ်နေသော အားကစားဂျာစီတစ်ထည် ဖြစ်သွားပြီး၊ ကျွန်တော့်ရင်ဘတ် တွင် သကြၤန်ပန်းကုံးတစ်ခု တွဲလဲချိတ်နေသည်။

ထိုခဏ၌ နားထဲမှာ 'Love Is Blue'သီချင်းသံ ကြားရသည်။

ကျွန်တော့် မျက်စိရှေ့မှ နေ့ခင်းသည် လပြာလင်းလက်နေ၏။ ကီးချိန်သည့် ဝီစီလေးကို မှုတ်ရန် ကျွန်တော့်ပါးစပ်ကို ဟလိုက်သည့် အခါ မျက်နှာတွင် အပြုံးတစ်ခု ပေါ်လာပါသည်။

ညနေ ရုံးဆင်းသောအခါ 'မင်း ဒီနေ့ရုံးတက်တာ ခါတိုင်းနေ့ တွေထက် ပိုပျော်နေသလိုပဲ။ ဒါပဲကွ...။ အလုပ်ဆိုတာ လုပ်ရင်းနဲ့ အသားကျသွားရင် ပျော်သွားတာပဲ။ အလုပ်မှာ မပျော်တဲ့လူဟာ ဘယ် တော့မှမတိုးတက်ဘူး'ဟု အဖေက ကျွန်တော့်ကို အပြုံးဖြင့် ပြောပါသည်။ ကျွန်တော်က အဖေ့ကိုပြုံးပြ၏။ ထိုအပြုံးသည် အဖေ့ကို ပြုံးပြသည့် အပြုံးလား၊ အဖေ့တိုးတက်ရေးတရားများကို ပြုံးပြသည့် အပြုံးလား၊ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ပြုံးပြသည့် အပြုံးလား တစ်စုံတစ်ရာကို စိတ်ကူးဖြင့် လှမ်းပြုံးပြနေမိခြင်းလား ခွဲခြား မနေတော့ပါ။

ကျွန်တော့် မျက်နှာတွင်အပြုံးတစ်ခု ရှိနေသည်မှာတော့ အမှန်

ဖြစ်သည်။

ထိုနေ့ညနေက ကျွန်တော် ဘောလုံးကွင်းမဆင်းဖြစ်ပါ။ ခြံထောင့်တွင် တစ်ယောက်တည်းထိုင်ကာ ဂစ်တာကြိုး ညှိနေသည်ကို အဖေမြင်ပါလိမ့်မည်။ အဖေ့မျက်နှာတွင် ညနေက အပြုံးကျန်သေးသည်လား ကျွန်တော် မပြောတတ်ပါ။ ကျွန်တော့်မျက်နှာတွင်တော့ ညနေက ကြည်လင်သည့် အပြုံးတစ်ခု ယခုတိုင် ကျန်နေသေးကြောင်း ကျွန်တော် အသေအချာ ပြောပြနိုင်ပါသည်။

ထိုညက ကျွန်တော်ရေးဖြစ်သော သီချင်းအမည်မှာ 'မိုးစက်ပုံပြင်' ဖြစ်ပါသည်။

(၁၀)

ထိုနေ့မှစ၍ ကျွန်တော် ရုံးတက် သိပ်မပျင်းတော့ပါ။ အမှန်တော့ အဖေ့ရုံးမှ စာရင်းဇယားများ၊ အစည်းဝေးမှတ်တမ်းများသည် ကျွန်တော့်အတွက် အလွန်ပျင်းစရာကောင်းသော အရာများသာ ဖြစ်ပါသည်။ ကျွန်တော်နှင့် သက်တူရွယ်တူမဟုတ်သော လူကြီးများကြားတွင် ထိုင်ရင်း ဤအလုပ်ကိုသာ နေ့စဉ်ရက်ဆက် လုပ်ကိုင်နေရမည်ဆိုပါက တစ်လမပြည့်မီ သေလုမျောပါးဝေဒနာတစ်ခု ခံစားသွားရနိုင်ပါသည်။ ထို့ကြောင့်လည်း ရုံးအလုပ် လုပ်နေရသောအချိန်များတွင် ကျွန်တော်သည် မျက်နှာပေါက်ဆိုးဆိုးနှင့် လူမိုက်ရုပ်ပေါက်နေသည့် ကောင်လေးတစ်ကောင်ဖြစ်နေဟန်တူပါသည်။ ခုတော့ ကျွန်တော့်စားပွဲနှင့် မလှမ်းမကမ်းတွင် နန်းမြမှုံရှိနေခြင်းကြောင့်သာ ကျွန်တော် အဆင်ပြေပြေ ရုံးတက်နေနိုင်ခြင်း ဖြစ်ပါသည်။ သူသည် ကျွန်တော့်ကို ထိုအခြေအနေဆိုးမှ ကယ်တင်ခဲ့သူဖြစ်ကြောင်းကိုတော့ ကောင်းစွာ အသိအမှတ်ပြုရပါမည်။

အလုပ်ပါးလျှင် သူနှင့်ကျွန်တော် စကားပြောဖြစ်ပါသည်။ အများအားဖြင့် ကျွန်တော့်အလုပ်များကို သူ ဝိုင်းကူလုပ်ပေးနေချိန်များမှာဖြစ်ပါသည်။ သူငယ်ချင်းများနှင့်ချိန်းထား၍ ကျွန်တော် ဘောလုံးကွင်းသို့ အချိန်မီ ပြေးဆင်းရမည့် အခြေအနေများတွင်တော့ တစ်နေ့စာ ကျွန်တော် မပြီးစီးခဲ့သော အလုပ်များသည် သူနှင့် ကျန်နေရစ်ခဲ့တတ်ပါသည်။

တစ်ခါတစ်ရံ အစည်းအဝေးသွားရန် အခန်းထဲမှ ထွက်လာသော အဖေသည် ကျွန်တော်တို့နှစ်ဦး နေထိုင်ဆက်ဆံပုံကို လှမ်းလှမ်းကြည့် တတ်ပါသည်။ ဘာမျှတော့မပြော။ သူ့သား ဤမျှ ရုံးတွင် ဖင်မြဲနေခြင်း အပေါ် ကြိတ်၍ ကျေးဇူးတင်နေပုံရပါသည်။ ကျွန်တော့်အထင် ဖြစ်ပါ သည်၊

ကျောင်းတတ်စဉ်ကာလ တစ်လျှောက်လုံး စကား လေးလုံးကွဲ အောင် မပြောဖြစ်ခဲ့ကြသော ကျွန်တော်တို့နှစ်ယောက် တစ်စတစ်စပိုမို ရင်းနှီးလာခဲ့ကြသည်မှာတော့ အမှန်ပင်ဖြစ်၏။

ဌာနမှူးအဖေ၏ တစ်ဦးတည်းသောသားလိမ္မာအဖြစ် 'ဟုတ်ကဲ့' 'ဟုတ်ကဲ့' 'ဟုတ်ကဲ့ပါခင်ဗျာ့' 'ကျွန်တော်လုပ်ပြီးပါပြီ ခင်ဗျား' တို့ဖြင့် ကိုယ့်ထက် အသက်အရွယ်ကြီးရင့်ကြသူများကြား အချိန်ပြည့် ယဉ်ကျေး ရိုသေနေရသည့် ကျွန်တော့်အဖို့ နင်တစ်ခွန်း ငါတစ်ခွန်း ပြောကြသော နန်းမြမှုံနှင့် ကျွန်တော့်စကားဝိုင်းသည်

အချိုဖြစ်၏၊ အပျော်ဖြစ်၏။

သီချင်းဖြစ်၏၊ နှင်းဖြစ်၏။

မိုးစက်ဖြစ်၏၊ ချိုးငှက်ဖြစ်၏။

သူ ကျွန်တော့်အလုပ်များ ကူလုပ်ပေးနေသည့် အချိန်မျိုးတွင် ကျွန်တော်က ပေ့ါပါးစွာပင်သီချင်းညည်းချင်ညည်းနေမည်။ သူ့ကို အားနာ လာသည့်အခါမျိုးတွင် ပျင်းစရာကောင်းသော ဂဏန်းများ တိုက်ဆိုင်စစ် ဆေးပေးခြင်း၊ ဂဏန်းပေါင်းစက်အိုကြီးကို တချောက်ချောက် ရိုက်ပေးခြင်း ဖြင့်သူ့ကို ကူမည်။ တစ်ခါတစ်ရံ သူ့အလုပ်ကူလုပ်ပေးဖို့ အကူအညီ တောင်းလာသည့်အခါမျိုးတွင် မသိချင်ယောင်ဆောင်၍ မလုပ်ပေးဘဲ နေခြင်းဖြင့် သူ့ကို စနောက်မည်။ ရုံးမှလူကြီးများက ဒီကလေးနှစ်ယောက် ကစားကွင်းသစ်တစ်ခုကို ရောက်နေသလိုပဲဟု ပြောယူရလောက်အောင် အချိန်တိုအတွင်း ကျွန်တော်တို့ ရင်းနှီးခဲ့ကြပါသည်။

ထိုအချိန်လေးများသည် ကျွန်တော်တစ်ယောက်တည်း အလုပ် ဆင်းခဲ့ရသည့် နေ့ရက်များနှင့်စာလျှင် အလွန်နေပျော်သည့် နေ့ရက်များ ဖြစ်ကြောင်း ကျွန်တော် ဝန်ခံရပါမည်။

ကျွန်တော်သည် အပြင်ပန်းအမြင်တွင် မှုန်တေတေ

ကြမ်းတမ်းတမ်း ဥပေက္ခာများများဖြင့် နေထိုင်တတ်ပုံပေါ်သော်လည်း အမှန်မှာ အဖော်မင် သူ၊ ရင်ခွင်ငတ်သူ၊ အကြင်နာတရားနှင့် စာနာခြင်းကိုမွတ်သိပ်သူ လူပျော့ တစ်ဦးသာဖြစ်ကြောင်း အမေ့စကားသံများ ဘာ့ကြောင့် ကျွန်တော် ပြန်ကြားနေရပါသလဲဟု စဉ်းစားနေမိပါသည်။ နန်းမြမှူးက ကျွန်တော့်ကို ဂရုဏာတရား၊ စာနာလိုက်လျောမှုများ၊ ဖေးကူရိုင်းပင်းခြင်းများဖြင့် ဆက် ဆံခဲ့ပါသည်။ ထိုဆက်ဆံရေးအပေါ် ကျွန်တော် သာယာပျော်ရွှင်နေသည် မှာလည်း အမှန်ပင်ဖြစ်သည်။

သို့သော် နန်းမြမှူးသည် ကျွန်တော့်ချစ်သူ မဟုတ်ပါ။ သူ့ကို ကျွန်တော် ချစ်ရေးမဆိုဖူးပါ။ ထိုသို့ပြုလုပ်ရန် ရည်ရွယ်ချက်မရှိကြောင်း ကိုလည်း ကိုယ့်ဘာသာကိုယ် သိနေပါသည်။

သူ့အကြင်နာတရားနှင့် စာနာကူညီမှုများပေါ်တွင်တော့ ကျွန်တော် ကျေနပ်သာယာခဲ့ကြောင်း ဝန်ခံရမည် ဖြစ်ပါသည်။

တကယ်တော့ တစ်စုံတစ်ယောက်၏ အကြင်နာ ဂရုဏာများအပေါ် စိတ်ကူးဖြင့် သာယာခဲ့သည့်အချိန်များကို ဘောလုံးပွဲတစ်ပွဲ၊ ဆံနွယ်မျှင် တစ်ခုမှ စတင်ခဲ့ကြောင်း၊ စိတ်ကူးထဲမှ သကြၤန်ပန်းကုံး တစ်ကုံးနှင့် တယုတယအသုံးပြုဖြစ်သော အသံညှိဝီစီလေးတို့က ထိုအဖြစ်ကို သက် သေခံမည့်သူများ ဖြစ်ကြကြောင်း အလွန် အချိန်နှောင်းမှ သိခဲ့ရသည်။

နှစ်ဦးသား နီးနီးကပ်ကပ်နေခဲ့ရသည့် ရက်ပေါင်း လေးငါးဆယ်ထဲမှ ရက်တစ်ရက်သည် ကံကြမ္မာက အလွမ်းဇာတ်ရှည်ကြီးတစ်ခု၏ ကန့်လန့် ကာကို ဆွဲဖွင့်ကပြစေမည့် နေ့ရက်တစ်ခု ဖြစ်လာလိမ့်မည်ဟု လုံးဝ ထင်မထားခဲ့ပါ။

ဘဝမှာ မထင်တာတွေ ဖြစ်ပျက်တတ်ကြောင်း အသိ လင်းပွင့်ချိန် ၌ အရာရာသည် ရက်စက်စွာလွန်မြောက်အေးခဲပြီးဖြစ်ခဲ့ပြီ။

ထိုနေ့လေးကို သူရော ကျွန်တော်ပါ တစ်သက်မေ့ရက်ဖွယ် မရှိ ပါ။

ထိုနေ့သည် နောင်တွင်ကြုံတွေ့ရမည့် ကြေကွဲမှုမြို့ကြီးဆီ သွားရာ လမ်းမဖြစ်ကြောင်း - -

ထိုနေ့သည် ခါးသီးမှုမြစ်တစ်စင်း၏ စီးဆင်းမှုအစ ဖြစ်ကြောင်း ကျွန်တော် မသိခဲ့ပါ။

ထိုနေ့သည် ဆူးညှောင့်အပြည့်ခင်းထားသည့် ဂုက်ကျင်းတစ်ခု၏ အံဖုံးပါးလှပ်လှပ်တစ်ခုပေါ် ခြေစုံရပ်မိသည့်အခိုက်အတန့် ဖြစ်ကြောင်း ကျွန်တော်သိရှိချိန် အလွန်နှောင်းခဲ့ပါသည်။

( ၁၁ )

ရုံးတွင် အဖေနှင့် ကျွန်တော့်ဆက်ဆံရေးသည် သားအဖ ဆက်ဆံရေးမဟုတ်၊ အရာရှိတစ်ယောက်နှင့် သူ့ရုံးတွင် လုပ်အားပေး ဝင်ရောက်လုပ်ကိုင်သူ ချာတိတ်တစ်ယောက်၏ ဆက်ဆံရေးသာ ဖြစ်သည်။ ထိုဆက်ဆံရေးကို အဖေကိုယ်တိုင် ထူထောင်ထားခြင်း ဖြစ်၏။ ရုံးဝန်ထမ်းတစ်ဦး၏ဘဝကို အနီးကပ်ဆုံးသိနိုင်ဖို့ လေ့လာရမည်၊ ရုံးတွင် သူ့အရိပ်မခိုရ။ သူ့အရှိန်အဝါအကြောင်းပြ၍ ဘာအခွင့်အရေးမှမယူရဟု ဆို၏။

ထိုအဆိုကို မာနရှိသော ကျွန်တော်က ပျော်ပျော်ကြီးလက်ခံသည်။

ကျွန်တော်သည် တောင်ဝှေးတစ်ချောင်း၏ အကူမပါဘဲ လမ်းလျှောက်လိုသည့် လူငယ်လေးတစ်ဦးသာ ဖြစ်သည်။

အဖေသည် နေ့လယ်စာထမင်းကို အိမ်မှပို့ပေးသော ထမင်းချိုင့်ဖြင့် သူ့ရုံးခန်းထဲမှာ သူစား၏။ ထမင်းစားချိန်နီးမှ ရောက်လာတတ်သော ထမင်းချိုင့်သည် အဖေထမင်းစားချိန်တွင် ပူနွေးနေနိုင်သေးသည်။

ကျွန်တော်က မနက်ကတည်းက အမေထည့်ပေးလိုက်သောထမင်းဘူးဖြင့် ကျန်ရုံးသူရုံးသားများလိုပင် ကျွန်တော့်စားပွဲ၌ ကျွန်တော်စားသည်။ ကျွန်တော့်ထမင်းဘူးသည် ထမင်းစားချိန်တွင် အေးစက်နေပြီ။ ကျွန်တော်တို့သားအဖအဖြစ်သည် ပြဇာတ်တစ်ပုဒ် ကပြရန် ဇာတ်တိုက်နေသည်နှင့် အလွန်တူကြောင်း အဖေရောအမေပါ သတိထားမိဟန်မတူ။

အလွန်ဗိုက်ဆာနေသော ထမင်းစားချိန်တစ်ခု၌ ဖြစ်၏။

ထမင်းဘူးကို ချည်ပတ်ထားသည့် လက်သုတ်ပုဝါကို အလောသုံးဆယ် ဖြည်ရင်း ဘူးဖွင့်လိုက်သည်။ အတော်စိတ်ပျက်သွား၏။

ဘူးထဲတွင် ဇွန်းခက်ရင်း မပါ။

ထိုအဖြစ်သည် ကျွန်တော့်ထမင်းဘူးတွင် မကြာခဏလိုလို ဖြစ်နေကျ အဖြစ်အပျက် ဖြစ်သော်လည်း ထမင်းဆာနေချိန်တွင်တော့ အတော်ပင် စိတ်တိုနေမိသည်။

ဘူးထဲမှ ထမင်းနှင့်ဟင်းသည် ကျွန်တော့်ကိုပြူးတူးပြဲတဲ ပြန်ကြည့်နေသည်ဟု ထင်သည်။ နှုတ်မှ မကျေနပ်စွာတစ်စုံတစ်ရာ မြည်တွန်တောက်တီးလိုက်မိပုံပေါ်သည်။

မလှမ်းမကမ်းတွင် ဖန်ခွက်ဆေးနေသော နန်းမြမှုံထံမှ သူ့စားပွဲအံဆွဲထဲမှ ဇွန်းခက်ရင်းတစ်စုံ ယူလိုက်ဖို့ လှမ်းအော်ပြောသည်ကို ကြားလိုက်ရ၏။ ဆာလောင်စိတ်က ကျွန်တော့်ကို သိပ်စဉ်းစားချိန် မပေးခဲ့ပါ။ သူ့စားပွဲဆီ ကူးသွားပြီး အံဆွဲကို ခပ်မြန်မြန်ဖွင့်လိုက်သည်။ အသင့်မတွေ့။ သေသေချာချာ လှန်လှောကြည့်မှ စက္ကူဖြင့် သေသေသပ်သပ် ထုပ်ပတ်ထားသော ဇွန်းခက်ရင်းအသစ်တစ်စုံကို တွေ့ရသည်။ တွေခနဲ ဖြစ်သွား၏။ ကျွန်တော် မျက်မှောင်တစ်ချက် ကျုံ့ကောင်းကျုံ့သွားနိုင်သည်။ အမြဲစတီးဇွန်းတစ်ချောင်းဖြင့်သာ ထမင်းစားတတ်သူ တစ်ဦး၏ အံဆွဲထဲမှာ ဘာ့ကြောင့် ဇွန်းခက်ရင်းသစ်တစ်စုံ ရောက်နေရသလဲဟု စဉ်းစားလိုက်မိ၍ ဖြစ်သည်။ ဤရုံးခန်းထဲတွင် ဇွန်းခက်ရင်းနှင့်စားတတ်သူဟူ၍ ကျွန် တော်တစ်ဦးတည်းသာ ရှိ၏။

သူ ကျွန်တော့်အတွက် ရည်ရွယ်၍ ထိုဇွန်းခက်ရင်းတစ်စုံကိုသိမ်းထားပေးသည်လား။ (အမှန်တော့ ထိုအတွေးသည် လိပ်တစ်ကောင်၏ ခေါင်းမှထွက်လာသော ခပ်ညံ့ညံ့အတွေးတစ်ခုလည်း ဖြစ်နိုင်ပါသည်)

အတွေးမဆုံးမီ မျက်လုံးက ကျွန်တော်ဖွထားသော စာရွက် စာအုပ်များကြားမှ တစ်စွန်းတစ်စ ထွက်ပြူနေသော စာအုပ်အဖုံးလှလှလေးတစ်ခုပေါ် ကျရောက်သွားခဲ့ပြီ။

လှပသော ကောင်မလေးတစ်ယောက် ပေါင်ပေါ်တွင် ချစ်သူကောင်လေးက ခေါင်းအုံးအုံးအိပ်ပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ကြည်နူးနေကြသော အဝါရောင်ခပ်များများ အဖုံးလှလှလေးတစ်ခု ဖြစ်သည်။ လက်က ကျွန်တော့်စိတ်ကူးထက် မြန်နေသည်လား။ ဘာမျှထပ်တွေးချိန်မရမီ ထိုစာအုပ်ကို ကောက်ယူလှန်လှောကြည့်နေမိပြီး ဖြစ်သည်။

**ထိုခဏ - - -**

ထိုခဏတွင် မည်သို့ဖြစ်ပျက်ခံစားနေရသည်ကို ကျွန်တော် ပြန်မပြောပြတတ်တော့ပါ။

ကျွန်တော့်မျက်လုံးများသည် သူရှိရာကိုသာ မမိုတ်မသုန် စိုက်ကြည့်နေမိ၏။

လက်ဆေးကြွေကန်ဆီမှ သူ့စားပွဲရှိရာသို့ သူတရွေ့ရွေ့ လှမ်းလာနေသည်။

ကျွန်တော် သူ့ကို စိုက်ကြည့်နေမိသည်။ (ဒါမှမဟုတ် ကျွန်တော့်အတွင်းစိတ်ကို ကျွန်တော် ပြန်လည်စိုက်ကြည့်နေခြင်းလည်း ဖြစ်နေနိုင်ပြန်ပါသေးသည်။)

ကျွန်တော့်မျက်လုံးထဲတွင် သူ့မျက်နှာကို မြင်နေရ၏။

ထိုမျက်နှာတွင် မိုးသီးမိုးပေါက်တို့ သီးပေနေသည့် ဆံပင်များရှိသည်။

ကျွန်တော့်နာမည် အပြည့်ရေးထားသည့် စာအုပ်လှလှလေး တစ်အုပ် ရှိသည်။

ပူစပ်နာကျင်သည့် ဒဏ်ရာကို သက်သာအေးမြသွားအောင် မှုတ်ပေးနေသည့် နှုတ်ခမ်းသားတစ်လွှာ ရှိသည်။

ကျွန်တော့်ပါးစပ်တွင် ငုံခဲထားသည့် အသံညှိဝီစီလေးတစ်ခု ရှိသည်။

မိန်းမတစ်ယောက်က ယောကျ်ားတစ်ယောက်အပေါ် ထားရှိသည့် ကြီးကျယ်ခမ်းနားသော ချစ်ခြင်းမေတ္တာနှင့် အကြင်နာတရား ရှိသည်။ ချစ်ခြင်းဖြင့် လှပပြည့်စုံနေသော ရောင်စုံပန်းဥယျာဉ်တစ်ခု ရှိသည်။

**ထိုခဏ- - -**

ထိုခဏကို ကျွန်တော်ပိုင်ဆိုင်နေပြီး ကျွန်တော့်ပိုင်ဆိုင်မှုအားလုံးကို သူလည်း ပိုင်ဆိုင်နေခဲ့သည်။

ချစ်ခြင်းဖြင့် တည်ဆောက်ထားသော နန်းတော်ကြီးတစ်ခုကို ကျွန်တော် မြင်တွေ့ဖူးလိုက်ရုံမက ရောက်ရှိနေထိုင်ခဲ့ဖူးပြီဖြစ်၏။

ကျွန်တော့်လက်ထဲတွင် နွေးထွေးသော သွေးခုန်နှုန်းတစ်ခု တိုးဝင်ထိတွေ့နေသည်။ သူ့လက်ကို ကျွန်တော် ဆုပ်ကိုင်ထားလိုက်မိကြောင်း သတိရလိုက်၏။ သူ့ကို ကျွန်တော် ဘာတွေပြောနေမိသည်ကိုတော့ အမှတ်မရတော့။ အချစ်သည် ကျွန်တော်တို့နှစ်ဦးကို သေတ္တာငယ်တစ်လုံးထဲ ထည့်လှောင်ထားလိုက်ဟန်တူသည်။ အခြား ဘာကိုမျှ ထိတွေ့

ခံစားနိုင်ခြင်း မရှိတော့။

သူ့ဘေးတွင် ကျွန်တော်ရှိပြီး၊ ကျွန်တော့်ဘေးတွင် သူရှိ၏။

ဒါပဲ ဖြစ်သည်။

ထိုနေ့က သူနှင့်ကျွန်တော် ပထမဦးဆုံးအကြိမ် ထမင်းလက်ဆုံ စားဖြစ်ခဲ့သည်။ မနက်ကတည်းက အမေထည့်ပေးလိုက်သော ထမင်းဘူး သည် ထူးဆန်းစွာပင် ထိုနေ့က နေ့လယ်ထမင်းစားချိန်ထိ ပူနွေးနေတုန်း ရှိသေးသည်ကို မအံ့သြပါနှင့်တော့။

(၁၂)

နွေသည် လူပ်လီလူပ်လဲ့ဖြင့် ကုန်ဆုံးသွားခဲ့ပြီလား။

ကျည်ဆံရထားတစ်စင်းလို အမြန်နှုန်းမျိုးဖြင့် ထွက်ပြေး ပျောက်ဆုံး သွားသည်လား။ မကွဲပြားမိ မိုးရေစက်တို့ သွန်ချလာခဲ့ပြီ။ ထိုကာလများ တွင် သူနှင့်ကျွန်တော် များများစားစား တိုင်ပင်ညှိနှိုင်းနေရသည် မရှိဘဲနှင့် အချက်အလက်အတော်များများတွင် သဘောထား တူညီကြသော ချစ်သူ များ ဖြစ်ခဲ့ကြသည်။ တူညီချက်များထဲမှ တစ်ခုသည် ကျွန်တော်တို့နှစ်ဦး ချစ်သူဖြစ်နေကြခြင်းကို လူမသိအောင် သိုဝှက်ထားနိုင်ကြခြင်း ဖြစ်သည်။ ကျွန်တော်တို့ရုံးခန်းနှင့် နံရံတစ်ခုသာ ခြားသော အခန်းတစ်ခုထဲတွင် အဖေရှိနေခြင်းကလည်း အကြောင်းရင်းတစ်ခု ဖြစ်နိုင်ပါသည်။

တစ်ယောက်နှင့်တစ်ယောက် ဓာတ်ပုံတစ်ပုံစီ အပြန်အလှန် လဲ လှယ်ထားကြခြင်းမှအပ နှစ်ယောက်တည်း တွဲသွားတွဲလာ မလုပ်ဖူး။ စာတိုစာစ မရေးဖူး။ ချိန်းချက်တွေ့ဆုံခြင်း မပြုဖူးကြပါ။ ကျွန်တော်တို့ နှစ်ယောက်တွေ့ဆုံချိန်သည် ရုံးတက်ချိန်မှ ရုံးဆင်းချိန်အတွင်းသာ ဖြစ် ပါသည်။ ထိုအချိန်သည် ကျွန်တော်တို့နှစ်ဦးအတွက် လုံလောက်သော အချိန်ဖြစ်သည်။ ရည်းစားဦးဘဝ၏ ပထမဆုံးအချိန်များ ဖြစ်နေသော် လည်း နှစ်ယောက်သား ဖျတ်ဖျတ်လူးဖြစ်မနေကြသည်မှာ အတန်ငယ် တော့ အံ့သြဖွယ်ကောင်း၏။

ရန်လိုစိတ်ကောက်ခြင်းမရှိ။ သဝန်တိုခြင်းမရှိ။ နွဲ့ဆိုးဆိုး အနိုင်ယူ ခြင်းမရှိသော ထိုမိန်းမနှင့် ချစ်သူဖြစ်ရသည်မှာ ဘုရားသခင်က

ကျွန်တော့် အား ပေးသနားသည့် ကံကောင်းခြင်းဖြစ်သည်ဟု ယူဆမိ၏။

အေးဆေးငြိမ်သက်စွာ၊ နှစ်သက်ကြည်နူးမှုဖြင့် ရှိရင်း အခြေအနေတွင် ကျေနပ်နေကြသော ချစ်သူနှစ်ဦးကို ဆယ်တန်း အောင်စာရင်းက ရိုက်ပုတ်လှုပ်နှိုးလိုက်သည်ဆိုရမည်။

ထိုနှစ်စာမေးပွဲကို ကျွန်တော်အောင်၍ သူ ကျခဲ့သည်။

ကျွန်တော်အောင်၍ ပျော်ရမည့်အပျော်များကို သူ့ကျရှုံးခြင်းက နှုတ်ယူသွားသောအခါ ရင်ထဲတွင် အတော်အူလည်လည်နိုင်သော ခံစားမှုများသာ ကျန်ရစ်သည်။ ကျွန်တော့်စိတ်ကူးယဉ်မှုများတွင် ချစ်သူနှစ်ဦး တက္ကသိုလ် အတူတက်ကြခြင်းက အတော်များများ နေရာယူထားသည့် အကြောင်းအရာ ဖြစ်သည်။

ကျွန်တော်တို့မြို့ကလေးမှ ရန်ကုန်တက္ကသိုလ်ရှိရာ သွားသည့် လမ်းတစ်လျှောက် ချစ်သူကိုဖေးကူထူမရင်း ခရီးသွားရမည့်အဖြစ်။ ထိုအဖြစ်သည် ကျွန်တော်တို့နှစ်ဦး၏ ရိပ်ဟာဇယ်ပျားရည်ဆမ်း ခရီးလေးနှင့် တူနေပေလိမ့်မည်။

အတန်းဆင်းချိန် သူ့စာသင်ခန်းဝမှ စောင့်ကြိုကာ အဆောင်ပြန်ပို့ပေးပြီး၊ လှပသောညနေခင်းတိုင်း ကန်ရေပြင်ဘေးတွင် လမ်းလျှောက်ကြရသည့်အဖြစ်။

ကျောင်း စားသောက်ဆိုင်များတွင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အတူထိုင်ရင်း ပျော်ရွှင်စွာ စားသောက်ကြသည့်အဖြစ်။

နေထိုင်မကောင်းဖြစ်ခဲ့လျှင် ဆေးခန်းသို့ လိုက်ပို့ပေးရမည့်အဖြစ်။

ကျွန်တော့်စိတ်ကူးထုထည်တွင် ဖြစ်ချင်သောအဖြစ်များက မကုန်ဆုံးနိုင်အောင် ရှိနေတော့သည်။ မိုးသည်းသည်းရွာသော ညနေတစ်ခု၏ ကျောင်းမှအပြန်လမ်းတွင် သူ့ဆံပင်များ မိုးစက်တို့ သီးပေမနေစေရန် ရေစိုခံကာ ထီးလိုက်မိုးပေးသည့်အဖြစ်ပင် အဆစ်ပါလိုက်သေးသည်။

အခုတော့ ထိုစိတ်ကူးယဉ်မှုအားလုံးသည် ခဲဖြင့်အပစ်ခံရသည့် ငှက်တစ်အုပ်လို ကျွန်တော့်အတွေးထဲမှ ထိတ်လန့်တကြား လွင့်ပျံထွက်ပြေးသွားကြပြီ ဖြစ်သည်။

ခွဲရခါနီးအချိန် ရောက်လေလေ၊ ကျွန်တော့်ရင်သည် ကွက်လပ်များဖြင့် ပို၍ ဟင်းလင်းပွင့်လာလေလေဖြစ်၏။ သူမှသာ မဟုတ်။ ဘယ်မိန်းမတစ်ယောက်ကိုမျှ စိတ်ဝင်စားခဲ့ဖူးခြင်းမရှိဟု ကိုယ့်ကိုယ်ကို အထင်ကြီးခဲ့သောအဖြစ်သည် ရောမလိမ်ညာမှုကြီးတစ်ခုသာ ဖြစ်ကြောင်း ကျွန်တော်သိခဲ့ရသည်မှာ သူနှင့် ကျွန်တော် ချစ်သူ ဖြစ်ကြပြီးနောက်ပိုင်းမှာသာ ဖြစ်သည်။

ရက်ပိုင်းအတွင်း မြို့ကလေးမှ ကျွန်တော် ထွက်ခွာသွားရတော့မည်။ ထိုအချိန်မတိုင်မီ ချစ်သူကို ရင်ခွင်ထဲတွင် ထွေးပွေ့ကာ လွင့်မျောနေသော တိမ်မျှင်များကို အကြာကြီး ငေးမောကြည့်နေချင်သည်။

တဒိတ်ဒိတ် ခုန်နေသော ကျွန်တော့်ရင်ဘတ်ပေါ်တွင် ချစ်သူက ပါးအပ်ထားမည်။

မွှေးမြသင်းပျံ့သော ချစ်သူ၏ဆံနွယ်များက လေအတိုက်တွင် ကျွန်တော့်မျက်နှာအပါး ဖွေ့ဝိုက်တို့ခတ်ပြေးဆော့ကစားနေမည်။

လုံးဝငြိမ်သက်လွင့်မျောနေသော ချစ်သူနှစ်ဦး၏ ခန္ဓာကိုယ်နှစ်ခုဆီမှ နှလုံးခုန်သံနှစ်ခုသာ ဖြည်းဖြည်းမှန်မှန် ထွက်ပေါ်နေမည်။

တိမ်မျှင်စများကလည်း ဘူတာမှ ထွက်ခါစ ရထားတစ်စီးလို ဖြည်းဖြည်းအေးအေး ရွေ့ရှားကလေး သွားနေမည်။

တမေ့တမော ငြိမ်သက်နေကြပြီး။ အချိန်တစ်ခု၌ ရင်ခွင်ထဲက ချစ်သူထံမှ စကားသံတိုးတိုး ထွက်လာမည်။ ကျွန်တော်ကလည်း သူ့ကို တိုးတိုးငြင်သာ တစ်စုံတစ်ရာ ပြန်ပြောနေမည်။ ထို အပြန်အလှန်ပြောစကားအားလုံး၌ အနက်အဓိပ္ပာယ်သည် သူက ကျွန်တော့်ကို မည်မျှချစ်ကြောင်းနှင့် ကျွန်တော်က သူ့ကို မည်မျှချစ်ကြောင်း။ ခွဲခွာနေရမည့်အချိန်များအတွင်း တစ်ယောက်ကိုတစ်ယောက် မည်မျှလွမ်းဆွတ်တမ်းတ နေကြရမည်ဖြစ်ကြောင်းမှလွဲ၍ အခြားဖြစ်နိုင်ဖွယ်ရာမရှိ။

ကျွန်တော့်နှုတ်ဖျားမှလည်း ချစ်သူကိုစိတ်မချကြောင်း၊ ချစ်ကြောင်း၊ လွမ်းကြောင်းများ စီးအန်ကျနေပေလိမ့်မည်။

ထိုအချိန်တွင် တိမ်မျှင်တို့သည်လည်းကောင်း၊ သစ်ပင်မြက်ခင်း

တို့သည်လည်းကောင်း၊ ကျေးငှက်လိပ်ပြာတို့သည်လည်းကောင်း ချစ်သူနှစ်ဦးကို စိုးရိမ်တကြီး စောင့်ကြည့်နေကြလိမ့်မည်။

ကျွန်တော် ဆွဲဆန့်ထားသော စိတ်ကူးမျှင်များက ကျွန်တော့်ကိုယ်ကို ပိုးအိမ်တစ်ခုလို အထပ်ထပ်ရစ်ပတ်တုပ်နှောင်လိုက်ချိန်တွင် ကျွန်တော်သည် အမှန်ပင် မွန်းကျပ်စွာ အသက်ရှူနေခဲ့ရသည်။

သို့သော် ကျွန်တော့် စိတ်ကူးများ၊ အတွေးများကို ချစ်သူအားတစ်စေ့တစ်စောင်းမျှပင် ဖွင့်မပြောပြဖြစ်ခဲ့ပါ။

ကျွန်တော် သူ့အပေါ် ချစ်ခင် တွယ်မက်ခဲ့သော အချစ်သည်လိုအင်ရမ္မက် ကင်းစင်သော သန့်စင်သည့် ချစ်ခြင်းသာ ဖြစ်လိုသည်။ ထိုသန့်စင်အချစ်ကို သူလည်း ကျွန်တော့်လိုပင် တန်ဖိုးထား လေးစားလိမ့်မည်ဟု ယုံကြည်သည်။ ထိုကြောင့် ဆန္ဒအားလုံးကို သော့ခတ်ကာ ကျွန်တော် အသန့်ရှင်းဆုံး နေထိုင်ပြခဲ့၏။

သို့သော် ကျောင်းတက်ရန် (ဤမြို့ကလေးမှ ထွက်ခွာသွားရန်) အချိန်အလွန်နီးကပ်နေသော နေ့ရက်တစ်ခု၏ ရုံးဆင်းချိန်တွင် ချစ်သူက မနက်ဖြန် သူ့အိမ်သို့လာခဲ့ဖို့၊ မနက်ပိုင်းတွင် အိမ်မှာပင် သူစောင့်နေမည်ဖြစ်ကြောင်း ပြောလာသည်။ ကျွန်တော် အံ့သြသွားသည်၊ သို့မဟုတ်လိုချင်သောဆုလာဘ်တစ်ခုကို မတောင်းဘဲရလိုက်သည့်အတွက် ဝမ်းသာသွားသည်။ တစ်စုံတစ်ရာကို မျှော်လင့်ခြင်းဖြင့် ရင်ခုန်သွားသည်။ တစ်ခုခု သို့မဟုတ် အလုံးစုံကို တစ်ပြိုင်နက်ခံစားလိုက်ရဟန်တူပါသည်။ ရုတ်တရက် တစ်ခုခုပြန်ပြောဖို့ ကျွန်တော့်နှုတ်သည် ဆွံ့အနေခဲ့၏။

ထိုစကားစုကို ပြောနေချိန်တွင် ချစ်သူ့မျက်နှာသည် ချယ်ရီပန်းတစ်ပွင့်ဖြစ်၏။

သူသည် ခေါင်းတွင်တွင်ငုံ့ထားရင်းမှ အေးစက်သော လက်ချောင်းများကို လိမ်ပတ် ဆုပ်နယ်နေသည်။ မိန်းမတစ်ယောက်၏ အိန္ဒြေကိုလည်စင်းချခင်းပေးလိုက်သလို ဖြစ်နေပြီလားဟု သူစဉ်းစားနေပုံပေါ်သည်၊

သူ့ရေခဲလက်ကို လှစ်ခနဲ တင်းနေအောင်ဆုပ်ကိုင်ရင်း စကားတစ်ခွန်း ပြောလိုက်သည်။

'ပီနန်းကို ကျွန်တော် သိပ်တွေ့ချင်နေပါတယ်'

( ၁၄ )

ချစ်သူ့အိမ်သို့ သွားရာလမ်းသည် ရှည်ဝေးလွန်းလှ၏။

စိတ်က မြန်မြန်သွားချင်နေသော်လည်း ခြေအစုံက စိတ်အလိုကို ဆန့်ကျင်စွာ နှေးနှေးလျှောက်၏။ တဒိတ်ဒိတ် ခုန်နေသောရင်သည် ကျွန်တော့်ဦးခေါင်းကို ငိုက်စိုက်ကျနေစေ၏။ မျက်လုံးက မြေပြင်ပေါ်ရှုပ်တိုက်၍ မြင်ကွင်းထဲ တစ်လှည့်စီ တိုးတိုးဝင်လာသော ကျွန်တော့်ဖိနပ်ဦးဖြူဖြူလေးနှစ်ခုကိုသာ မြင်နေရသည်။

စိတ်က ချစ်သူ့မျက်နှာကို ရှင်းရှင်းမြင်နေရသည်။

အတွေးက ချစ်သူနှင့်တွေ့ဆုံစဉ် ပြောမည့်စကားလုံးများကို မွှေနှောက်ရှာဖွေနေသည်။

ခြေအစုံသည် အလိုအလျောက်စက်ကိရိယာတစ်ခုလို သူ့ဦးတည်ရာ သူ့ဘာသာ ရှာဖွေသွားနေ၏။

အတွေးက စကားလုံးရွေးချယ်မှုနှင့် လုံးထွေးချာလည်နေ၏။

စိတ်ထဲက ချစ်သူကို ပြုံးပြလိုက်မိသည် ထင်၏။

မျက်လုံးရှေ့သို့ ဖိနပ်ဦးတို့ အလှည့်ကျ ဝင်ရောက်လာနေပြန်ပြီ။

မျက်လုံးသည် ရွက်ကြွေများ ပြန့်ကျဲနေသောလမ်းနှင့် မြင်ကွင်းထဲ မှန်မှန်ဝင်ရောက်လာနေသော ဖိနပ်ဦးနှစ်ခုကိုသာ ဆုံချက်မဲ့စွာ လိုက်ကြည့်နေသည်။

ထိုအခိုက်အတန့်တွင် ကျွန်တော်သည် ကျွန်တော်မဟုတ်။

စက်ရုပ်တစ်ခု ဖြစ်၏။

ဝိညာဉ်တစ်ခုသော်လည်း ဖြစ်ကောင်းဖြစ်နေနိုင်ပါသည်။

ခြေအစုံ ရပ်တန့်သွားသည်။ ထိုသို့ရပ်တန့်ပစ်လိုက်ဖို့ မည်သူက အမိန့်ပေးသည်လဲ။

ခေါင်းမော့ကြည့်လိုက်တော့ ရှေ့ခြေသုံးလှမ်းစာခန့်အကွာတွင် ခြံဝင်းတခါး ဖြူဖြူတစ်ခု။

မြူဆိုင်းနေသည့်ကြားက နှင်းပွင့်များနှင့်အလွန်တူသော မိုးမှုန်မှုန်ဖွဲဖွဲလေးများ သွန်ကျလာနေသည်။ အမှန်တော့ နူးညံ့သေးမှုန်လွန်းသော ထိုရေမှုန်ရေမွှားလေးများကို ‘မိုး’ဟု အမည်တပ်ရန်ပင် ခပ်ခက်ခက်ဖြစ်သည်။

အလွန်အေးစက်သော တောင်ပေါ်မိုးမှုန်များကျသည့် မနက်ခင်း ဖြစ်သည်။

ခြံတံခါး ပိတ်ထား၏။

ခြေထောက်များ ရပ်တန့်နေသည်။ ဆက်လျှောက်သွားဖို့ မေ့လျော့ နေသည်လား။ ကြောက်ရွံ့နေသည်လား။ ခြေထောက်များ ရပ်တန့်နေ သည်ကတော့ အသေအချာဖြစ်သည်။

လည်ချောင်းသည် စက်မနှိုးရသေးသော ကားတစ်စင်းလို အိခြွေ ရရ တိတ်ဆိတ်ငြိမ်သက်နေ၏။

ခေါင်းကို ကောင်းကင်သို့ မော့ကြည့်လိုက်သည်။

ခြံတံခါး ပိတ်နေဆဲဖြစ်၏။

အေးခဲသော မိုးမှုန်ရေစက်များကို မျက်နှာဖြင့် ခံယူလိုက်ပြီးသော အခါ ထွက်သက်ကို ပါးစပ်မှ မှုတ်ထုတ်မိ၏။

ရေနွေးငွေ့စက်ခေါင်းတစ်ခုမှ မှုတ်လွှတ်လိုက်သော ရေငွေ့ဖြူဖြူ တွေလို ပါးစပ်မှ အခိုးအငွေ့ဖြူများ မိုးပေါ်လွင့်ပျံပြေးတက်သွားပြီးသော အခါ ခြံတံခါးဆီ ကြည့်မိပြန်သည်။

တံခါးပိတ်ထားဆဲ။

ခပ်ကြဲကြဲရိုက်ထားသော ခြံတံခါးပျဉ်ချပ်များကြားမှ တံခါးဆီ လွင့်လာနေသော အရိပ်တစ်ခုကို မြင်လိုက်ရသည်။

'နန်း' ဖြစ်၏။

သို့သော် စိတ်က ထိုအရိပ်သည် 'နန်း'မဟုတ်နိုင်၊ 'နန်း'၏ဝိညာဉ် ဖြစ်မည်ဟု ထင်မြင်မိပြန်သည်။

ထိုအရိပ်ဝိညာဉ်သည် လမ်းလျှောက်မလာ။

မြူတွေကြားမှာ လွင့်မျောလာနေ၏။

လေအလွင့်တွင် တဖျတ်ဖျတ်မြည်နေသော ထမိအနားခပ်သံကို ပင် အတိုင်းသားကြားနေရသည်။

သူ့ဆံနွယ်တွင် မိုးမှုန်များ သီးပေနေပြန်ပါပြီ။

ဘောလုံးပွဲတစ်ခု ပြီးဆုံးလုချိန်တွင် ထိုဆံပင်မျိုး မြင်ခဲ့ရဖူး၏။

ကျွန်တော့်ခြေလှမ်းများ တံခါးဆီရွေ့သွားနေပြီလား။

စဉ်းစားချိန် မရလိုက်ပါ။

ခြံတံခါးပွင့်ပြီ။

မြေနီမြေညီလမ်းလေးအတိုင်း အိမ်ဆီသို့ ကျွန်တော်တို့ အရိပ်နှစ်ခု လွင့်မျောနေကြ၏။ လည်ပြန်လှည့်ကြည့်မိတော့ ခြံတံခါး ပိတ်ထားပြီးပြီ။ ထိုတံခါးကို ပိတ်ဖို့ ဘယ်သူက စသတိရလိုက်တာလဲ။ သူလား၊ ကျွန်တော်လား။

အေးစက်နေသော ကျွန်တော့်လက်သည် အေးစက်နေသော သူ့လက်နှင့် တွဲဆက်ထား၏။ လက်နှစ်ချောင်းသည် ပူးပေါင်းထားသည့် လက်တစ်ချောင်းသာ ဖြစ်နေတော့သည်။

မြူတို့ အလိပ်လိုက်အခဲလိုက် ကောင်းကင်ပေါ်မှ လွင့်စင်ကျလာပြန်၏။

ထို့ကြောင့် သူနှင့်ကျွန်တော် တိမ်စိုင်များကြားတွင် လွင့်ပါနေခြင်း ဖြစ်သည်ဟု ထင်မြင်မိသည်။

ယခုအချိန်တွင် ကျွန်တော့်နားနှစ်ဖက်သည် တိတ်ဆိတ်ခြင်း အသံတစ်ခုကိုသာ ကြားနေရ၏။

ခြေထောက်များ မြေကြီးနှင့် ထိတွေ့နေရသည့် ခံစားမှုမျိုးကို ကျွန်တော် ရမနေခဲ့။

မျက်လုံးက ကျွန်းတံခါးမကြီးတစ်ခုကို ဖျတ်ခနဲ တွေ့လိုက်ရ၏။

'ကျွီ'ဟူသော အသံရှည်တစ်ချက် ကြားလိုက်သည်။

ထိုအသံကို ကြားရခြင်းသည် ထိုမနက်အဖို့ ကျွန်တော့်နားက ပထမဆုံး အလုပ်လုပ်ခြင်းပင် ဖြစ်လိမ့်မည်။

တံခါးပွင့်သွား၏။

မီးလင်းဖိုတစ်ခုကို မြင်ရသည်။

ကျွန်တော်တို့နှစ်ယောက် အခန်းတစ်ခုထဲ ရောက်ခဲ့ပြီ။

'ကျွီ'သံတစ်ချက် ကြားရပြန်၏။

ကျွန်းတံခါးကြီး ပိတ်သွားပြန်ပြီ။ ထိုတံခါးကို ဘယ်သူ ပိတ်ခဲ့သည်လဲ။

ယခုအချိန်တွင် နွေးထွေးသော သည်အခန်းထဲတွင် သူနှင့် ကျွန်တော် နှစ်ယောက်တည်း ရှိနေသည်။

ကျွန်တော် သိပ်ချမ်းနေပြီထင်၍လားမသိ၊ သူသည် မီးလင်းဖိုဆီ သွားကာ ထင်းစတို့ကို ထိုးဆွရင်း အနွေးဓာတ်ပိုရအောင် လုပ်နေ၏။ မီးပွားတွေ တဖွားဖွားလွင့်စင်ကာ မီးရှိန်မြင့်လာသည်။ (ထိုမီးပုံသည် ကျောင်းဆင်းပွဲညက မီးပုံဖြစ်ကြောင်းကိုတော့ သူ သိဟန် မတူပါ၊ ထို့ကြောင့် ဤအကြောင်းစကားစပ်မိရန် ကျွန်တော် မကြိုးစားတော့။ )

သူ ရေဒီယို ဖွင့်ထားသည်လား။

နားထဲမှာ ' A Time For Us' သီချင်းသံ ကြားနေရသည်။

မျက်စိမှိတ်ကာ သီချင်းထဲအာရုံနှစ်လိုက်တော့ သံပြိုင်ပိုဒ်တွင် တယောသံတို့ အားအင်အပြည့် လူးလွန့်လွင့်ပျံနေသည်ကို ထင်ထင် ရှားရှားတွေ့ရ၏။

ထိုတယောသံသည် ဆရာအာသာ၏ တယောသံဖြစ်၏။

ညီမလေးခရစ္စတင်းနှင့် ဂျူလီယာတို့၏ တယောသံဖြစ်၏။

ကျွန်တော့် ကြားယောင်ထင်မှုဖြစ်မှန်းသေချာမှ မျက်လုံးဖွင့်လိုက်မိသည်၊ ထိုခဏသည် မည်မျှကြာခဲ့သည်မသိ။ မျက်လုံး ဖွင့်ဖွင့်ချင်း ကျွန်တော့်မျက်နှာရှေ့တည့်တည့် အလွန်နီးကပ်သော အကွာအဝေး တစ်ခုတွင် ချစ်သူမျက်နှာရှိနေကြောင်း တွေ့လိုက်ရသည်။

ယခုအချိန်တွင် ချစ်သူ့မျက်နှာသည် ကြေးနီရောင်အဆင်း ရှိ၏။

မီးလင်းဖို၏ အလင်းပဋ္ဌလက်အောက်တွင် ဆံပင်တို့သည် ရွှေရောင် တောက်ပနေကြ၏။

ကျွန်တော်တို့နှစ်ယောက် မျက်နှာချင်းဆိုင် ရပ်နေကြသည်။

တစ်ယောက်မျက်ဝန်းထဲ တစ်ယောက် စိုက်ကြည့်နေကြသည်။ မမှိတ်မသုန်၊ မြတ်မြတ်နိုးနိုး၊ ကြင်ကြင်နာနာ။

ထိုအခိုက်တွင် ကျွန်တော် ဘယ်လိုရပ်နေခဲ့ပါသလဲ။

လက်ပိုက်ထားသည်လား။ လက်နောက်ပစ်ထားသည်လား။ သူ ရော--- သူ့ဆံပင်ရှည်ရှည်ကြီးကို အဓိပ္ပာယ်မဲ့ လိမ်ကျစ်ဆော့ကစားနေ သေးသည်လား။

ကျွန်တော် သူ့ကို သိပ်ချစ်သည်။ သေချာသည်။

သူ့နှုတ်မှ အသံတိုးတိုးတစ်ခု ထွက်လာ၏။

'ချွေးတွေ'

ဟင့်အင်း ချွေးမဟုတ်ဘူး၊ မိုးစက်တွေဟု ကျွန်တော် မငြင်းရဲ။ အမှန်ပင် ချွေးစက်တွေ ဖြစ်နေနိုင်သည်။

သူလှည့်ထွက်သွား၏။ ဆံပင်ရှည်ရှည်များ ဝဲလှုပ်လိုက်ပါသွားကြသည်။

သူ ပြတင်းပေါက်ဖွင့်လိုက်သည်။

ခြံထဲမှ လေအေးအေးများ လိမ့်ဝင်လာသည်။ ကျေးငှက်သံများ ဝင်လာသည်။

အခန်းထဲတွင် ကျွန်တော်တို့နှစ်ယောက်တည်း မဟုတ်တော့။

သို့သော် မျက်နှာချင်းဆိုင် ရပ်နေမိကြပြန်သည်။

သည်တစ်ခါတော့ လက်နှစ်ဖက်တို့ မြဲမြဲဆုပ်ကိုင်ထားကြသည်။

တိတ်ဆိတ်ငြိမ်သက်လွန်းလှ၏။ စိတ်က ငြိမ်သက်ခြင်းကို ကြောက် ရွံ့နေသည်။ ရင်ဖိုနေသည်။ ဟင်းလင်းပြင်တစ်ခုတွင် ငြိမ်ငြိမ်သက်သက် ရပ်ကြည့်ဖူးပါသလား။

ငြိမ်သက်ခြင်းသည် ဟင်းလင်းပြင်ဖြစ်၏။

ကျွန်တော် ရပ်နေသည်။

မီးဖိုမှ တဖျစ်ဖျစ်မြည်သံ၊ ကျေးငှက်သံ၊ ခန်းဆီးစ လေတိုးသံတို့ သည် သီချင်းတစ်ပုဒ်ဖြစ်၏။

သူ ကျွန်တော့်ကို တစ်ခုခုပြောဖို့ ကောင်းသည်။

မဟုတ်သေးပါ။

ကျွန်တော်က သူ့ကို တစ်ခုခု ပြောရမည်ထင်သည်။

တိတ်ဆိတ်ခြင်းသည် စကားဖြစ်၏။

မျက်လုံးအကြည့်တို့သည် စကားဖြစ်၏။

မီးလင်းဖိုမှ အလင်းရောင်နှင့် အနွေးဓာတ်သည် စကားဖြစ်၏။

ကျေးငှက်သံ၊ သစ်ရွက်လေတိုးသံတို့သည် စကားဖြစ်၏။

ထိုစကားတို့ကို အဓိပ္ပာယ်မဖော်ပါနှင့်။ သူ့အလိုအတိုင်းသာ ရှိပါ စေ။ ကျေနပ်စွာခံစားပါ။

ချစ်သူ့စကားသံ နားထောင်ချင်သည်။

ဤခံစားမှု၊ တွေးတောမှုတို့သည် ဝဏ်ပါပဟောဠိကစားနည်း ဖြစ်

၏။ ညှို့ငင်ထားသော ယန္တရားတစ်ခုထဲမှ ရုန်းမထွက်နိုင်တော့။ ဘယ်အချိန် ရှိပြီလဲ။ အချိန်ကြာလှပြီလား။ ဘာမှမကြာသေးဘူးလား။ ချစ်သူအား စကားအများကြီး ပြောပြီးပြီထင်သည်။ ကျွန်တော်တို့ ထိုင်နေသည်လား၊ ရပ်နေကြသည်လား။ ကျွန်တော့်အိပ်ခန်းထဲက ခုတင်ပေါ်တွင် အိပ်ပျော်ရင်း အိပ်မက်မက်နေတာ ဖြစ်နိုင်သည်။ သို့သော် ချစ်သူ၏ ကိုယ်သင်းနံ့က သူသည် အိပ်မက်မဟုတ်ကြောင်း ငြင်းဆိုနေ၏။ တစ်ယောက်တည်း ချာချာလည်နေစဉ် ချစ်သူထံမှ 'နင် ငါ့ကို ဘာမှမပြောတော့ဘူးလား'ဟူသော စကားသံထွက်လာသည်။ (ခုချိန်ထိ ကျွန်တော် ဘာမှမပြောရသေးဘူးလား။)

သူ့စကားသံသည် ပုံးဆံတစ်ခုဖြစ်၏။

စက်ယန္တရားတစ်ခု၏ အင်ဂျင်ကို စတင်နှိုးလိုက်သံ ဖြစ်၏။

ရေကာတာတစ်ခု၏ ရေလွှဲတံခါးကို ဖွင့်လိုက်ချိန် ဖြစ်၏။

ဒုံးပျံတစ်စင်း၏ လောင်စာကန်ကို စတင်ရှို့လိုက်ချိန် ဖြစ်၏။

ထုနှင့်ထည်နှင့် တလိမ့်လိမ့်တက်လာနေသော လှိုင်းလုံးများ စတင်ခေါင်းကွဲချိန် ဖြစ်၏။

ကျည်အပြည့် ထည့်ထားပြီး မောင်းတင်ထားသော သေနတ်တစ်လက်ကို ခလုတ်ညှစ် ပစ်ခတ်လိုက်ချိန် ဖြစ်၏။

သည့်နောက် ကျွန်တော် သူ့ကို စကားအများကြီး ပြောလိုက်ဖြစ်မည် ထင်ပါသည်။ ထိုစကားများကိုတော့ ကျွန်တော် မမှတ်မိတော့ပါ။ အသေအချာ ပြောနိုင်သည်မှာ ထိုစကားများ၏ အဓိပ္ပာယ်သည် သူ့ကို ချစ်ကြောင်း၊ လက်ထပ်လိုကြောင်း၊ ခွဲခွာနေကြချိန်တွင် သစ္စာရှိရှိ နေထိုင်ကြမည်ဖြစ်ကြောင်းမှ လွဲ၍ အခြားမဖြစ်နိုင်ကြောင်းပင်ဖြစ်၏။

ကျွန်တော် စကားအများကြီး ပြောခဲ့ပြီးပါပြီ။

ကျွန်တော် ပေါက်ကွဲပွင့်အန်ခဲ့ပြီးပါပြီ။ သည့်ထက် ပိုပြင်းထန်တောက်လောင်ခဲ့လျှင် ကျွန်တော်တို့နှစ်ဦးသည် ဤအခန်းလေးထဲတွင်ပင် ပြာမှုန်ပြာစများ ဖြစ်သွားနိုင်ဖွယ်ရှိပါသည်။

ထိုခဏ၌ ကျွန်တော် သူ့ကိုလက်တွဲဖြုတ်လိုက်မိသည်ထင်၏။

တံခါးသံ 'ကျွီ'ခနဲ ကြားရပြန်ပြီ။

ဤတစ်ကြိမ် တံခါးဖွင့်သူသည် ကျွန်တော်ကိုယ်တိုင်ဖြစ်၏။

'ကွီ'သံ ကြားရပြန်ပြီ။

ဤတစ်ကြိမ် တံခါးပိတ်သူသည် ကျွန်တော်ကိုယ်တိုင် ဖြစ်၏။

ကျွန်တော် ချစ်သူအိမ်မှ ပြန်ခဲ့ပြီ။

သို့သော် ကျွန်းတံခါးကြီးနှင့် သုံးလေးလှမ်းထက်ပိုပြီး ကျွန်တော့် ခြေထောက်များက ရှေ့ဆက်မသွားခဲ့ကြပါ၊ ခြံဝင်းထဲ ကျွန်တော် ပြန်ရောက်ဖို့ ရှေ့တွင် အနည်းဆုံး တံခါးတစ်ချပ်ကို ထပ်မံ ဖြတ်သန်းရဦးမည်ထင်သည်။ ထိုတံခါးဆီသို့ ကျွန်တော်နှင့် ကျွန်တော့် ခြေထောက်များက ဆက်မသွားခဲ့ပါ။

ကျွန်တော့် ခြေတောက်တို့ ရပ်မြဲနေရာမှာ ဆက်ရပ်နေ၏။

ကျွန်တော့်စိတ်တို့ လာရာလမ်းအတိုင်း အိမ်သို့ လျှောက်ပြန်နေခဲ့ပြီ။

ခြေထောက်အောက်မှာ ရွက်သေများ တရှပ်ရှပ် မြည်နေ၏။

မြူတွေ လိမ့်ကျလာပြန်ပြီ။

မိုးနှင်းမှုန်များလည်း ထုနှင့်ထည်နှင့် လိုက်ပါလာကြ၏။

ကျွန်တော့်ဖိနပ်များ အေးစက်စွာ စိုစွတ်နေကြသည်။ ကျွန်တော် လမ်းဆက်လျှောက်နေသည်။ ကျွန်တော့် ခြေထောက်တို့ ရပ်တန့်ကျန်နေရစ်ခဲ့၏။

ကျွန်တော် ရပ်နေရာနှင့် ခြေလှမ်းသုံးလေးလှမ်းအကွာတွင် တံခါးတစ်ချပ် ရှိသည်၊ ကျွန်တော် ပိတ်ထားခဲ့သော တံခါးဖြစ်၏။ ထိုတံခါးချပ်၏တစ်ဖက်(အခန်းထဲတွင်) ချစ်သူရှိသည်။ သူ ထိုင်နေသည်လား။ ပြတင်းတံခါးရှေ့တွင်ရပ်ရင်း ခြံတံခါးဆီ ငေးမျှော်ကြည့်နေသည်လား။ မီးလင်းဖိုကို ထိုးဆွ ဆော့ကစားနေသည်လား။

ဆံနွယ်များ ညွတ်ပြောင်းလှ၏။

သူ့အပြုံးက ချိုလှသည်။ ချိုမြိန်သောအပြုံးကို ထုတ်လုပ်တတ်သည့် နှုတ်ခမ်းပါးတစ်စုံ ချစ်သူထံရှိနေကြောင်း ကျွန်တော် ဘာ့ကြောင့် မေ့လျော့နေခဲ့ပါသနည်း။

ကျစ်ကျစ်ဆုပ်ကိုင်ထားသော ကျွန်တော့်လက်ထဲတွင် ချစ်သူ၏ အေးစက်စက်လက်တစ်စုံရှိသည်။

ကျောက်ချထားသော သဘော်များသည် ကျွန်တော်တို့လိုပင်

ငြိမ်သက်စွာ ရပ်တန့်နေတတ်ပါသလား။

ကြေးနီရောင်ပါးနှစ်ဖက် မီးလင်းဖိုကြောင့် နွေးနေရော့မည်။

ကျွန်တော် သွားရမည့် ခရီးရှည်တစ်လျှောက်တွင် ဂရုစိုက်တတ်သော ဖွန်းခက်ရင်းတစ်စုံလောက် အမြဲလိုလိုရှိနေလျှင် ကောင်းမည်။

တွေးကြည့်ရုံနှင့် လွမ်းလာသည်။

ကျွန်တော်ရပ်နေသည့် အခန်းထဲသို့ ကျွန်တော့်နာမည် တစ်လုံးစ နှစ်လုံးစ ပြုတ်ကျလာ၏။ နောက်--- ကျလာသည့် နာမည်များ တဖြည်းဖြည်း ပိုပိုများလာသည်။ ခဏအကြာ၌ ထိုအခန်းသည် ကျွန်တော့်နာမည်များဖြင့် ပြည့်မောက်မို့လျှံနေသော အခန်းတစ်ခု ဖြစ်သွားခဲ့သည်။ ထိုနာမည်တို့သည် စာအုပ်ထဲမှ ချစ်သူ့လက်ရေးများ ဖြစ်ကြောင်း ကြည့်ရုံနှင့် သိနိုင်သည်။ ထိုနာမည်များကို လက်နှင့် ထိကိုင်လိုက်သောအခါ သူတို့က သူတို့သည် နာမည်များမဟုတ်ကြ။ နာမည်ယောင်ဆောင်ထားသည့် နှလုံးခုန်သံများသာဖြစ်ကြောင်း ဝိုင်းပြောကြသည်။

တဒိတ်ဒိတ်ရင်ခုန်သံကို ပီပီသသ ကြားလိုက်ရ၏။

ကျွန်တော့်ရင်ဘတ်ထဲကလား၊ ကျောပေးထားသော တံခါးတစ်ချပ်နောက်ကလား။

ထိုတံခါးနောက်တွင်တော့ ချစ်သူ ရှိနေသေးသည်မှာ သေချာသည်။

ချစ်သူ၏ပါးပြင်တွင် ကြေးနီရောင်အဆင်းရှိသော အနွေးဓာတ်များ စွဲမြဲခိုဝင်နေမည်။

ကျွန်တော် သူ့ကို နှုတ်မဆက်ရသေးဟု ထင်သည်။ သိပ်ချစ်ကြသော ချစ်သူများသည် ခွဲခွာရခါနီးတွင်တော့ ကိုယ့်ချစ်သူကို မမေ့မလျော့ နှုတ်ဆက်သင့်သည်မဟုတ်ပါလား။ ကျွန်တော့်ချစ်သူကို နှုတ်ဆက်ဦးမှ ဖြစ်မည်။ နဖူးပြင်လေးကို နမ်းခြင်းဖြင့်လား။ ဆံနွယ်စများကို နမ်းခြင်းဖြင့်လား၊ နှုတ်ခမ်းပါးကို လက်ချောင်းများဖြင့် ယုယုယယ ပွတ်သပ်ကျီစယ်ခြင်းဖြင့်လား။ တစ်ခုခုသော အပြုအမူဖြင့်တော့ နှုတ်ဆက်သင့်သည်။

ဘယ်အချိန်က ထိုတံခါးရှေ့ ကျွန်တော် ပြန်ရောက်နေခဲ့သည်လဲ။

ဦးနှောက်က မေးခွန်းတစ်ခု ထုတ်နေစဉ်မှာ လက်က တံခါးကို ခေါက်နေပြီ။

( ၁၅ )

'ဒေါက်---ဒေါက်---ဒေါက်'

ကျွန်တော့်တံခါးခေါက်သံကို ဗုံးပေါက်သံတစ်ခုအလား ကျယ်လောင်စွာ ကျွန်တော် ပြန်ကြားနေရသည်။ ထိုတံခါးခေါက်သံအတွက် မည်သို့သောတုံ့ပြန်မှုမျိုးကိုမှ ကျွန်တော်ပြန်မရပါ။ သက်ရှိသက်မဲ့အားလုံး တိတ်ဆိတ်ခြင်းထဲ၌သာ တိုးတိုးတိတ်တိတ် ပျော်ဝင်နေကြပုံရပါသည်။

တံခါးပွင့်မလာပါ။

'ဒေါက်---ဒေါက်---ဒေါက်'

ထိုတံခါးကို ဖွင့်ပေးဖို့ ကျွန်တော် ထပ်မံကြိုးစားနေခြင်း ဖြစ်ပါသည်။ သို့သော် အမှန်တကယ် ထိုတံခါးပွင့်လာမည်ကိုလည်း ကျွန်တော် စိုးရိမ်နေပြန်ပါသည်။

ထို ကွယ်ဝှက်ထားသော တံခါးနောက်တွင် ချစ်သူရှိ၏။

သူ့မျက်နှာကို ယနေ့အဖို့ နောက်တစ်ကြိမ်ထပ်တွေ့နိုင်ရန် ထိုတံခါး ပွင့်မှဖြစ်မည်။

မြင်တွေ့လိုစိတ်နှင့် စိုးရိမ်စိတ်တို့ ရန်ဖြစ်မဆုံးမီတွင် နောက်တစ်ကြိမ် ကျွန်တော် တံခါးခေါက်ဖြစ်ပြန်ပါသည်။

'ဒေါက်---ဒေါက်---ဒေါက်'

ထိုတံခါးခေါက်သံကြားလျှင် မီးလင်းဖိုကနေ၊ ဒါမှမဟုတ် ပြတင်းတံခါးကနေ တံခါးမကြီးဆီ လျှောက်လာမည့် ချစ်သူ့ခြေသံကို ကြားရမည် ဖြစ်သည်။ ချစ်သူ့ခြေသံဖွဖွကို စိတ်ကူးဖြင့် နားထောင်နေမိ၏။

မည်သည့်လှုပ်ရှားသံမျှ မကြားရဘဲ တံခါးမကြီးသည် တကျွီကျွီမြည်သံပေးရင်း တဖြည်းဖြည်းချင်း ပွင့်လာနေသည်။

ကျွန်တော့်ချစ်သူသည် ထိုတံခါးကြီးကို ကျောမှီကာ တစ်ချိန်လုံး ရင်ခုန်စိတ်လှုပ်ရှားစွာ ရပ်နေပုံရသည်။

ထိုတံခါး ပွင့်လာနေပုံမှာလည်း ဖတ်ဖူးသည့် ပုံပြင်တစ်ပုဒ်ထဲမှ ဂူတံခါးကြီးပွင့်လာပုံနှင့် ဆင်တူသည်ဟု ခံစားမိသည်။ ကျွန်တော် ဖတ်ဖူးသော ပုံပြင်ထဲမှ မင်းသားလေးက သူ၏ချစ်ခြင်းတရားနှင့် သစ္စာကို တိုင်တည်ကာ ဆုတောင်းလိုက်သောကြောင့် မင်းသမီးလေးကို သိမ်းဝှက်ထားသည့် ဂူတံခါးကြီးသည် တကျွီကျွီမြည်သံပေးရင်း ထိုကဲ့သို့ပင်ပွင့်

လာခဲ့သည်ကို ဘာအကြောင်းကြောင့် ရုတ်တရက် အမှတ်ရလိုက်သည် ကို ကျွန်တော် မသိပါ။ တံခါးအပွင့်တွင် ချစ်သူ ကျောပေးထားရာ ပြတင်းပေါက်ဆီမှ အလင်းတန်းများ ကျွန်တော့် ခြေထောက်ကို လာ ရောက် ထိမှန်၏။

ခြေအစုံသည် စွဲစွဲမြဲမြဲ ရပ်နေဆဲ။

တံခါးသည် တဖြည်းဖြည်းချင်း ပွင့်လာနေဆဲ။

မီးလင်းဖိုဆီမှ လှမ်းပက်လိုက်သော မီးအလင်းကြောင့် ရွှေအဆင်း ရှိနေသော ချစ်သူ၏ ဆံနွယ်ပျော့တို့ကို စမြင်ရသည်။

တံခါးသည် တဖြည်းဖြည်းချင်း ပွင့်လာနေသည်။

ချစ်သူ့လက်မောင်းမှ မွေးညင်းနုတို့ နောက်ခံအလင်းရောင်ကြောင့် ငွေရောင်တောက်နေ၏။

တံခါးသည် တဖြည်းဖြည်းချင်း ပွင့်လာနေသည်။

မနက်ခင်းအလင်းနှင့် မီးဖိုမှ အလင်းတို့သည် ချစ်သူ၏ ကျောပြင် တစ်ခုလုံးကို လုံလုံလောက်လောက် ဖျန်းပက်ထားသည်။

တံခါးသည် တဖြည်းဖြည်းချင်း ပွင့်လာနေသည်။

တံခါးတစ်ချပ်၏ ရွေ့လျားဖြစ်စဉ်အတိုင်း စဉ်ဆက်မပြတ် တကျွီကျွီ မြည်နေသော ဆီမဲ့ပတ္တာတစ်ချပ်၏ အသံရှည်သည် ရင်ထိတ်ဖို့ ကောင်း သော ဂီတသံစဉ်တစ်ခု ဖြစ်၏။

ချစ်သူ၏ ခန္ဓာကိုယ်တစ်ခြမ်းကို ဒေါင်လိုက်မျဉ်းအတိုင်း မြင်နိုင် သည်အထိ တံခါးပွင့်သွားချိန်တွင်တော့ သူ့ကျောပြင်တစ်ခုလုံး အလင်း ဖြင့် ရွှဲရွှဲစိုနစ်နေကြောင်း အသေအချာ သိလိုက်ရတော့သည်။

မျက်နှာတစ်ခြမ်း မြင်ရသည်အထိ နှေးကွေးစွာ တဖြည်းဖြည်း သာ ပွင့်ခဲ့သောတံခါးသည် အလွန်မြန်သောအရှိန်ဖြင့်ချက်ချင်း ဟင်းလင်း ပွင့်ခဲ့ပြီ။

ကျွန်တော်တို့ မျက်နှာနှစ်ခုသည် အလွန်နီးကပ်စွာရှိနေကြ၏။ သူ့မျက်ဝန်းတို့ အရောင်တောက်လွန်းသည်။ သူ့အပြုံးတို့ ချိုမြလွန်း သည်။ ရှက်ရွံ့ထိတ်လန့်မှုများ ပေါ်လွင်လွန်းသည်။

ကျွန်တော် သူ့ကို တစ်ခုခုပြောလိုက်မိသလား။

သူက ကျွန်တော့်ကို တစ်ခုခုပြောလိုက်သည်လား။

မျက်နှာနှစ်ခု အလွန်နီးကပ်စွာ ရှိနေသည်။

နှုတ်ဆက်ဖို့ မမေ့လိုက်နဲ့ဦးဟု ဘာသာသတိပေးနေရသည်မှာ အကြိမ်ကြိမ်ရှိပြီ။ မှန်တစ်ချပ်ထောင်ကာ ကိုယ့်မျက်နှာ အမူအရာ ကိုယ် ပြန်ကြည့်လိုစိတ် ပေါ်လာသည်။

ကျွန်တော့်နှုတ်ဖျားက စကားတစ်ခွန်းတစ်လေ ထွက်ကျခဲ့ပါ သလား။ ချစ်သူလက်ကို ဆွဲယူနမ်းရှိုက်လိုက်မိသလား။

ရင်ထဲက ရမ္မက်မီးတွေ မီးလင်းဖိုတစ်ခုလို တောက်လောင်နေ သလားဟု ကိုယ့်ရင်ကိုယ် အလန့်တကြားငုံ့ကြည့်မိတော့ ရေခဲတောင် တစ်လုံးကို မားမားကြီး တွေ့လိုက်ရသည်။

အချိန်သည် တစ်ခါတစ်ရံအလွန်ကြာ၍ တစ်ခါတစ်ရံ အလွန်မြန် သောအရာဖြစ်သည်။

ကျွန်တော်တို့ စကားမပြောဖြစ်ကြတော့ဘူးလား။ ကျွန်တော် ကိုယ်တိုင်နှင့် ကျွန်တော့်အတွေးတို့ လုံးထွေးရစ်ပတ်ဖြစ်နေချိန်တွင် ချစ်သူထံမှ စကားသံ ကြားလိုက်ရသည်။

'ဘာကျန်ခဲ့လို့လဲ'တဲ့။ အမှန်တော့ သည်စကားသည် သိပ်တော့ ကဗျာမဆန်လှပါ။

ဤအခန်းထဲတွင် ကျွန်တော် ကျန်ရစ်ခဲ့သောအရာမှာ များလွန်း လှ၏။

ရင်ခုန်သံများ ကျန်ရစ်ခဲ့သည်။

ကိုယ်သင်းနံ့များ ကျန်ရစ်ခဲ့သည်။

မဆုံးသည့်အတွေးများ ကျန်ရစ်ခဲ့သည်။

မေ့လျော့ခြင်းတို့ ကျန်ရစ်ခဲ့သည်။

အလိုဆန္ဒတို့ ကျန်ရစ်ခဲ့သည်။

သိမ်မွေ့နူးညံ့မှုများ ကျန်ရစ်ခဲ့သည်။

လူငယ်တစ်ဦး၏ ပထမဦးဆုံးသော အချစ်တို့ ကျန်ရစ်ခဲ့သည်။

ဘဝအစိတ်အပိုင်းများ ကျန်ရစ်ခဲ့သည်။

တွေဝေမိန်းမောမှုများ ကျန်ရစ်ခဲ့သည်။

ကျွန်တော် ကျန်ရစ်ခဲ့သောအရာများမှာ များလွန်းလှသဖြင့် ရေ တွက်၍ မဆုံးနိုင်လောက်အောင် ဖြစ်ခဲ့သည်။

ပြန်လည်ကောက်ယူသိမ်းဆည်းလိုက်ဖို့ မဖြစ်နိုင်သော ကျန်ရစ်မှုများသာ ဖြစ်သည်။

ထိုကျန်ရစ်ခဲ့မှု အားလုံးကို ကျွန်တော့်ချစ်သူက သေသေသပ်သပ် သိမ်းဆည်းပေးထားလိမ့်မည်ဟု ယုံကြည်ရင်း ချစ်သူ့နဖူးကို စိတ်ကူးဖြင့် နမ်းမိသည်။

ထိုအနမ်းသည် နှုတ်ဆက်ခြင်း ဖြစ်၏။

ထိုအနမ်းသည် ရက်ပေါင်းများစွာ လွမ်းနေရမည့် အလွမ်းကို တင်ကူးဖော်ပြခြင်း ဖြစ်၏။

ကျွန်တော့် ရည်ရွယ်ချက်ကို ပေါက်မြောက်အောင် အကောင်အထည်ဖော်ခြင်း ဖြစ်၏။

ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်မထားလိုက်မိပါ။

ကျွန်တော်နှင့်ချစ်သူကြား ရမ္မက်ဆန်သောအိပ်မက်များ မကျန်ခဲ့စေလို။

ချစ်သူ၏အခန်းကို ရှင်းသန့်သောချစ်ခြင်းစစ်စစ်ဖြင့် ဂုဏ်တင့်နေစေလိုပါသည်။

တစ်ချိန်တွင် ကျွန်တော်တို့နှစ်ဦး လက်ထပ်ပြီး ဤအခန်းလေးသို့ ရောက်ရှိလည်ပတ်ကြသည်ဆိုပါစို့။ ကျွန်တော်တို့နှစ်ဦးသည် ဤအခန်းကြီးကိုရော၊ နံရံတွင် စီရီထားသောစာအုပ်များ၊ ကြမ်းပြင်နှင့် မီးလင်းဖို၊ ပြတင်းပေါက်များကိုရော စိတ်လက်သန့်သန့်ဖြင့် နှုတ်ခွန်းဆက်စကား ဆိုနိုင်ကြပါမည်။ ရိုးသားရှင်းသန့်ခြင်းသည် အစဉ်စိမ်းလန်းသော နှစ်ရှည်ပင် တစ်မျိုးဖြစ်ကြောင်း ကျွန်တော် ယုံကြည်ပါသည်။

မေးခွန်းတစ်ခု မေးပြီးသည့်နောက် ချစ်သူသည် ဘာစကားမျှ ဆက်မဆိုဘဲ ကျွန်တော့်ကိုသာ ငေးမောကြည့်နေပါသည်။

အဖြေတစ်စုံတစ်ရာကို ငံ့လင့်နေဟန်ရှိ၏။

ချစ်သူ၏ မျက်ဝန်းမှ ချစ်ခင်စုံမက်ခြင်းအရိပ်အရောင်များ စီးအန်ကျနေ၏။

ကျွန်တော့်မျက်ဝန်းတို့သည်လည်း ထိုအတိုင်းပင် ရှိနေမည် ထင်သည်။

ကျွန်တော် တစ်ခုခုပြန်ဖြေဖို့ လိုအပ်နေကြောင်း သိသည်။ ထို့

ကြောင့် သူ့ကို ကျွန်တော်တစ်ခုခု ပြန်ဖြေဖြစ်လိုက်သည်မှာ သေချာသည်။ သို့သော် ကျွန်တော်ဘာဖြေ၊ ဘာပြန်ပြောလိုက်ကြောင်း ကျွန်တော်ကိုယ်တိုင် မသိသည်မှာလည်း သေချာနေပြန်ပါသည်။

ကျွန်တော် သတိရမိနေသည်မှာ ကျွန်တော့်အဖြေစကား အဆုံး၌ ကျွန်တော့်မျက်နှာသို့ ကျရောက်ထိမှန်လာခဲ့သော ချစ်သူ၏ သက်ပြင်းနွေးနွေးကိုသာ ဖြစ်သည်။

သူ ညွှန်ပြရာ တံခါးတစ်ချပ်ဆီသို့ ကျွန်တော် လျှောက်လာခဲ့၏။

'ကျွီ'သံပေး တံခါးတစ်ချပ်သည် ကျွန်တော့်နောက်တွင် ပိတ်ကျန်ရစ်ခဲ့ပြီ။ အမှန်တကယ့်ကို ပိတ်ကျန်ခဲ့ပြီ ဖြစ်သည်။

အဖြူရောင် ခြံတံခါးကို တွန်းဖွင့်လိုက်သော ကျွန်တော့်လက်တွင် ခွန်အားမဲ့နေသည်။

မိုးနှင်းတို့ဖြင့် ရွှဲရွဲစိုနေသော လမ်းကလေးထက်တွင် ရွက်ကြွေတို့ အတုန်းအရုန်း သေဆုံးနေ၏။

ကျွန်တော့်ရင်ထဲမှာ အချစ်ပန်းခင်းတစ်ခုလုံး သန့်စွမ်း လှပစွာ ပွင့်အာလာနေသည်။ သီချင်းတစ်ပုဒ် ဆိုညည်းကြည့်ဖို့ ကြိုးစားကြည့်သည်။ ခန္ဓာကိုယ်မှ အသံထွက်မှုဆိုင်ရာ အစိတ်အပိုင်းများ ခေတ္တသေဆုံးနေဟန်တူ၏။ လည်ချောင်းနှင့် နှုတ်ခမ်းဆီမှ ဘာအသံမျှ ထွက်မလာ။

ထိုစဉ်ခဏ၌ ကျွန်တော့်နားက အသံများကြားလိုက်ရ၏။

ထိုအသံသည် တယောသံမြိုင်မြိုင်ပါသော တေးသီချင်းတစ်ပုဒ်၏ အသံဖြစ်သည်။

ထိုသီချင်းသံကြောင့် ငှက်များ လန့်ပျံသွားကြသည်။

ရွက်သေများကို နင်းလျှောက်ပြန်ရသည့် ချစ်သူ့အိမ်မှ အပြန်လမ်းသည် တိတ်ဆိတ်ရှည်လျားလွန်းလှသည်။

( ၁၆ )

မိုးရာသီတွင် ဤသို့ ပြာစင်သောကောင်းကင်တစ်ခု ရရှိလိုက်ဖို့သည် ဖြစ်တောင့်ဖြစ်ခဲကိစ္စတစ်ခုသာ ဖြစ်၏။

သို့သော် ထိုနေ့က ကောင်းကင်သည် အမှန်ပင်တိမ်စင်၍ ကြည်လင်နေကြောင်း ကျွန်တော် မှတ်မိနေပါသည်။

နေရောင်လင်းလင်းတို့ မြေပေါ် ရဲရဲစိုက်ဆင်းလိုက်သောအခါ မြေကြီးသည် သစ်လွင်သော သစ်စိမ်းရောင်တို့ဖြင့် ပိုမိုတောက်ပ လှပလာ၏။ လေယာဉ်ကွင်းမှ လှမ်းမြင်ရသော ဟိုးဝေးဝေးက တောင်တန်းတချို့သည် တောင်ခိုးတစ်ခုကို ဆွဲယူ၍ သူတို့ကိုယ်သူတို့ မလုံမခြုံ ရစ်ပတ်ထားကြသည်။

လင်းပွင့်သောကောင်းကင်အောက်တွင် ခြေစုံရပ်ရင်း ကျွန်တော့်ရင်တစ်ခုလုံး ဟင်းလင်းပွင့်နေသည့် အဖြစ်ကိုမူ ကျွန်တော် တစ်ယောက်သာ သိနေသည်။

ကျွန်တော့်ဘေးတွင် အဖေ၊ အမေနှင့် တီးဖော်ကန်ဖက်များက ဝိုင်းရံထားကြ၏။ သူတို့မျက်နှာများသည် ရာသီဥတုနှင့် လိုက်ဖက်အောင် ဝင်းပလွန်းလှ၏။ ရယ်မောသံ၊ နောက်ပြောင်ကျီစယ်သံတို့ဖြင့် သောသောညံ လှပနေချိန်ဖြစ်၏။ ကျွန်တော့်ရင်သည် ဟင်းလင်းပွင့်နေသည်။

လေဆိပ်သည် ခရီးသွားများ၊ ခရီးဆောင်အိတ်များ၊ ဝန်စည်စလှယ်များ၊ ပို့ဆောင်နှုတ်ဆက်သူနှင့် လာရောက်ကြိုဆိုသူများ၊ လှုပ်ရှားသွားလာနေသည့် ယာဉ်များ၊ အမျှင်မပြတ်သော စကားများဖြင့် စုတ်ချက်ခပ်သွက်သွက်တင်ထားသော ပန်းချီကားတစ်ချပ် ဖြစ်၏။

အမေက ကျန်းမာရေးဂရုစိုက်ဖို့၊ အနေအထိုင် အစားအသောက် ဆင်ခြင်ဖို့ မှာသည်။

နားထောင်ခေါင်းညိတ်နေရင်း မျက်လုံးက လေဆိပ်အဝင် လမ်းမဆီ ရောက်နေသည်။

သူငယ်ချင်းများက အင်္ဂလိပ်သီချင်းခွေ ကောင်းကောင်း ရှာဝယ်ခဲ့ဖို့ မှာသည်။

နားထောင်ခေါင်းညိတ်နေရင်း မျက်လုံးက လေဆိပ်အဝင် လမ်းမဆီ ရောက်နေသည်။

ဝန်စည်စလှယ်များ ဝမ်းဗိုက်တွင် နင့်နေအောင် မြိုချထားသော လေယာဉ်က ခရီးသည်များကို လေယာဉ်ပေါ် တက်ရောက်ဖို့ ခေါ်နေသည်။

မှော်မောနေသော မျက်လုံးအစုံကို ရုပ်သိမ်းကာ လေယာဉ်ဆီ ခြေဦးလှည့်လိုက်၏။

လေယာဉ်ပေါ်အတက် လှေကားရင်းအရောက် လမ်းမဆီ လည်ပြန် လှည့်ကြည့်ဖြစ်အောင် ကြည့်လိုက်မိသေးသည်။ အဖေ၊ အမေနှင့် သူငယ် ချင်းများ လက်ပြနှုတ်ဆက်နေသည်ကို တွေ့ရ၏။ ပြန်လည် လက်ပြနှုတ် ဆက်နေသည့်ကြားက ကျွန်တော့်မျက်လုံးများသည် သူတို့ခေါင်းပေါ်မှ ကျော်ကာ လမ်းမဆီ ကျရောက်ခဲ့ပြန်သည်။

အစိမ်းရောင် မြက်ခင်းနှစ်ခုကြားတွင် စန့်စန့်ကြီး လဲလျောင်းအိပ် ငိုက်နေသော လေဆိပ်အဝင်ကတ္တရာလမ်း အလွတ်တစ်ခုကိုသာ တွေ့ ရသည်။

ဟာနေသော ရင်အတွက် ဖြည့်စွက်စာ မရှိသည်မှာ သေချာသွား ပြီ။

လေယာဉ်ပေါ် တက်လိုက်သည်။ ပြတင်းပေါက်နှင့် ကပ်နေသော ထိုင်ခုံလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်သည်။ ထိုပြတင်းပေါက်မှတစ်ဆင့် ဗလာကျင်းနေသော ကတ္တရာလမ်းမကို မြင်နေရပြန်သည်။ မြင်တော့ လည်း ကြည့်မိ၏။ လေယာဉ် ပျံတက်သည်အထိ ထိုလမ်းမသည် လှုပ်ရှားမှုမဲ့စွာ ပကတိငြိမ်သက်နေ၏။

အမှန်တကယ်ပင် မြို့ကလေးမှ ထွက်ခွာခဲ့ရပြီ။

မြို့နှင့် မိဘသူငယ်ချင်းများအား ရက်ရှည်ခွဲရသည်မှာ သည်တစ် ကြိမ် ပထမဆုံးဖြစ်သည်။ ဆွေးမြည့်လေးလံနေသော စိတ်သည် အလို မကျမှုဖြင့် ပိုမိုတင်းကြပ်လေးလံလာ၏။ ရှေ့ထိုင်ခုံ နောက်ကျောတွင် ကပ်ထားသည့် စားပွဲခုံလေးကိုဖြုတ်ချလိုက်သည်။ အိတ်ထဲမှ စာရေးစက္ကူ ကဒ်ကို ထိုခုံငယ်ပေါ်တင်ရင်း ဖောင်တိန်ကို ဖွင့်လိုက်၏။ လေယာဉ်မယ် လာပေးသည့် ကော်ဖီခွက်ကို လက်ကာ ငြင်းပယ်လိုက်ပြီး စာတစ်စောင် ကောက်ရေးနေမိသည်။ ထိုစာသည် 'နန်းမြမှုံ'ထံ ကျွန်တော် ပထမဦးဆုံး ရေးမိသည့်စာ ဖြစ်သည်။

ပြတင်းမှန်ကို တိမ်မျှင်တို့ လာရိုက်သည်။

ကျွန်တော့်ရင်ထဲသို့ အလွမ်းဓာတ်တို့ ခေါင်းလျှိုး တိုးဝင်နေကြ

သည်၊ လေယာဉ်က တသတ်မတ်တည်းအရှိန်ဖြင့် ငြိမ်သက်စွာ သွားနေပြီး ကျွန်တော်က ငြိမ်သက်စွာ တမြေ့မြေ့လွှမ်းနေသည်။ အချိန် တဖြည်းဖြည်း ကုန်လာသည်နှင့်အမျှ စာရွက်ပေါ်တွင် ထင်ကျန်ရစ်သော ကျွန်တော့် လက်ရေးစာလုံးများ ပိုပိုများလာသည်။

မကြာမီ လေယာဉ်ဆင်းတော့မည်။

ကျွန်တော်က စာကို လက်စသတ်၍ စာအိတ်ထဲထည့်ကာ အိတ်ပိတ်လိုက်သည်။ ကျွန်တော့်စာထဲတွင် ဤစာကို လေယာဉ်ပေါ် တက်သည်မှ စရေးကြောင်းနှင့် လေယာဉ်မှ ဆင်းဆင်းချင်း လေဆိပ် စာတိုက်ပုံးမှပင် ထိုစာကို ထည့်လိုက်မည် ဖြစ်ကြောင်းရေးသားထားပြီး ဖြစ်သည်။

အချစ်ဦးဘဝ ရူးသွပ်မှုမှာ နောင်အခါပြန်စဉ်းစားတိုင်း ရယ်ပွဲဖွဲ့စရာ ဖြစ်ကောင်းဖြစ်နိုင်သော်လည်း ထိုအချိန် အခိုက်အတန့်တွင်မူ အလွန်ကုရခက်သော ရောဂါတစ်မျိုးသာ ဖြစ်သည်။

ထိုစာမှအစပြု၍ ကျွန်တော်တို့မြို့တွင် စာအရေးနိုင်ဆုံး ချစ်သူနှစ်ဦး ဘွဲ့ကို ကျွန်တော်တို့ ရခဲ့ကြသည်ထင်သည်။

( ၁၇ )

ကျွန်တော့်ခန္ဓာကိုယ်မှ အတိတ်ဆီပြေးထွက်သွားခဲ့သော စိတ်သည် ဘယ်အချိန်က ကျွန်တော့်ထံ ပြန်ဝင်ပူးကပ်ခဲ့သည်လဲ?။

ပူပြင်းဝါယော်သော ထိုဆောင်းရက်တွင် လောင်မြိုက်လွန်းသော စိတ်အလျဉ်သည် ကျွန်တော့် တစ်ကိုယ်လုံးတွင် လှည့်ပတ်စီးဝင် ပြေးလှည့်နေသည်။

ကျွန်တော် ဘာလုပ်ရမည်နည်း။

သည်လိုပင် တစ်ယောက်တည်း တိတ်ဆိတ်စွာကြေကွဲနေရမည်လား။

သူ့ကို ခါးသီးစွာ မုန်းတီးပစ်လိုက်ဖို့ (သို့မဟုတ်)- - -

တစ်စုံတစ်ရာ ရက်ရက်စက်စက် လက်တုံ့ပြန်လိုက်ဖို့ စိတ်ကို အမိန့်ပေးလိုက်သည့်အခါ သူ့အပေါ် နက်ရှိုင်းစူးနစ်စွာ ချစ်နေသေးသည့် ရိုးရင်းစွဲစိတ်က ရင်ကို အပြင်းအထန်တုန်ခါစေခဲ့၏။ ထိုအခိုက်အတန့်၌

စိတ်တစ်ခုက နောက်စိတ်တစ်ခု၏ အမိန့်ကို မနာခံတော့။

စိတ်တစ်ခုက နောက်စိတ်တစ်ခုကို ပုန်ကန်တိုက်ခိုက်ခဲ့၏။

လှပခမ်းနားစွာ ကျွန်တော်ကျရှုံးခဲ့ရပါပြီ။

ဩဥလေးရေ--- မင်း ဝေးဝေးမှာ သွားလွမ်းစမ်းပါ။

ကျကျနန လဲကျသေဆုံးနေတဲ့ အချစ်တစ်ခုရဲ့ဈာပနမှာ မင်း ဝင်မပါချင်စမ်းပါနဲ့။ သေဆုံးသူအတွက် အဖော် မလိုပါဘူး။

မိုးမှုန်တွေ ဖွဲဖွဲကျလာပြန်ပါပြီ၊ နှင်းမှုန်များလည်း ဖြစ်နေနိုင်ပါ သေးသည်။ ညရဲ့သီချင်းတွေရယ်၊ တဆိတ်လောက် မင်းတို့အသံတွေ ကို ရပ်ထားပေးပါဦး။

ဆံနွယ်မျှင်တွင် မိုးရေစိန်ပွင့်တို့ အုံခဲသီးပွင့်နေ၏။

ချစ်သူအိမ်က အခန်းသည် ကျွန်တော့်တစ်ဘဝလုံးစာအတွက် ကြေကွဲခြင်းဝင်္ကပါဖြစ်၏။ ထိုဝင်္ကပါထဲမှ ကျွန်တော် ရုန်းထွက် လွတ် မြောက်ဖို့ မဖြစ်နိုင်တော့ပါ။

လက်ထဲက သတင်းစာလို ဘာ့ကြောင့်ကျွန်တော် လောင်ကျွမ်း သေဆုံးမသွားရသေးတာလဲ။ အဝါရောင်ဆောင်းရက်များ ရှည်လျားလွန်း လှ၏။

ချစ်သူ့နှုတ်ဖျားက လေညင်းပြေပြေရွရွ၊ ဇွန်းခက်ရင်းတစ်စုံ၊ ကျွန် တော့်နာမည်များနှင့် ပြည့်သိပ်နေသည့်စာအုပ်ကလေး၊ အသံညှ ိုဝီစီ တစ်ခု၊ 'Love Is Blue'သီချင်းသံ၊ ချစ်သူ့အိမ်သို့သွားရာလမ်း၊ တစ်ခဏ တာ နှစ်ယောက်အတူ ရှိနေခဲ့ဖူးသည့် အခန်း၊ နဖူးကို စိတ်ကူးဖြင့် နမ်းမိသည့် အနမ်း- - -။

ထိုအရာများသည် သေဆုံးသွားရတော့မည့် ကျွန်တော့် ချစ်ခြင်း အတွက် ထိုက်တန်သော လျော်ကြေးများလား။

မိန်းမတစ်ယောက်ကို စူးစူးနစ်နစ်ချစ်ခဲ့ခြင်းအတွက် ပြန်လည်ရရှိ သင့်သည့် ကျွန်တော့်ခံစားခွင့်အလုံးစုံဟာ ဒါပဲလား။

အဝါရောင်ဆောင်းရက်များ ဘာ့ကြောင့် သည်မျှ ရှည်လျားကြွပ် ဆတ်နေကြကြောင်း ကျွန်တော် မတွေးတတ်တော့ပါ။

ကျွန်တော် ရောက်ရှိနေသည့် လောင်မြိုက်ပြိုပျက် မြို့ပျက်ကြီး အလယ်တွင် ညက်ညော မြိုင်ဆိုင်သော တယောသံများ ဘယ်သူလာ ဖန်ဆင်းထားတာပြန်တာလဲ?။

ချစ်ခြင်းသည် ကြည်နူးပျော်ရွှင်ခြင်းနှင့် နာကျည်းမုန်းတီးခြင်း အကြား မည်သည့်နံရံဖြင့် ကာခြားထားပါသလဲ?။

ဤနံရံသည် အလွှာပါးလွန်းလှ၏။

ထိုအခိုက်အတန့်၌ ကျွန်တော်သည် အစိတ်စိတ်အမြွှာမြွှာ ပြိုလဲသွားသော စိတ်အဆောက်အအုံကို ကိုယ်တိုင် တစ်စစီ ကောက်ယူပြန်လည်တည်ဆောက်နေရသော သူရူးတစ်ယောက်သာ ဖြစ်ပါသည်။

စိတ်ကိုတည်ငြိမ်အောင်ကြိုးစားရသည်မှာ ကိုယ်ပစ်ချလိုက်သော ခဲလုံးကြောင့် ဂယက်ထသွားသော ကန်ရေကို ငြိမ်သက်အောင်ပြုလုပ်ရသည်နှင့်များ တူနေမလား?။

သုန်သုန်နွဲ့နေသော လေညင်းကလေးကို လက်ဖြင့်ဖမ်းဆုပ် ရပ်တန့်ခိုင်းနေသည်နှင့်များ တူနေလား?။

ငှက်ကလေးတွေရေ ဟောဒီအမိုးပွင့်ကောင်းကင်ကြီးထဲမှာ မင်းတို့ လွတ်လွတ်လပ်လပ် ပျံသန်းသွားကြပါတော့။

နှောင်ကြိုးမျှင်တွေနဲ့ အချည်မခံရခင်၊

အချစ်မီးတောက်တွေ မလောင်ကျွမ်းခင်၊

သောကဝန်ပိုးတွေ အုပ်မိုး ပြိုကျမလာခင် မင်းတို့အရင် ပျံနှင့်ကြပါတော့။

ကောင်းကင်ပြင်ကို မော့ကြည့်ကာ ထိုသို့ ကျယ်လောင်စွာ အော်ဟစ်နေမိသူသည် ကျွန်တော် ဖြစ်ပါသလား။

( ၁၈ )

တကယ်တော့

ကျွန်တော်သည် အဝါရောင်ဆောင်းတွင်းရှည်ကြီးတစ်ခုလုံး စိတ်နှင့်ကိုယ်မကပ်ဘဲ ရူးသွပ်နေသူသာ ဖြစ်ခဲ့၏။

ထိုအချိန်များသည် ကျွန်တော့်အတွက် အဆုံးမဲ့ ရှည်လျား စန့်ထွက်နေလွန်းလှသည်။

ယခု ကျွန်တော့်ရှေ့တွင် အနီနှင့်အဝါ ရောစပ်ထားသော နွေရက်များက တပျော်တပါးကြိုဆိုနေကြပြန်၏။ အချို့သောအရောင်တို့တွင် ပူလောင်သော အစွမ်းသတ္တိရှိကြောင်း ထိုအခါမှ ကျွန်တော် သိရှိရပါသည်။

စောင့်ကြိုနေနှင့်သော နွေသည် ပူပြင်းစွာ လောင်ကျွမ်းကြေကွဲနေပုံရ၏။ ကျွန်တော့် ကြေကွဲလွမ်းဆွတ်ခြင်းတို့ကတော့ အကင်းမသေလှသေး။

သို့သော် အတန်ငယ်တည်ငြိမ်နေပြီဟု ကိုယ့်ကိုယ်ကို ယူဆထားချိန်တော့ ဖြစ်သည်။

နေရာအတိအကျ မညွှန်ပြနိုင်သော ကျွန်တော့်ရင်တွင်း တစ်နေရာတွင် နန်းမြမှုံကို ချစ်နေသေးခြင်းက နုတ်ပယ်မရနိုင်လောက်အောင် အမြစ်တွယ်နေသေးသည်ကိုတော့ ကျွန်တော်တစ်ယောက်သာ သိမည်ထင်ပါသည်။

နောင်နှစ်ပေါင်းများစွာ ကြာသည်အခါ ကျွန်တော်သည် ချစ်သူသစ်တစ်ယောက်ကို ရှာဖွေမတွေ့ရှိသွားနိုင်သူလားဟု ကိုယ့်ကိုယ်ကို မေးခွန်းထုတ်ကြည့်တော့ ရေရေရာရာ အဖြေရှာမတွေ့။

လောလောလတ်လတ် ကျွန်တော် တွေ့ရှိနေရသော အဖြေက ကျွန်တော့်ရင်သည် အပင်သစ် မပေါက်နိုင်လောက်အောင်ကို မီးလောင်ပြာကျသွားသော တစပြင် ဖြစ်နေသည်ဟူသော အဖြေသာ ဖြစ်သည်။

တစ်ကိုယ်ရေဘဝဖြင့် တစ်သက်တာ နေထိုင်သွားသူလည်း ဖြစ်နိုင်သေးသည်ပဲ။ ထိုအခြေအနေမျိုးတွင် တစ်သက်တာ ကြေကွဲစွာနေထိုင်ခဲ့ရသည့်အတွက် သူတို့က ကျွန်တော့်ကို တစ်စုံတစ်ရာ ပြန်မပေး ဆပ်သင့်ကြဘူးလား?။

ဖို၊ မ လူနှစ်ဦးတည်းကသာ တစ်ဘဝတာပိုင်ဆိုင်ခွင့်ရှိရမည့်အချစ်ပန်းတစ်ပွင့်အတွက် မမျှော်လင့်ပါဘဲ လူသုံးယောက်ပါဝင်ပတ်သက်ခဲ့ကြရပြီ။

ကံကြမ္မာသည် မည်သည့်အချိန်အထိ ကျွန်တော်တို့ကို နောက်ပြောင်ကျီစယ်နေဦးမည်လဲ?။ အငြိုးတကြီး နှိပ်စက်ညှဉ်းပမ်းဦးမည်လဲ?။ အကောင်ထည်မဲ့ ကံကြမ္မာဆိုတာကြီးကိုသာ ကျွန်တော် အတင်း အပြစ်ပုံချနေမိသည်။

တစ်ချိန်ချိန်တွင် ကျွန်တော်၊ သို့မဟုတ် နန်းမြမှုံ၊ သို့မဟုတ် ကိုဇော်လတ် တစ်ဦးဦးသည် လူ့လောကကို စောစွာစွန့်ခွာသွားရမည့်သူ ဖြစ်လာမည်မှာတော့ သေချာလှသည်။

ကျွန်တော်သာ အစောဆုံးစွန့်ခွာခွင့်ရမည့်သူ ဖြစ်မည်ဆိုလျှင်

နောက်ဆုံးထွက်သက်မတိုင်ခင် သူတို့နှစ်ယောက်၏ မျက်လုံးများကို မမှိတ်မသုန် ကြည့်သွားချင်ပါသည်။

ထိုအချိန်တွင် ကျွန်တော့်မျက်လုံးများက '*ဒီမှာကြည့်ထားကြ အချစ်ကြီးလွန်းလို့ ဘဝတစ်ခုလုံး အကြေကြွဲဆုံး သေဆုံးခဲ့ရသူဟာ ဟောဒီလူပဲပေ့ါ။ မင်းတို့ ကျေကျေနပ်နပ်ကြီး ပျော်ပျော်ရွှင်ရွှင်နေရစ်ခဲ့ပေတော့*'ဟု အဓိပ္ပာယ်ထွက်သည့်စကားများ ပြောနေမည်လား။

မသိနိုင်။

သို့သော် ကျွန်တော့်၏ နောက်ဆုံးအချိန်များတွင် နန်းမြမှုံ၏မျက်လုံးများကို စိမ်းကားအေးစက်စွာ၊ အသနားခံမှုကင်းမဲ့စွာ ကြည့်ရင်း သေဆုံးသွားချင်သည်မှာတော့ အမှန်ပင်ဖြစ်သည်။

သူပေးသည့်မီးကို လက်နှင့်မယူ ဘဝနှင့်ယူသွားသူတစ်ယောက်အကြောင်း ကျွန်တော်ချစ်ခဲ့ရသူ သိစေချင်ပါသည်။

နန်းမြမှုံသာ အရင်သေဆုံးခဲ့မည်ဆိုလျှင်လည်း သူ မသေဆုံးမီ နောက်ဆုံးအချိန်များတွင် ထိုသို့ အဓိပ္ပာယ်ထွက်သည့် မျက်လုံးများဖြင့် ကျွန်တော်က သွားရောက်ကြည့်ရှု နှုတ်ဆက်လိုက်ချင်ပါသည်။

မင်းထားခဲ့တဲ့အတိုင်း မင်းထားခဲ့တဲ့ နေရာလေးမှာ ငါ တစ်သက်လုံး နေခဲ့တာပါဆိုတဲ့ အသိကို တမလွန်အထိ မင်းယူသွားပါတော့ချစ်သူဟု ပြောပြနိုပ်စက်လိုက်ချင်သည်လား။

ကျွန်တော့်စိတ်၏ ဆိုလိုရင်းအဓိပ္ပာယ်များကို ကျွန်တော် ကိုယ်တိုင် ရှင်းရှင်းလင်းလင်းသိမနေခဲ့သည်မှာ အမှန်ပါ။

အကယ်၍ ကိုဇော်လတ်သာ လူ့လောကမှ အစောဆုံးထွက်ခွာသူ ဖြစ်ခဲ့လျှင် ထိုသူ့စျာပနသို့ အလားတူမျက်လုံးများနှင့် နန်းမြမှုံကို ကျွန်တော် သွားရောက်ကြည့်ရှုဖြစ်မည်ထင်ပါသည်။

ထိုအခါ၌ ကျွန်တော့်မျက်လုံးများသည် မည်သို့သော စကားအဓိပ္ပာယ်များကို ဖော်ညွှန်းနေပါမည်လဲ?။

ဤတစ်ကြိမ် မျက်လုံးများ ဆုံတွေ့ကြခြင်းသည် ကျွန်တော်တို့ ဘဝအသီးသီးအတွက် နောက်ဆုံး ဆုံတွေ့ကြခြင်းဖြစ်ဖို့ အတော့်ကို သေချာနေပါသည်၊

ချစ်သူကို အပြီးတိုင် စွန့်လွှတ်လိုက်ခဲ့ရပြီးချိန်မှစ၍ ကျွန်တော်

သည် အတိတ်ချိုများစွာ ကျန်ရစ်ခဲ့သည့် ချစ်သောမြို့ကလေးဆီ ပြန်မရောက်ဖြစ်ခဲ့။

ဂစ်တာမတီး သီချင်းမညည်း ဖြစ်ခဲ့။

ဘောလုံးမကန်ဖြစ်ခဲ့။

နှင်းမှုန်မှုန်ထဲ လမ်းမလျှောက်ဖြစ်ခဲ့သည်မှာ ဆယ်စုနှစ်ချီ ကြာခဲ့ပြီ ဖြစ်ပါသည်။

ကျွန်တော် မပြန်ဖြစ်သော ကျွန်တော်တို့ မြို့ကလေးတွင်တော့ ကျွန်တော့်ချစ်သူ ရှိနေပါမည်။

ယနေ့တိုင် ကျွန်တော်တို့၏ သီချင်းသံများဖြင့် ပေကျံနေဦးမည့် အထက်တန်းကျောင်းကလေး ရှိနေပါဦးမည်။

ကစားသမားတို့၏ ချွေးစက်ဖြင့် ရှင်သန်နေသော ဘောလုံးကွင်းလေး ရှိနေပါဦးမည်။

မြို့ကလေးကမူ ယခင်ကလိုပင် သူ့တစ်ကိုယ်လုံးကို နှင်းထုထုဖြင့် ခြုံမြဲ ခြုံနေဦးမည်သာ ဖြစ်ပါသည်။

●

# မိုးတောင်တစ်လုံး၏
# ဒိုင်ယာရီ

*ယုန်ကလေးရေ ...*

*တကယ်တော့ ကိုယ်ဟာ အတ္တကြီးသူ လူဆိုးလူညစ်တစ်ယောက် မဟုတ်ခဲ့ ပါဘူးကွဲ။ ဒါပေမယ့် ပိုင်ဆိုင်ခွင့်မရှိရင် ချစ်ခြင်းမမည်ဘူးဆိုတဲ့ အယူအဆတစ်ခုကို စွဲစွဲမြဲမြဲ ယုံကြည်မိလိုက်တဲ့အတွက်ရယ်...၊ မင်းလေးကို အရူးအမူး ချစ်မိခဲ့တဲ့အတွက်ရယ်...၊ တို့မိသားစုအလယ်မှာ တစ်သက်တာ လူကြမ်းကြီးဖြစ်ခဲ့ရတာပါ။*

*တို့မိသားစုဘဝထဲကို ပြည့်စုံတဲ့ မေတ္တာတရားတွေ ဝင်ရောက်လာအောင် ကိုယ် မစွမ်းဆောင်ပေးနိုင်ခဲ့တဲ့အတွက် သမီးလေးကိုရော မင်းတို့အားလုံးကိုပါ တောင်းပန်ပါရစေ။*

✫

ကမ္ဘာပေါ်တွင် ရေးသူတစ်ယောက်နှင့် ဖတ်သူတစ်ယောက်သာ သိသော စာဆိုတာမျိုးသာရှိခဲ့လျှင်။ ထိုစာအမျိုးအစားသည် ကျွန်မဖတ်နေသော ဖေ့ဖေ့ ဒိုင်ယာရီစာရွက်များပင် ဖြစ်ပါလိမ့်မည်။

ထိုဒိုင်ယာရီစာရွက်များကို ဘယ်အချိန်ကတည်းက ဘာရည်ရွယ်ချက်နှင့် ဖေဖေရေးထားခဲ့သည်ကိုတော့ ကျွန်မ မသိခဲ့ပါ။

ယုန်ကလေး ... ဆိုတာ ဘယ်သူလဲ။

ကျွန်မရင်ထဲတွင် မေးခွန်းပေါင်းများစွာ ထိုးထောင်ပြည့်လျှံ အန်ထွက်နေပါသည်။

ဖေဖေသည် ကိုယ်ရေးကိုယ်တာကိစ္စများကို သူ့ဒိုင်ယာရီတွင် ရေးချင်သည့်အချိန် (သို့မဟုတ်) ခံစားမှု ပြင်းပြချိန်မျိုးတွင်သာ ရေးလေ့ရှိပြီး၊ သာမန်အချိန်များတွင် လုပ်ငန်းမှတ်တမ်းလောက်သာရေး ဖြစ်ပုံရပါသည်။ ကျွန်မလက်ထဲတွင် ရှိနေသည်မှာ သူ့ကိုယ်ရေးကိုယ်တာနှင့်ပတ်သက်ပြီး ရေးဖြစ်ခဲ့သမျှသော စာရွက်များကို ဆုတ်ဖြဲ၍ အစီစဉ်တကျ ဖိုင်တွဲထားသည့် ပလတ်စတစ်ဖိုင်တစ်ခုသာ ဖြစ်သည်။

မူရင်းဒိုင်ယာရီစာအုပ်များကိုမူ မတွေ့ခဲ့ရ။

ဖေဖေသည် သူ ရေးဖြစ်ခဲ့သော ထိုစာအုပ်များမှ သူ သိမ်းလိုသည့် စာရွက်များကိုသာ ဆုတ်ဖြဲ သိမ်းဆည်းထားခဲ့ပြီး၊ သူ မသိမ်းလိုသည်များကို ဖျက်ဆီးပစ်ခဲ့ဟန်တူပါသည်။

ကိုယ်ရေးကိုယ်တာဟု အမည်တပ်ရသော်လည်း အမှန်မှာ မေမေ့ကို ချစ်ကြောင်းရေးထားသည့် စာမျက်နှာများသာဖြစ်ကြောင်း ဖိုင်တစ်ခုလုံး ဖတ်ကြည့်ပြီးမှ ကျွန်မ သိခဲ့ရပါသည်။

ဒိုင်ယာရီထဲမှာ ဖေဖေရည်ညွှန်းခဲ့သော 'ယုန်ကလေး'သည် အမှန်ပင် မေမေဖြစ်နေကြောင်း ကျွန်မ သိလိုက်ရသောအချိန်တွင် အမည်မဖော်ပြနိုင်သည့် ခံစားမှုမျိုးစုံဖြင့် ကျွန်မတစ်ကိုယ်လုံး အေးစက်တောင့်ခဲနေပါတော့သည်။

လူတစ်ယောက်၏ လျှို့ဝှက်ချက်များသည် ထိုစာမျက်နှာများတွင် သေသေချာချာ ခိုအောင်းရှင်သန်နေခဲ့ပါသည်။

ဖိုင်လေးသည် တစ်ကိုယ်စာဝေဒနာများကို လွတ်ရက်မရှိ အကျဉ်းချထားရာ ထောင်တစ်ခုနှင့် တူလှသည်။

ဖေဖေသည် သူ့စိတ်ကို စာရွက်များပေါ်တွင် အကျဉ်းချထားနိုင်သည့် ဤနည်းလမ်းကို မည်သို့ရှာဖွေတွေ့ရှိခဲ့ပါသလဲဟု ကျွန်မ စဉ်းစားနေမိပါသည်။

ဖိုင်လေးကို ဖေဖေ မထိမကိုင်ဖြစ်ခဲ့သည်မှာ အတန်ကြာလှပြီထင်သည်။

ခပ်ထူထူ တက်နေသောဖုန်မှုန့်များကို ခါချရင်း ဖွင့်လိုက်သည်နှင့် ပထမဆုံး တွေ့လိုက်ရသည်ကတော့ စာရွက်လွတ်တစ်ခု၏ အလည် တည့်တည့်တွင် **ယုန်ကလေးသို့...**ဟု ပုံမှန်ထက် အတန်ငယ်ကြီးအောင် ခပ်သော့သော့ ရေးထားသော ဖေဖေ့လက်ရေး ဖြစ်သည်။ နှစ်ချို့စာရွက် များဖြစ်ကြောင်း အရောင်အဆင်းကို ကြည့်ရုံနှင့် သိနိုင်ပါသည်။

နောက်တစ်မျက်နှာတွင်တော့ မေမေ့အတွက် ဖေဖေရေးခဲ့သော စာတစ်စောင်။

သို့သော် မေမေသည် ဖေဖေရေးခဲ့သော စာကိုလည်းကောင်း ဒိုင်ယာရီစာရွက်များသိမ်းဝှက်ထားသည့် ဖိုင်ကိုလည်းကောင်း ဘယ်သော အခါမှ ဖတ်ခွင့်ကြုံလိမ့်မည်မဟုတ်ကြောင်း ဖေဖေရောမေမေပါ သိနိုင်ကြ တော့မည် မဟုတ်ပါ။

သည့်အတွက် ခွင့်လွှတ်ကြပါဟုလည်း ကျွန်မ တောင်းပန်ဖြစ် လိမ့်မည် မထင်ပါ။

စိတ်ဒဏ်ရာများ၊ ကြေကွဲမှုများကို ရင်ခွင်တစ်ခုမှ ရင်ခွင်တစ်ခုဆီ ကူးစက်မသွားအောင် ကျွန်မတစ်သက်တာလုံး ထိမ်းသိမ်းသွားရတော့ မည် ဖြစ်ပါသည်။

ဖေဖေ့ ဒိုင်ယာရီစာရွက်များသည် ကျွန်မ၏စိတ်အစဉ်ကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ ကာလသုံးပါးဆီသို့ အခေါက်ခေါက် အခါခါ မရပ် မနား ပြေးလွှားနေဖို့ စေစားနေပါတော့သည်။

✫

အိမ်ကြီး၏ ဘယ်ဘက်အစွန် အပေါ်ထောင့်က အခန်းလေးသည် ဖေဖေ့အလုပ်ခန်းလေးဖြစ်ပါသည်။ လပေါင်းများစွာကြာမှ တစ်ခါတစ်လေ ဆိုသလို ကျွန်မ ရောက်တတ်သော်လည်း အဖေတစ်ယောက်တည်းက လွဲရင် ဘယ်သူမှ မသုံးသည့် အခန်းလေးဟု ဆိုရပါမည်။ ကျွန်မမှတ်မိ သလောက် မေမေသည် ထိုအခန်းလေးဆီ ဘယ်တော့မှ သွားလေ့မရှိ၊ ဖေဖေကလည်း အိမ်အောက်ထပ်က မေမေအသုံးပြုနေကျ စာဖတ်ခန်း ဆီကို ဘယ်တော့မှ သွားလေ့မရှိပါ။

အဖေနှင့်အမေ ဆူပူကြိမ်းမောင်း ရန်ဖြစ်နေကြသည်မျိုးကို ကျွန်မ မမြင်ဖူး၊ မတွေ့ဖူးခဲ့ပါ။ ထို့အတူ ပူးပူးကပ်ကပ် လုံးလုံးထွေးထွေး ရယ်မော နောက်ပြောင်နေတာမျိုးကလည်း အတော့်ကိုမြင်ရခဲသော မြင်ကွင်းဖြစ် ပါသည်။ လူသုံးလေးယောက်တည်းသာ ရှိသော ကျွန်မတို့အိမ်၏ ဆိတ် ငြိမ်ခြင်းကိုက မိသားစုနည်း၍ ငြိမ်သက်တိတ်ဆိတ်နေခြင်းမျိုးထက် အခန်းငယ်တစ်ခုထဲ အရုပ်ကလေးတွေချည်း ထည့်သိုထား၍ ငြိမ်သက် နေကြတာမျိုးနှင့် ပိုတူနေပါသည်။

ကျွန်မသည် မိဘ၏ ချစ်ခြင်းကို ပြည့်ပြည့်စုံစုံ ရရှိခဲ့သူလား၊ တစ်ဝက်တစ်ခြမ်းစီ ရလာသောမေတ္တာအပိုင်းအစများကို ကျွန်မကိုယ်မှာ သိုလှောင်စုစည်းထားရင်း ကျေနပ်နေရသူလား။ ကျွန်မ မစဉ်းစားမိပါ။ မေတ္တာငတ်ခဲ့သည်ဟု မခံစားခဲ့ရသော်လည်း တစ်စုံတရာ လိုအပ်နေ ကြောင်းကိုတော့ ကောင်းကောင်းသိခဲ့သူသာ ဖြစ်ပါသည်။

ကျွန်မ၏ ဆံပင်များကို မေမေပွတ်သပ်ဆော့ကစားရင်း ပုံပြင်များ ပြောပြနေတတ်သည့် ညည့်ဦးယံ အိပ်ရာဝင်ချိန်များတွင် ဖေဖေသည် သူ့အလုပ်ခန်းထဲမှာသာ ရှိနေတတ်ပါသည်။

ကျောင်းဆင်းချိန်၊ ရုံးဆင်းချိန်ညနေခင်းများတွင် ဖေဖေနှင့် ကျွန်မ ခြံထဲတွင် ဆော့ကစားနေတတ်သည့် အချိန်များမှာတော့ မေမေသည် အိမ်မှုကိစ္စများဖြင့် အိမ်ကြီး၏ တစ်နေရာရာတွင် ရှိနေတတ်သည်။

အားလပ်ရက်များ အချို့တွင် မေမေနှင့် ကျွန်မ ဈေးသွားလိုက်၊ စားသောက်ဖွယ်ရာတစ်မျိုးမျိုး ချက်ပြုတ်စားသောက်လိုက် လုပ်နေချိန်မျိုး မှာတော့ ဖေဖေသည် အိမ်မှာရှိမနေတတ်ပါ။ မနက်အလင်းရောင်မလာမီ ကတည်းက ဂေါက်အိတ်ကို ကားပေါ်တင်ကာ ထွက်သွားလိုက်သည်မှာ မိုးစုန်းစုန်းချုပ်မှသာ အိမ်ပြန်ရောက်လာတတ်ပါသည်။

ဖေဖေ စိတ်လိုလက်ရရှိသော အားလပ်ရက်မျိုးတွင်မူ ကျွန်မကို သူ့ကားပေါ်တင်ကာ မြို့ကလေးနှင့် သိပ်အလှမ်းမကွာသည့် အင်းထဲသို့ ခေါ်သွားတာမျိုး၊ ရေပူစမ်းမှာ အပမ်းဖြေ ရေချိုးကြတာမျိုး၊ တောင်ပေါ် တက်၍ မြို့ရှုခင်းကြည့်တာမျိုး လုပ်တတ်ပါသည်။ သို့သော် ထိုခရီးစဉ်မျိုး တွင် မေမေသည် ဘယ်တော့မှ ကျွန်မတို့နှင့်အတူ လိုက်ပါလေ့မရှိ၊ ဖေဖေက အတင်းအကြပ်ခေါ်သည်မျိုးလည်း မရှိတတ်။ ကျွန်မဘေးမှာ

အဖေ သို့မဟုတ် အမေ တစ်ယောက်ယောက် ရှိနေတတ်သော်လည်း နှစ်ယောက်စလုံး အတူရှိကြသည့် အချိန်မျိုးသည် အလွန့်အလွန် နည်းပါး လိမ့်မည် ထင်ပါသည်။

ထိုသို့ ဖြစ်ခဲ့ရခြင်း၏ အကြောင်းရင်းများကို တစ်နေ့နေ့မှာ ဖေဖေ ချန်ထားရစ်ခဲ့သည့် ဖိုင်လေးတစ်ခုက ကျွန်မကို ပြန်လည်ပြောပြလာ လိမ့်မည်ဟု ကျွန်မ မထင်မှတ်မိခဲ့ပါ။

ထိုဖိုင်တွဲလေးကို ဖေဖေဆုံးပြီး လအတန်အကြာမှာ ဖေဖေ့ အလုပ် ခန်း၏ ချောင်ကျကျတစ်နေရာမှ ကျွန်မ တွေ့ရှိ ရယူခဲ့ခြင်း ဖြစ်ပါသည်။ ဖေဖေသည် သူ့ရင်တွင်းမှ ခံစားမှုများ၊ ဒဏ်ရာဒဏ်ချက်များ အကြောင်း ကို ဤစာအုပ်လေးမှလွဲ၍ မည်သူ့ကိုမျှ ရင်ဖွင့်ပြောပြခဲ့ပုံမရ။ အသိသင့်ဆုံး ကာယကံရှင်ဖြစ်သူ အမေပင် သိခွင့်ရခဲ့ပုံ မပေါ်ပါ။

သူ သေဆုံးသည်အထိ သူ့ရင်ထဲက မီးတောင်တစ်လုံးစာ အပူတွေ ကို ကြိတ်မှိတ်မြိုသိပ်သွားခဲ့ဟန် တူပါသည်။

ဤဖိုင်လေးထဲတွင်တော့ တစ်ကိုယ်လုံး ချော်ရည်ပူများဖုံးနေသော မီးတောင်တစ်လုံးသည် ရင်ပွင့်ပေါက်ကွဲ သေဆုံးနေပါတော့သည်။

သူက ချစ်ခြင်းမေတ္တာဟု သတ်မှတ် ယုံစားမိသော ခံစားချက် တစ်ခုတည်းအတွက်

လသာရက်ပေါင်းများစွာကို လွဲချော်ခဲ့ရသူ။

အချိုရည် ကုန်နေသော သစ်သီးတစ်လုံးကို တစ်ဘဝလုံးစားသုံး ခဲ့ရသူသည် ကျွန်မဖေဖေသာ ဖြစ်ပါသည်။

✯

*ဒီစာကို ဘာ့ကြောင့်ကိုယ်ရေးနေဖြစ်တယ်ဆိုတာ ကိုယ်ကိုယ်တိုင် မသိဘူး ယုန်ကလေး။ ပြီးတော့ ဘာ့ကြောင့် မင်းကိုမှ တိုင်တည်ရေးနေ မိတယ်ဆိုတာလည်း ကိုယ်မသိဘူး။*

*တကယ်တော့ ဒီအဖြစ်အပျက်တွေဟာ မင်းမသိစေချင်လို့ ကိုယ် တစ်သက်တာလုံး ဖုံးဝှက်ထားခဲ့တဲ့အကြောင်းအရာတွေပါ ယုန်ကလေး ရယ်၊ မင်းယုံကြည်ပါ။ ကိုယ်ဟာ မင်းကို ဘာ့ကြောင့်မှ အနာတရမဖြစ်*

စေချင်ခဲ့သူပါကွာ။

ကိုယ့်တစ်သက်တာ မြိုသိပ်ထားခဲ့ရသမျှ…။

ဘယ်သူ့ကိုမှမပြောဘဲ သိုသိပ်ထားရသမျှတွေကို တစ်စုံတစ်ရာ ဒါမှမဟုတ် တစ်စုံတစ်ယောက်ဆီမှာတော့ ဖွင့်အန်ပြောပြထားခဲ့ချင်တယ်။ အဲဒီ တစ်စုံတစ်ရာဟာ ဟောဒီစာရွက်တွေ ဖြစ်နေတာကတော့ ကိုယ့်ကို နားအလည်ဆုံး အချစ်ဆုံးသူဟာ သက်မဲ့စာရွက်ကလေးတွေပဲ ရှိမယ်လို့ ကိုယ်ထင်လို့ပါပဲ။

ဒီစာကို ယုန်ကလေး ဖတ်ခွင့်ရချိန်မှာ ကိုယ်ကိုယ်တိုင် မင်းအနားမှာ မရှိနိုင်တော့ပါဘူး ကလေးရယ်။

အရင်လို မင်းကလေးကို အားပေးချင်၊ အဖော်လုပ်ချင်တယ်ဆိုရင်တောင်မှ အဲသလိုအခွင့်အရေးမျိုး ကိုယ့်မှာမရှိနိုင်တော့ပါဘူး။ တကယ်တော့ ကိုယ့်ဘဝမှာ မင်းကို အားပေးခွင့် အဖော်လုပ်ခွင့် ရခဲ့တယ်ဆိုတာကလည်း သိပ်တော့ များများစားစား ရှိခဲ့လှတာမဟုတ်ပါဘူးလေ။ အဲသလိုအချိန်မျိုးက သိပ်ကို နည်းပါးလွန်းခဲ့ပါတယ်။

ကိုယ် ဖြစ်ပျက်ကြုံတွေ့ခဲ့ရတာတွေကို နားလည်ပေးပါလို့လည်း မတောင်းဆိုရက်ပါဘူး ယုန်ကလေး။ မင်းက တစ်ကယ်ထိခိုက်နာကျင်ခဲ့ရ။ အမွန်အမြတ်ထားမှု မှန်သမျှကို စွန့်လွှတ်ခဲ့ရသူကိုး။

ဘာအကြောင်းကြောင့်မှ ကိုယ့်ကို ခွင့်မလွှတ်ပါနဲ့ ကလေးရယ်။

ဘယ်အရာမဆို မင်းအသိစိတ်နဲ့မင်း အလိုအလျောက် နားလည်လက်ခံလာတဲ့ စိတ်အခြေအနေမျိုးကိုပဲ ကိုယ် ဖြစ်စေချင်ပါတယ်။

အရွယ်ရောက်လာသူတိုင်း ချစ်ခြင်းရဲ့ သဘာဝ၊ အတိမ်အနက်၊ အသွေးအရောင်ကို တွေ့ကြုံခံစားခဲ့ကြရတာ မင်း နားလည်မှာပါ။ လူဟာ အချစ်နဲ့ကင်းကွာပြီး ရှင်သန်နေထိုင်သွားဖို့ မဖြစ်နိုင်ကြတာ မင်း သဘောပေါက်မှာပါ။

လူဟာ သူ့ရင်ထဲက အချစ်ကို လူသိရှင်ကြား ဖွင့်ပြောကောင်းမှ ပြောလိမ့်မယ်။ ဒါပေမယ့် အချစ်ရှိကြောင်းတော့ သူသိတယ်။

ချစ်ခြင်းရဲ့ မာယာတွေကိုတော့ သိကောင်းမှ သိပေမပေါ့။

ရယူသူသက်သက် ဖြစ်ချင်တာနဲ့ ပေးဆပ်သူသက်သက် ဖြစ်ချင်တာဟာ အလွန်အန္တရာယ်များတဲ့ စိတ်အခြေအနေဆိုတာကိုတော့ တို့မိသားစုမှာ သက်သေပြခဲ့ပြီပဲ။

ကိုယ့်ခံစားမှုကို ကိုယ် ဦးစားပေးလွန်းတဲ့အခါကျရင် သဘာဝကျစွာ ချစ်တတ်ခြင်းနဲ့ အများကြီး ခရီးကွာဝေးသွားနိုင်တယ်။

ကိုယ့်လိုပေါ့ ယုန်ကလေးရယ်။

ကိုယ်ဟာ မရောက်နိုင်တော့မယ့်ခရီးကို တစ်သက်တာလုံးလုံး မငြီးမငြူ သွားခဲ့ရတယ်လေ။

ဘာ့ကြောင့် အဲသလိုမငြီးမငြူသွားခဲ့လဲဆိုတော့ ဒီခရီးဟာ ကိုယ်ကိုယ်တိုင် ရွေးချယ်ခဲ့တဲ့လမ်း ဖြစ်နေလို့ပေါ့ကွယ်။ ဒီအကြောင်းကိုခု မင်းလက်ထဲမှာရှိတဲ့ ကိုယ့်ဒိုင်ယာရီစာရွက်တွေက သက်သေ ကောင်းကောင်းပြနိုင်ကြလိမ့်မယ် ထင်ပါတယ်။

ကိုယ်မရှိတော့တဲ့နောက်ပိုင်း အချိန်တစ်ခုရောက်ရင် မင်းဟာ ချစ်သူတစ်ယောက်ယောက်ကို တွေ့ကောင်းတွေ့ပါလိမ့်မယ်။

မင်းမှာ အရွယ်ရှိသေးတာပဲ၊

ဒါ သဘာဝလေ၊ ငြင်းဆန်စရာ။ အရှက်ရစရာအကြောင်းမှ မဟုတ်တာ။

ဒါပေမယ့် အဲဒီချစ်သူဟာ မင်းတို့နှစ်ဦးစလုံး ကျေကျေနပ်နပ် ချစ်ချစ်ခင်ခင်နဲ့ ဆုံးဖြတ်လက်တွဲသွားကြမယ့် ဘဝတစ်လျှောက်လုံးအတွက် လက်တွဲဖော်ဖြစ်သွားစေချင်တယ်၊ မင်းစိတ်ကူးနဲ့မျှော်မှန်းထားတဲ့ အချစ်မျိုး မင်းလက်တွဲဖော်ဆီက တစ်သက်လုံး ရသွားစေချင်တယ်။

ကိုယ့်ဆီက မင်းဘာမှ မမျှော်လင့်ခဲ့သလို ကိုယ်ပေးခဲ့သမျှ ချစ်ခြင်းမေတ္တာကိုလည်း ဘာတစ်ခုမှ မင်းမယူခဲ့ဖူးတာကြောင့်ပါပဲ။

ဒီလိုဖြစ်ခဲ့ရတာအားလုံးဟာ ချစ်ခြင်းဆိုတာအပေါ် ကိုယ့် နားလည်မှု မှားခဲ့တာက အစပြုခဲ့တာပါ ယုန်ကလေး။

ကိုယ့်ဆန္ဒလွန်ကဲမှုတစ်ခုတည်းက အစပြုပြီး ဖြစ်ခဲ့တဲ့ ဆိုးကျိုးဆက်တွေပါ။

ယုန်ကလေးရေ... ချစ်ခြင်းဆိုတာ ပိုင်ဆိုင်ရယူခြင်းမဟုတ်သလို

*စွန့်လွှတ်အနစ်နာခံခြင်းလည်း မဖြစ်နိုင်ဘူးလို့ ကိုယ်သဘောပေါက်လာတဲ့အခါ အရာရာဟာ ပြင်ဆင်ချိန်မရအောင် လွန်မြောက်သွားခဲ့ပါပြီ။ ကိုယ့် ခံစားနားလည်နိုင်မှုအားလုံးဟာ လမ်းဆုံးရောက်လို့ သုံးရည်တန်ဖိုးမဲ့သွားတဲ့ ခရီးသွားလက်မှတ်လေးလို ဖြစ်ခဲ့တယ်၊ အရာရာဟာ ပြီးပြည့်စုံစွာ ပြီးဆုံးသွားခဲ့ကြပါပြီ။*

*နာရီလက်တံတွေကို နောက်ပြန်လှည့်လို့မှ မရဘဲ။*

*ကိုယ် မင်းလေးအတွက် ချန်ထားခဲ့နိုင်မှာကတော့ ကိုယ့်ဘဝရဲ့ အစိတ်အပိုင်းတစ်ခုနဲ့ မင်းကိုချစ်ခဲ့ခြင်းကို ပုံဖော်ပြနိုင်မယ့် ဟောဒီစာရွက်တွေပါပဲ ယုန်ကလေး။*

✭

ဖေဖေ့စာသည် မဆုံးပါ။ အောက်ခြေလက်မှတ်လည်း ထိုးမထားပါ။ စာကို ဆုံးအောင်မရေးခဲ့သည်လား။ နောက်ဆုံးစာရွက်များကို ဖိုင်ထဲထည့်မတွဲခဲ့သည်လား။

ကျွန်မ မသိပါ။

လူတစ်ယောက်၏ ဖုံးကွယ်ထားသော ဘဝအစိတ်အပိုင်းများသည် တစ်ချိန်ချိန်တွင် ထိုသို့ထွက်ပေါ်လာတတ်သလား။

ကျွန်မ မသိပါ။

ချစ်ခြင်းတရားဆိုသည်ကို လူတို့ မည်သို့အဓိပ္ပာယ်ဖွင့်ဆိုထားခဲ့ကြပါသလဲ။

ကျွန်မ မသိပါ။

ဖေဖေ့ရင်ထဲတွင် မေမေ့အတွက် ဖွဲ့တည်စုခဲခဲ့သော အချစ်များကို မေမေ နားလည်သိရှိခဲ့ပါသလား။

ကျွန်မ မသိပါ။

မေမေကရော သူ့ တစ်ဘဝတာလုံးလုံး ဖေဖေ့ကို တစ်ကြိမ်တစ်လှည့်လေးတောင်မှ မချစ်ခဲ့မိဖူးဘူးလား။

ကျွန်မ မသိပါ။

ဤ လူ့လောကတွင် ကျွန်မ မသိရှိသေးသည်များကို သိရှိအောင် ကြိုးပမ်းအားထုတ်ရမည့်အရာများမှာ များပြားလွန်းလှကြောင်းသာ ကျွန်မ

သိရှိလိုက်ရပါတော့သည်။

✣

ကျောင်းဆင်းပြီးစ လူငယ်တစ်ယောက်အနေနဲ့ ပထမဆုံး အလုပ်ဝင်ရမယ့် နေရာဒေသသစ်တစ်ခုကို သွားဖို့ ပြင်ဆင်ရတာကိုက သိပ်ရင်ခုန် စရာ ကောင်းခဲ့တယ်။

အိမ်မှာကျန်ရစ်ခဲ့တဲ့အဖေက ပြုံးပြုံး ပြုံးပြုံးနဲ့ ကွမ်းတမြုံ့မြုံ့ဝါးရင်း လူကြီးတစ်ယောက်ဘဝကို စဝင်တော့မယ့် သူ့သားရဲ့ခရီးကို လိုက်ပို့ခဲ့တယ်။ အဖေ့ရင်ထဲမှာတော့ လူလားမြောက်လာတဲ့ ငါ့ကောင်ကြီးဆိုပြီး ပီတိဖြစ်နေမှာ အမှန်ပါပဲ။ အမေကတော့ ထုံးစံအတိုင်း မျက်ရည်လေး စမ်းစမ်း စမ်းစမ်းနဲ့၊ ဒီကနေ့အထိ သူ့သားကို ကလေးလေးလို့ ထင်နေရှာတုန်း၊ စိတ်ဝမ်းမချ ဖြစ်နေရရှာတုန်း။

မိုးနည်းရေရှားအရပ်က ရောက်လာတဲ့လူတစ်ယောက်အဖို့ မြူတွေရစ်ဆိုင်းနေတဲ့ ကုန်းမို့မို့ထိပ်က မည်းညိုညိုအိမ်ကြီးဆီ တက်သွားရတဲ့ လမ်းလေးဟာ သိပ်အိပ်မက်ဆန်တာပဲ၊ ရာသီကအေးပေမယ့် နွေးထွေးတဲ့ ဦးလေးတို့မိသားစုကြောင့် တော်ပါသေးရဲ့။

ငါ့ဘဝအတွက် စာမျက်နှာသစ်မှာ အားလုံးလိုလိုဟာ အသစ်တွေနဲ့ ရင်ဆိုင်ရတော့ ငါတောင်မှ ငါမဟုတ်တဲ့ လူအသစ်တစ်ယောက် ဖြစ်သွားပြီလား၊ အဖေ့ညီအရင်းဖြစ်တဲ့ ငါ့ဦးလေးကလွဲရင် အခုပေါင်းသင်းဆက်ဆံရမယ့် အားလုံးဟာ လူသစ်တွေပဲ။ ဦးလေးမိန်းမကလည်း ငါ့အတွက် အသစ်။ သူ့သမီးနဲ့ ဦးလေးရဲ့သား ပိစိညှောင့်တောင့်လေးဟာလည်း ငါ့အတွက် အသစ်၊ ရုံးလုပ်ငန်းခွင်မှာ တွေ့ဆုံပေါင်းသင်းရမယ့် လူမှုသမျှကလည်း အသစ်၊ ဒေသအသစ်၊ မြို့အသစ်မှာ ငါ့ကိုယ်ငါတောင် တံဆိပ်မခွာရသေးတဲ့ လူအသစ်စက်စက် တစ်ယောက်များလားလို့ ထင်မိတော့တယ်။

✣

တစ်လဆိုတဲ့ အချိန်လေးအတွင်းမှာ အတော်လေးနေသားကျသွား ပြီ။ အလည်အပတ် အသွားအလာ သိပ်မလုပ်တတ်တဲ့ ကိုယ့်ဖို့ကတော့ ဒီတစ်လလုံးလုံး အိမ်နဲ့ရုံး၊ ရုံးနဲ့အိမ်ပါပဲ။ ထိတွေ့ရတဲ့ ဝန်းကျင် ကျဉ်းလို့ လည်း ဒီလောက်မြန်မြန် အသားကျသွားတာ ဖြစ်မယ်။ အဖေ့ကိုယ်စား အစစအရာရာ ဂရုတစိုက်စောင့်ရှောက်တဲ့ ဦးလေးကိုရော။ အလွန်အင် မတန် အေးဆေးတဲ့ သူ့မိန်းမကိုရော။ ယုန်လေးတစ်ကောင်လို သိမ်လည်း သိမ်မွေ့၊ နုံလည်းနုံအတဲ့ မိမှုံကိုရော ကျေးဇူးလည်းတင် ချစ်လည်းချစ် ခင် သွားခဲ့တယ်။

အငယ်ကောင်ကတော့ ကိုယ့်ကစားဖော်ပေ့ါ။ ကိုယ်ဟာ သူ့အ တွက် ကစားဖော်ဖြစ်သလို မိသားစုထဲမှာ အငယ်တွေနဲ့ မနေခဲ့ရဖူးတဲ့ ကိုယ့်အတွက်လည်း သူဟာ ကစားစရာအရုပ် တစ်ရုပ်ပါပဲ။ သူနဲ့ဆော့ရ တာ အပျင်းလည်းပြေ၊ ပျော်လည်းပျော်၊ မောလည်းမောရတယ်။

ဘာပဲပြောပြော တောင်ပေါ်မြို့လေးမှာ ကိုယ့်အတွက် အိမ်ယာ တစ်ခု ရှိခဲ့ပါပြီ။

ခြောက်သွေ့ပူပြင်းတဲ့ ဇာတိမြေကိုလွမ်းစိတ်နဲ့ အေးမြငြိမ်သက်တဲ့ ဒီမြို့ကလေးကို ခင်တွယ်လာတဲ့ စိတ်ဟာ အပြိုင်အဆိုင် ဖွံ့ဖြိုးနေတဲ့ အကြောင်း သူငယ်ချင်းတွေဆီ စာရေးမိသေးတယ်။

သူတို့ကတော့ ငါ့ကို ကျောင်းတုန်းကလိုပဲ ခပ်ကြောင်ကြောင်တွေ လုပ်နေပြန်ပြီလို့ ကောင်းချီးပေးနေဦးမလားပဲ။

✯

ကျွန်မသည် ဒိုင်ယာရီစာရွက်များကို တယုတယ တစ်ရွက်ချင်း လှန်ဖတ်နေမိသည်။

ဖေဖေ၏ လူကြီးတစ်ယောက်ဘဝကို အစပြုခဲ့သော နေ့ရက်များ သည် ရိုးစင်းလွန်းလှပါသည်။ ကျွန်မ မသိမီလိုက်ခဲ့သော အချိန်များဆီ မှ အဖေနှင့်အမေတို့၏ ပျိုမြစ်သောဘဝများက ရင်ကိုလှိုင်းတစ်ခု ခတ် စေခဲ့သည်။ အဝေးရောက်နေပြီဖြစ်သော ဦးလေး၏ ကလေးဘဝရုပ်ပုံများ ကိုလည်း စိတ်ကူးဖြင့် မှန်းဆကြည့်မိသည်။ မည်သို့ပင်ဖြစ်စေ အပြစ်

မြူမှုန် မထင်ကြသေးသော သူတို့ဘဝသည် ချမ်းမြေ့ပျော်ရွှင်ဖွယ် ကောင်းခဲ့ကြမည်မှာ အမှန်ဖြစ်မည်။

✰

ထုံအအ ကောင်မလေးတစ်ယောက်ကို စာသင်ပေးရတာ အတော်လေး လက်ဝင်တဲ့အလုပ်ပါလား။ ငါကပဲ လောဘကြီးနေတာလား၊ ဒီကလေးမကပဲ အကြောက်လွန်နေတာလား။

ဘာပဲဖြစ်ဖြစ် ရအောင်တော့ သင်ရမှာပဲ။ ဒီအိမ်မှာ ငါကူညီလုပ်ကိုင်ပေးနိုင်တဲ့အလုပ်က ဒီအလုပ်တစ်ခုပဲရှိတယ်။ နောက်ပြီး အပျိုဖော်ဝင် စ ကောင်မလေးတစ်ယောက် နေဝင်ရီတယောမှာ ကျူရှင်က ပြန်ပြန် လာနေရမှာကလည်း သိပ်မဟုတ်သေးဘူး၊ နေ့တိုင်း အပို့အကြိုလုပ်ပေး ပြန်ရင်လည်း ဘေးလူအမြင်မကောင်းဘူး၊ ကိုးတန်းကျောင်းသူသာ ဆိုပေ မယ့် လူကောင်က အရွယ်ရောက်နေတဲ့ အပျိုတစ်ယောက်လို ဖွံ့ထွား လွန်းတယ်၊ မတော်မတဲ့ ရည်းစားသနာရှိသွားရင်ဆိုတဲ့အတွေးက ငါ့ကို ဆရာတစ်ယောက် ဖြစ်သွားစေခဲ့တယ်။

ရယ်စရာတော့ အကောင်းသား။

အခု ကိုယ့်ကိုယ်ကို ပြန်ကြည့်လိုက်တော့ ငါ စာသင်ပေးမှာကို အရမ်းကြောက်နေတဲ့ ကလေးမလေးတစ်ယောက်အတွက် အတင်းကာရော ငါ့ကိုယ်ငါ ပြန်ခန့်ထားတဲ့ အခမဲ့ဆရာတစ်ယောက် ဖြစ်နေပါရောလား။ စေတနာတွေ ရေစီးကမ်းပြိုလိုက်နေတာတော့ မဟုတ်တန်ကောင်းပါဘူး။

✰

ညဦးပိုင်းတွေမှာ စာသင်ပေးဖို့ သူ့စားပွဲဆီ ငါရောက်ရောက်သွားတိုင်း သူ့မျက်လုံးတွေဟာ ယုန်တစ်ကောင်ရဲ့မျက်လုံးတွေလို ဝိုင်းဝိုင်းသွားတတ်တယ်။

ရက်တွေ ကြာလာတောင် ငါ့အပေါ်ကြောက်တဲ့စိတ်က လျော့မသွားသေးပါလား၊ ငါ့ရင်ထဲမှာ မင်းဟာ 'မိမ့်'မဟုတ်ဘူး 'မိယုန်'ဖြစ်နေ

ပါလား ကလေးရယ်လို့ ရေရွတ်နေမိတယ်။

တဖြည်းဖြည်းနဲ့ ရိုးသားဖြူစင် နုံအတဲ့ ယုန်ကလေးအပေါ် ငါ တတ်နိုင်သလောက် ပျော့ပျော့ပြောင်းပြောင်းဆက်ဆံနေမိတာ ကိုယ့်ဖာသာ သတိထားလာမိတယ်၊ သူ ငါ့အပေါ် ကြောက်မသွားစေချင်ဘူး။ ကြည့်ရတာ ဒီကလေးမှာ စိတ်အနာတစ်ခုခု ရှိနေသလိုပဲ။ ဒီအနာဟာ သူ့အမေ နောက်အိမ်ထောင်ပြုခဲ့တာနဲ့များ ဆိုင်နေမလား၊ သူဟာ မေတ္တာငတ်နေတာလား။ အဲသလိုသာ ဖြစ်ခဲ့မယ်ဆိုရင် ငါ့အနေနဲ့ သူ့အပေါ် အရင်ထက်ပိုပြီး ကြင်ကြင်နာနာ ဆက်ဆံပေးဖို့လိုလိမ့်မယ်။

ယုန်လေးရယ် မင်း ငါ့ကို မကြောက်ပါနဲ့။

တစ်စိမ်းတရံဆန်ဆန် မဆက်ဆံပါနဲ့ ကလေးရယ်။

✰

တဖြည်းဖြည်းနဲ့တော့ တို့နှစ်ယောက်ရဲ့ဆက်ဆံရေးမှာ အေးခဲမှုတွေ လျော့ပါးလာသလိုပါပဲ။ အမြဲလိုလို အေးစက်စက်နေတတ်တာကတော့ ယုန်လေးရဲ့ အကျင့်ပဲထင်ပါရဲ့။ ခက်တာက သင်သလောက်မသွား၊ တွန်းသလောက်မတက်တဲ့ သူ့ဉာဏ်ရည်ပဲ၊ ဘာပဲဖြစ်ဖြစ်လေ ချွန်ထွက်မသွားရင်တောင်မှ လူတန်းစေ့လေးတော့ ဖြစ်အောင် လုပ်ပေးရဦးမှာပေါ့။

မေးခွန်းတစ်ခုကို မင်းကိုယ်တိုင်ဖြေစမ်းကိုယ့်လူ။

မင်းဟာ ယုန်လေးနဲ့ပတ်သက်ရင် အမြဲလိုလို စေတနာပိုနေတတ်တဲ့ သူတစ်ယောက်လား။

✰

ဒီလိုနဲ့ အချိန်တွေကုန်သွားခဲ့တာ ဘာမှ မကြာလိုက်ပါလား။

ငါက သူ့ကို ဆူပူလိုက်၊ ချော့မြှူလိုက်။

သူက ငါ့ကို နာခံလိုက်၊ အသံတိတ်ဆန့်ကျင်လိုက်နဲ့။

အော် အဖေနဲ့အမေက ငါ့ကို တစ်ယောက်တည်း မွေးဖွားပေးလိုက်တာ၊ ခုတော့ ဦးလေးက ငါ့ကို ညီမတစ်ယောက် ကောက်ရစေခဲ့ပြီပဲ။

မဟုတ်သေးဘူး။ ညီမလေးတင် ဘယ်ကမလဲ၊ မျောက်က အစ်ကို ခေါ်ရလောက်အောင် အဆော့သန်တဲ့ ညီလေးတစ်ယောက်ပါ ငါရခဲ့တာ။ အေးလေ... ငါ့အတွက်တော့ ပျော်ရွှင်စရာနှစ်ပါပဲ။

✰

ဘာပဲပြောပြော မောရကျိုးနပ်တဲ့နေ့နဲ့တော့ ကြုံခဲ့ရပြီ။

တော်သေးတယ်။ မင်းရဲ့ ကြိုးပမ်းမှုတွေက ငါ့ကို အသက်ရှူဝ စေခဲ့တာ။

ယုန်ကလေးရဲ့...။

ငါ စာမေးပွဲတွေအောင်ခဲ့တုန်းကတောင် မင်းအခု စာမေးပွဲ အောင် သလောက် ငါ မပျော်မိခဲ့ဘူးထင်တာပဲ။ မင်းအပေါ် အလေးအနက်ထား လွန်းလို့လား။ ဘဝမှာ ဒီတစ်ကြိမ်သာ ဖြစ်ခဲ့ဖူးတဲ့ ဆရာတစ်ယောက် အနေနဲ့ သူ့အားထုတ်မှုရဲ့ အသီးအပွင့်အပေါ် ကြည်နူးကျေနပ်နေတာလား၊ မပြောတတ်တော့ပါဘူး ကလေးရယ်။ မင်း အောင်တယ်ဆိုတဲ့ သတင်း ကြားရတော့ ကိုယ် အတော့်ကို ပျော်နေမိတာတော့ အမှန်ပါပဲ။ အောင် စာရင်းထွက်မယ့်နေ့ကဆို ရင်တွေဘာတွေတောင်ခုန်လို့။ ကိုယ့်အောင် စာရင်းတောင် ကိုယ်သွားမကြည့်တတ်တဲ့အကောင်က အဲသလို သဲသဲ လှုပ် ဖြစ်ပျက်နေတာမျိုး အမေသာသိရင် ရယ်ဦးမှာ။ ရယ်တာက သိပ် ပြဿနာ မဟုတ်ဘူး၊ ကောင်လေး မင်း ရိုးကောရိုးသေးရဲ့လားလို့ မေး လာမှ ဒုက္ခ။

ဘာပဲဖြစ်ဖြစ်။ လာမယ့်နှစ်မှာတော့ ငါမင်းကို ဒီထက်ပိုပြီး ဖိအား တွေ ပေးနေရတော့မှာပဲ။ ဆယ်တန်းရောက်ပြီမဟုတ်လား ယုန်လေး ရယ်။ မင်းအတွက် အထက်တန်းကျောင်းသူဘဝရဲ့ နောက်ဆုံးအတန်း လေ။

✰

နွေရာသီ ကျောင်းပိတ်ရက်လေးတစ်ခုမှာပါ။

သူ့သားရဲ့ သွားရေးလာရေး အဆင်ပြေပါစေတော့ဆိုပြီး မြို့မှာ ကျန်ခဲ့တဲ့ ငါ့ဆိုင်ကယ်လေးကို အဖေပို့ပေးလိုက်တဲ့နေ့။

အဲဒီနေ့ဟာ ငါ့ဘဝမှာ အရေးပါခဲ့။

အငယ်ကောင်က ဆိုင်ကယ်မြင်တော့ အရူးအမူး စီးချင်တယ်။ ဦးလေးက ဆိုင်ကယ်နောက်မှာ ဒီကောင်တစ်ကောင်တည်း ထိုင်လိုက်မှာကို စိတ်မချဘူး။ ဒီတော့ ခုမှရေချိုး၊ သနပ်ခါးလိမ်းပြီး ခြံထဲဆင်းလာတဲ့ ယုန်ကလေးကို သူ့မောင်လေးနဲ့ ဆိုင်ကယ်အတူလိုက်စီးပေးဖို့ ပြောလိုက်တယ်။

ယုန်ကလေးမျက်နှာဟာ အိုသွားလိုက်တာ။

ဆိုင်ကယ်စီးရမှာကို ကြောက်နေတာလား။ ငါနဲ့ အတူ မစီးချင်တာလား။ ရှက်နေတာလား။ အေးအေးလူလူနေလိုတဲ့ သူ့အချိန်တွေကို ခွဲပေးလိုက်ရလို့ စိတ်တိုနေတာလား။ အလကားနေရင်း သူ့အိမ်ပေါ်ရောက်လာတဲ့ ဆိုင်ကယ်ကြီးနဲ့ ပိုင်ရှင်အပေါ် စိတ်ဆိုးသွားတာလား။ သူ့မှာဖြစ်ပေါ်နိုင်တဲ့ စိတ်အခြေအနေတွေက အများကြီးပါပဲ။

ဘာပြောပြော နောက်ဆုံးတော့ ငါ့ဆိုင်ကယ်နောက်ခုံမှာ သူပါလာရတယ်။

အငယ်ကောင်က သူနဲ့ ငါ့အကြားမှာ ဆိုင်ကယ်ကို ကားယားခွပြီး ငါ့ခါးကိုဖက်လို့။ သူ ပထမဆုံးထိတွေ့ခံစားနေရတဲ့ အတွေ့အကြုံသစ်တစ်ခုအတွက် ကျေနပ်နေလေရဲ့။

တစ်ခါမှ ဆိုင်ကယ်မစီးဖူးတဲ့ ယုန်လေးကတော့ နောက်ခုံလက်ကိုင်ကို တင်းတင်းဆုပ်ရင်း။ သူ့မောင်လေးကို ရင်ခွင်ထဲထည့်ထားရင်း ကြောက်နေရှာမှာပဲ။

ဆိုင်ကယ်အစီးကြမ်းလို့ မြို့မှာတုန်းက ဆိုင်ကယ်သူရဲလို့ နာမည်ရခဲ့တဲ့ လူတစ်ယောက်ဟာ ဒီနေ့မှထူးထူးဆန်းဆန်း အရင်ကလိုမဟုတ်ဘဲ ညင်ညင်သာသာ မောင်းနေမိတယ်။

ခါတိုင်းဆို နွေလယ်ခေါင်မှာတောင်မှ အုံ့ဆိုင်းနေတတ်တဲ့ မြို့ကလေးဟာ ဒီညနေခင်းကျမှ ရွှေရောင်ဝင်းပနေသလိုပဲ။ ပိုလည်း လှနေသလိုထင်မိတယ်။ အပျော်စိတ်ဆိုတာ အရာရာကို လှတယ်လို့ချည်း ထင်တတ်စေတယ်ထင်ပါရဲ့။

မြို့ပတ်လမ်း တောင်ကြောလေးအတိုင်း ဖြည်းဖြည်းမှန်မှန် မောင်းနေမိတယ်။ ဒီမြို့မှာ အရှည်ဆုံးလမ်းကိုမှ ဘာ့ကြောင့် ရွေးမောင်းနေမိသလဲ မသိတော့ဘူး။

ကောင်လေးကတော့ မေးခွန်းတွေ တစ်ခုပြီးတစ်ခုမေးရင်း။

ငါပြန်ဖြေတဲ့ အဖြေအပေါ် ငြင်းခုန်ရင်းနဲ့ သူ့ရဲ့အရှင်ဓာတ်ကို အသက်ဆက်နေတယ်။ ကလေးဟာ ကလေးတစ်ယောက်လို လွတ်လွတ်လပ်လပ်ပျော်နေတာပါ။

ယုန်လေး ငါ့ကို စကားတစ်ခွန်းမှ မပြောဘူး။

ငါကလည်း ယုန်ကလေးကို ဘာမှ မပြောမိသေးဘူး။

တောင်ပေါ်လေအေးအေးကို အဆုတ်ထဲ တစ်ဝရှူသွင်းရင်း ဆိုင်ကယ်ကို ဖြည်းဖြည်းချင်းပဲ မောင်းနေမိတယ်။

ညနေခင်းလေကလေးမှာ အအေးသဲ့သဲ့ပါတယ်။

အေးသွဲ့သွဲ့လေကလေးဟာ ယုန်ကလေးရဲ့ သနပ်ခါးနံ့မွှေးမွှေးကို ငါ့ဆီ သယ်ဆောင်လာတယ်၊ မိန်းမပျိုလေးတစ်ယောက်ဆီက အဲဒီမွှေးမြမြ သနပ်ခါးနံ့လေးက ငါ့ရင်ကို နွေးစေခဲ့တယ်၊ မဟုတ်သေးဘူး အေးစေ ခဲ့တာ။

ဒါ... အနံ့အသက်ရဲ့ စွမ်းအားကို ငါ့ဘဝမှာ ပထမဆုံး သတိထားလိုက်မိတာ၊ မွှေးရနံ့ရဲ့ ထောင်ချောက်တွင်းနက်ထဲ ပထမဆုံးဆင်းသက်ကျဆုံးခဲ့တာ အသေအချာပါပဲ။

တောင်အောက်က ပင့်တိုက်လိုက်တဲ့ လေအေးလေးတွေက ယုန်လေးရဲ့ ဆံပင်ရှည်နွဲ့နွဲ့တွေကို မွှေ့ယမ်းလွင့်စင်ခါထွက်သွားစေတဲ့အခါမျိုးမှာတော့ ရှုန်ပူနံ့ ပျံ့ပျံ့လေးသင်းနေတဲ့ သူ့ဆံပင်ရှည်ရှည်တွေဟာ ကောင်လေးကိုကျော်ပြီး ငါ့မျက်နှာနဲ့ လည်ပင်းတွေကို လာရစ်ပတ်နေတတ်တယ်။

ဝန်ခံကြစတမ်းဆိုရင် အဲဒီညနေမှာ ငါဟာ နွယ်တစ်ပင်ရဲ့ ရစ်ပတ်ခြင်းကို ခံလိုက်ရတာပါ။

ငါကိုယ်တိုင်ကလည်း အဲသလို အရစ်ပတ်ခံချင်နေသလိုပဲ။

အမှတ်တရဆိုတာ အမှတ်မထင်အခြေအနေက ဖြစ်လာတတ်တာမျိုးလား။

နက်ဖြန်ကျရင် ဆိုင်ကယ်ပို့ပေးလိုက်လို့ ကျေးဇူးတင်ကြောင်း အဖေ့ဆီ စာတစ်စောင်ရေးလိုက်ရဦးမယ်။

အဖေရေ...။ အဖေ့ဆိုင်ကယ်ဟာ အရင်ထက်ကို ပိုတန်ဖိုးကြီးသွားပြီဆိုတာ အဖေမသိလိုက်ဘူး မဟုတ်လား၊ သူ့အပေါ် ယုန်ကလေးတက်ထိုင်လိုက်ကတည်းက ဒီဆိုင်ကယ်ကို ကျွန်တော် တန်ဖိုးမဖြတ်တတ်တော့ပါဘူး အဖေ။

အဖေ ပို့လိုက်တဲ့ ဆိုင်ကယ်လေးပေါ်မှာ ကျွန်တော့် အနာဂတ်တွေပါဝင်နေသလို ခံစားနေရတယ်။ အဖေကတော့ ကျွန်တော့်အခြေအနေတွေကို သိရင် အရင်လိုပဲ တော်တော်ရူးတဲ့ကောင်လို့ ပြောဦးမှာ။

✯

အလုပ်လုပ်ရင်း ညက တစ်ညလုံး ဖွထားခဲ့မိတဲ့ ငါးစာဖတ်ခန်းကို ရှင်းချင်တာနဲ့ ဒီနေ့ ရုံး နည်းနည်းစောပြီး ဆင်းဖြစ်တယ်။

မြို့လေးရဲ့ ကောင်းကင်တစ်ခြမ်းမှာ နေသာနေပေမယ့် အနောက်တောင်ဘက်က တိမ်ညိုတစ်အုပ်ကတော့ လေစီးကြောင်းအတိုင်း မြို့လေးဆီ ချီတက်လာနေကြပြီ။ ထုနဲ့ထည်နဲ့ အင်နဲ့အားနဲ့ပါပဲ။ တောင်ပေါ်မှာ ရွာတဲ့မိုးဟာ အတော်ဆိုးရွားတယ်။ ရေခဲရည် အစက်စက်တွေလောင်းချခံလိုက်ရသလိုမျိုး ခိုက်ခိုက်တုန်အေးစေတတ်တယ်။ ဆိုင်ကယ်ကို သွက်သွက်မောင်းရင်း အိမ်ပြန်ရောက်တော့ အိမ်မှာ မီးဖိုထဲ တကုပ်ကုပ် အလုပ်များနေတဲ့ အဒေါ်တစ်ယောက်ပဲ ရှိတယ်၊ ဘယ်သူမှ ပြန်မရောက်ကြသေးဘူး။

ငါ့အခန်းငါရှင်းနေတုန်း လေပြင်းတွေနဲ့ရောပြီး ဖြုန်းဖြုန်းဒိုင်းဒိုင်း ရွာချလာတဲ့ မိုးကြောင့် မှန်တံခါးတွေကို ကမျောသောပါး ထပိတ်လိုက်ရသေးတယ်။ ငါ့ အခန်းရှင်းတာ ဘယ်လောက်ကြာမလဲ၊ ကြာလှ နာရီဝက်၊ လေးဆယ့်ငါးမိနစ်ပေါ့။

အပြင်မှာ ဝုန်းဒိုင်းကြဲနေတဲ့မိုးဟာ ခုတော့၊ လေငြိမ်ပြီး သည်းသည်း ပဲ ရွာနေတော့တယ်။ စောစောက မှန်တံခါးကို ထိုးပက်နေတဲ့ မိုးစက် တွေလည်း။ တံစက်မြိတ်က တသွင်သွင်ကျနေတဲ့ ရေစီးကြောင်းတွေ အဖြစ် ပြောင်းသွားကြပြီ။

လေဝင်လေထွက် ကောင်းအောင်လို့ အခန်းတံခါးကို ဖွင့်လိုက်တာပါပဲ၊ တံခါးအဖွင့်မှာပဲ ငါ့မျက်လုံးတွေက ခြံဝင်လမ်းကလေးဆီ ရောက်သွားတယ်။

ခြံတံခါးဆီမရောက်ခင် မြေနီလမ်းလေးရဲ့ တစ်ဝက်မှာ...။

သည်းသည်းရွာနေသေးတဲ့ မိုးရေစက်တွေအောက်မှာ...။

တစ်ယောက်တည်းလျှောက်လာနေတဲ့ ယုန်လေးကို ငါလှမ်းမြင်လိုက်ရတယ်။ သူ့ခေါင်းပေါ်မှာ လွယ်အိတ်လေးမိုးလို့...။ တစ်ကိုယ်လုံးလည်း ခိုက်ခိုက်တုန်လို့...၊ ရေစိုလို့ ကပ်နေတဲ့ထမီက သူ့ခြေလှမ်းတွေကို ကျယ်ကျယ်မြန်မြန် လှမ်းလို့မရအောင် တုပ်နှောင်ထားတယ်။ သကြ်န်မှာသာတွေ့ရတတ်တဲ့ ကောင်မလေးတွေရဲ့ ရေစိုစိုအလှမျိုး သူ့ဆီမှာတွေ့နေရတယ်။

စိုးရိမ်စိတ်နဲ့ ငါ အိမ်အောက်ကိုပြေးဆင်းသွားပြီး ထီးရှာနေမိရဲ့။ ဘယ်တွေ့မလဲ။ ငါမှ ထီးမဆောင်းတာ။ အိမ်မှာရှိတဲ့ ထီးကလည်းအပြင်ထွက်နေတဲ့ လူတွေ ယူသွားကုန်ကြပြီဖြစ်မှာပေ့ါ။ နမော်နမဲ့ မေ့မေ့လျော့လျော့နဲ့ ထီး ပါမသွားတဲ့ ယုန်လေးကို စိတ်ထဲကကြိတ်ပြီး အပြစ်တင်နေတုန်း...

သူ သိပ်ချမ်းနေတော့မှာပဲ...။ ဖျားများသွားလေမလား...ဆိုတဲ့ အတွေးတွေက ချက်ချင်း အစားထိုးဝင်လာတယ်။

တစ်ယောက်တည်း ဗျာများနေတဲ့ ငါ့စိတ်ကိုငါ နည်းနည်းတော့ပြန်ရှက်မိပါရဲ့။ ဒါနဲ့ပဲ ဆိုင်ကယ်မှာချိတ်ထားတဲ့ မိုးကာအကျႌကို ဖြုတ်ခြုံပြီး သူ့ဆီ အပြေးတစ်ပိုင်းခြေလှမ်းနဲ့ သွားမိတယ်။

တစ်ကိုယ်လုံး ရစရာမရှိအောင် ရွှဲရွှဲစိုနေတဲ့ လူတစ်ယောက်ကို အိမ်ရောက်ခါနီးမှ မိုးကာပြေးခြုံပေးတာဟာ အတော်အူတီးအူကြောင်နိုင်တဲ့ ကိစ္စပဲလို့ နောင်မှ တွေးမိတယ်။

“ရတယ် အစ်ကိုကြီး၊ ကျွန်မက စိုပြီးသား၊ အစ်ကိုကြီးသာခြုံထားပါ”ဆိုတဲ့ စကားအောက်မှာ ငါ့မိုးကာဟာ လူနှစ်ကိုယ်စာ ထီးရွက်ကလေးဖြစ်ခဲ့တယ်။ သူ့ခေါင်းပေါ်ကို အုပ်မိုးပေးလိုက်တဲ့ တစ်ခဏမှာ တို့နှစ်ယောက်ဟာ သိပ်ကို နီးကပ်သွားကြပြီ။ ငါ့တစ်ကိုယ်လုံးက ထွက်

နေတဲ့ ကိုယ်ငွေ့အနွေးဓာတ်တွေက သူ့ကို နည်းနည်းတော့ အချမ်း သက်သာစေမှာပါ။ အအေးကြောင့် ဖြူဖျော့နေတဲ့ သူ့နှုတ်ခမ်းကို ကြည့် ပြီး အရမ်းချမ်းနေရှာတော့မှာပဲဆိုတဲ့ အတွေးနဲ့ ယောင်ယမ်း ပွေ့ဖက် လိုက်မိတော့မလို ဖြစ်သွားသေးတယ်။ ကံကြီးပေလို့ သတိဟာ အချိန်မီ ဘရိတ်မိခဲ့။

ရေစိုနေတဲ့ သူ့ကိုယ်ဆီက ခပ်ပျော့ပျော့ အနံ့တစ်ခုရတယ်၊ ငါ ရနေကျ သနပ်ခါးနံ့။ ရှန်ပူနံ့တွေမဟုတ်ဘူး၊ အလွန်နုစ်သက်စရာကောင်း တဲ့ ယုန်လေးရဲ့ ကိုယ်နံ့သင်းသင်းလေးတွေပါပဲ။ အံ့သြစရာပဲ၊ နှစ်သက် စရာအနံ့တွေကို ငါ ခွဲခြားတတ်နေပါလား။

မိုးရေစက်တွေဟာ ငါ့ရင်ထဲက တစ်နေရာရာကို တုန်ခါစေခဲ့ပြီ။

မိုးရေစက်တွေဟာ ငါ့ရင်ထဲက တစ်စုံတစ်ရာကို သေချာစေခဲ့ပြီ။

လမ်းကလေးပေါ်ကျော်လာတဲ့ ရေစီးကြောင်းလေးက တို့နှစ် ယောက်ရဲ့ ခြေဖမိုးတွေပေါ် အေးစက်စက် ဖြတ်စီးနေကြတယ်။ ညင်ညင် သာသာ ပွတ်တိုက်နေကြတယ်။ အိမ်မွေးကြောင်တစ်ကောင် သူ့သခင်ကို ချွဲနွဲ့နေတဲ့အတိုင်းပဲ။

မိုးကာအောက်ရောက်မှ သူ့ရင်ခွင်ထဲ ပြောင်းဖက်ထားတဲ့ ယုန် ကလေးရဲ့ လွယ်အိတ်ကလေး ဖြစ်ချင်စိတ် ရုတ်တရက် ပေါ်လာတယ်။

မြေပေါ်မှာ ဖွေးဖွေးလှုပ်နေတဲ့ မိုးရေပြင်အပေါ် ကောင်းကင်က မိုးရေစက်တွေ အလုအယက် ထိုးစိုက်ခုန်ဆင်းနေတာကို အဓိပ္ပာယ်မဲ့ ငုံ့ကြည့်ရင်း တဖြည်းဖြည်းချင်း လျှောက်နေမိတယ်။ လှမ်းမြင်နေရတဲ့ အိမ်ကိုရောက်ရင် ခုရှိနေတဲ့ နှစ်ယောက်တည်း ကမ္ဘာလေးကို ခွာချဖယ် ရှား ပစ်လိုက်ရတော့မှာ နှမြောတသ ဖြစ်နေတာလား ကိုယ့်ဖာသာပြန် မမေးလိုက်တော့ပါဘူး။

ဒီည အိပ်ရာဝင်ရင် ညနေကရွာချတဲ့မိုးရေစက်တွေထဲမှာ ယုန်လေး ရဲ့ ကိုယ်နံ့သင်းသင်းလေး ပါတယ်လို့များ အိပ်မက် မက်နေဦးမှာလား။

နောင်နှစ်ပေါင်းများစွာကြာသည့်တိုင် အဲဒီမိုးစက်တွေကပဲ ငါကြား ချင်တဲ့ အိပ်ယာဝင်ပုံပြင်တွေပြောပြီး ငါ့ကိုချော့သိပ်ကြမှာလား။

ကျေးဇူးပဲ မိုးရေ...။

**အလင်းမြစ်**

ကိုယ့်ကို အိပ်ယာဝင်ပုံပြင်တစ်ပုဒ် ပြောပြပါဦး။

မသေချာတာတွေကို ကိုယ် သိပ်သေချာပစ်လိုက်ချင်ပြီ ကလေးရယ်...။

✯

အနေနီးနေရတာက ငါ့ရင်ကို ပို ဖိစီးနှိပ်စက်နေသလိုပဲ၊ ငါ့ရင်ခုန်သံကို ငါတစ်ကိုယ်စာသာ ကြားနေရအောင် မြိုသိပ်ထားရတာ ပင်ပမ်းလိုက်တာ။

ဖွင့်အန်လို့မှ မဖြစ်ပဲ။

ဒီနှစ်ဟာ သူ့ဘဝအတွက် အရေးပါတဲ့နှစ်လေ၊ ဘွဲ့ရပညာတတ်တစ်ယောက် ဖြစ်ဖို့ မဖြစ်ဖို့ဆိုတာ ဒီတစ်နှစ်က အဆုံးအဖြတ်ပေးမှာ။ ယုန်ကလေးရဲ့ ဘဝလမ်းအတွက် ငါ ဘာကို မမြိုသိပ်ထားနိုင်ရမှာလဲ။

နေ့စဉ်လိုလို ညနေညနေ စာသင်ရမယ့် အချိန်ကိုသာ မျှော်နေမိတယ်။

သနပ်ခါးနံ့။ ရှုန်ပူနံ့တွေမှာ လူကိုယစ်မူးစွဲလမ်းစေတဲ့ ဓာတုဆေးတစ်မျိုးမျိုး ပါဝင်နေသလား။ ငါ့မှာတော့ အဲဒီမွှေးရနံ့တွေကြားမှာ တစ်ခါတစ်ခါ ရောထွေးပါလာတတ်တဲ့ ယုန်ကလေးရဲ့ကိုယ်သင်းနံ့ ပျော့ပျော့လေးတွေအပေါ်မှာတောင် စွဲလမ်းနေမိပြီ ထင်ပါရဲ့။

ညဦးယံ ရနံ့များလို့ ကိုယ့်ဖာသာ အမည်မှည့်ရင်း ကျေနပ်နေ တတ်ခဲ့တဲ့ ရက်ပေါင်းများစွာဟာ ဘယ်လောက်တောင် ရှည်ကြာဦးမှာလဲ။

သူ့ကို စာသင်ပေးခွင့်ရတဲ့ အဲ့ဒီညဦးယံတွေမှာ ငါနှစ်သက်စွဲလမ်းတဲ့ ရနံ့တွေဟာ ငါ့တစ်ကိုယ်လုံးကို ရစ်ပတ်လွှမ်းခြုံလို့။

✯

ငါ့အလုပ်တာဝန်နဲ့ နယ်ထွက်သွားရတဲ့ နှစ်လမှာ ယုန်လေးကို လွမ်းလိုက်ရတာ။ သူ့မျက်နှာကို မတွေ့ရတဲ့ ရက်တွေမှာ နေ့တာရော

ညတာပါ ခါတိုင်းထက် ပိုရှည်နေသလိုပဲ။

အုံပုံးချစ်ဆိုတာ အဲဒါမျိုးလား။ ဟုတ်တယ်ဆိုရင် ဒါဟာ သိပ်နိပ်လှတဲ့ ကိစ္စတော့မဟုတ်ဘူး။

ငါ ကွင်းဆင်းရတဲ့ ဝန်းကျင်တစ်ဝိုက်မှာ သစ်ခွပန်း လှလှတွေ အများကြီး ပေါက်နေတာ တွေ့ခဲ့ရတယ်၊ မြင်သမျှလှနေတဲ့ မြင်ကွင်းရယ်၊ အထီးကျန်ခြင်းရယ်ဟာ တစ်နံတစ်လျားအတွေးတွေနဲ့ စိတ်ကို ကစင့်ကလျား ဖြစ်စေခဲ့ပါတယ်။

ယုန်လေးရဲ့ ဆံပင်ရှည်ရှည်မှာ အဲဒီပန်းအလှတွေကို စိတ်ကူးနဲ့ ပန်ဆင်ပေးနေမိတယ်။ ပန်းတွေနဲ့ဝေနေတဲ့ ချစ်သူ့ရုပ်ပုံမြင်ကွင်းက ငါ့ရင်တွင်းကို ခမ်းနားခြင်းတွေ ခမ်းခမ်းနားနား သယ်ဆောင်လာနေကြတယ်။

တကယ်လို့များ ငါက အဲသလို ပန်းပန်ပေးရင် ယုန်လေး ပြုံးနေမှာလား။ ကျေနပ်ပီတိစိတ်တွေ ပြည့်နေတဲ့ ရှက်ပြုံးလေးဖြစ်ဖြစ်ပေါ့။ နေပါဦး။ ယုန်လေးရဲ့ စိတ်လိုလက်ရအပြုံးကို မင်းမြင်ဖူးလားလို့ ကိုယ့်ကိုယ်ကို မေးကြည့်မိတော့ အရမ်းကို အံ့သြတုန်လှုပ်သွားတယ်။ ဟုတ်တယ်၊ ယုန်လေး စိတ်လိုလက်ရ ပြုံးရယ်နေတာကို ငါမမြင်ဖူးသေးဘူး။ အပြစ်ကင်းတဲ့ သူ့မျက်နှာလေးဟာ ပြုံးလိုက်ရင် ဘယ်လောက်များ ချစ်စရာကောင်း လိုက်မလဲ။

စိတ်ထား သိပ်ကို သိုသိပ်တတ်၊ မြိုသိပ်တတ်တဲ့ လူမျိုးတွေဟာ အနက်ရောင်ကို ကြိုက်တတ်ဆိုလား။ တစ်နေရာမှာ ငါဖတ်မိလိုက်သလိုပဲ။ ဒီအဆို ဟုတ်မှာ။ ယုန်ကလေးက အနက်ရောင်ကို သိပ်ကြိုက်တယ်လေ။ သိပ်သည်းတဲ့ အနက်ရောင်တွေ၊ မှုန်မှိုင်းမှိုင်းအရောင်တွေသာ ရွေးရွေးဝတ်တတ်တဲ့ ယုန်လေးဟာ သူ့ကိုယ်သူ ပတ်ဝန်းကျင်ကနေ ကိုယ်ရောင်ဖျောက်ထားတဲ့ တကယ့် ယုန်လေးတစ်ကောင်အတိုင်းပါပဲ။

နောက်ပြီး သူ ခံစားနေရတာတွေကို ငါတို့ သိဖို့သိပ်ခက်တယ်။

တစ်ခုခု သူ့နှုတ်ကဖွင့်အန်ထွက်လာတတ်ဖို့ထားဦး၊ သူ့မျက်နှာပေါ်မှာ ဘာခံစားနေရတယ်ဆိုတာမျိုး ပေါ်လာတာတောင် ခပ်ရှားရှား။

တကယ်တော့ သူဟာ မြေအောက်မှာ ငြိမ်ငြိမ်သက်သက် လဲလျောင်းနေတဲ့ တူးဖော်ရခက်မယ့် ရှေးမြို့ဟောင်းကြီးတစ်မြို့ပါပဲ။

အား... မောလိုက်တာ။

✢

နယ်အပြန်လက်ဆောင်အဖြစ် ငှက်ဖျားကို ငါ ယူလာခဲ့တယ်။

ကိုယ်အပူချိန် ပြင်းပြင်းနဲ့ ဖျားနာနေတဲ့ တစ်ပတ်အတွင်း ငါ့မှာ ဝေဒနာနဲ့ သာယာမှုကြားမှာ လုံးထွေးမျောပါနေတော့တယ်။ ပူလိုက်အေးလိုက်၊ ခေါင်းကိုက်လိုက်၊ ရေဆာလိုက်၊ တစ်ကိုယ်လုံး ကိုက်ခဲလိုက်၊ မူးဝေအော့အန်လိုက်နဲ့ ဇီဝဖြစ်စဉ်တစ်ခုလုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်နေပြီလားထင်ရတယ်။

အလုပ်သွားနေတဲ့ဦးလေး၊ အရွယ်မရောက်သေးတဲ့ ကောင်လေးနဲ့ မီးဖိုချောင်မှာ ဇယ်စက်သလို အလုပ်များနေရှာတဲ့ အဒေါ်သာရှိတဲ့ ဟောဒီအိမ်လေးမှာ လူမမာ ငါ့အတွက် ယုန်လေး ကျောင်းဖျက်ခဲ့ရတယ်၊ တစ်ယောက်တည်း ဝေဒနာခံစားနေရတဲ့အခါမျိုးမှာ ငရဲကျနေသလို ရှိပေမယ့် သူ ငါ့အနားမှာရှိနေရင်တော့ သုခဘုံမှာ လွင့်မျောရှင်သန်နေရသလိုလို။

ဆေးတိုက်ချိန်၊ အစာကျွေးချိန်တွေမှာ မှန်မှန်လာလုပ်ကိုင်ပေးတတ်တဲ့ ငါ့အတွက် အထူးသူနာပြုကောင်မလေးဟာ သူပါပဲ၊ ယုန်ကလေးပါပဲ။

သူ့မျက်နှာမှာ သံယောဇဉ်ကြီးမှုကြောင့် စိုးရိမ်သောကဖြစ်တဲ့ အရိပ်အရောင်မျိုး ငါမမြင်ရဘူး။ ခိုက်ခိုက်တုန်ချမ်းနေတဲ့အခါ ရုပ်ရှင်တွေထဲကလို ငါ့ကို လာဖက်မထားဘူး။ ဝတ်ကျေတန်းကျေဆိုတာထက် နည်းနည်းလေး ပိုကောင်းပိုနိုင်တဲ့ စေတနာတွေ တွေ့ရပေမယ့် ငါ လောဘတကြီးမျှော်လင့်ထားတဲ့ ဂရုစိုက်မှုမျိုးမရှိခဲ့ဘူး။ သူစိမ်းမဆန်လှပေမယ့် လိုအပ်တာထက်မပိုတဲ့ ဝန်ဆောင်မှုလိုမျိုးသာ တွေ့ရတယ်။

ဘာပဲဖြစ်ဖြစ် ငါ အကြာကြီးသာ ဖျားနာနေပစ်လိုက်ချင်တော့တာပါပဲ။

ယုန်လေးရယ်… မင်းဟာ တကယ့်ကို ငြိမ်သက်ခိုင်မတ်တဲ့ ကျောက်ဆောင်တစ်ခုလားကွယ်။

✰

**ငါ့ကိုယ်ငါ တွေ့ရှိခဲ့ပါပြီ။**
'ယုန်လေးကို ငါချစ်တယ်'
'ယုန်လေးကို ငါချစ်တယ်'
'ယုန်လေးကို ငါချစ်တယ်'
'ယုန်လေးကို ငါချစ်တယ်'
'ယုန်လေးကို ငါချစ်တယ်'

ဒါပေမယ့် ငါ့ကိုယ်ငါ သော့ခတ်ထားလိုက်တယ်။
'ယုန်လေးကို ငါချစ်လို့'

ငါ့စိတ်ငါ ဂျက်ချထားလိုက်တယ်။
'ယုန်လေးကို ငါချစ်လို့'

ကိုယ့်စိတ်ကိုယ် ပြန်ပိတ်လှောင်ထားရတာလောက် အခံရခက်တဲ့ ကျဉ်းကြပ်မှုမျိုးကို မင်း နားလည်နိုင်ပါ့မလားကလေးရယ်။
'ယုန်လေးကို ငါချစ်တယ်'

ခုတော့… ငါ့မှာ အချိန်တွေရှိတယ်။ ငါ့မှာ အခြေအနေတွေ ရှိတယ်။ ငါ စောင့်စားနိုင်ရမယ်။ ငါစိတ်ရှည်နိုင်ရမယ်ဆိုပြီး ကိုယ့်ကိုကိုယ် အတင်းကာရော ဆင်ခြေတွေ ပေးနေရပါရောလား။ ဇွတ်တရွတ်ကို အားတင်းနေရပါရောလား။

ဇော်လတ်ရေ…
မင်းကိုယ်မင်း သေချာဖို့ပါပဲ။
တကယ့် သေသေချာချာကြီးကို သေချာပစ်လိုက်ဖို့ပါပဲ။

အဲသလိုသေချာပြီဆိုရင် အရာအားလုံးဟာ မင်းလက်ထဲမှာ ရှိတယ်။ မင်းဟာ ဒီနေ့အထိ လိုချင်တာ မရ ရအောင်ရယူနိုင်စွမ်း ရှိသေးသူတစ်ယောက်ဆိုတာ မင်းကိုယ်မင်း ယုံကြည်သေးရဲ့မဟုတ်လား။

**ငါ့ကိုယ်ငါ သေချာခဲ့ပါပြီ။**

ဝန်ခံလိုက်ပါတယ်။

**"ယုန်လေးရေ... မင်းကို ငါ တကယ်ချစ်ခဲ့မိပါပြီ"**

✫

ဖွဲမီးသဖွယ် တငွေ့ငွေ့လောင်ကျွမ်းခဲ့ရာမှ ချစ်ခြင်းမီးတောက် မီးလျှံတစ်ခုဖြင့် အလျှံတငြီးငြီးတောက်လောင်ခံစားနေခဲ့ရသော ဖေဖေ့ရင်ပူပူကို ကျွန်မလက်ဖြင့် လှမ်းကိုင်ထိတွေ့လိုက်ရသလို ခံစားရပါသည်။ ဖေဖေသည် ပေါက်ကွဲလွယ်သော မီးတောင်တစ်ခု ဖြစ်ဟန်တူပြီး၊ မေမေက မြေသားအောက်တွင် ဖုံးကွယ်နစ်မြုပ်နေသော ကျောက်စိုင်ကျောက်ခဲတစ်ခုများ ဖြစ်နေလေရော့သလားဟု ကျွန်မ တွေးတောနေမိပါသည်။ ကျွန်မ မသိမီလိုက်သော ဟိုး အရင်ကာလများတွင် ဖေဖေနှင့် မေမေမည်သို့ဖြစ်ပျက်ခဲ့ကြပါသနည်း။ အေးစက်တောင့်ခဲသော မိသားစုဘဝတစ်ခုကို ကျွန်မ မိဘများ မည်သို့ တည်ဆောက် ထိန်းသိမ်းခဲ့ကြပါသနည်း။

ချစ်ခြင်း၏ အတိမ်အနက်၊ ချစ်ခြင်း၏မာယာ၊ ချစ်ခြင်း၏ အေးခဲမှုနှင့် လောင်မြိုက်ခြင်းတို့ကို ကျွန်မ နားမလည်သေးပါ။ သို့သော် ဖေဖေ့ဒိုင်ယာရီစာရွက်များဆီမှ ပြင်းရှသော ရင်ခုန်သံတို့သည် ကျွန်မရင်ကို ကူးစက်ရိုက်ခတ်ခဲ့ပါပြီ။ ဖေဖေ့ရင်ထဲမှ အပူသည် ကျွန်မထံသို့ တုတ်ထိုးအိုးပေါက် ထိုးဖောက်ဝင်ရောက်ခဲ့ပါပြီ။

စာရွက်လှန်နေသော ကျွန်မလက်များ ခေတ္တ ရပ်တန့်နေသည်။ ကျွန်မမျက်လုံးများက မမြင်ရသော အတိတ်အရပ်ဆီ လှမ်းမျှော်ကြည့်နေဟန်တူပါသည်။ ချစ်ခြင်းဟူသည်မှာ လူတစ်ယောက်ကို သည်မျှအထိ ခံစားရခက်စေသည့် လက်နက်ဆန်းတစ်မျိုးလားဟု ကျွန်မ စဉ်းစားနေမိ

ပါသည်။

ချစ်ခြင်းမှာ အပြန်အလှန်မရှိတော့ဘူးလား။

ချစ်ခြင်းဟာ ရောင်ပြန်မဟတ်တတ်ဘူးတဲ့လား။

ချစ်ခြင်းမှာ မြစ်တစ်စင်းလို ဆန်မစီးတတ်တဲ့ သဘာဝတစ်ခုပဲ ရှိနေတာလား။

✢

တစ်အိမ်တည်း တစ်မိသားစုတည်းနေတဲ့လူဆိုတဲ့ အတွေး၊ မောင်နှမလိုလို ဘာလိုလိုဖြစ်နေတဲ့ ဆက်ဆံရေးတွေက သူ့စိတ်ကို တည်ငြိမ်အေးစက်နေစေတာလား။

ယုန်ကလေးရယ်... မင်းကိုငါချစ်လိုက်တာ။

မင်း ငါ့ကို ပြန်မချစ်မှာစိုးတဲ့ စိုးရိမ်သောကဖြစ်မှုကြီးက ငါ့ရင်ထဲမှာ တောင်တစ်တောင်လို အပုံလိုက်ကြီးကို စုပုံလို့၊ ခိုင်ခိုင်မတ်မတ် မြင့်မြင့်မားမားကြီး။ ဒီသောကတောင်တန်းကို ငါမကျော်နိုင်သေးဘူး။ အဲဒီတောင်တန်းရဲ့ ဟိုတစ်ဖက်မှာတော့ ငါ အရောက်ချင် အမြင်ချင်ဆုံး နယ်နိမိတ်မဲ့လွင်ပြင်တစ်ခုရှိမှာ။

အဲဒီလွင်ပြင်မှာ မျက်စိတစ်ဆုံး သီးနှံခင်းတွေကို လှိုင်းပြေပြေလေးဖြစ်အောင် တိုက်တတ်တဲ့ ညှင်းသဲ့သဲ့လေတွေရှိမယ်။ ငါးသေးသေးလေးတွေကို သူ့ရင်နဲ့ အပြည့်ထည့်ထားတဲ့ ရေကြည်ကြည် စမ်းချောင်းလေးရှိမယ်၊ စိုးစီစိုးစီ မြည်တတ်တဲ့ ငှက်လေးတွေ ရှိမယ်။ အုံ့မှိုင်းမနေတဲ့ အလင်းပွင့်ကောင်းကင်တစ်ခုရှိမယ်၊ ဆင်ခြေလျှောကုန်းမို့မို့လေးမှာတော့ ရောင်စုံပန်းခင်းလေးပေါ့။ ခပ်ဝေးဝေးမှာ တလှုပ်လှုပ်သွားနေတဲ့ သိုးတစ်အုပ် ရှိကောင်းရှိမယ်။ အရေးအကြီးဆုံးကတော့ အဲဒီလွင်ပြင် တစ်ခုလုံးကို ယုန်ကလေးက ကိုယ့်အပေါ်ထားတဲ့ ချစ်ခြင်းတရားနဲ့ အခိုင်အခန့် အုပ်မိုးထားလိုက်ဖို့ပါပဲ။

ဒါဟာ စိတ်ကူးတွေပါ ကလေးရေ...၊ ရူးနေတာလို့ ပြောလည်းမှားမယ် မထင်ပါဘူး။ ခု ကိုယ်ဘာဖြစ်နေလဲ...၊ မင်းသိလား။

မင်းဆီကသနပ်ခါးနံ့လေးတွေ မရတဲ့နေ့မျိုးဆိုရင် ကိုယ်မအိပ်တတ်

တော့ဘူး။

အဲသလို အိပ်မရတော့တဲ့ ညမျိုးတွေမှာဆို မင်းအဘိုးရဲ့ စာကြည့်ခန်းထဲမှာ အရုပ်ကလေးတစ်ရုပ်လို အချိန်အကြာကြီး မင်းထိုင်နေတတ်သလိုမျိုး အပေါ်ထပ်က ငါ့ အလုပ်ခန်းမှာ ငြိမ်ငြိမ်လေး ငါထိုင်နေတတ်ခဲ့ပြီ။

မင်း ငြိမ်ငြိမ်လေးထိုင်နေတဲ့အချိန်တွေမှာ ဘာအကြောင်း တွေးနေတတ်လဲ။

ငါ ငြိမ်ငြိမ်လေးထိုင်နေတဲ့ အချိန်တွေမှာတော့ မင်းလေးအကြောင်းပဲ တွေးနေမိတတ်တယ်။

တို့တွေ လက်ထပ်ပြီးတဲ့အခါ ဟောဒီအိမ်ကလေးကို ပိုနေချင့်စဖွယ်ဖြစ်အောင် ဘယ်လိုပြန်ပြုပြင်မလဲ။ သားသမီးပွားစီးပြီးတဲ့အခါ ကလေးတွေနဲ့ တို့ ခြံကျယ်ကြီးထဲမှာ ဘယ်လိုဆော့ကစားကြမလဲ။

အလုပ်က မောမောပန်းပန်း ပြန်လာတဲ့အခါ အိမ်ထောင့်ရှင်မင်း က အမောပြေအောင် ဘယ်လိုကြိုမလဲ။

မင်း သနပ်ခါးမလိမ်းဘဲ အိပ်ရာဝင်တဲ့ညမျိုးရှိရင် *‘ရှင်မရေ ဒီညတော့ ကိုယ် အိပ်လို့ရမှာမဟုတ်ဘူးကွဲ့’*လို့ စ နောက်ဖြစ်မလား၊ အဲဒီအခါဆို မင်းက ကိုယ့်ကို စိတ်တိုင်းကျ ထုနှက်ရိုက်ပုတ်ပြီး စိတ်ဆိုးချင်ယောင်ဆောင်မှာလား။ ပြီးရင် ကျောက်ပျဉ်က ခုမှသွေးယူလာတဲ့ သနပ်ခါး စိုစိစိတွေနဲ့ ငါ့တစ်ကိုယ်လုံးကို သုတ်လိမ်းနေမှာလား၊ *‘ဟောဒီအနံ့တွေ နဲ့ပဲ ရှင်နေ၊ ကျွန်မနဲ့မနေနဲ့တော့’*လို့ တကယ်စိတ်မဆိုးတဲ့ စိတ်ဆိုးမှု အတုတွေနဲ့ ကိုယ့်ကိုရန်ထောင်စိတ်ကောက်နေမှာလား။ ကိုယ့်စိတ်ကူး ထဲမှာတော့ မင်းနဲ့ပတ်သက်ပြီး တွေးမိသမျှဟာ ပျော်စရာတွေချည်းပါပဲ။

တစ်ကိုယ်တည်း ကိုယ်တွေးဖြစ်သမျှ ‘လဲ’ပေါင်းများစွာထဲမှာ မင်းဟာ ပင်တိုင်မင်းသမီးပါ ယုန်ကလေးရယ်။ ယုံပါ။

✯

ဒီညဟာ ကြယ်စင် ကြယ်စ လင်းလက်ရုံညမျိုး မဟုတ်ဘူး။

ကောင်းကင်မှာ ကြယ်မှုန်တိုင်းကို ထန်နေတာ။

အနက်ရောင်လွင်ပြင်ထဲ အလင်းစက်တွေက မွစာကြဲလို့။

တန်ဆောင်မုန်းဆိုတာ ကြယ်စုံလက်တဲ့ ရာသီထင်တယ်။ ပြတင်းပေါက်ကို ဖွင့်လိုက်တယ်။ ညလေအေးထဲမှာ ငါ့အတွေးတွေကို မျှောလိုက် လွှတ်လိုက်မိ။ ကြယ်တွေဆီရောက်တဲ့အထိ၊ ငါ မျှောလွှတ်လိုက်တဲ့ စိတ်ကူးတွေက အဲဒီကြယ်တွေထက် အရေအတွက် များကောင်း များနိုင်တယ်။

သည်ခရီးမှာ တစ်ကြိမ်တစ်ခါပဲ လွဲမှားခဲ့ဖူးပါတယ်...။

ဒီတစ်ကြိမ်အမှားကြောင့်ပဲ ငါ့ရထားဟာ

မင်းရှိရာ ဘူတာကို

ဘယ်တော့မှ ဆိုက်ရောက်ခွင့်မကြုံတော့ဘူးကွယ်။

ကျောင်းတုန်းက သူငယ်ချင်းတစ်ယောက်ရေးတဲ့ ပို့စ်ကဒ်ကဗျာ ညကြီးမင်းကြီး ငါ့ဆီ ရောက်ချလာတယ်။ တကယ်တော့ ငါကြောက်နေတာ၊ ပိုင်ဆိုင်ခွင့် ပျောက်ဆုံးမှာကို ကြောက်နေတာ။ ဆုံစည်းခွင့် မရှိမှာကို ကြောက်နေတာ။ သူ့အချစ်ကို မရလိုက်မှာ ကြောက်နေတာ။ ထူထောင်ချင်တဲ့ ဘဝလေးတစ်ခု ပျယ်လွင့်သွားမှာကို ကြောက်နေတာ။

ငါ့ရင်ထဲက အကြောက်တရားဟာ ငါ့စိတ်ထဲကို အင်အားတစ်မျိုးမျိုး ဖြည့်သွင်းပေးနေသလိုပဲ။ ငါလိုချင်တာ ငါရယူဖို့၊ ငါသွားချင်တဲ့ခရီး အပြီးရောက်အောင် သွားနိုင်ဖို့၊ ငါ့ကိုယ်ငါ ပြင်ဆင်ခိုင်းနေတဲ့အင်အားမျိုး။

ယုန်ကလေးနဲ့ ပတ်သက်လို့ ဖြစ်လာတဲ့ ငါ့စိုးရိမ်ကြောက်ရွံ့စိတ်မှာ ညှို့ဓာတ်တစ်မျိုး ပါနေတယ်။ ငါဟာ မမြင်နိုင်တဲ့ အရာတစ်ခုခုက ညှို့ယူဖမ်းစားထားတာ ခံနေရသလိုမျိုးထင်လာတယ်။

ဒီတစ်ရက်ရဲ့ ညဦးယံစာသင်ဝိုင်းဟာလည်း ခါတိုင်းနေ့တွေလိုပါပဲ။

ခပ်ထိုင်းထိုင်းကောင်မလေးတစ်ယောက်ရဲ့ ပျပျမွှေးတဲ့ သနပ်ခါးနံ့လေးနဲ့ စခဲ့တယ်။ စာမေးပွဲရာသီ နီးလာပြီဆိုတော့ ငါ အားသွန်ခွန်စိုက် ဖိသင်တယ်။ သူကတော့ ခပ်လေးလေး၊ ခပ်အေးအေးရယ်။ တွက်ဆိုရင် တွက်နေမယ်။ ကျက်ဆိုရင် ကျက်နေမယ်။ တွက်မရ၊ ကျက်မရရင် မရ တဲ့ နေရာမှာ သည်အတိုင်းရပ်နေမယ်။ အဲလိုမျိုးဖြစ်တဲ့အတွက်

စိတ်ပျက် လက်ပျက် အမူအရာလည်း မတွေ့ရဘူး။ အားတက်သရော စာမေးလာ မလားလို့ စောင့်ကြည့်တော့လည်း မလာဘူး။ ငါ့အဖြစ်က သံပတ်ပေး ထားတဲ့ အရုပ်တစ်ရုပ်ကို စာသင်ပေးနေရသလိုမျိုး။

တစ်ခါတစ်ရံမှာတော့...။ မှားတွက်မိတဲ့ စာရွက်တွေကို ညင်ညင်သာသာ ဆုတ်ဖြဲပစ်လိုက်တာမျိုးတော့ မင်းလုပ်တတ်တယ်။ အဲလိုအခါမျိုးမှာလည်း ငါကြောက်တတ်ခဲ့တာပါပဲ။ မင်းလက်ထဲက စာရွက်တွေကို ငါ့ဘဝလို့ ယောင်ယမ်း ထင်မြင်မိပြီးပေ့ါ။

ယုန်လေးရယ် မင်းမှာ ဘာ့ကြောင့် ဒီလောက်တောင် တုံ့ပြန်မှုတွေ နည်းရတာလဲ။ မင်းရဲ့ အတန်းဖော်သူငယ်ချင်းတွေနဲ့ရော ဒီလို ထုံပေပေ အေးစက်စက်နေလိုက်တာပဲလား။ ငါသိချင်လိုက်တာ။

မင်းဘက်က အေးစက်စက်ဖြစ်လေ ငါ့ရင်မှာ သောကဆိပ်တက်လေလေပါ ကလေး။

ငါ မင်းကို စာသင်နေတယ်ဆိုတာ တစ်ချိန်ချိန်မှာ ကိုယ်ပိုင်ဆိုင်ရမယ့် အရာမို့ တန်ဖိုးပိုတက်အောင် အရောင်ပိုထွက်အောင် တိုက်ချွတ်ဖန်တီးနေတာ မဟုတ်ပါဘူး။ မင်းနဲ့ နီးနီးနေရရင်ကို ကျေနပ်လွန်းလို့ မပျက်မကွက် ညဆက်သင်ပေးနေတာပါ။

ကိုယ့်ရုံးမှာ လုပ်ဖော်ကိုင်ဖက် လူပျိုလူလွတ် သူငယ်ချင်းတွေ အများကြီး၊ လူလွတ်များထုံးစံအတိုင်း ညဘက်တွေမှာ ဟိုဒီသွားကြ၊ လည်ပတ်စားသောက်ကြပေ့ါ။ တစ်ရုံးတည်းသားလည်းဖြစ်၊ လူလွတ်လည်း ဖြစ်တဲ့ ကိုယ့်ကို သူတို့နဲ့အတူ အမြဲလိုက်စေချင်တယ်။ သူတို့အဆိုအရ လူပျိုများရဲ့ ညဦးယံဘဝကိုခံစားခြင်းပေ့ါကွာ။ ကိုယ် ဘယ်တော့မှ မလိုက်ဖြစ်ဘူး။ အဲဒီညဦးယံတွေမှာ ကိုယ် မင်းကို စာသင်ပေးရမယ်လေ။ မင်းဘေးမှာ ကိုယ်ရှိနေခွင့်ရတဲ့ အချိန်လေးတွေကို ဘယ်ပျော်ရွှင်မှုမျိုးနဲ့မှ မလဲခဲ့ပါဘူး ယုန်လေးရယ်။

ခေါ်လွန်းမက ခေါ်မရကြတော့ သူတို့က ကိုယ့်ကို ပြောကြတယ်။

*'ဒီကောင်က အသက်မပြည့်သေးလို့ မှတ်ပုံတင်တောင် မလုပ်ရသေးဘူး၊ ဒီတော့ အိမ်က အုပ်ထိန်းသူတွေက အရွယ်မရောက်သေးတဲ့ ကလေးလေးမို့ ညနေ ခြောက်နာရီကျော်ရင် အိမ်အပြင် ပေးမထွက်*

*တော့ဘူး’*...တဲ့။

ကိုယ်ပြောပြလိုက်ချင်တယ်၊ ကိုယ့်မှတ်ပုံတင်ကို သိမ်းထားတာ ယုန်ကလေးပါ... လို့။

ဘယ်တော့များမှ အဲသလို ကျယ်ကျယ်လောင်လောင် ပြောခွင့်ရမှာလဲ ကလေးရယ်။

✫

မင်း... ညှိုးချုန်းသွားလိုက်တာ။

ဟိုး တစ်နေ့က ကိုယ်ဆူလိုက်မိတဲ့အတွက် ဘယ်လောက် စိတ်မကောင်း ဖြစ်ရသလဲဆိုတာ ကိုယ်ပဲသိပါတယ်။ ဒီလိုမှ မတွန်းရင် မဖြစ်တော့ဘူးလေ။ စာမေးပွဲက မင်းရှေ့မှာ ကပ်နေပြီ။ စိတ်လေလွင့်နေတာမျိုးမဟုတ်ဘဲနဲ့ စာမလိုက်နိုင်တာကို ကိုယ် သိပ်ကျေနပ်လှတာ တော့မဟုတ်ဘူး။ ကိုယ်က ကောင်းစေ၊ အောင်စေချင်တဲ့ လူကိုး။

မင်းကြည့်ရတာ အိပ်ရေးတွေ သိပ်အပျက်ခံပြီး စာကျက်ထားသလိုပဲ၊ မျက်ကွင်းတွေကို ညိုလို့။

ကိုယ်ဆူလိုက်လို့များလား။

ဆူလိုက်လို့ ပုံမှန်ထက် ပိုစာကျက်လာတယ်ဆိုရင်တော့ ကိုယ် သိပ်ကျေနပ်မိမှာပဲ။ အေးစက်စက် တုံ့ပြန်မှုမဲ့ မင်းစိတ်တွေ ကိုယ့်ကြောင့် ပြောင်းလာပြီဆိုရင် ကိုယ် တစ်ဆင့်အောင်မြင်ပြီပေါ့။

နွမ်းလျလျခန္ဓာကိုယ်လေးနဲ့ စာကြည့်ကုလားထိုင်မှာ မင်း ဝင်ထိုင်လိုက်တယ် ဆိုရင်ပဲ၊ သနပ်ခါးနံ့လေးတွေက ကိုယ့်ဆီ ရောက်လာကြတယ်။ နွမ်းနယ်နေတဲ့ မင်းကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေတဲ့ကြားက ဒီရနံ့တွေအပေါ် သာယာနေမိသေးတာ ကိုယ့် ရူးသွပ်မှုတစ်မျိုးပါ ကလေးရယ်။

✫

နွေရောက်ပြီဆိုတာကို ခြံထဲက အကောင်ပလောင်ပေါင်းစုံရဲ့ ဆူညံ ပွက်လောရိုက်နေတဲ့ လှုပ်ရှားမှုတွေက အတည်ပြုပေးနေသလိုပဲ။

တောင်မြောက်၊ အပေါ်အောက် မျက်စိနောက်လောက်အောင် ပြေးနေတတ်တဲ့ ရှဉ့်ငပေါ်လေးတွေ၊ ကောင်မလေးတွေလို ပါးစပ်မပိတ်တမ်း စကားများကြတဲ့ ငှက်ကလေးတွေကို 'မင်းတို့ ခဏနေခဲ့နှင့်ကြဦး၊ ငါ ချစ်သူနဲ့ ခရီးထွက်လိုက်ဦးမယ်'လို့ နှုတ်ဆက်နေမိတယ်။

ဒီအကောင်ပေါင်းများစွာကို ချန်ထားရစ်ခဲ့ပြီး ပင်လယ်ကမ်းခြေကို ငါတို့ ခရီးထွက်ဖို့ ပြင်ဆင်ကြတော့ ကောင်လေးဆိုတာ ပျော်လွန်းလို့...၊ စ အစီအစဉ်ဆွဲတဲ့ အချိန်ကတည်းက သွားမယ့်ရက်ကို လက်ချိုးတွက်နေတော့တာ။

တစ်သက်လုံး တောင်ပေါ်မှာသာနေခဲ့တဲ့ ရှမ်းမလေးဟာ ပင်လယ်ရဲ့ ကျယ်ပြောမှုကို ကိုယ်တွေ့ မြင်ရတော့ သိပ်အံ့ဩသွားတယ်။ သူ့အတွက် သိပ်ထူးဆန်းတဲ့ ဒေသသစ်တစ်ခုကို ရောက်လိုက်ရလို့ နည်းနည်းတော့လည်း ပျော်သွားမှာပါ။

ကလေးရယ် မင်းကို ငါချစ်တဲ့ အချစ်ဟာ အဲဒီပင်လယ်ထက် ကျယ်လည်းကျယ် နက်လည်းနက်ပါတယ်လို့ ပြောပြချင်လိုက်တာ။

လှိုင်းသံ၊ လေသံ၊ လူသံတွေကြားမှာ ပင်လယ်ရေချိုးဖို့ လှိုင်းစီးဖို့ ကမ်းစပ်ဆီ တို့ ဆင်းလာကြတယ်။ ယုန်လေးရဲ့ ခြေလှမ်းတွေက တွန့်ဆုတ် တွန့်ဆုတ်၊ ကောင်လေးရဲ့ ကမ်းခြေကို ပြေးဆင်းသွားတဲ့နှုန်းက တာတိုချန်ပီယံတစ်ယောက်ထက်မြန်။ ဦးလေးနဲ့အဒေါ်က တစ်ယောက်လက် တစ်ယောက်တွဲလို့ ခပ်မှန်မှန်။ ကိုယ့်မှာတော့ ဒီနှုန်းသုံးခုကြားက အသင့်တော်ဆုံးအကွာအဝေးကို တွက်ချက်နေရာမယူတတ်တဲ့ ခပ်ညံ့ညံ့ အင်ဂျင်နီယာတစ်ယောက် ဖြစ်ခဲ့ရ။

တာယာကျွတ်တစ်လုံးနဲ့ မျောက်ရှုံးနေတဲ့ ကောင်လေးက မလှမ်းမကမ်းမှာ၊ ဦးလေးနဲ့အဒေါ်က တစမ်းစမ်း တလှမ်းလှမ်းနဲ့ ဒူးသာသာ လောက်နက်တဲ့နေရာက ဆက်ဆင်းမလာတော့ပဲ တဟဲ့ဟဲ့အော်နေတယ်။

လှိုင်းတစ်ချက်အပုတ်မှာ ယိုင်သွားတဲ့ ယုန်လေးရဲ့ကိုယ်ကို လှမ်းဆွဲ ဖေးမလိုက်ရင်း သူ့လက်ကလေးကို မြဲမြဲကိုင်ထားလိုက်မိတယ်။

အဲဒီလက်ကလေးကို ကိုယ်ပြန်မလွှတ်ဖြစ်တော့ဘူး။

အကြံသမား မဟုတ်ပါဘူး ကလေးရယ်၊ မင်းအပေါ်မှာ အစိုးရိမ်ကြီး လွန်းတဲ့ လူတစ်ယောက်ပါ။

လေပြည်ဟာ တို့ဆီ လှိုင်းတွေသယ်ဆောင်လာတယ်။

ငုပ်ဝင်လုဆဲနေရောင်ဟာ ပင်လယ်ရေကို ရွှေခြည်ငွေခြည် လက်စေတယ်။

ဖြူဝါဝါ သူ့ရင်ညွန့်ထက်မှာ ပင်လယ်ငွေရည်တွေ တလက်လက်။

မကြုံဖူးတဲ့ လှိုင်းတွေ၊ ရေတွေကို ကြောက်ရှာလွန်းလို့ ရိုးအအ သူ့မျက်လုံးဟာ ချောင်ပိတ်မိနေတဲ့ ယုန်လေးတစ်ကောင်လို ဝိုင်းစက်။

သူ့ကို ဆုပ်ကိုင်ထားတဲ့ ငါ့လက်နှစ်ဖက်မှာ အလိုလို ခွန်အားတွေ ပြည့်နှက်။

သိပ်မလှမ်းမကမ်းမှာ လှိုင်းကြီးကြီးတစ်လုံး မို့မောက်လှိမ့်တက်လာနေတယ်။ တဖြည်းဖြည်းကနေ မြန်မြန်ဆန်ဆန်ကြီး သူ ဖြစ်တည်ရုန်းကြွလာနေပုံက ငါ့ရင်ထဲက ဆန္ဒတွေ၊ အချစ်ဆိပ်တွေ အုံ့ဖွဲ့ပွင့်ကန်လာနေတဲ့အတိုင်းပဲ။

နောက်တစ်ကြိမ် လှိုင်းတစ်ချက်အရိုက်မှာ ကိုယ့်ရင်ခွင်ထဲ ယုန်လေး ပြုလဲကျလာတယ်။

ခန္ဓာကိုယ်နှစ်ခု ထိတွေ့လိုက်ချိန်မှာတော့ ပင်လယ်ရေအေးထဲမှာ ပါလာတဲ့ သူ့ကိုယ်အနွေးဓာတ်ကို ငါရလိုက်တယ်။ အဲဒီအနွေးဓာတ်ဟာ ငါ့နှလုံးအိမ်ထဲထိ စီးဝင်သွားပုံပဲ။ ငါ ရင်တွေခုန်လာလိုက်တာ၊ တစ်ကိုယ်လုံး ပူနွေးလာတယ်။

ငါ စုံမက်တဲ့ ကိုယ်သင်းနံ့ကလေးကိုလည်း အနီးကပ်ဆုံး ဆွတ်ယူဖမ်းဆုပ်ခွင့် ရလိုက်မိရဲ့။ ပင်လယ်နံ့၊ ဆားနံ့၊ လေစိမ်းစိမ်းနံ့တွေကြားမှာ ချစ်သူ့ရနံ့က သင်းပျံ့ပျံ့။ ရေအပင့်မှာ လွင့်မျောပါသွားမှာစိုးလို့ ကြောက်လန့်တကြား သူ လှမ်းဖက်လိုက်တဲ့ အခါမှာတော့ သူ့ပါးပြင်ဟာ ငါ့ရင်ဘတ်မှာ ကပ်လို့။

ဒါဟာ ချစ်ခြင်းတံဆိပ် ခတ်နှိပ်ခြင်းသာ ဖြစ်လိုက်ပါတော့။

ဒီလိုအချိန်မျိုးတွေ သက်တမ်းရှည်ကြာစမ်းပါလေ။

သွေးကြောထဲက သွေးတွေဟာ ပင်လယ်ဒီရေထက် ပြင်းတဲ့ အဟုန်မျိုးနဲ့ ငါ့တစ်ကိုယ်လုံးမှာ လှည့်ပတ်သွားလာနေတယ်၊ ရင်ခုန်သံတွေက ဟောဒီလှိုင်းသံတွေထက် ကျယ်လောင်နေမှာပဲ။

ငါ့ရင်ခုန်သံတွေ သူကြားပါစေလို့ ဆုတောင်းလို့ မပြီးသေးခင်မှာ

ငါကြားလိုက်ရတာက *"ကျွန်မ သိပ်ကြောက်နေပြီ၊ ကမ်းပေါ် ပြန်တက်တော့မယ်"* ဆိုတဲ့ ချစ်သူ့စကားသံပါပဲ။

သိပ်လှတဲ့ အိက်မက်တွေ ငါ့ကိုယ်က လွင့်ပျံထွက်သွားပုံက ပင်လယ်မှာ နေဝင်တာထက် ပိုမြန်တယ်။

မြဲမြဲဆုပ်ကိုင်ခံထားရတဲ့ လက်သွယ်သွယ်လေးတွေကို ငါ့လက်ထဲက ရုန်းထွက်ဆွဲယူသွားပြီး ကမ်းစပ်ရေတိမ်မှာ သူသွားထိုင်နေတယ်။ တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးလေးပါပဲ၊ ဘာမှ ထူးထူးခြားခြား ခံစားရပုံမပေါ်ဘူး။

ပင်လယ်ပြင်ပေါ်က ဝင်တော့မယ့် နေလုံးကြီးကို သူ ရီဝေဝေ မျှော်ငေးလို့။

ငါ့စိတ်ဓာတ်လိုပဲ အားကုန်နေတဲ့ လှိုင်းခေါင်းကျိုးတွေက သူ့ခြေဖမိုးပေါ် အုပ်မိုးမေးတင်လို့။

သူ့ကိုယ်ပေါ်မှာတော့ ပင်လယ်ရဲ့ ရွှေရည်ငွေစက်တွေက တလက်လက် တွဲခိုမှီတွယ်နေတုန်း။

သူ ခရုခွံတွေ ကောက်နေတာလား။

သူ ကောက်ယူမယ့် ခရုခွံဟာ ဘာ့ကြောင့် ငါ့အသည်းနှလုံးမဖြစ်ရတာလဲ။

တစ်ကိုယ်တော် ကြိတ်လောင်ကျွမ်းနေရတဲ့ ငါ့မှာသာ ပင်လယ်ရေထဲ တစ်ကိုယ်လုံးစိမ်နေလျက်နဲ့ ပူလောင်မဆုံး ဖြစ်နေရတော့တယ်။

✯

တို့ဘန်ဂလိုနဲ့ မနီးမဝေးက ကမ်းစပ်တစ်နေရာမှာ သန့်သန့်ပြန့်ပြန့် စားသောက်ဆိုင်လေး တစ်ဆိုင်ရှိတယ်။

တစ်ဆိုင်လုံးကို ကောင်းကင်ပြာရောင်ချယ်ထားတယ်။စားပွဲဝိုင်းသေးသေးလေး တစ်ဝိုင်းစီမှာ နှစ်ယောက်စာ ထိုင်ခုံတစ်လုံးစီပဲ ချထားတယ်။ စားပွဲတစ်ခုစီက အရိပ်မိုးထားတဲ့ ထီးတွေအားလုံးကို အဝါရောင်ဖဲကြိုးတွေနဲ့ ဆက်ချည်ထားတယ်၊ စားပွဲဝိုင်းတွေကြား သဲဖြူဖြူအပေါ် ဖြန့်ကြဲမြှုပ်ထားတဲ့ ရေကြည်ကြည်အပြည့် စဉ့်အင်တုံတွေထဲမှာတော့ စကားပန်း ဖြူဖြူဝါဝါတွေနဲ့ ဆီမီးခွက်လေးတွေ အလိုက်သင့် မျောလို့။

ညဖက် မီးရောင်သိပ်မသုံးတဲ့ဆိုင်ရဲ့ အမှောင်ရိပ်တွေထဲ ပင်လယ်လေ သဲ့သဲ့လေးအတိုးမှာ ဆီမီးရောင်နွဲ့နွဲ့ယိမ်းနေတာ ရိုမန်တစ်ကဗျာတစ်ပုဒ် ဖတ်နေရသလိုပဲ။

ပင်လယ်ကဗွီးပင်တွေ၊ အုန်းပင်တွေ၊ ရွက်စိမ်းနုဝေနေတဲ့ သီဟိုဠ်ပင် ပုဝိုင်းဝိုင်းတွေ၊ ရောင်စုံ စက္ကူပန်းခြုံတွေနဲ့ အုံ့ဆိုင်းနေတဲ့ သောင်ခုံသဲပြင် ဖြူဖြူအပေါ် တောအုပ်သေးသေးလေးထဲက အဲဒီဆိုင်နာမည်ဟာ

'တို့နှစ်ယောက်ရဲ့ အခြားတစ်နေရာ'... တဲ့။

နာမည်နဲ့ ပြင်ဆင်ထားပုံလေးကို ကြိုက်လွန်းတာကြောင့် အဲဒီ ဆိုင်လေးမှာ ငါ သွားသွားထိုင်ဖြစ်တယ်။

ဒါပေမယ့် တစ်ယောက်တည်းပါပဲ။ ငါ့အတွက်တော့ ငါ့တစ်ယောက် ရဲ့ အခြားတစ်နေရာဆိုင်ကလေးပေ့ါ။

စိတ်ထဲမှာ လူတွေနဲ့ဝေးရာ။ ထုံးတမ်းစဉ်လာနဲ့ ချုပ်တီးမှုတို့နဲ့ ဝေးရာမှာ တို့နှစ်ယောက်တည်းနဲ့ သက်ဆိုင်တဲ့ နေရာလေးတစ်နေရာ ရှိချင်လိုက်တာ။ ငါ့စိတ်ကူးထဲကနေရာဟာ ဒီနေရာလေးပါပဲ။

အဲဒီနေရာမှာ ဟော်လိုဂစ်တာတစ်လက်နဲ့ တစ်ကိုယ်တော်သီဆို နေတဲ့ rhythm in blue လိုသီချင်းမျိုး တိုးတိုးညင်ညင်လေး ကြား နေရနိုင်တယ်၊ သီချင်းသံတိုးတိုးကို ပင်လယ်လှိုင်းသံနဲ့ ရောထွေးနား ထောင်ရတာကိုက နှိုင်းစရာ ရှာရခက်တဲ့ အရသာတစ်မျိုး။

ငါကတော့ တစ်ယောက်တည်း နားထောင်နေခဲ့တာပါပဲ။

အုန်းသီးနုနုလေးတစ်လုံးထဲကို ပိုက်နှစ်ချောင်းစိုက်ထားတဲ့ ဖျော် ရည်ချိုရှရှတစ်မျိုးလည်း ဒီဆိုင်မှာ ရနိုင်တယ်။

ဖျော်ရည်နာမည်က 'တူမကွာ'တဲ့။

ငါ့နံဘေးက စားပွဲလေးတွေမှာ 'တူမကွာ'သောက်နေတဲ့ စုံတွဲတွေ ရှိတယ်။ အုန်းနုရည်နဲ့ရောထားတဲ့ အချိုရည်တွေဟာ ပိုက်ကလေးတွေ ကတစ်ဆင့်သာ မဟုတ်ဘူး၊ မျက်လုံးတွေဆီကပါ သူတို့ကိုယ်ထဲ စီးဝင် သွားနေကြပုံပဲ။ တစ်ယောက်ကို တစ်ယောက် မြတ်မြတ်နိုးနိုး ကြည့်နေ ကြပုံကလည်း ညနေကြယ်တလက်လက်တောက်ပနေသလိုမျိုး၊ တိုးညင်း သလောက် အချိုမြိန်ဆုံးအသံဆိုတာ ချစ်ကြင်စ ဖိုမအပြန်အလှန်ပြော

ဆိုကြသံ ထင်ပါရဲ့။

'တူမကွာ'ကို ငါ မှာလိုက်မိပြန်တော့၊ ပိုက်တစ်ချောင်းကိုအလွတ်ထားရင်း၊ ကျန်တဲ့တစ်ချောင်းနဲ့ တစ်ယောက်တည်း သောက်ခဲ့ရတာပါပဲ။ ရှုတတဖျော်ရည်ကို သောက်ရင်း လှမ်းမြင်နေရတဲ့ တို့တည်းတဲ့ ဘန်ဂလိုအောက်ကို ကြည့်မိတော့ မောင်လေးနဲ့နှစ်ယောက် သဲအိမ်ဆောက်နေတဲ့ မင်းကို မြင်လိုက်ရတယ်။

ငါ့ရင်ထဲမှာ တို့နှစ်ယောက်ရဲ့ဘဝကို သဲအိမ်လေးလို မင်း ပြီးစလွယ် ဆောက်ပစ်လိုက်မှာ စိုးရိမ်နေမိပါရောလား။

အမည်တပ်ရခက်တဲ့ အလွမ်းဓာတ်တစ်မျိုး ငါ့ရင်နဲ့အပြည့် ပျို့အန်တက်လာ။

အလွမ်းဆိုတာ ပင်လယ်ရေလိုပါပဲ။ အခံရခက်လောက်အောင်ကို ခါးတူး ငန်ကြွက်လို့။

မင်းနဲ့ပတ်သက်ရင် ဆတ်ဆတ်ထိမခံနိုင်တဲ့ စိတ်တွေ၊ စိုးရိမ်သောကတွေ ငြိမ်းအောင် ငါတစ်ခုခုလုပ်မှ သင့်တော့မယ်ထင်တယ်။

ဖွင့်ပြောလိုက်သင့်ပြီလား။

မတော်လို့ သူ့ဘက်က ပြတ်ပြတ်သားသား ငြင်းလိုက်ရင်ကော၊ တစ်အိမ်တည်း မင်းတို့ ဘယ်လို ဆက်နေကြမလဲ။

အဆိုတင်တဲ့ 'ငါ'နဲ့ အဆိုကို ကန့်ကွက်တဲ့ 'ငါ' ငြင်းရင်းခုန်ရင်း နှစ်ကိုယ်ကွဲနေတဲ့ ငါတစ်ယောက်တည်း စိတ်ဆင်းရဲခဲ့ရတယ်။ အဲဒီနေ့က 'တူမကွာ'တစ်လုံးထဲ အရက်တွေ ရောရောထည့်ရင်း ငါ မိုးလင်းခဲ့ရပါတယ်။

မင်းနဲ့ငါ နှစ်ယောက်တည်း သီးသန့်ပိုင်ဆိုင်တဲ့ အခြားတစ်နေရာဟာ ဟောဟိုက ပျပျသာမြင်ရတဲ့ မိုးကုပ်စက်ဝိုင်းလောက်ကို ဝေးကွာနေဦးမှာလား။

အဲဒီ မိုးကုတ်စက်ဝိုင်းဆီ ငါလှေကလေးတစ်စင်းနဲ့ သွားလိုက်ချင်တယ်။ ငါ့လှေမှာတပ်ဆင်မယ့် တစ်ခုတည်းသောရွက်ဖျင်က မင်းရဲ့အချစ်ပေါ့ ယုန်လေးရယ်။

✶

ပင်လယ်ကမ်းခြေခရီးက ပြန်လာပြီးတဲ့နောက်မှာ မင်းဆက်ဆံပုံက ပိုအေးစက်လာသလို ခံစားရ။

ငါ့မှာသာ ပင်လယ်ရေပြင်ထဲကနေ့ရက်တွေကို ငါ့အိပ်ခန်းထဲထိရောက်အောင် သယ်ယူလာပြီး ထုပ်ပိုးသိမ်းဆည်းထားခဲ့မိတာပါ။

ငါကိုက လောဘတကြီး အနေနီးချင်လွန်းနေတာလည်း ဖြစ်နိုင်တာပဲ။

ကျောင်းပိတ်ရက်တွေမှာ ငါတို့ရဲ့ ညဦးယံတွေ ဆုံးရှုံးခဲ့ရလို့လား။ ဒီအခြေအနေ တစ်ခုတည်းကြောင့်တော့ တို့နှစ်ယောက်ကြား အဲသလိုကြီး အေးခဲမသွားလောက်ပါဘူး။

အခန်းတွေအများကြီးနဲ့ အိမ်ထဲမှာ လူနည်းနည်းလေး နေရတာမဟန်လှပါဘူး ယုန်လေးရာ...။ ရုံးက အိမ် ကိုယ် ပြန်ရောက်တဲ့အခါ မင်းကို ရှာချင်ရင် တံခါးတွေ အများကြီးလိုက်ဖွင့်နေရမှာ၊ မင်းက အမြဲ လိုလို အခန်းတစ်ခန်းခန်းထဲမှာ တွင်းအောင်းနေတတ်တဲ့ ယုန်ကလေး ဖြစ်နေတာကိုး။

ကလေးရယ်... တကယ်တော့ ကိုယ်ဖွင့်ချင်တဲ့တံခါးက တစ်ချပ်တည်းရယ်ပါ။

မင်းရဲ့ 'ရင်တံခါး'လေ...။

✰

အောင်စာရင်းနဲ့ ပတ်သက်ရင် ဒုတိယအကြိမ် ရင်ခုန်ရတဲ့နေ့ တွေ့ပါပဲ ယုန်ကလေး။

နက်ဖြန် မင်းအောင်စာရင်း ထွက်တော့မယ်။

မင်းအောင်မှာလား။ မင်းရဲ့ကျောင်းဆရာ၊ ငါ ပျော်ရမှာလား။

မင်း တက္ကသိုလ်တက်သွားရင် ဒီအိမ်ကြီးရဲ့ ညဦးယံတွေဒဏ် ငါ ခံနိုင်ပါ့မလား။ ရန့်ကင်းပြီး တိတ်ဆိတ်နေတဲ့ ညတွေက ငါ့ကို ကောင်းကောင်း ညှဉ်းပမ်းကြဦးတော့မှာပဲ။

မင်းကျမှာလား။ မဖြစ်ဘူး၊ ကျလို့ကို မဖြစ်ဖူး။ အလိုလို သိမ်ငယ်စိတ် ဝင်နေတတ်တဲ့ မင်းအပေါ် ဒီအရှုံးက မဖိစီးစေရဘူး။

အား... စိတ်ရှုပ်လိုက်တာ။ ငါ ဘာဖြစ်ချင်နေသလဲဆိုတာ ငါ

ကိုယ်တိုင်တောင် ရှင်းရှင်းလင်းလင်း မသိတော့ပါလား။

✰

ဒီနေ့ အောင်စာရင်းထွက်တယ်။

မင်း စာမေးပွဲအောင်ခဲ့ပါပြီ။

နည်းနည်းတော့ ရယ်စရာကောင်းမလား။

မင်း စာမေးပွဲအောင်ပုံက ငါ့အတွက် သားရွှေအိုးထမ်းကိန်း ဆိုက်သလိုပါပဲ။ (ခ)စာရင်းတဲ့၊ ဆယ်တန်းအောင်ပေမယ့် တက္ကသိုလ်တက်မရတဲ့ ဟာမျိုးလေ။ ငါ ပျော်သလိုရှိသွားပေမယ့် ညှိုးနေတဲ့ မင်းမျက်နှာလေး မြင်ရတော့ ငါ့အပျော်တွေအားလုံး ကမ်းလမ်းမမြင် လွင့်ပျံသွားကုန်ကြပါတယ်။ မင်းကတော့ ပင်ပန်းသလောက် အရာမရောက်ခဲ့တဲ့ တစ်နှစ်တာအတွက် ကြေကွဲစိတ်ပျက်နေမှာပေါ့။

ငါ မင်းကို သေသေချာချာ အားပေးခဲ့ပါရဲ့။ ဒါပေမယ့် မင်းကတော့ မထုံတတ်တေး အေးတိအေးစက်။ နောက်နှစ်မှာ ဒီအတန်းကိုပဲ မင်း ဆက်ဖြေရဦးမယ်။ ဒီတစ်ခါ အောင်အောင် ကြိုးစားကြတာပေါ့ကွာ။

ငါ့ ညဦးယံတွေ ငါ့ဆီ ပြန်လာကြတော့မယ်ဟေ့။

ငါ မြတ်နိုးတဲ့ရနံ့တွေ ငါ ပြန်ရလာဦးတော့မယ်။

တကယ်ကို ငါ ကြိတ်ပြီး ဝမ်းသာနေမိတယ်ဆိုတာ ဝန်ခံပါတယ် ယုန်ကလေး။

ငါ့ကို တစ်ယောက်ယောက်က အတ္တကြီးကြောင်း စွပ်စွဲလာခဲ့ရင် ငါက မင်းအပေါ် အစွဲအလမ်းကြီးမိတာသာဖြစ်ကြောင်း ပြန်ခုခံချင်ပါတယ်။ ချစ်ခင်စွဲလမ်း ခြင်းဆိုတာ ပိုင်ဆိုင်ရယူလိုခြင်းလို့ပဲ ငါ နားလည်တယ်။ ခုနေခါမှာတော့ ငါ မင်းကို ပိုင်ဆိုင်ချင်တာ တစ်ခုပဲသိတယ်။

✰

စာသင်နှစ်အစဟာ မင်းနဲ့ငါ့ကို အရင်လိုဘဝ ပြန်ရောက်စေခဲ့။

စာကြည့်မီးရောင်မှာ ရနံ့တွေ စွန်းထင်းနေခဲ့။ မင်းစာဖတ်သံတွေဟာ

ငါ့ ဂီတ၊ မင်းလှုပ်ရှားမှုတွေဟာ ငါ့အတွက် ကြည့်မဝတဲ့ ရုပ်ရှင်၊ ယုံကြည်စေချင်ပါတယ် ကလေးရယ်။ ချစ်လွန်းလို့ လိုချင်ရမ္မက်တွေနဲ့ လောင်ကျွမ်းရူးသွပ်သွားသူတစ်ဦးကို မမြင်ဖူးရင် မင်း ငဲ့စောင်းကြည့်လိုက်စမ်းပါ။

အဲဒါ... ငါကိုယ်တိုင်ပါပဲ။

✫

ယုန်လေး...၊ မင်း ဘာဖြစ်နေတာလဲ။

ခုတလော မင်းရဲ့ လှုပ်ရှားမှုတွေဟာ ဘက်ထရီကုန်ခါနီး အရုပ်တစ်ခုလို လေးလံနေလိုက်တာ။ တွေဝေ မှိုင်ငေးနေတတ်တဲ့ အချိန်တွေပိုများလာနေသလိုပဲ။ မင်း ဘာဖြစ်နေလို့လဲ။ အချိန်အတော်များများကို အဘိုးရဲ့ စာကြည့်ခန်းထဲမှာပဲ မင်း နေပစ်လိုက်တာ များနေတယ်။ ကျောင်းစာတွေကြောင့် စိတ်လေနေတာလား ကလေးရယ်...။ ငါ မင်းအတွက် ဘာလုပ်ပေးရမလဲ။

စာကြည့်စားပွဲဆီ မင်းလှမ်းလာနေတဲ့ ခြေလှမ်းတွေဟာ ကြိမ်ဒဏ်ကျခံရမယ့် ကလေးတစ်ယောက် ဆရာ့စားပွဲကို လှမ်းလာနေပုံမျိုး၊ နှေး ကွေးတွန့်ဆုတ်လို့။ ငါ မင်းကို စာသင်ပေးရာမကျဘဲ နှိပ်စက်ရာများကျနေပြီလား။ သင်ခန်းစာတွေကို မင်းစိတ်ဝင်စားမှုနည်းလာတာကတော့ သေချာတယ်။

ငါ ဘာလုပ်ပေးရမလဲ။ ဘာလုပ်ပေးနိုင်မလဲ။

✫

ဖေဖေ ရင်ဆိုင်နေရသောအပူမီးကို ကျွန်မ စာနာနေမိပါသည်။

အချစ်ဟူသည်မှာ ဤသို့ပူလောင်တတ်သည့် သဘာဝရှိပါသလား။

ဖေဖေ့အပေါ်ထားသည့် မေမေ့သဘောထားကိုလည်း နားမလည်နိုင်အောင် ရှိရသည်။ မိန်းမတစ်ယောက်မှာ ကိုယ်နှင့် အနီးကပ်ဆုံးယောကျ်ားတစ်ယောက်က ကိုယ့်အပေါ် သည်းသည်းထန်ထန် ချစ်နေသည့်အကြောင်း လုံးလုံးမရိပ်စားမိနိုင်လောက်အောင် တွေဝေနေသည့် အချိန်ကာလရှည်ကြီးတစ်ခု ရှိနေနိုင်ပါသလား။

မေမေ့ခံစားချက်၊ စိတ်အခြေအနေ၊ အဖြစ်အပျက်များကို ကျွန်မ

သိလိုလှပါသည်။

ကျွန်မရင်ထဲတွင် 'တို့နှစ်ယောက်ရဲ့ အခြားတစ်နေရာ'ဆိုင်လေး၏ နှစ်ယောက်ထိုင်ခုံ၌ 'တူမကွာ'ကို အတူသောက်သုံးနေသည့် ဖေဖေနှင့် မေမေ့ကို မြင်ယောင်ကြည့်ပါသည်။

တိုးညင်းသလောက် သာယာသော စကားသံများကို သူတို့ ဆိုနေကြပါမည်။

သူတို့နှစ်ဦး၏ မျက်လုံးများသည် မိုးသောက်ကြယ်တစ်ပွင့်ထက် ပိုလင်းလက်တောက်ပနေပါဦးမည်။

ညအချိန် ဆီမီးရောင်သည် ပန်းစုံမှောနေသည့် စဥ့်အင်တုံခွက်ကလေးထဲမှနေ ချစ်သူနှစ်ဦး၏ မျက်နှာများဆီသို့ မဝံ့မရဲချဉ်းကပ်နေကြပါမည်၊ ပုံမှန်တီးခတ်နေသော ဟော်လိုဂစ်တာတစ်လက်သည် ပင်လယ်လှိုင်းတို့နှင့် ပူးပေါင်းမိပြီး လှပဆန်းပြားသော တေးသစ်တစ်ပုဒ်ဖြင့် ဖေဖေတို့ကို ဖြေဖျော်နေပါလိမ့်မည်။ ထိုအခြေအနေမျိုးသာ ကြုံတွေ့ခဲ့လျှင် ဖေဖေ အလွန်ပျော်ရွှင်ကျေနပ်လိမ့်မည်ဟု ကျွန်မ ထင်ပါသည်။ ကျွန်မ တွေးနေမိသော အတွေးတို့သည် ဖေဖေ့ကို ချစ်လွန်းသောသမီးတစ်ယောက်၏ တစ်ဖက်သတ်ဆန္ဒများလည်း ဖြစ်နိုင်ပါသည်။

လူ့ဘဝတွင် အချစ်ပြီးရင်အချစ်သာရှိသော တစ်နေရာ မရှိနိုင်တော့ဘူးလားဟု ကျွန်မ တွေးမိပါသည်။ ရှိခဲ့လျှင် ထိုအရပ်ဒေသမျိုး၌ ဖေဖေနှင့် မေမေ့ကို အခြေတကျ ရှိစေလိုလှပါသည်။

✰

ဒီနေ့ Drawing တစ်ခု လက်စသတ်စရာရှိတာနဲ့ ရုံးဆင်းချိန်ထက် နည်းနည်းစောပြီး ပြန်လာဖြစ်တယ်။

ဘောလုံးကွင်းကို ကျော်လာတော့ ယုန်လေးကို သူ့ သူငယ်ချင်းတစ်စုနဲ့ မျက်နှာချင်းဆိုင်က လျှောက်လာနေတာတွေ့ရ။

ရယ်လို့၊ မောလို့၊ ရွှင်လန်းတက်ကြွတဲ့ မျက်နှာလေးတွေကိုယ်စီနဲ့၊ သူတို့ ကျောင်းဝတ်စုံ ဝတ်မထားကြဘူး၊ သူဟာ ယုန်လေး ဖြစ်တာတော့

သေချာတယ်။

ဒါပေမယ့် ငါ နိစ္စဓူဝ တွေ့နေကျ ယုန်လေးတော့ မဟုတ်ပြန်ဘူး။

ကြက်ခြေနီယူနီဖောင်းကို အကျအန ဝတ်ထားတဲ့ ယုန်လေးဖြစ်နေတယ်၊ အဲသလိုကျတော့ သူက လှလို့ပလို့။

ဒီလောက် အေးဆေးပြီး တစ်ယောက်တည်းသာ နေလေ့ရှိတဲ့ ကောင်မလေးဟာ ဘယ်အချိန်က ကြက်ခြေနီမလေး ဖြစ်သွားတာလဲ။ ငါ မသိဘူး။ အစုအဖွဲ့နဲ့ လုပ်ရတဲ့ ဒီလိုလူမှုရေးလုပ်ငန်းမျိုးကို သူပျော်ပျော်ပါးပါး လုပ်တတ်သတဲ့လား။ ငါ မသိဘူး။

ဆိုင်ကယ်ကို သူတို့ရှေ့နားမှာ ပိတ်ရပ်လိုက်ရင်း ဘယ်သွားမလဲ မေးတော့…၊ ဘောလုံးကွင်းကို တဲ့၊ အိမ်မှာ မြင်နေကျ အေးစက်စက်မျက်နှာလေးနဲ့ ငါ့ကိုပြန်ဖြေတယ်။ ငါ ပိုအံ့ဩသွားတယ်။ ဘယ်တုန်းကမှ မစဉ်းစားမိဖူးတဲ့ အတွဲအစပ်တစ်ခုကို ရုတ်တရက်ကြီး တပ်အပ်တွေ့လိုက်ရတာကို၊ သေသေချာချာမေးမြန်းကြည့်တော့ လယ်လယ်ဝယ်ဝယ် ရှိပုံရတဲ့ သူ့သူငယ်ချင်းတစ်ယောက်က ဗိုလ်လုပွဲ ရောက်သွားတဲ့ သူတို့ကျောင်းဘောလုံးအသင်းအတွက် ကွင်းအတွင်း သူနာပြုတာဝန်ကျတယ်ဆိုတာ သိလိုက်ရတာ။

ငါ အိမ်ကိုပြန်လာတယ်။

သူတို့ ဘောလုံးကွင်းဆီ ဆက်သွားကြပြီ။

အိမ်ရောက်ခါနီးမှ ငါ့ဆိုင်ကယ်ဟာ လာလမ်းအတိုင်း ပြန်ကွေ့သွားတယ်။ ဆိုင်ကယ်ဟာ ဘောလုံးကွင်းဆီ ဦးတည်လို့။

ယုန်လေးကို စိတ်မချတာလား။ အိမ်ရဲ့ပြင်ပက သူ့နေထိုင်လှုပ်ရှားမှု အခြေအနေကို အကဲခတ်ချင်တာလား။ မသိတော့ဘူး။ တကယ်ဆို ယုန်လေးနဲ့ ပတ်သက်လာရင် ငါ့ကိုယ်ငါ မသိတာ အတော်များနေပြီဆိုတာလောက်တော့ သိထားဖို့ ကောင်းတဲ့လူတစ်ယောက် ဖြစ်နေပြီ။

ငါ့ကိုယ်ငါ နည်းနည်းပြန်သိလာတဲ့ အချိန်ကျတော့ ငါဟာ ကွင်းထဲမှာ ပွဲကြည့်ပရိသတ်တစ်ယောက် ဖြစ်နေပါရောလား။

ယုန်လေးရဲ့ သံယောဇဉ်နဲ့ အသင်းစွဲရှိတဲ့ ပရိသတ်တစ်ယောက်တောင် ဖြစ်ခဲ့ရသေးတယ်။ မိုးမှုန်ဖွဲဖွဲကြားမှာ သူတို့ကျောင်းအသင်းကို

အော်ဟစ်အားပေးနေလိုက်ကြတာများ တကယ့် ကလေးလေးတွေအတိုင်းပဲ။ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ဆူဆူညံညံ။

ငါမမြင်ဖူးတဲ့ တောက်တောက်ပပမျက်လုံးတွေ၊ တက်တက်ကြွကြွလှုပ်ရှားမှုတွေ၊ ကျယ်ကျယ်လောင်လောင်အသံတွေ... ဒီနေ့ ယုန်လေးဆီမှာ အားလုံးတွေ့ရတယ်။ ငါ အံ့သြရပြန်ရော။

သူနဲ့ပတ်သက်လာရင် ငါဟာ အမြဲ တအံ့တသြ အထိတ်တလန့်ဖြစ်နေရသူလား။ သူဟာ ငါ့ကို ဘယ်တော့မှမရိုးနိုင်အောင် အသစ်အဆန်း တစ်မျိုးပြီးတစ်မျိုး ပေးနေတတ်သူလား။

ပွဲပြီးခါနီး မြင်လိုက်ရတဲ့ မြင်ကွင်းမှာ ငါ့အတွက် အန္တရာယ်အချက်ပေး ခေါင်းလောင်းသံတစ်ချက် ကြားလိုက်ရသလို ခံစားမိတယ်။

သဝန်တိုခြင်းက ဖြစ်လာတဲ့၊ အစိုးရိမ်ကြီးခြင်းကဖြစ်လာတဲ့၊ သံသယတွေပါကွာလို့ ဖော့တော့တွေးမိသား။ ဒီအတွေးကလည်း ငါ့စိတ်မသက်သာမှုကို သက်သာတော့ မသွားစေဘူး။

မောတယ် ကလေးရယ်။

ဒီကောင်လေးကို ငါသိတယ်။

သူဟာ ဒီမြို့မှာ နာမည်ကြီးစပြုနေတဲ့ အဆိုတော် ကောင်လေး။ ခုတော့ ဘောလုံးကန်လည်းကောင်းတဲ့ နှင်းဆီခိုင်လေးဖြစ်နေပြန်တယ်။

ကြိုးစားပမ်းစား ကစားရင်း သူ ဒဏ်ရာပြင်းပြင်း ရသွားတယ်။

ထမ်းစင်ပေါ် ပါလာတဲ့ သူ့ဆီကို ယုန်လေးတို့ တစ်သိုက်ပြေးသွားလိုက်တာ အူယားဖားယား။ ရွာနေတဲ့မိုးကိုလည်း ဘယ်သူမှ သတိထားမိကြပုံ မပေါ်တော့ဘူး။ ယုန်လေး အအေးမိသွားမှာကို ငါစိုးရိမ်နေပြန်တယ်။

နေတစ်ဝက်၊ မိုးတစ်ဝက် ညနေခင်းထဲ သူ့ဆံစတွေမှာ မိုးစက်တွေတလက်လက် လှုပ်နေတယ်။

ကောင်လေးကို သူပြုစုနေပုံက ငါနေမကောင်းတုန်းက ပြုစုသလိုမျိုး ဝန်ဆောင်မှုမဆန်ဘူး။ စိတ်လိုလက်ရ နှစ်နှစ်ကာကာရှိလိုက်တာ။ တာဝန်ဆိုတာထက် ပိုနေသလိုပဲ။

တစ်ကွင်းလုံးမှာရှိတဲ့ ပရိသတ်တွေက အဆုံးအဖြတ် ပယ်နယ်တီတစ်လုံးအပေါ် အာရုံရောက်နေတုန်း ငါ့စိတ်တွေကတော့ ယုန်လေးရဲ့

လှုပ်ရှားမှုတွေဆီမှာ ကျရောက်လို့။ လူတကာတွေ အရှုံးအနိုင်တစ်ခု အတွက် စိတ်လှုပ်ရှားနေကြတုန်း ငါကတော့ ယုန်လေးအတွက် စိတ်လှုပ်ရှားလို့။

ချစ်ခြင်းမှာ အနိုင်အရှုံးဆိုတာ ရှိလား။

ဒါ ပြိုင်ပွဲလား။

အချစ်ဆိုတာ တစ်ယောက်တည်းကပဲ ပိုင်ဆိုင်ခွင့်ရရမယ့် တစ်ခုတည်းသော ဆုတံဆိပ်လား။

ဒီ ဆုကိုရဖို့ ငါဟာ တစ်စုံတစ်ယောက်နဲ့ ဗိုလ်လုရဦးမှာလား။

တကယ်လို့ ဗိုလ်လုရမယ်ဆိုရင်လည်း ဒီဖလားအတွက် အရာရာကို စွန့်စား ယှဉ်ပြိုင်လုယူပစ်လိုက်ဖို့အသင့်ပါပဲ ယုန်လေးရယ်။

တကယ့်ချစ်မြတ်နိုးခြင်းရဲ့ ရောက်အောင်သွားရမယ့် ပန်းတိုင်ဟာ ပိုင်ဆိုင်ရယူခြင်းကလွဲရင် ဘာဖြစ်နိုင်ဦးမှာလဲ။ ဒီလိုပဲ ငါယုံကြည်တယ်။ ယူဆတယ်။

မင်းဟာ ငါအလိုချင်ဆုံးဆုဖလားတစ်လုံးပါပဲ။ မင်းကို ငါ ပိုင်ဆိုင်ချင်တယ်။ ရယူချင်တယ်။

ငါ့ရဲ့ပူလောင်မှုတွေဟာ တစ်ချိန်ချိန်မှာ မုချလွင့်ပြယ်သွားမယ့် သံသယ တိမ်တိုက်တွေသာ ဖြစ်လိုက်ပါတော့။

✰

ငါဟာ သူနဲ့ပတ်သက်လာရင် သိပ်ကို သံသယများတဲ့ လူတစ်ယောက်ပဲလို့ ကိုယ့်ကိုယ်ကို အပြစ်တင်နေမိတယ်။

ဘောလုံးပွဲပြီးတဲ့နောက်ပိုင်းမှာ ယုန်လေးရဲ့ အပြုအမူအနေအထိုင်တွေ ဘာမှ ထူးခြားတာ မတွေ့ရပါဘူး၊ အိမ်မှာမို့လို့များလား၊ ထူးဆန်းတာက ဘောလုံးပွဲမှာ တွေ့ခဲ့ရဖူးတဲ့ လန်းဆန်းပျော်ရွှင် တက်ကြွမှုမျိုး နောက်ထပ် မတွေ့ရတော့တာပဲ။ ငါကိုယ်တိုင်သာ မမြင်ခဲ့ရင် အဲဒီနေ့က ယုန်လေး ဒီလိုလွတ်လပ်ပေ့ါပါးခဲ့ဖူးကြောင်း ဘယ်သူလာပြောပြော ငါ ယုံမိမယ်မထင်ဘူး။ ဒါပေမယ့် ရိုးအ ငြိမ်သက်တဲ့ ကောင်မလေး တစ်

ယောက်ဆီမှာ ရှင်လန်းတက်ကြွမှုတွေ ရှိခဲ့ဖူးတာတော့ အမှန်တကယ် ပါပဲ။

✫

မိုးရာသီတစ်ခုလုံး ငြိမ်ကုပ်ကုပ်နေခဲ့တဲ့ တောင်ပေါ်မြို့လေးဟာ ရာသီသာချိန်တိုင်းမှာ ပွဲလမ်းသဘင်တွေနဲ့ အသက်ဝင်နေလာခဲ့တတ်တာ ကြာပြီ။

ဒီညဟာ မြို့ကလေးမှာ အလွန်စည်ကားတဲ့ တန်ဆောင်တိုင် ပွဲတော်ည ပါပဲ။ သူတို့မောင်နှမနဲ့ ငါ ပွဲခင်းဆီထွက်ခဲ့ကြတယ်။ အိမ်နဲ့ အတော်ဝေးဝေးမှာရှိတဲ့ ပွဲခင်းဆီသွားတဲ့လမ်းဟာ ဒီတစ်ညအဖို့ သိပ်ကို သာယာလွန်းနေတာ ငါ့စိတ်အထင်များလား။

ကြယ်စုံလက်တဲ့ လပြည့်ညဟာ ဟောဒီတောင်တန်းတစ်ခွင်လုံးကို သူ့အလင်းမျှင်တွေနဲ့ တင်းတင်းရစ်ပတ် ထုပ်ပိုးထားတယ်။ ဆောင်းလေ အေးဟာလည်း မြို့ကလေးရဲ့ တစ်ခုတည်းသော ခြုံထည်ပါပဲ။ ထင်းရှူး ပင် မည်းညိုညိုတွေက ဆောင်းလေမှာ နွဲ့နွဲ့ယိမ်းလို့။ တရှီရှီလေချွန်လို့။ ကောင်းကင်က ကြယ်တွေ၊ ထင်းရှူးရွက်တွေပေါ်မှာ ပြွတ်ခဲသီးပွင့်နေ ကြတယ်။ နှင်းတွေက အလင်းကိုမှုန်စေတယ်။ မြင်ရသမျှတွေအားလုံးဟာ ဝိုးတဝါး။ ငါတို့ဟာ စိတ်ကူးဖြစ်စဉ်တစ်ခုထဲမှာ သွားလာနေကြတာလား။ ပွဲခင်းဆီက ကြားရတဲ့အသံတွေက ပွဲတော်ဆီလှမ်းနေတဲ့ ခြေလှမ်းတွေကို ပိုသွက်လက်လာစေတယ်။

အပျော်စိတ်အပြည့်နဲ့ ခုန်ပေါက်ပြေးလွှားနေတဲ့ ကောင်လေးက တစ်ခါတစ်ခါ ငါ့လက်ကိုအတင်းဆွဲပြီး ကုန်းလေးအတိုင်း အပြေးဆင်းသွား တတ်တယ်။ အဲလိုအခါမျိုးမှာတော့ ယုန်လေးဟာ ခပ်လှမ်းလှမ်းမှာ တစ်ယောက်တည်း ကျန်ရစ်တတ်လေရဲ့။ ညလယ် တောလမ်းမှာ သူ ကြောက်နေရှာမလားလို့ လှည့်ကြည့်တော့ အေးအေးဆေးဆေး အိန္ဒြေ ရရပါပဲ။

သူ့အတွေးနဲ့သူ ဖြည်းဖြည်းချင်း လှမ်းလျှောက်နေပုံက အိပ်မက် ထဲမှာ ပဝါပါးပါးလေးတစ်ထည် လွင့်မျောပါလာနေသလို။

ငါ သူ့ကို ရပ်စောင့်နေပုံကလည်း အဲဒီလွင့်လာတဲ့ ပဝါစလေးကို မြေမကျခင် ပွေ့ယူဆွဲဖမ်းလိုက်နိုင်ဖို့ မျှော်လင့်တကြီး စောင့်နေပုံမျိုးနဲ့ တူနေမှာပါပဲ။ ကုန်းခေါင်ခေါင်မှာ ငါးရှာနေတဲ့ နုံအအလူတစ်ယောက်ဟာ ငါကိုယ်တိုင်များ ဖြစ်နေရော့သလား ယုန်လေးရယ်။

ဒီလိုနဲ့ ပွဲခင်းဆီရောက်လာခဲ့ကြပြီ။

အသံပေါင်းစုံနဲ့ ဆူညံနေတဲ့ ပွဲခင်းထဲမှာ ဟိုဝင်သည်ထွက်၊ တောင်ငေး မြောက်ငေး တိုးတိုးဝှေ့ဝှေ့လေး သွားနေဖြစ်ကြတယ်။ ယုန်လေးကတော့ တစ်ချိန်လုံးလိုလို သူ့မောင်လေးကို လက်ဆွဲထားလိုက် ပခုံးဖက်ထားလိုက်နဲ့ သူ့ကိုယ်သူ လုံခြုံမှုရှာယူနေသလိုပဲ။

စားသောက်ဝယ်ခြမ်းရင်း တရွေ့ရွေ့ လျှောက်လာလိုက်တာ ပွဲခင်းတစ်ဖက်ထိပ်ကိုရောက်တော့ ကွင်းကျယ်ကျယ်ထဲမှာ စတိတ်ရှိုးတစ်ခု တွေ့လိုက်တယ်။

ဘောလုံးအကန်ကောင်းတဲ့ ကောင်လေးတို့ရဲ့ တီးဝိုင်းပါပဲ။

စိုးရိမ်စိတ်တချို့ ရုတ်တရက် ငါ့ရင်ထဲ ပုံလျက်လဲပြိုကျလာတယ်။

ချက်ချင်းပဲ တစ်ခုခုပြောဖို့ ယုန်လေးရဲ့မျက်နှာကို ငါ ငဲ့ကြည့်လိုက်တယ်။ ဒီအချိန်မှာ ငါပြောဖြစ်မယ့်စကားက 'ပြန်ကြမယ်'ဆိုတာ ဖြစ်ဖို့များပါတယ်။

ဒါပေမယ့် ငါ ပြောချိန်မရလိုက်ပါဘူး။

ကြည့်စမ်းပါဦး၊ သူ့မျက်နှာမှာ ကြည်လင်ရွှင်လန်းတဲ့ အရိပ်ရောင်တွေ တဖျတ်ဖျတ် ပေါ်လာနေလိုက်တာ။ ဒါ ဘောလုံးကွင်းထဲမှာ ငါတွေ့ခဲ့တဲ့ မျက်နှာပဲ။ အေးစက်ငြိမ်သက်တဲ့ သူ့အမူအရာတွေဟာ ဘာ့ကြောင့်ချက်ချင်း ဒီလိုပြောင်းခဲ့ရတာလဲ။ ငါ ဝမ်းနည်းသွားတယ်။ ရင်ထဲမှာ စိုးရိမ်စိတ်တွေ မိုးဦးတိမ်ညိုလို အုံ့ခဲလာတယ်။ ငါ သံသယစိတ်တွေ များလာ ပွားလာပြန်ပြီလား။

"အစ်ကိုကြီး...၊ ဒီရှိုးခဏကြည့်ချင်တယ်...၊ ကြည့်ကြရအောင်နော်"

ဆံပင်ထူထူရှည်ရှည်တွေကို ဖဲကြိုးဝါဝါတစ်ခုနဲ့ စုစည်းပြင်ချည်လိုက်ရင်း သူ့ဆန္ဒရော၊ ဆုံးဖြတ်ချက်ကိုပါ ဝါကျတစ်ကြောင်းတည်းနဲ့

မင်း ပြောချလိုက်တယ်။

ရင်ထဲမှာ တင်းခဲနေတဲ့ တိမ်ညိုညိုတွေဟာ ပိုးစိုးပက်စက် သည်းသည်းမည်းမည်း ရွာချလိုက်တဲ့ ဝမ်းနည်းခြင်း မိုးစက်ပူပူတွေ ဖြစ်သွားခဲ့ပါတယ် ယုန်လေး။

မင်းနဲ့ အနီးဆုံးလူဟာ အဝေးဆုံးမှာသာ နေရာရခဲ့တာလား။

ဘုမသိ ဘမသိ အငယ်ကောင်ကလည်း ကြည့်မယ်ကြည့်မယ် တကဲကဲ လုပ်နေတာနဲ့ ငါတို့ ကြည့်ဖြစ်သွားကြတယ်။

အဖွင့်တီးလုံးထဲ စိတ်နှစ်တီးခတ်နေကြတဲ့ အဲဒီကောင်လေးတို့ တစ်သိုက်ရဲ့မျက်နှာဟာ တက်ကြွလန်းဆန်းလို့။ သူတို့ကိုယ်သူတို့ ဝံ့ဝံ့စားစား ယုံကြည်လို့။ ဒီခဏမှာတော့ ဂီတသာသူတို့။ သူတို့ကိုယ်တိုင်ဟာ သံစဉ်တွေဖြစ်လို့။ ကျွမ်းကျွမ်းကျင်ကျင် တီးခတ်ကြရင်း ပွဲတော်ညရဲ့ အရာရာကို သူတို့ သိမ်းပိုက်နေလိုက်ပုံက ငါ့ရင်တစ်ခုလုံးကိုတောင် ဆုံးရှုံးသွားစေတော့မယ့်အတိုင်းပဲ။

သီချင်းတွေနားထောင်နေတဲ့ ယုန်လေးရဲ့မျက်ဝန်းတွေမှာ ပီတိရိပ်တွေ ဖုံးမရအောင်ပေါ်နေတယ်။ မြင်ရခဲ့တဲ့ အပြုံးတွေတောင် သူ့နှုတ်ခမ်းမှာ တွဲခိုလို့။ သူနဲ့ရွယ်တူ အခြားကောင်မလေးတွေလိုတော့ သဲသဲလှုပ်ဖြစ်မနေတာ တော်သေးတာပေါ့၊ သူ့ဘေးမှာ ငါပါနေလို့လည်း ဖြစ်ကောင်းဖြစ်မှာပါလေ။

စင်မြင့်ပေါ် ငါမကြည့်ဖြစ်တော့ဘူး။

သူ့နောက် ခြေတစ်လှမ်း မပြည့်တတ်လောက်တဲ့ အကွာကနေ သူ့မျက်နှာကိုပဲ ကြည့်နေဖြစ်တယ်၊ လရောင်အောက်က ချစ်သူ့မျက်နှာဟာ ငါ့အတွက်တော့ စွဲလမ်း တွယ်တာစရာပါပဲ။

သီချင်းတွေကို နားမထောင်ဖြစ်တော့ဘူး။

သူ့ရင်ခုန်သံကိုပဲ ခိုးနားထောင်နေဖြစ်တော့တယ်။

ငါ့ နားထဲမှာ ဘောလုံးကွင်းထဲက ဒိုင်လူကြီးရဲ့ မိုးရေစက်တွေ ရွှဲစိုနေတဲ့ ဝီစီသံရှည်တစ်ချက် ကြားလိုက်တယ်။

အန္တရာယ်ချက်ပေးခေါင်းလောင်းသံဟာ ဂီတသံအဖြစ် ပုံပြောင်းပြီး ငါ့ဆီရောက်လာခဲ့တာလား။

အပြန်လမ်းမှာတော့ ပွဲတော်ဆီလာတုန်းက ငါတည်ဆောက်ခဲ့တဲ့ အခမ်းနားဆုံးနန်းတော်ဟာ သဝန်တိုစိတ်ရဲ့ခြေရင်းမှာ အလဲလဲအပြိုပြို။

ငါ့ရဲ့ ပျော်ရွှင်ခြင်းတွေလည်း ရေမရှိတဲ့မြစ်လို ညထဲမှာ စင်းစင်းကြီး လဲကျသေဆုံးလို့။

ညဟာ နှင်းမှုန်တွေကိုစားသုံးရင်း မြင်ကွင်းမှုန်သမျှကို မပြတ်မသား ဖြစ်နေစေတော့တယ်။

ငါ့ချစ်ခြင်းဟာလည်း ငါလျှောက်နေတဲ့ ညလမ်းမလို မှုန်ရီဝိုးဝါး။ မျှော်လင့်ခဲ့သမျှတွေ အားလုံး တဖြည်းဖြည်းသေး ငယ်သွားနေလိုက်ကြတာ။ မကြာခင် တကယ် ပျောက်ဆုံးသွားကြတော့မှာလား။

ငါဟာ ငါ့ချစ်ခြင်းကို စွန့်လွှတ်လိုက်ရတော့မှာလား။

ငါ လက်မခံနိုင်ဘူး။ ဒီလိုအဖြစ်အပျက်မျိုးကို ငါ ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ဘူး။

✱

ဒီရက်တွေမှာ ငါ အတော်များများ စဉ်းစားနေဖြစ်တယ်။

ငါ မင်းကို ချစ်နေတဲ့အကြောင်း မင်းမသိဘူးဆိုတာ ငါမယုံဘူး။ ဒါ မဖြစ်နိုင်ဘူး။ မင်း ဟန်ဆောင်နေတာလား။ တုံ့ပြန်ဖို့ နည်းနည်းလေးမှ မစဉ်းစားခဲ့တာလား။ ဒါမှမဟုတ် မင်းမှာ ချစ်သူရှိနေပြီလား။ အဲဒီလူက ဟို သီချင်းဆိုတတ်၊ ဘောလုံးကန်တတ်တဲ့ ကောင်လေးပဲလား။ သေချာပြီဆိုရင် ဒါကို ဘယ်လိုတားဆီးရမလဲ။ ဘယ်နည်းနဲ့ ယှဉ်ပြိုင် အနိုင်လုရမလဲ၊ ငါ ခြေတစ်လှမ်း ရှေ့တိုးသင့်ပြီ။

မဟုတ်သေးဘူး။

ငါ မင်းကိုချစ်နေတဲ့အကြောင်း မင်းမသိဘူးဆိုတာ ဖြစ်နိုင်တယ်။ ငါ့ဘက်က ဘာမှ ထုတ်ပြောခဲ့သေးတာမှ မဟုတ်ပဲ။ ငါ့ရဲ့ အလိုလိုက် ဂရုစိုက်မှုတွေကို တစ်အိမ်တည်းနေ အစ်ကိုကြီးတစ်ယောက်က သူ့ညီမလေးအပေါ်ထားတဲ့ အချစ်လို့ ယုန်လေးက ယူဆခဲ့ရင်ကော၊ တို့နှစ်ယောက် ဘာမှမတော်စပ်ပေမယ့် အနေအထားကတော့ မောင်နှမပဲလေ၊ ပတ်ဝန်းကျင်ကလည်း ဒီလိုပဲမြင်ကြတာ။ ငါကိုက ထားအပ်တဲ့ စည်းကို ကျော်ပြီး ပိုနီးအောင် ကြိုးစားနေမိတာ။ မင်း နောက်ပြန်ဆုတ်လိုက်ပါတော့ ကိုယ့်လူ။

ယုန်လေးရေ...။ မင်းနဲ့ ပတ်သက်လာရင် ငါဟာ ငါမဟုတ်တော့တာ ဘယ်နှစ်ခါများရှိခဲ့ပြီလဲ။

လူတစ်ယောက်တည်းပေမယ့် စိတ် နှစ်ကိုယ်ကွဲနေခဲ့ရတာ ဘယ်လောက် ကြာပြီလဲ။

ငါ့ ပင်ကိုယ်သဘာဝအရ လိုချင်လာပြီဆိုရင် ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ်ရအောင်ယူပစ်တတ်တဲ့ စိတ်ကြမ်းနဲ့ မင်းကို ဘာတစ်ခုမှ ထိထိ ခိုက်ခိုက် မဖြစ်စေချင်လို့ အရာရာမြိုသိပ်အလျှော့ပေးခဲ့ရတဲ့ စိတ်နှတို့ရဲ့ လွန်ဆွဲပွဲမှာ ငါ ဘုံးဘုံးလဲသွားနိုင်တယ်။

'သေနိုင်တယ် အချစ်ရေ့'

အဲသလိုသာ အော်ပစ်လိုက်ချင်တော့တာပဲ။

**ကိုယ်က ချစ်ရခြင်းဆိုတာ ဒီလောက်တောင်မှ ခါးသက်သတဲ့လား ကွယ်။**

✯

ငါ့စိတ်ငါ ငြိမ်အောင်ထိန်းခဲ့တယ်။

ဒီအဖြစ်အပျက်တွေဟာ ဆယ်ကျော်သက်တစ်ယောက်ရဲ့ စိတ်ကူးယဉ်မှုသက်သက်ပဲလို့ တွေးယူလိုက်ပါတယ် ယုန်လေးရယ်။ နားလည်ပေးလိုက်ပါတယ်။ ဒါဟာ ကိုယ့်ဘာသာကိုယ် ပြန်လိမ်ညာနေတာလည်း ဖြစ်ကောင်းဖြစ်မှာပေါ့ကွယ်။

ရုပ်ရှင်မင်းသားမင်းသမီးတွေကို ကောင်မလေး၊ ကောင်လေးတွေက စွဲလန်းချစ်ခင်သလိုပဲပေါ့။ ဟီးရိုးတွေ၊ စတားတွေအပေါ် ပရိတ်သတ်တွေက ထားတတ်တဲ့ ချစ်ခင်စွဲလမ်းစိတ်မျိုးလေ၊ အတော်များများမှာ ဖြစ်တတ်ကြ ပါတယ်။

ဒါပေမယ့်ကွာ ဒါဟာ ဘဝမှ မဟုတ်ပဲ။

တကယ့် လက်တွေ့ဘဝထဲ သူတို့ကို ဆွဲခေါ်လာလို့ ရကြမှာမှ မဟုတ်ပဲ။

တကယ့်ဘဝရဲ့ နေရောင် လရောင်ထဲမှာ တစ်သက်လုံး မင်းကို လက်တွဲသွားမယ့်လူက ကိုယ်ပဲလို့ တွေးမိတဲ့ အခါမှာတော့ အတော် စိတ်သက်သာရာ ရခဲ့ပါတယ်။

မင်းရဲ့အနေအထိုင်တွေကလည်း ဘာမှ ထပ်သံသယရှိစရာ မလို

အောင် ငြိမ်ဝပ်လွှန်းလှပါတယ်။ ရည်းစားသနာရှိနေတဲ့ ကောင်မလေး တစ်ယောက်ပုံ မပေါက်ဘူးလေ။ အဲဒီတော့ ကိုယ့်ကောက်ချက်က ကိုယ့် ကို ပိုပြီးကျေးကန်ပေးထားနိုင်ခဲ့တယ်။ နည်းနည်းတော့ စိတ်အေးခဲ့ရပါပြီ။

ဒီလိုနဲ့ စာမေးပွဲ အရမ်းနီးကပ်လာတဲ့ နွေဦးရာသီမှာတော့ စိတ်လက်မပါ ထုံထိုင်းလေးလံနေတဲ့ တပည့်တစ်ယောက်ရယ်၊ အချိန်မှန်စာသင်ဖို့ပဲ အမြဲတက်ကြွနေတဲ့ အခမဲ့ဆရာတစ်ယောက်ရယ် ဒီစားပွဲလေးမှာပဲ ပြန်တွေ့ကြရတာပါပဲ။ မင်းလေး ငေးငေးရီရီရှိတဲ့အခါ၊ စိတ်ပျံ့လွင့်နေတာ မြင်ရတဲ့ အခါမျိုးမှာဆိုရင်တော့ ရင်တွင်းမှာ ပုန်းအောင်နေကြတဲ့ သံသယနဲ့ သောကဆူးညှောင့်တွေက ကိုယ့်ရင်ကို ထိုးထိုးဆောင့်နေတတ်ပြန်ရော။

ဒီတစ်နှစ် မြန်မြန်ကုန်မှ ဖြစ်မယ်၊ အောင်စာရင်းထွက်ပြီးရင်တော့ ဘာပဲဖြစ်ဖြစ် ဖွင့်ပြောပစ်လိုက်တော့မယ်။ မင်း တက္ကသိုလ် တက်ရမယ်ဆိုရင်တောင် လူကြီးတွေဖွင့်ပြော၊ စေ့စပ်။ ပြီးမှ... မင်း ကျောင်းဆက်တက်ချင် တက်ပေါ့။ ကျောင်းတက်ခွင့် မကြုံခဲ့ရင် သည်နှစ်ထဲမှာပဲ တစ်ခါတည်း လက်ထပ်လိုက်ကြတာပေါ့။ ဒါဟာ ကျောင်းသင်ခန်းစာတွေ တကုပ်ကုပ်လုပ်နေတဲ့ မင်းကို ကြည့်ရင်း၊ ငါတစ်ယောက်တည်း အတွင်းကြိတ် စဉ်းစားနေမိတာလေ။ မရယ်ရဘူးလား။ ငါဟာ ကိုယ့်ဘက်ကိုယ်သာ ယက်တတ်တဲ့ လိပ်အိုကြီးတစ်ကောင်ပါ။

မင်းကတော့ စိတ်မပါတဲ့ အလုပ်ကိုပဲ ငြိမ်ငြိမ်ကုပ်ကုပ် လုပ်နေလေရဲ့။

အပြစ်ကင်းလိုက်တဲ့ ကလေးရယ်။

✶

တစ်နှစ်တာဟာ ကန့်လန့်ကာချခဲ့ပြန်ပြီ။

မှုန်တေတေမျက်နှာက ဒီတစ်နှစ်လည်း မင်းသိပ်မဖြေနိုင်ခဲ့ဘူးလို့ ငါ့ကိုပြောပြနေပါရဲ့။ ငါကတော့ ငါ့ပိုင်းဖြတ်မှုနဲ့ငါမို့လားမသိ၊ ဒီအပေါ်မှာ သိပ် စိတ်ပျက်မနေမိဘူး။ အောင်သည်ဖြစ်စေ၊ ကျသည်ဖြစ်စေ ငါဖွင့်

ပြောဖြစ်မယ့် အခြေအနေက ပြောင်းသွားမှာမှ မဟုတ်တာ။

ငါတွက်ကိန်းနဲ့ငါ မျှော်လင့်ထားခဲ့တဲ့ရက်တွေ ပိုပိုနီးလာလို့ စိတ်ထဲမှာ ပျော်သလို ပီတိဖြာလာသလိုတောင် ဖြစ်မိနေသေးတော့တယ်။ မျှော်လင့်တကြီး လိုချင်ထားခဲ့တဲ့ ကစားစရာတစ်ခုကို ရခါနီး ကလေးတစ်ယောက်ရဲ့ ခံစားချက်မျိုးဟာလည်း ငါနဲ့အတူတူပဲဖြစ်မယ်ထင်ပါတယ်။

ခုတလော ရင်ထဲမှာ ဟာတာတာတော့ ဖြစ်နေတယ်။ ဒါကို ငါကတော့ နွေရောဂါလို့ ကိုယ့်ဘာသာ နာမည်တပ်ထားပြီးသား။

တစ်နှစ်လုံး အချိန်မှန် လင်းနေခဲ့တဲ့ စာကြည့်စားပွဲ မီးလုံးလေးလည်း ငြိမ်သက်အနားယူပြီ။

စားပွဲပေါ်မှာ စာအုပ်တွေရှင်းလင်းနေပုံကိုက ငါ့ရင်ကြီးတစ်ခုလုံး ဟင်းလင်းပွင့်နေသလိုပဲ။

စဉ်းစားမိတယ်၊ တစ်အိမ်တည်းနေတာမဟုတ်ဘဲ တစ်အိမ်စီမှာ ရှိနေတဲ့ ငါ့ချစ်သူဆိုရင် ငါဘယ့်နှယ်များဖြစ်မလဲလို့။ မင်းသိပ်မရူးနဲ့လို့ ကိုယ့်စိတ်ကိုယ် သတိပေးပေမယ့် အဲဒီစိတ်က ငါ့စကားကို ဘယ်တုန်းကမှ နားထောင်ခဲ့တာမဟုတ်ဘူး။ ဘယ့်နှယ်လုပ်မလဲ။

ဒီကျောင်းပိတ်ရက်ရှည်မှာ ဦးလေးစီစဉ်ပေးလို့ သူ လုပ်ငန်းခွင်ဝင်ရတယ်။

အင်္ကျီဖြူ ကျောင်းစိမ်းလုံချည်နဲ့ မြင်နေကျ ငါ့မျက်လုံးထဲမှာ ရုံး တက်ဖို့ ပြင်ဆင်ထားတဲ့ ဝတ်စုံလေးက တစ်မျိုးလှနေတယ်။ ရင့်ကျက်စ ပြုလာတဲ့ မိန်းမပျိုတစ်ယောက်ပုံစံလိုမျိုး သူပြောင်းလဲသွားခဲ့သလိုပဲ။ ဘယ်လိုမှ ပြောင်းလဲမသွားတာကတော့ သူ့မျက်လုံးတွေပါ၊ အပြစ်ကင်း သလောက် အရာရာကိုစိုးရွံ့နေတတ်တဲ့ ယုန်ငယ်လေးတစ်ကောင်ရဲ့ နူးနူးညံ့ညံ့မျက်လုံးတွေလေ။

သူ အလုပ်လုပ်ရမယ့်ရုံးက ငါ့ရုံးကိုသွားတဲ့လမ်းနဲ့ တစ်လမ်းတည်းပေါ်မှာ ရှိပေမယ့် ဘယ်တော့မှ အတူသွားအတူပြန်ဖို့ ခေါ်လို့မရခဲ့ဘူး။

ဒီတော့လည်း ကိုယ့်ရုံးဆင်းရုံးတက်ချိန်မှာ သူ့ရုံးရှေ့ရောက်ရင် တစ်စေ့တစ်စောင်းကြည့်ရုံကလွဲပြီး ကိုယ့်ချစ်သူမျက်နှာ အိမ်ရောက်မှသာ တစ်ဝကြီး ကြည့်ခဲ့ရတာချည်းပါပဲ။

မကြာခင် တို့တွေ လက်ထပ်ပြီးရင်တော့ မင်း တစ်ခါစီးခဲ့ဖူးတဲ့

ဆိုင်ကယ်လေး အတူစီးပြီးရုံးတက်ကြတာပေ့ါ ယုန်လေးရယ်လို့ တိုးတိုး ညည်းဆိုနေမိတော့တယ်။

ဟုတ်တယ်၊ ယုန်လေးဟာ ဟိုး…တစ်ခါကတည်းကစပြီး နောက်ထပ် ငါနဲ့အတူ ဆိုင်ကယ်မစီးဖြစ်တော့ဘူး။ သူ့အကြောင်းပြချက်က တစ်ခွန်းတည်းရယ်၊ ‘ကြောက်တယ်…’တဲ့။

✯

ညနေခင်းဟာ ကံမကောင်းခြင်းတွေ ငါ့ဆီခေါ်လာတယ်။

ဒီညနေ ရုံးဆင်းတော့ ထုံးစံအတိုင်း အိမ်ပြန်ခဲ့တာပါပဲ၊ ယုန်လေးတို့ ရုံးရှေ့ရောက်တော့… ငါ့ဆိုင်ကယ်ဟာ ပြေးရင်း အမော့ဆို့သွားတဲ့ ပက်ကျိတစ်ကောင်လို သိသိသာသာကြီး နှေးကွေးလေးလံသွားတယ်။ အထူးအဆန်းတော့ မဟုတ်ပါဘူး။ နေ့တိုင်းဖြစ်နေကျပါ။

သူတို့ရုံးရှေ့ရောက်ရင် ငါ့ဆိုင်ကယ်က အလိုလို နှေးသွားမယ်။ ငါ့မျက်နှာက သူတို့ရုံးရှိရာကို တားမရဆီးမရ လှည့်သွားမယ်။ ပြီးရင် ငါ့မျက်လုံးတွေက ယုန်လေးကို ရှာကြည့်နေတော့တာပါပဲ။

မတွေ့လည်းကြည့်၊ တွေ့လည်းကြည့်ပေ့ါ။

ဒါက ထုံးစံ။

ဒီနေ့လည်း ငါ့ခန္ဓာစက်ရုပ်ကြီးက သူ့အလုပ် သူလုပ်လိုက်တဲ့ အခါ… ငါ ယုန်လေးကို တွေ့လိုက်ရတယ်၊ သူ့ ရုံးအဖော်တွေနဲ့အတူ အုပ်စုဖွဲ့ပြီး မြေနီလမ်းလေးအတိုင်း လျှောက်လာနေကြတာ။ သူတို့အုပ်စုထဲမှာ ဟိုကောင်လေးလည်း ပါတယ်။

ငါ့မျက်လုံးတွေ ငါပြန်မေးမိတယ်၊ သေချာလားလို့။

မှားစရာမရှိတဲ့ မြင်ကွင်းပေမယ့် ငါ ချက်ချင်း လက်မခံနိုင်ခဲ့ဘူး။ လက်မခံရဲခဲ့ဘူး၊ လက်မခံချင်ခဲ့ဘူး။

ဒီအချိန်မှာ ဒီနေရာကို ကောင်လေး ဘာ့ကြောင့်ရောက်နေတာလဲ။

ဒါပေမယ့် နှစ်ယောက်တည်း စကားတပြောပြော တွဲလျှောက်လာတာမျိုး မဟုတ်လို့ တော်ပါသေးရဲ့။ သူတို့ တစ်စုလုံး ရယ်မောနောက်ပြောင် စကားဖောင်ဖွဲ့ လျှောက်လာနေကြတုန်းမှာ ငါ့ဆိုင်ကယ်ဟာ

သူ့အလိုလို စက်ရှိန်မြင့်သွားတယ်။

ငါ အိမ်ကို တန်းပြန်ခဲ့တယ်။

ငါ့ရင်ဟာ ငါ့ဆိုင်ကယ် အင်ဂျင်လိုပဲ...။

ပူကျက်လို့ ...။

တုန်ယင်လို့ ...။ မောပမ်းလို့ ...။

ရေတစ်ခွက်ကို အငမ်းမရ သောက်ချလိုက်ရတယ်။

ယုန်လေးရေ...၊ မင်းနဲ့ပတ်သက်လာရင် အရာရာကို အစိုးရိမ်ကြီးနေမိတဲ့ အကျင့်ကို ငါမပြင်နိုင်သေးဘူး ကလေးရယ်။

ညဦးပိုင်း စားသောက်ပြီးလို့ ညှော့ခန်းမှာ ခဏတွေ့ကြတော့ မနေနိုင်မထိုင်နိုင် အဲဒီကောင်လေးအကြောင်း မေးမိပြန်တယ်။

ဒီတော့မှ သူ့အဖေဟာ အဲဒီရုံးရဲ့ အရာရှိကြီးဆိုတာတွေ၊ ကောင်လေးကလည်း သူ့လိုပဲ နွေရာသီမှာ လုပ်အားလာပေးနေတယ်ဆိုတာတွေ သိလိုက်ရ။ စိတ်အေးသွားသလိုရှိလိုက်ပေမယ့် ဘာရယ်လို့ ငါကိုယ်တိုင်ရေရေရာရာမသိတဲ့ ခံစားမှုတစ်မျိုး ငါ့ရင်ကို ကောင်းကောင်းအုပ်စိုးနေပြီဆိုတာ ငါရိပ်မိလိုက်တယ်။

ယုန်လေးနဲ့ပတ်သက်တဲ့ ငါ့မျှော်လင့်ချက်၊ ငါ့အနာဂတ်၊ ငါ့ပန်းတိုင်တွေ အားလုံးမှာ ကောင်းသော နိဂုံးနဲ့ တွေ့ရပါစေလို့များ ငါဆုတောင်းနေမိသလား။

✰

နွေရက်ရှည်ဟာ အိပ်မွေ့ရရပဲ သူ့ဇာတ်ကို သူကနေတယ်။

ဒီရက်တွေမှာ နွေလိုပဲ အလွန် အိပ်မွေ့ရနေတာက ယုန်ကလေး။ အရင်ထက်စာရင် သိသိသာသာကို ငြိမ်သက်လွန်းတယ်။ ရုံးပိတ်ရက်လိုနေ့မျိုးတွေမှာ လုပ်စရာအလုပ်မရှိရင် သူ့အဘိုးခန်းထဲမှာပဲ အချိန်ကုန်နေတာ များတယ်။ စာဖတ်နေတာလား၊ ဇာပန်းထိုးနေတာလား မသိပေမယ့် သူ့မျက်နှာ မြင်ရဖို့ မလွယ်ဘူး။

မိသားစု ထမင်းစားချိန်မှာ လိုတာလုပ်ပေးဖို့ အတူစားသောက်ဖို့ သူ ရှိနေတတ်ပေမယ့် စားသောက်ပြီးလို့ ဆေးကြောသိမ်းဆည်းပြီးရင်

သူ့ကို မတွေ့ရတော့ဘူး။ တသီးတခြားနေတတ်တဲ့အကျင့်က သူ့ကို ပို အထီးကျန်အောင် တွန်းပို့ပေးနေသလို ဖြစ်မှာစိုးတယ်။

ငါ ဘာလုပ်ပေးရမလဲ။ ဘယ်လို ပြုပြင်တည့်မတ်ပေးနိုင်မလဲ။

တကယ်တော့ ကြီးကြီးကျယ်ကျယ်တွေသာ ငါလျှောက်တွေးနေရတယ်။ ယုန်လေးရဲ့ ငါ့အပေါ် ဆက်ဆံရေးက သာမာန်ထက် ဘယ်လောက်များ ပိုလို့လဲ။

✧

ဒီနေ့ဟာ တစ်ချိန်လုံး မြူနေတဲ့ ငါ့ရင်ထဲမီးတောင်က အငွေ့ တလူလူ ချော်ရည်တပွက်ပွက် ထပြီး အသက်ဝင်စပြုလာတဲ့နေ့ပါပဲ။

ငါ ဘာ့ကြောင့် ဒီအချိန်မှာမှ အဘိုးရဲ့ စာကြည့်ခန်းထဲ ဝင်လိုက်မိရတာလဲ။

ငါ ဘာ့ကြောင့် ဒီစာအုပ်ကိုမှ တွေ့လိုက်ရတာလဲ။

ဒါဟာ တကယ်လား။ အဲသလို တကယ် ဖြစ်ပျက်ခဲ့ကြပြီလား။ မယုံချင်ဘူး။ မယုံရဲဘူး။ အဖြစ်မှန်တွေကို လက်ခံနိုင်ဖို့ ငါ့နှလုံးသားရော၊ ဦးနှောက်ရောက အဆင်သင့်မဖြစ်သေးလို့ပါ ယုန်လေးရယ်။ မင်းနဲ့ဝေးရမယ့် ဘယ်လိုအဖြစ်မျိုးကိုမှ ငါ လက်ခံနိုင်စွမ်းမရှိသေးလို့ပါ။

ငါဟာ သံသယတွေကို အတင်းချေဖျက်ပြီး ကြိတ်မှိတ် နေနေခဲ့သူပါ။ မင်းနဲ့ပတ်သက်လာရင် အရာရာကို အကောင်းပဲမြင်ချင်လို့ပေါ့။ ခု တော့...။ ငါ မင်းအပေါ်ထားတဲ့ မျှော်လင့်ချက်တွေဟာ အိပ်မက်မက်နေတာပါလားလို့ သိလိုက်ရတယ်။ ဒီစာအုပ်က ငါ့ကို အိပ်မက်ထဲက ဆွဲခေါ် လှုပ်နှိုးလိုက်တာပါပဲ။

မင်းဟာ အူတူတူ အတတနဲ့ နမော်နမဲ့နိုင်လွန်းလှတယ်ဆိုပေမယ့် ခုလိုမျိုး ကိုယ်ပိုင်လျှို့ဝှက်ချက်ကို လွယ်လင့်တကူ မေ့လျော့ပစ်ပယ်ထားရလောက်အောင်တော့ မနုံနဲ့သေးဘူးလို့ ငါယုံတယ်။ ဖြစ်နိုင်တာက ဒီ စာအုပ်ကို ရေးလျက်တန်းလန်းက အဒေါ်ခေါ်လို့ ဒါမှမဟုတ် ချက်ချင်းပြန် လာရမယ့် အရေးပေါ် ကိစ္စတစ်ခု ပေါ်လို့။ ဒီအတိုင်း ခဏထားခဲ့တာ နေမှာပါ။ ဒါပေမယ့် ခုတော့ မင်းစာအုပ်လေးကို ငါ

မြင်လိုက်ရပြီ။ ငြိမ်ငြိမ်သက်သက် မင်းလျှို့ဝှက်ထားခဲ့သမျှအားလုံးကို သိလိုက်ရပြီ။

ငါ မဖြစ်စေချင်ဆုံးအရာတစ်ခုဟာ ငါ့ရှေ့မှာ တောင်ကြီးတစ်လုံးလို မားမားမတ်မတ် ခန့်ခန့်ထည်ထည်ကြီးကို ဖြစ်တည်နေခဲ့ပြီ။

မင်းကိုယ်တိုင် စိတ်တိုင်းကျရေးထားတဲ့ မင်းကိုယ်ပိုင်စာအုပ်က ငါ့စိတ်ကူး မှန်သမျှကို တစ်စစီ ဆွဲဆုတ်ပစ်လိုက်ကြပါပြီ ကလေး…

ကြည့်စမ်းပါဦး…။

ဒီစာအုပ်ထဲမှာကျမှ မင်းလက်ရေးလေးတွေက ညီညာလှပနေ လိုက်ကြတာ။ အရင် ငါ မြင်ဖူးနေကျ မင်းရဲ့ ကျောင်းစာအုပ်တွေထဲက လက်ရေးလိုမှ မဟုတ်ပဲ။

ရက်စက်လိုက်တာ ကလေးရယ်။

'ခွန်မောင်'… တဲ့။

ဒီနာမည်ကို ငါ မမြင်ချင်၊ မကြားချင်ဆုံးပါပဲ။ ဒါပေမယ့် အခု ငါ့မျက်လုံးနဲ့ တပ်အပ်မြင်နေရပြီ။ စာလုံးတွေဟာ အသံမထွက်တတ်ပေ မယ့် ဒီနာမည်တစ်လုံးချင်းကတော့ ငါ့ရင်ထဲမှာ ဗုံးတစ်လုံးစီထက် ကျယ် လောင်တဲ့အသံနဲ့ ပေါက်ကွဲနေကြတော့တယ်။ ဟုတ်တယ်၊ ထပ်တလဲလဲ ကို အစီအရီ ပေါက်ကွဲနေကြတာ၊ ငါ့ရင်ထဲမှာလေ၊ ငါ့မျက်လုံးတွေက တစ်ဆင့် သူ့နာမည်ကို ငါ ပီပီသသ ကျယ်ကျယ်လောင်လောင်ကြီးကို ကြားနေရတယ်။

ဒီအခန်းထဲမှာ မိုးရေစက်တွေ ပြိုကျလာခဲ့ပြီ။

မှုန်မှုန်ဖွဲ့ဖွဲ့ကနေ သည်းသည်းမည်းမည်းကို ရွာကျလာခဲ့တာ။ မင်း လက်ရေးနဲ့ ရေးထားတဲ့ ခွန်မောင်ဆိုတဲ့ နာမည်စာလုံးပေါင်းများစွာ ဒီ မိုးရေထဲမှာပဲ အရည်ပျော် ပျောက်ကွယ်သွားကြစမ်းပါတော့လို့ ငါ ဆု တောင်းမိတယ်။

အဲသလို မိုးရေတွေထဲမှာပဲပေါ့…

ဒဏ်ရာရ ဘောလုံးသမားလေး တစ်ယောက်ကို ကြက်ခြေနီ ကောင်မလေးတစ်ယောက်က တယုတယ ပြုစုပေးနေလိုက်တာ။

ဒီအခန်းလေးထဲကိုပဲ နှင်းမှုန်တွေ သိပ်သိပ်သည်းသည်း အုံ့ဖွဲ့ကျ

ဆင်းလာခဲ့ပြန်ပြီ။

နှင်းတွေဟာ သီချင်းတွေကို အဖော်ပြုရင်း ချဉ်းနင်းဝင်ရောက်လာကြတယ်။ နှင်းတွေက သီချင်းတွေကို တပျော်တပါး သယ်ဆောင်လာလိုက်ကြတာ၊ အခန်းကြီးတစ်ခုလုံး သီချင်းတွေနဲ့ ပြည့်လျှံမို့မောက်လို့။ ဟုတ်တယ်၊ မှုန်ရီဝိုးတဝါးမှာ သီချင်းများ ကခုန်နေကြတယ်။

အဲဒီ နှင်းမှုန်ထဲမှာပဲပေါ့...။

ပွဲလာကြည့်တဲ့ ကောင်မလေးတစ်ယောက်က စင်ပေါ်မှာ သီချင်းဆိုနေတဲ့ ကောင်လေးတစ်ယောက်ကို စူးစူးရဲရဲ မြတ်မြတ်နိုးနိုး ကြည့်ရင်း အားပေးနေခဲ့တာ။

ဒါတွေဟာ နိုးထတာနဲ့ အလိုလို ပျောက်ပြယ်သွားတတ်တဲ့ အိပ်မက်တွေသာ ဖြစ်လိုက်ကြပါတော့။

အယိုင်ယိုင်အလဲလဲနဲ့ အကြီးအကျယ် စစ်ရှုံးနေတဲ့ ငါ့ရင်ထဲ 'မင်းနောက်မကျသေးဘူး'ဆိုတဲ့ အသံစူးစူးတစ်ခု ဝင်ချလာတယ်။

ရုတ်တရက် ငါ့ခေါင်းက မတ်သွားသလိုပဲ။

ဇာတ်မျောကြီးကို ဆက်ကမှာလား။ အမြန်ဆုံး ပန်းတိုင်ရောက်အောင် သွားမှာလား။ တစ်ခုခုကို ဆုံးဖြတ်ရတော့မယ်။

ယုန်လေးကို အဆုံးရှုံးမခံနိုင်တဲ့စိတ်ဟာ ငါ ဘာလုပ်သင့်တယ်ဆိုတာကို လမ်းညွှန်နေတယ်။ မှန်ချင်မှ မှန်မယ်၊ အမှားကြီးတစ်ခုဖြစ်ခဲ့ရင်တောင် ငါ ရင်ဆိုင်မယ်၊ တစ်ဖက်သတ်အချစ်နဲ့ အဝေးကနေတစ်သက်လုံး ကြေကွဲနေရမှာမျိုးကို အတော်ညံ့တဲ့ ယောက်ျားတွေပဲကျေနပ်လက်ခံလိမ့်မယ်ထင်တယ်။

ဒီဇာတ်လမ်းမှာ ငါ လူကြမ်းဖြစ်ခဲ့မယ်ဆိုရင်တောင် ဘဝနဲ့ရင်းပြီး အချစ်ကြီးခဲ့တဲ့ လူကြမ်း ဖြစ်ချင်တယ်။ တိုင်းပြည်ရော ဘဝပါ ရင်းပြီး ချစ်သူကို အရယူခဲ့သူ။ နက်ရှိုင်းကြီးမားတဲ့ ချစ်ခြင်းကို ပြသခဲ့သူ ဒဿဂီရိ လိုပေါ့။

စာအုပ်လေးကို စားပွဲပေါ်မှာ သူ့အတိုင်း ပုံမပျက် ပြန်ထားခဲ့ရင်း အခန်းထဲက ငါ ပြန်ထွက်လာတဲ့အခါ ငါ့ခြေလှမ်းတွေဟာ ခါတိုင်းထက်ပိုပြီး ခိုင်မတ်ကြမ်းတမ်းနေလိမ့်မယ်။ ငါ့ရင်အုံတစ်ခုလုံးဟာ အရိုင်းဆန်တဲ့စိတ်တွေနဲ့ တင်းကားကြပ်ခဲ မို့မောက်နေရဲ့။

ငါ့စိတ်မှာ ပြတ်သားမှု တစ်ခုရခဲ့ပြီ။

✢

ကျွန်မ ဖတ်နေသော စာရွက်များသည် ပြသပြီးရုပ်ရှင်တစ်ကား၏ ဇာတ်ညွှန်းများသာ ဖြစ်လိုက်ပါတော့ဟု တိတ်တိတ်ဆုတောင်းနေမိပါသည်။ ထိုစာရွက်များဆီမှ ကြမ္မာဆိုး၏ရနံ့၊ အန္တရာယ်၏ရနံ့များကို ကျွန်မ ရနေပါသည်။

ဖေဖေနှင့် မေမေ၏ စိတ်နှလုံးတွင် အနာတရ မဖြစ်စေလိုသည်မှာ ကျွန်မဆန္ဒ ဖြစ်ပါသည်။ အတိတ်ကာလ၏ နေ့ရက်တစ်ခုတွင် ကျွန်မဆန္ဒနှင့် မကိုက်ညီသော အဖြစ်အပျက်တစ်ခုသည် အမှန်တကယ် ဖြစ်ပျက်ပြီးဆုံးသွားခဲ့ပြီး ဖြစ်ပါလိမ့်မည်။ ထို နှစ်လိုဖွယ်မကောင်းမည့် အဖြစ်အပျက် တစ်ခုသည် ကျွန်မ ရှေ့ဆက်ဖတ်မည့် စာရွက်များထဲတွင် ပါဝင်နေနိုင် ပါသည်။

ပြန်လည် ပြုပြင်၍ မရနိုင်တော့သော ထို အဖြစ်အပျက်သည် ယခု အချိန်ထိတော့ ကျွန်မ ဖတ်နေသည့် ဖိုင်လေးထဲတွင် ဖြစ်မလာခဲ့သေးပါ။ ထို ဖြစ်ရပ်များ ဖြစ်မလာအောင် ထိုဖိုင်လေးကို ကျွန်မ မဖတ်ဘဲ ထားလိုက်လျှင် ကောင်းမည်လားဟု ရူးရူးမိုက်မိုက်တွေးမိပါသေးသည်။ သို့သော် အရာအားလုံးသည် နှစ်ပေါင်းများစွာခရီးကို ကျော်လွန်လာခဲ့ပြီးဖြစ်ကြောင်းကိုလည်း ကျွန်မ သတိရှိနေပါသေးသည်။

အချစ်နှင့် ကံကြမ္မာ၏ ဆက်နွယ်မှုအကြောင်းကို နားလည်လိုလှပါသည်။ လူတစ်ယောက်၏ ပိုင်းဖြတ် လုပ်ကိုင်မှုသည် အခြားသူတစ်ဦး၏ ဘဝလမ်းကြောင်း လုံးဝပြောင်းလဲသွားစေခြင်းမျိုးကို ကံကြမ္မာဟု အမည်တပ်လျှင်တော့ ကျွန်မ သဘောတူနိုင်မည် မထင်ပါ။

ကျွန်မ၏ သဘောတူခြင်း၊ မတူခြင်းကို ထည့်သွင်းစဉ်းစားမည် မဟုတ်သည့် ဖိုင်လေးထဲရှိ စာရွက်များဆီသို့ ကျွန်မ လက်လှမ်းနေမိပါသည်။

ထိုအခိုက်အတန့် သက်မဲ့ဖိုင်လေးသည် ကျွန်မအတွက် အမှန်ပင် အဆိပ်ပြင်းပြီး ရန်မူတတ်သော သတ္တဝါတစ်ကောင်နှင့် တူနေပါသည်။

ဤဖိုင်လေးထဲတွင် ကျွန်မ မနှစ်မြို့သည့် ဆိုးရွားမှုတစ်ခု အသေ

အချာ ဖြစ်လာတော့မည်ကို ကြိုတင် ရိပ်မိနေပါလျက်နှင့် ထို အဖြစ်အပျက်အစုံကို ကျွန်မ သိချင်နေပြန်ပါတော့သည်။

✫

ထိတ်လန့်တုန်လှုပ်သွားတယ်။ ဆောက်တည်ရာမရ ဖြစ်သွား တယ်။ ရင်ထဲမှာ အပူမီးတောက်လောင်သွားတယ်။ သိပ်ကို ကြေကွဲဝမ်းနည်းသွားတယ်... စသဖြင့်။

လူတစ်ယာက်ရဲ့ အခံရခက်လှတဲ့ အဆိုးဆုံးစိတ်လှုပ်ရှားမှု အခြေအနေကို ဖော်ပြနိုင်မယ့် စကားလုံးတွေ ရှိကြဦးမှာပါ။ အဲသလို အလားတူ အဓိပ္ပာယ်၊ ဒါမှမဟုတ် ဆင်တူသဘောအနက်မျိုး ရနိုင်မယ့် စကားလုံးမျိုး နောက်ထပ် ဘယ်နှစ်ခုများရှိနေသေးလဲ။ ဘယ်လောက်ပဲ ရှိနေရှိနေပေ့ါ။ အဲဒီအချိန်က ငါ့ရင်ထဲမှာခံစားလိုက်ရတာကို အဲဒီရှိရှိသမျှ ဝေါဟာရတွေနဲ့ ဖော်ပြရင်တောင် မပြည့်စုံနိုင်လောက်ဘူးလို့ ငါတော့ ထင်မိတာပါပဲ။

မနေ့က ဥပုသ်နေ့လည်းဖြစ်၊ ရုံးပိတ်ရက်နဲ့လည်းဆုံတော့ တစ်အိမ်လုံးလိုလို 'အင်း'ထဲကို သွားဖြစ်ကြတယ်။

ဦးလေးနဲ့ အဒေါ်က ဥပုသ်စောင့်၊ ငါနဲ့ အငယ်ကောင်က အင်းရွာထဲက အဒေါ့်အမျိုးတွေအိမ် လျှောက်လည်ပေ့ါ။

ဒီခရီးမှာ သိပ်ကို အတူပါစေချင်တဲ့ ယုန်လေးကတော့ အိမ်စောင့်ဆိုတဲ့ အကြောင်းပြချက်တစ်ခုတည်းနဲ့ ကျန်ရစ်ခဲ့တယ်၊ အထီးကျန်နေချင်တဲ့ ကောင်မလေးတစ်ယောက်အတွက်တော့ ဒါဟာ ကောင်းကောင်းလုံလောက်တဲ့ အကြောင်းပြချက် တစ်ခုပါပဲ။

ဒီလို၊ သူ အိမ်မှာကျန်ခဲ့ရုံ အဖြစ်အပျက်လေးတစ်ခုက ငါ့ကို ရင်တစ်ခုလုံး ပွင့်ကန်ထွက်သွားစေနိုင်တဲ့ ခံစားမှုမျိုး ခံစားရစေလိမ့်မယ်လို့တော့ ဘယ်ထင်မိပါ့မလဲ။ လူတစ်ယောက်ရဲ့ဘဝမှာ သူ မထင်မှတ်တာမျိုး ဘယ်နှစ်ကြိမ်ဘယ်နှစ်ခါ ဖြစ်ပျက်တတ်သလဲဆိုတာတော့ ငါ မသိခဲ့ပါဘူး။ ဒါပေမယ့်... တားဆီးထိန်းချုပ်နိုင်စွမ်းမဲ့ အဖြစ်အပျက်တွေကတော့ ဖြစ်ပျက်ပြီးခဲ့ပုံရပါတယ်။

ဖြစ်ခဲ့တယ်။ အဖြစ်အပျက်တွေဟာ ငါ့မျက်ကွယ်မှာ ဖြစ်ပျက်ခဲ့ကြ

တယ်။

ဒါတွေ တကယ်ဖြစ်ခဲ့တယ်လို့ ငါ ယုံကြည်လက်ခံရတော့မယ်။ ဒီလိုအဖြစ်မျိုး မဖြစ်ခဲ့ပါဘူးလို့ အကြိမ်ကြိမ် ခေါင်းခါငြင်းဆန်ဖို့ ကြိုးစားပေမယ့် တကယ့်ဖြစ်ရပ်က ငါ့မျက်နှာကို စေ့စေ့ကြည့်ပြီး ဟားတိုက်ရယ်မောနေတယ်။ စိတ်လျှော့လိုက်တော့၊ လက်ခံလိုက်တော့ ကိုယ့်လူလို့ ငါ့ပခုံးကို ခတ်ကြမ်းကြမ်းပုတ်ပြီး ပြောချလိုက်သလိုမျိုး ခံစားလိုက်ရတယ်။

လက်မခံချင်ပေမယ့် ငါ့ဆန္ဒနဲ့ ဆန့်ကျင်စွာကို ငါလက်ခံလိုက်ပါတယ်။

ရုံးဖွင့်ရက်မနက် ငါ ရုံးတက်တော့ သူငယ်ချင်းက ငါ့ကို ပြောပြတယ်။

အဲဒီ ရုံးပိတ်ရက် ဥပုသ်နေ့မနက်ပိုင်းက ကောင်လေးတစ်ယောက်ကို မင်း ခြံတံခါးဖွင့်ပေးနေတာ သူ လမ်းမပေါ်က ဖြတ်သွားရင်း တွေ့ခဲ့တယ်တဲ့။

သူကတော့ ဘာရယ်မဟုတ်ဘူး၊ ငါတို့ အင်းထဲသွားတာလဲ သူမသိဘူး၊ အိမ်မှာ ငါရှိနေတယ်ထင်ပြီး...။

"အဲဒီမနက်က မင်းဆီ ဘယ်သူငယ်ချင်းလာလည် သေးလဲကွ" လို့ ရိုးရိုးလေးပဲ ငါ့ကိုမေးတာ။

ငါ့အတွက် အလွန်ကို ကြီးကျယ်တဲ့ အဖြစ်အပျက်တစ်ခု ဒီအိမ်ကြီး မှာ ဖြစ်သွားခဲ့တဲ့အကြောင်း သူငယ်ချင်းရဲ့ အမှတ်မထင်မေးခွန်းကနေ ငါသိလိုက်ရတာပါ။ အဲဒီ အခိုက်အတန့်လေးမှာ ငါ ဘာဖြစ်သွားခဲ့တယ် ဆိုတာ ငါကိုယ်တိုင်တကယ်မသိခဲ့တော့ဘူး။ ပြန်တွေးလို့မရတော့ဘူး။

အိမ်မှာ ငါမရှိတဲ့အခါမျိုးမှာ ငါ့သူငယ်ချင်းဘယ်သူပဲလာလာ မင်းတံခါးဖွင့်ပေးလေ့မရှိတာ ငါသိတယ်။ ခြံတံခါးဆီ ရောက်လာဖို့မပြောနဲ့၊ ခြံဝင်းထဲတောင် မင်း ဆင်းလာတတ်တာ မဟုတ်ဘူး၊ အလွန်ဆုံး အိမ်ရဲ့ ဆင်ဝင်အောက်ကနေ "အစ်ကိုကြီး မရှိဘူးရှင့်" လို့ပဲ လှမ်းအော်ပြောတတ်တာ။

ဒါဆို မနေ့က မင်းတံခါးဖွင့်ပေးလိုက်တာ ဘယ်သူ့ကိုလဲ။

ငါ အဖြေသိထားနှင့်တဲ့ ဒီမေးခွန်းကို မေးရင်...။ မင်းဖြေလိမ့်မယ်

မထင်ဘူး။

ငါ့ရင်ထဲမှာ ဘာတွေဖြစ်သွားမယ်ထင်လဲ ယုန်လေး။

မင်းမသိနိုင်ဘူး။ တကယ်ကို မင်းသိမှာ မဟုတ်ပါဘူး။

မင်းမပြောနဲ့ ငါကိုယ်တိုင်တောင် ငါ့ရင်ထဲမှာ ဘာဖြစ်သွားတယ် ဆိုတာ တိတိကျကျ ပြန်မပြောနိုင်ပါဘူး။ သိပ်ကို ခံစားရခက်တဲ့ စိတ် ဝေဒနာတစ်ခုခု ဖြစ်သွားခဲ့တယ်လို့ ပြောရင်လည်း လုံလောက်မယ် မထင်ဘူး။

ငါ့ရဲ့ မင်းအပေါ်ထားတဲ့ စိုးရိမ်သောကတွေ လမ်းဆုံးရောက်ခဲ့ပါပြီ။

ဘယ်သူမှ မရှိတဲ့ လုံခြုံဆိတ်ငြိမ်ရာအရပ်မှာ မင်းတို့နှစ်ယောက် ဘယ်လောက်ကြာအောင် ချိန်းတွေ့ခဲ့ကြပြီလဲ။ အရင်ကရော ဘယ် နှစ်ကြိမ်များ ဒီလိုချိန်းတွေ့ခဲ့ကြပြီးပြီလဲ။ အဲသလို တွေ့ကြတဲ့အခါ မင်း တို့ ဘယ်လိုနေထိုင်ကြ၊ ဘာတွေတိုင်ပင်ခဲ့ကြပြီလဲ။

အဲသလို တွေ့ဆုံကြချိန်မှာကော…။

ငါ့ချစ်သူရဲ့ ပါးပြင်ဟာ တစ်ပါးသူရဲ့ ထွက်သက်လေပြည်အောက် မှာ နွေးထွေးငြိမ်သက်နေမှာလား။ မွှေးမြမြ ဆံနွယ်စတွေကို အဲဒီလူက တယုတယ ကိုင်တွယ်ချော့မြူနေမှာလား။ ချစ်သူရဲ့ နှုတ်ခမ်းဖျားတွေမှာ အဆိပ်ရည်တွေ ပေကျံ စွတ်စိုနေခဲ့ပြီလား။ အဲဒီအဆိပ်ရည်တွေကိုပဲ သူ့လျှာဖျားကတစ်ဆင့် ပီတိစိတ်အပြည့်နဲ့ ကျေကျေနပ်နပ်ကြီး မြိုချနေ မှာလား။ သူ သိပ်ကို ပျော်ရွှင်နေလိမ့်မယ်လို့ ငါထင်ပါတယ်။ နွေးထွေးတဲ့ ကိုယ်ငွေ့နှစ်ခုဟာ တစ်ခုတည်းဖြစ်အောင်ကို ပူးကပ်လိမ်ယှက်နေကြ လိမ့်မယ်။

စဉ်းစားရင်း စဉ်းစားရင်း ငါ့ရင်ထဲကို ဝုန်းဒိုင်းကြဲနေတဲ့ ခံစားမှု တစ်မျိုး ဝင်ရောက်လာခဲ့တယ်။ အတော့်ကို ပြင်းထန်လှတဲ့ စိတ်မုန်တိုင်း ပါပဲ။ ရိုင်းလည်းရိုင်း ကြမ်းလည်းကြမ်းပေ့ါ။ မုန်တိုင်းဖြတ်သန်းရာအရပ်မှာ အရာရာကို အမှုန့်ချေ ဖျက်ဆီးသွားမယ်ဆိုတဲ့ စိတ်ထားမျိုးနဲ့။

ငါ တန်ဖိုးထား မြတ်နိုးခဲ့တဲ့ ပန်းတစ်ပွင့်ကို ဘယ်လိုလူမျိုးကိုမှ နမ်းခွင့်မပေးနိုင်ဘူး ယုန်ကလေး။ မင်းကို ပိုင်ဆိုင်ရယူဖြစ်အောင်မှ ငါ မကြိုးစားနိုင်ခဲ့ရင် မင်းကို ငါ တကယ်ချစ်ခဲ့တာပါလို့ မပြောနိုင်ဘူး။ မပြောသင့်ဘူး။ ငါတော့ ဒီလိုပဲယုံကြည်တယ်။ ပက်ပက်စက်စက် စွန့်

လွှတ်ဆုံးရှုံးခဲ့ရတာတောင်မှ အချစ်စစ်ဆိုတာ စွန့်လွှတ်ရဲခြင်းပါ၊ ကျွန်တော်ဟာ ကိုယ်ကပေးဆပ်ရခြင်းနဲ့ အချစ်စစ်ကိုသာ ရယူလိုတဲ့ အချစ်ရှုံးသမားကြီးပါလို့ ကြွေးကြော်ပြီး ကြံဖန်ဂုဏ်ယူနေတတ်တဲ့ ခပ်ညံ့ညံ့ယောကျ်ားတစ်ယောက် ငါ မဖြစ်ချင်ဘူး။ ငါဟာ ကိုယ်လိုတာ ကိုယ်ရအောင် ယူနိုင်တဲ့ စွမ်းရည်ရှိ ယောကျ်ားတစ်ယောက်ပဲ ဖြစ်ချင်တယ်။ အောင်ပွဲကလွဲရင် ဘယ်လိုဆုတံဆိပ်မျိုးနဲ့မှ ငါမတင်းတိမ်နိုင်ဘူး။ ဘယ်လိုချွေးသိပ်မှုမျိုးကမှ ငါ့ကို မဆွဲဆောင်နိုင်ဘူး။

ငါ့ကိုယ်ငါ အကြိမ်ကြိမ်မေးကြည့်တော့လည်း မင်းကို ဘယ်လိုနည်းနဲ့မှ မစွန့်လွှတ်နိုင်ဘူးဆိုတဲ့ အဖြေတစ်ခုပဲရတယ်။

ငါ ဘာလုပ်ရမလဲ ယုန်လေးရယ်။

မင်း... တစ်ခါက လုပ်ခဲ့သလိုပဲ ငါဟာ စာအုပ်တစ်အုပ်ထဲမှာ **(ယုန်လေးကိုချစ်တယ်)**ဆိုတဲ့ စာလုံးပေါင်းများစွာရေးပြီး တစ်ယောက်တည်း တိတ်တိတ်ကြေကွဲကျေနပ်နေရမှာလား။

မဖြစ်နိုင်ဘူး။ ဘယ်လိုနည်းနဲ့မှ ငါဟာ ဒီလိုအဆုံးသတ်သွားနိုင်မယ့် လူတစ်ယောက် မဟုတ်နိုင်ဘူး။

ငါ မင်းကို ပိုင်ဆိုင်ပါရစေ ယုန်လေး။ ငါ မင်းကို ရယူပါရစေ။

အဲသလိုပိုင်ဆိုင်ခွင့်ရဖို့အတွက် ဘယ်အရာကိုမဆို ငါရင်ဆိုင်ရပါစေ၊ ဘယ်လို တိုက်ခိုက်မှုမျိုး၊ ဘယ်လိုပြိုင်ပွဲမျိုးမှာမှ အရှုံးနဲ့ နောက်ဆုတ်ပြန်မသွားရပါစေနဲ့။ ငါ့မှာ ရှိရှိသမျှ ယောကျ်ားတစ်ယောက်ရဲ့ မာန်မာနနဲ့ အစွမ်းသတ္တိအားလုံးကို မင်းအတွက် အဆုံးစွန် အသုံးချပါရစေ ကလေးရေ၊ ဒီ့တွက်ကြောင့် ဒဏ်ရာ အနာတရ ဖြစ်ရမယ် ဆိုရင်တောင် မင်းကြောင့်ရတဲ့ဒဏ်ရာမို့ သေရွာပါသည်အထိ ကျေကျေနပ်နပ် သယ်ဆောင်သွားဖြစ်မှာပါကွာ။

ချစ်လွန်းလို့ပါ ယုန်လေးရယ်။

✯

ရုံးပိတ်ရက်မို့ မိတ်ဆွေတစ်ယောက်ရဲ့ အလှူအတွက် သွားကူညီလုပ်ကိုင်ပေးပြီး နေ့လယ်ထမင်းစားပြန်ခဲ့တဲ့နေ့ပါပဲ။

ဒီနေ့ဟာ ငါ့တစ်သက်တာကို ဆိုးဆိုးရွားရွား ညစ်ပေစွန်းထင်းစေခဲ့တဲ့ နတ်ဆိုးတွေရဲ့အနက်ရောင် နေ့တစ်နေ့ဖြစ်ခဲ့တယ်၊ အဲသလို ကြုံဆုံဖြစ်ပျက်ခဲ့လိမ့်မယ်လို့ ငါ ယောင်မှားလို့တောင်မှ မတွေးမိခဲ့ပါဘူး ယုန်လေး၊ ဒါကိုတော့ မင်းယုံပါ။

အိမ်မရောက်ခင် လမ်းထိပ်မှာ ကောင်လေးကို တွေ့ခဲ့တယ်။ သူ့ သူငယ်ချင်းတွေနဲ့ ဈေးဖက်ဆီကို စက်ဘီးတစ်စီးစီ စီးသွားနေကြတာ။ ချာတိတ်က အိမ်မှာ သူ့အမေ မရှိကြောင်း လှမ်းအော်ပြောသွားသေးတယ်။

ငါ့ရင်ထဲမှာ လှိုက်ခနဲ တစ်ချက် ခုန်လှုပ်သွားသလိုပဲ။ ပြီးတော့ တဆစ်ဆစ် နာကျင်လာသလို ထင်ရတယ်။ ကျောရိုးတစ်လျှောက်မှာလည်း တစိမ့်စိမ့်အေးတက်လာခဲ့တယ်။ အိမ်မှာ ယုန်လေးကလွဲရင်ဘယ်သူမှမရှိဘူးဆိုတဲ့အသိက ငါ့ကို ဘာ့ကြောင့် ဒီလိုခံစားမှုတွေ ဖြစ်စေခဲ့တာလဲ။ ဆိတ်ငြိမ်ရာ အရပ်မှာ သူ တစ်ယောက်တည်း ရှိနေတယ်ဆိုတဲ့ စကားတစ်ခွန်းက ငါ့ရင်ကို ဘလောင်ဆူစေခဲ့တာလား။

မျက်လုံးထဲမှာ တစ်စုံတစ်ယောက်ကို ခြံတံခါးဖွင့်ပေးနေတဲ့ ယုန်လေးရဲ့ ပုံဏ္ဍာန်ကို မြင်ယောင်လာမိတယ်။

ငါထင်တယ်။

အဲဒီအချိန်တုန်းက သူ့မျက်နှာဟာ ပြုံးချိုနေမှာပဲ။

သူ့မျက်လုံးတွေဟာ ချစ်ရည်နဲ့ ရွှန်းစိုနေမှာပဲ။

သူ့နှုတ်ခမ်းတွေဟာ နေရောင်ကိုမျှော်နေတဲ့ ပွင့်လုဆဲ ပန်းတစ်ပွင့်လို လန်းဆန်းစွင့်အာနေမှာပဲ။

ချစ်သူ့လက်ကို ဆုပ်ကိုင်ထားမယ့် သူ့လက်တွေဟာလည်း နွေးထွေး အားရှိနေမှာပဲ။

သူ့သွေးကြောမျှင်တွေထဲမှာ ချစ်သူကိုတွယ်တာမြတ်နိုးခြင်း၊ အားကိုးခြင်းနဲ့ ပျော်ရွှင်ခြင်းတွေက အားကောင်းမောင်းသန် လှည့်ပတ်စီးဆင်းနေမှာပဲ။

အဲသလိုအတွေးမျိုး တွေးမိလိုက်တဲ့အခါမှာတော့...။

မနာလိုမှုတွေ၊ ဆုံးရှုံးသွားမှာကို ကြောက်တဲ့ စိတ်တွေဟာ ငါ့ရင်တွင်း တစ်နေရာက တလိမ့်လိမ့်ကြွတက်လာခဲ့တော့တယ်။ ငါမမြင်နိုင်တဲ့

အင်အားတစ်ခုက ဘယ်အရာကိုမဆို တိုက်ခိုက်သိမ်းပိုက်ပစ်လိုက်ဖို့ တိုက်တွန်းနေသလိုပဲ။ ဒီအခိုက်အတန့်လေးမှာတော့ အဲဒီအင်အားကပဲ ငါ့တစ်ကိုယ်လုံးကို စိုးမိုးချုပ်ချယ်ထားခဲ့တယ်။

ဘယ်လိုမိစ္ဆာနတ်ဆိုးတစ်ကောင်ကောင်က ငါ့ကို စီးဝင်ပူးကပ်ခဲ့ပြီလဲ။ ဘယ်လိုမှားယွင်းတဲ့ လမ်းညွှန်မှုတွေနဲ့ အမိန့်ပေး စေခိုင်းနေတာလဲ။ ငါ့တစ်ကိုယ်လုံးဟာ ဆိုးဝါးယုတ်ညံ့တဲ့ စိတ်ထားတွေနဲ့ သုတ်လိမ်းချယ်သထားခံလိုက်ရပြီလား။ ငါဟာ ယဇ်စင်ပေါ်တင်ထားခံရတဲ့ ယဇ်ကောင်တစ်ကောင် ဖြစ်နေတာလား။ ယောက်ျားတစ်ယောက်ရဲ့ စောင့်စည်းအပ်တဲ့ အကျင့်သီလကို အပြင်းပြဆုံးအချစ်နဲ့ ပိုင်ဆိုင်ရယူလိုမှု တစ်ခုတည်းအတွက် ငါ စတေးလိုက်တော့မှာလား။

နတ်ဆိုး။

ဟုတ်တယ်။ နတ်ဆိုးတစ်ကောင်ဖြစ်မှာပါပဲ။

ဘယ်က နတ်ဆိုးလဲ။

လူဆိုတာ စိတ်ကောင်းနဲ့ စိတ်ညစ်ကို ရောမွှေထားတဲ့ ဇီဝရုပ်တစ်ခုပဲ။ ဒီအကောင်က ငါ့ရင်ထဲမှာ အရင်ကတည်းက အကျအနနန်း စိုက် စိုးစံနေတဲ့ အကောင်လား၊ ခုမှ ရုတ်တရက် အပြင်က ဝင်ချလာတဲ့ သတ္တဝါလား။ ဘာပဲဖြစ်ဖြစ် သူဟာ နတ်ဆိုးတစ်ကောင်ပါ။ ငါ့ရင်ထဲမှာ ပုန်ကန်ထကြွနေတာ။ ငါ့ဆန္ဒနဲ့ ဆန့်ကျင်တာတွေ လုပ်ဖို့ ငါ့ကို အတင်း အကြပ် စေခိုင်းအမိန့်ပေးနေတာ၊ ဒင်းပါပဲ။

အမှားတစ်ခုခု၊ အဆိုးတစ်ခုခု လုပ်ပစ်လိုက်ချင်စိတ်က ငါ့ကို အပူငွေ့တွေနဲ့ ဖုံးအုပ်လိုက်တယ်ထင်ပါရဲ့၊ အဲဒီအခိုက်အတန့်လေးမှာတော့ ယောက်ျားကောင်းတစ်ယောက်ရဲ့ စိတ်ဟာ ဆိုးဆိုးရွားရွား ယိမ်းယိုင်ချည့်နဲ့နေခဲ့ပေါ့။

ငါ့စိတ်ဟာ အတော့်ကို ရှုးသွပ်ပေါက်ကွဲနေခဲ့ပြီ။

'မင်းမရိုးသားဘူး…၊ မင်းမရိုးသားဘူး…'ဆိုတဲ့ အသံတွေဟာ ယင်ကောင်များ အုပ်ဖွဲ့ပျံသလိုမျိုး ငါ့နားထဲမှာ တဝီဝီ တဒီဒီ ကြားနေရတယ်။

ဟုတ်တယ်။ မရိုးသားတဲ့ ငါ့စိတ်အခြေအနေကို ငါသိနေတယ်။ ဘာပဲဖြစ်ဖြစ် ငါ သူ့အပေါ် ရိုးသားရမယ်။ 'သူ့ကို ညီမလေးတစ်ယောက်

လို မင်းသဘော မထားနိုင်ဘူးလား’လို့ ငါ့ကိုယ်ငါ မေးနေမိတာ ဘယ်နှစ်ကြိမ်များရှိနေခဲ့ပြီလဲ။

‘ဒါဟာ ယုန်လေးကို ပိုင်ဆိုင်ချင်လွန်းလှချည့်ရဲ့ဆိုတဲ့ မင်းအတွက် လက်လွှတ်လို့မရတဲ့ အခွင့်အရေးပဲ။ မယ်သီတာကို ဒသ ရထားတင်ခန်းလေ။ မင်းလိုချင်တဲ့ ဆုဖလားဟာ မင်းလက်တစ်ကမ်းမှာ။ ဒါမှ ရအောင်မယူနိုင်ရင် မင်းလောက်ညံ့တဲ့ကောင် မရှိနိုင်တော့ဘူး’

နတ်ဆိုးရဲ့ လမ်းညွှန်မှုတွေက မိုးခြိမ်းသံလောက် ကျယ်ကျယ်လောင်လောင်။

နောက်ထပ်စကားသံတွေ၊ နောက်ထပ်စကားသံတွေ။ ဟုတ်တယ်။ အဲဒီ နောက်ထပ်စကားသံတွေ အစုလိုက် အပြုံလိုက်ကြီးက ငါ့အသိစိတ်နောက် ထပ်ချပ်မကွာလိုက်လာ အော်ပြောနေကြတယ်။

ဘယ်သူတွေက ငါ့ကိုလာပြောနေကြတာလဲ။ ဘာ့ကြောင့် ချောက်တွန်းနေကြတာလဲ။ ငါ့ကို မကောင်းမှုမလုပ်ခိုင်းပါနဲ့လို့ ငါ တောင်းပန်ခဲ့တယ်။

ငါကိုယ်တိုင်က ငါ့ကို ပြန်ပြောနေတဲ့က အသံတွေများလား။

ဒီအသံတွေကိုယ်တိုင် ငါ့ကိုယ်ထဲက သူ့ဘာသာသူ စိမ့်ယိုထွက်လာတာလား။

နတ်ဆိုးတွေက စကားသံယောင်ဆောင်ပြီး ငါ့ကို အမှားကြီးမှားအောင် ဖျားယောင်းသွေးဆောင်နေကြတာလား။

ငါ့ကိုယ်ငါ အကြီးအကျယ် ဖျားနာနေတဲ့ လူတစ်ယောက်လိုထင်နေမိတယ်။ ပြီးတော့ ငါဟာ လေထဲမှာ လွင့်လာတဲ့အမှိုက်စ တစ်စလို အသိမဲ့လှုပ်ရှားမှုနဲ့ ခြံဝကို ရောက်ခဲ့ပုံပေါ်တယ်။ အဲဒီကမှတစ်ဆင့် အိမ် ထဲအထိပေါ့။

ပြန်စဉ်းစားကြည့်တော့ ဒီအချိန်မှာ ငါဟာ နှလုံးသားမရှိတဲ့ စက်ရုပ် တစ်ရုပ်လည်း ဖြစ်နေနိုင်သေးတာပါပဲ။

ငါ့ခြေထောက်တွေက အလိုအလျောက် စာကြည့်ခန်းဘက်ရောက်သွားခဲ့တယ်။ ဘာ့ကြောင့် ငါ့အခန်းကို ငါ မသွားတာလဲ။ ဘာ့ကြောင့် ထမင်းစားခန်းကို တန်းမသွားတာလဲ။ ဘာ့ကြောင့် ဒီအခန်းရှိရာကိုမှ တန်းတန်းမတ်မတ် ရောက်သွားခဲ့ရတာလဲ။

ဘာမှမသိတော့ဘူး။ ငါ ဘာမှမသိခဲ့ဘူး။

စာကြည့်ခန်းတံခါးမရှေ့မှာ ငါ ရပ်လိုက်တယ်။ အကြိမ်ကြိမ် ဝင်ထွက် သွားလာနေခဲ့ဖူးတဲ့ ဒီအခန်းဟာ ခုမှ ငါ့အတွက် အသစ်အဆန်း ဖြစ်နေသလို။

တံခါးလက်ကိုင်ဘုကို လှည့်တွန်းလိုက်တဲ့ ငါ့လက်တွေက ချည့်နဲ့ တုန်ယင်နေခဲ့တာ ငါ မှတ်မိလိုက်တယ်။

တံခါးမပွင့်ခဲ့ဘူး။ ဂျက်ချထားတယ်။

ဒါ့ကြောင့် ယုန်လေး အခန်းထဲမှာ ရှိနေတာ ငါ သေသေချာချာ သိလိုက်တာပေါ့။ ငါ မသိတာက ယုန်လေးရှိရာကို တန်းတန်းမတ်မတ် ရောက်အောင် လာခဲ့တဲ့ ငါ့ခြေထောက်တွေအကြောင်းပဲ ဖြစ်လိမ့်မယ်။ နတ်ဆိုးတွေ စီးနင်းထားတဲ့ ခြေထောက်တွေက ငါ့ကို လမ်းမှား မရောက် ရောက်အောင်တွန်းပို့ခဲ့တာလား။ ဒီစာကိုရေးရင်းနဲ့ အဲဒီခြေလှမ်းမှားတွေ အတွက် ငါ သိပ်ဝမ်းနည်းနေခဲ့ပါတယ် ကလေးရယ်။ တကယ်ကို ကြေကွဲ နေခဲ့ပါတယ်။ သိပ်ကို ရှက်ခဲ့ရပါတယ်။

ငါ့လက်က တံခါးနှစ်ချက်ခေါက်လိုက်တယ်။ ခပ်ရွရွခေါက်လိုက်မိတဲ့ အသံဟာ ငါ့နားထဲကို ကျွက်ကျွက်ညံအောင် ဝင်လာသလိုပဲ။

ဒါပေမယ့် ဘာမှ ပြန်ထူးသံ မကြားရဘူး။

သူ အိပ်ပျော်နေတယ်ထင်လို့ နောက်ထပ် ထပ်ခေါက်ရင်း...။

"မိမို့... နင် အိပ်ပျော်နေလား"လို့ အသံပေးမိတယ်။

ငါ့လည်ချောင်းထဲက ဒီလောက် ချောက်ကပ် ကွဲရှတဲ့ သူစိမ်းအသံ တစ်သံ ထွက်လာလိမ့်မယ်လို့ ငါ မထင်မိခဲ့ဖူးဘူး။ ငါ့အသံကို ငါ ပြန် လန့်သွားခဲ့တာ အမှန်ပဲ။

အခန်းအထဲဘက်က "လာပြီ အစ်ကိုကြီး"ဆိုတဲ့ ယုန်လေးရဲ့ ပြန်ထူးသံ ကြားလိုက်ရတော့လည်း ငါ လန့်သွားပြန်သေးတာပဲ။ အရာရာ ကို ကြောက်လန့်နေတတ်တဲ့ ဒုစရိုက်သမားတစ်ယောက်ရဲ့စိတ် ငါ့ကိုယ် ထဲမှာ ကောင်းကောင်းနေရာယူထားနှင့်ကြပြီလားလို့ တွေးမိပြန်တယ်။

"ထမင်းစားတော့မလား၊ ခူးပေးမယ်"လို့ သူ ငါ့ကို ပြောလိုက်တဲ့ အခါ၊ ငါ သူ့မျက်နှာကို မကြည့်ခဲ့ဘူး။ မကြည့်ရဲခဲ့ဘူး။ မှန်တစ်ချပ်ရှိလို့

ငါ့မျက်နှာ ငါပြန်ကြည့်ရမယ်ဆိုရင်တောင် ကြည့်ရဲမှာ မဟုတ်ဘူး။ အဲဒီအချိန်မှာ ငါ့မျက်နှာဟာ နီရဲထူပိန်းနေကောင်းနေလိမ့်မယ်။ ပြီးတော့ ငါကိုယ်တိုင် မသိတဲ့ ငါ့ရဲ့ နောက်ထပ်မျက်နှာအသစ်ကြီး တစ်ခုလည်း ဖြစ်ချင်ဖြစ်နေလိမ့်မယ်။ အဲဒီမျက်ခွက်ကြီးက ကြောက်စရာကောင်းသလို၊ ရှက်စရာလည်း ကောင်းနေလိမ့်မယ်။

ငါဘာတွေ ပြန်ဖြေ ပြန်ပြောခဲ့မိသလဲဆိုတာလည်း မမှတ်မိဘူး။ သူ့ကို ဖြတ်ကျော်ပြီး အခန်းထဲ ငါ ဘယ်လိုဝင်လာခဲ့သလဲဆိုတာလည်း မမှတ်မိဘူး။ ငါမှတ်မိတာက စာအုပ်စင်မှာ ဘာမှန်းမသိတဲ့ စာအုပ်တစ်အုပ်ကို ငါ သဲကြီးမဲကြီး ရှာနေတာပဲ။ ရှာနေရင်းက စိတ်ကို ပုံမှန်ဖြစ်အောင် ပြန်ထိမ်းစမ်းလို့ ငါ့ကိုယ်ငါ တိတ်တိတ်ကြိတ် အမိန့်ပေးနေမိတယ်။

ကတုန်ကယင်ဖြစ်နေတဲ့ ငါ့စိတ်နဲ့ ငါ့ကိုယ်ကြီးကို ငါကိုယ်တိုင် ထိန်းမနိုင်ချုပ်မရ ဖြစ်နေတုန်းမှာပဲ ယုန်လေးက ငါ့ကို တစ်ခုခုပြောလိုက်တယ်။ သူ ဘာပြောလိုက်မှန်း ငါမသိဘူး။

နောက်ပြီးတော့ အခန်းအပြင် ထွက်သွားဖို့လုပ်တယ်။

ဟုတ်တယ်။ အဲသလို သူလုပ်ခဲ့တယ်။

သူ ငါနဲ့ဝေးရာကို ထွက်သွားတော့မယ်ဆိုတာကို သိလိုက်တဲ့ ခဏလေးမှာ အတင်းချိုးနှိမ် ထိန်းချုပ်နေရတဲ့ ငါ့စိတ်ဟာ ဖျတ်ခနဲ လွတ်သွားပုံရတယ်။

အလွန် ရိုင်းစိုင်းအန္တရာယ်ကြီးတဲ့ သားရိုင်းတိရစ္ဆာန်တစ်ကောင် သူ့ကို လှောင်ထားတဲ့ လှောင်ချိုင့်ထဲက ထွက်ပြေးလွတ်မြောက်သွားသလိုမျိုး၊ ငါ့ကိုယ်ထဲက စိတ်ရိုင်းတွေ အထိန်းအကွပ်မဲ့ ထွက်လာကြတယ်။ လွတ်လာကြတယ်။

ငါ့ စိတ်ကောင်းတွေကို နတ်ဆိုးတွေရဲ့ မိစ္ဆာစိတ်က စီးမိ၊ အုပ်မိပြီး အနိုင်ယူသွားခဲ့တယ်။

ငါ သူ့ကို ဘာတွေ ပြောနေမိတာလဲ မသိတော့ဘူး။

တောင်းပန်နေတာလား။ အတင်း အမိန့်ပေးနေတာလား၊ ချော့မော့နေမိတာလား မသိပေမယ့် လွတ်ထွက်သွားမှာကို စိုးရိမ်လွန်းတဲ့ စိတ်နဲ့ သူ့လက်ကို တင်းတင်းဆုပ်ကိုင်ထားမိမှာတော့ သေချာတယ်။

သေသေချာချာ ထပ်ပြောနိုင်မယ့် နောက်တစ်ချက်ကတော့ အဲသလို သူ့လက်ကို မလွှတ်တမ်းဆုပ်ကိုင်ထားရင်းကပဲ သူ့ကို ချစ်တဲ့ အကြောင်းတွေ တရစပ် ပြောဖြစ်နေမှာကိုပဲ။ ဒါဟာ ဘဝမှာ ယုန်လေးကို ငါသိပ်ချစ်နေတဲ့အကြောင်း ပထမဆုံး ဖွင့်ပြောပြဖြစ်နေတာပါ။ ဒါဟာ တကယ့်ကို ပထမဆုံးအကြိမ်ပါပဲ။

နောက်တော့ သူ့ကိုချစ်ကြောင်းပြောနေတဲ့ စကားလုံးတွေဟာ အတော် အားပါ ပြင်းထန်တဲ့ လက်ဖဝါးတစ်ချက် အရိုက်ခံရပြီး ပြုတ်ကျ လွင့်ထွက်ကုန်ကြတော့တယ် ထင်ပါရဲ့။

လူတစ်ယောက်ကို အရူးအမူးချစ်မိတဲ့အတွက် ပြန်ရလိုက်တဲ့ ဆုလာဘ်ကြီးတစ်ခုဟာ အင်မတန် အားပါပြင်းထန်တဲ့ လက်ဝါးတစ်ချက် ပဲလား။

ဒါပဲလား။

ဒါ ငါရသင့်ရထိုက်တာ အကုန်ပဲလား။ ဒါဟာ ငါ ကြိုးပမ်း ပေးဆပ်ခဲ့ရတာနဲ့ ထိုက်တန်တဲ့ မဟာဆုတံဆိပ်လား။

ငါ ငိုချင်လာတယ်။ မြင်ကွင်းတွေ မှုန်ဝါးလာတယ်။

မျက်ရည်ကျလုလုပါပဲ။ ဒီငိုခြင်းဟာ ကလေးဘဝကိုလွန်မြောက်ပြီး အရွယ်ရောက်ခဲ့တဲ့ ယောက်ျားတစ်ယောက်ဘဝမှာ ပထမဆုံးအကြိမ် ငိုမိတာဖြစ်မယ်။ ငါ့ဘဝမှာ ချစ်သူကို ချစ်လွန်းတဲ့စိတ်ကြောင့် ငိုမိခဲ့လိမ့်မယ်လို့ တစ်ခါမှ ယောင်မှား စိတ်မကူးမိခဲ့ဘူး။

အဲသလောက်ခါးသီးအေးစက်တဲ့ ခံစားမှုမျိုးထဲမှာ မှောင်မှောင်မည်းမည်း နစ်မြုပ်နေရင်းက ပထမဆုံး အလင်းတစ်စက် ရလာခဲ့တယ်။ ငါ ရလိုက်တဲ့ ပထမဆုံးသော အလင်းဟာ ယုန်လေးကိုချစ်ခြင်းပါပဲ။ နာကျင်နာကျည်းခြင်းနဲ့ တရှိုက်မက်မက် ချစ်ခြင်းတွေဟာ ငါ့ရင်ထဲမှာ တလှာစီ တကန့်စီ ကွဲထွက်သွားကုန်ခဲ့ကြတယ်။ နာကျည်းမှုတွေက အောက်ခြေမှာ အနယ်ထိုင်လို့။

ချစ်မြတ်နိုးခြင်းတွေကသာ မနက်ခင်း ကြာတစ်ပွင့် နွံအိုင်မျက်နှာပြင်ပေါ်မှာ လှလှပပ ပွင့်အာလာသလိုမျိုး ငါ့ရင်ထဲမှာ ဖြစ်ပေါ်ခဲ့တယ်။

ငါ့နှုတ်က စကားတချို့ ပွင့်အန်ကျလာနေမှာ အသေအချာပါပဲ။

နောက်ပြီး...၊ ဒီစကားတွေဟာ ယုန်လေးကို သိပ်ချစ်ကြောင်း၊

စွန့်လွှတ် အဆုံးရှုံးမခံရဲကြောင်းကလွဲပြီး တခြား ဘာများဖြစ်နိုင်စရာ ရှိသေးလို့လဲ။

**ဒါပေမယ့်။**

**ဒါပေမယ့်။**

**ဒါပေမယ့်...။**

ငါ မကြားချင်ဆုံး စကားတစ်ခွန်းဟာ ချော်ရည်ပူတွေ သွန်ချလိုက်သလို နားထဲကို ဒလဟော စီးဝင်လာခဲ့တယ်။ အဲဒီစကားကို မင်းနှုတ်က ပြောမထွက်ခဲ့ပါနဲ့လား ကလေးရယ်။

အဲသလိုမျိုး မင်း ငါ့ကို မပြောလိုက်ပါနဲ့လား။

ဒီလိုသာ မင်းမပြောခဲ့မိရင်...။ မပြောခဲ့မိရင်...။

ဒါပေမယ့် မင်း ပြောခဲ့တယ်။

ငါ့ မျက်နှာကို သေသေချာချာ စိမ်းစိမ်းကားကား ကြည့်ပြီးမှ မင်း ပြောခဲ့တယ်။ အေးစက်မာကြောတဲ့ မင်းလေသံမှာ ပြင်းထန်တဲ့ အဆိပ်တွေ ပါနေမှန်း မင်းသိခဲ့ဟန်မတူပါဘူး။ ငါ့မှာတော့ မင်းအဆိပ်တွေကြောင့် ထွန့်ထွန့်လူး ခံစားခဲ့ရပါပြီ။

**"ဟင့်အင်း...မချစ်နဲ့၊ ကျွန်မမှာ ချစ်သူရှိတယ်"**

ငါ မမှားနိုင်ပါဘူး။ သူပြောခဲ့တာ ဒီအတိုင်းဖြစ်မယ်။ ငါကြားခဲ့တာ ဒီအတိုင်း ဖြစ်မယ်။ ငါ လုံးဝ သည်းမခံနိုင်တဲ့ စကားတွေကို ဒီအတိုင်းပဲ ငါ ကြားခဲ့ရတယ်။

ငါ့မှတ်ဉာဏ်မှာ သေသည်အထိ မမေ့နိုင်တော့တဲ့ အရက်စက်ဆုံး စကားတစ်ခွန်းဟာ ဒီစကားပါပဲ။

မပြောပါနဲ့။ ဒီစကားကို မပြောပါနဲ့။ ငါ့ကို မပြောလိုက်ပါနဲ့။

**"ဟင့်အင်း...မချစ်နဲ့၊ ကျွန်မမှာချစ်သူရှိတယ်"**
**"ဟင့်အင်း...မချစ်နဲ့၊ ကျွန်မမှာချစ်သူရှိတယ်"**
**"ဟင့်အင်း...မချစ်နဲ့၊ ကျွန်မမှာချစ်သူရှိတယ်"**

တော်ပါတော့ ငါ မကြားပါရစေပါနဲ့တော့။

တစ်ခွန်းတည်းနဲ့တင် ငါ သေလောက်ပါတယ်။

အထပ်ထပ် မကြားပါရပါစေနဲ့။

သူ ငါ့ကို အကြိမ်ကြိမ်အထပ်ထပ် ပြောခဲ့တာလား။ တစ်ကြိမ်၊ တစ်ခွန်းတည်း ပြောခဲ့တာလား မသိပေမယ့် ငါ့နားထဲမှာ အထပ်ထပ် အခါခါ ပြန်ကြားနေရတယ်။ ငါ မခံနိုင်တော့ဘူး ယုန်လေး။ မင်း ပါးရိုက် တာကို ငါ ကျေနပ်သည်းခံနိုင်ပေမယ့် ဒီစကားသံကို ငါ ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး။

ဟိုး... ငါ့ရင်အတွင်းထဲမှာ အနယ်ထိုင်ဖို့ ကြိုးစားနေတဲ့ နာကျင်ခြင်း၊ နာကြည်းခြင်းတွေဟာ အလျင်အမြန် အနယ်ထလာခဲ့တယ်။ ပြီးတော့ အရှိန်အဟုန်နဲ့ ဆန်တက်လာပြီး ငါ့နှုတ်က စကားလုံးတွေအဖြစ် ပျို့အန်ထွက်ကျသွားခဲ့တော့တယ်။

***"နင်၊ ခွန်မောင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါသိတယ်။ ရိပ်မိနေတယ်၊ နင့်ကို ငါ ဘယ်လောက်ချစ်တယ်ဆိုတာ နင်မသိခဲ့ဘူး၊ မရိပ်မိခဲ့ဘူး၊ ဘာပဲဖြစ်ဖြစ် ငါ့ဘဝထဲမှာ နင် ရှိကိုရှိရမယ်၊ နင့်ကို ဘယ်သူချစ်တာမှ ငါခွင့်မပြုနိုင်ဘူး၊ နင်ကလည်း ငါ့အပြင် ဘယ်သူ့ကိုမှ မချစ်ရဘူး၊ နင့်ကို ငါ သိပ်ချစ်ခဲ့တယ် မိမ့်၊ ခုမှမဟုတ်ဘူး၊ ဒီအိမ်ကို ငါ ရောက်စကတည်းက"***

ရေတံခွန် အမြင့်ကြီးတွေဆီက စီးသွန်ကျလာတဲ့ ရေတွေတောင် ဒီလောက် အရှိန်အဟုန်ပြင်းပါ့မလား။

ငါ့နှုတ်ကတော့ စကားသံပြင်းပြင်းတွေ စီးသွန်ကျခဲ့ပါပြီ။

သူ့ဆီက သက်ပြင်းရှိုက်သံတစ်ချက် ကြားမိသလားလို့ ပြန်စဉ်းစားတယ်။

ဒီအသံဟာ သိပ်ကို ထိတ်လန့်သွားတဲ့ လိပ်ပြာတစ်ကောင်ရဲ့ ကြောက်လန့်တကြား တောင်ပံခတ်လိုက်သံလို့ ထင်မိတာပဲ။

ရင်ဝတည့်တည့်ကို ဝင်လာမယ့် မြားတစ်စင်းအတွက် လေးညို့သံ သဲ့သဲ့လည်း ဖြစ်နိုင်တယ်။

ငါဟာ အောင်ပွဲအထိမ်းအမှတ် ဆုဖလားတစ်လုံးကို လက်ကမ်းယူနေတာလား။

လည်မျိုဆီ စိုက်ဝင်လာတော့မယ့် ဓားဦးတစ်ခုအတွက် အလိုက်သင့် လည်မော့ပေးနေတာလား။

ငါ့ကိုယ်ထဲမှာ ယုန်လေးနစ်ဝင်နေအောင် တင်းတင်းကြပ်ကြပ် ပွေ့ဖက်ထားလိုက်မိတယ်။ ငါ သူ့ကို လက်လွှတ်ဆုံးရှုံးလိုက်ရမှာ သိပ်ကြောက်နေခဲ့တယ်။

သူ သိပ်ကို ချစ်ခင်မြတ်နိုးလွန်းတဲ့အရာတစ်ခုကို ရယူလိုစိတ်ကြောင့် လူတစ်ယောက်ရဲ့ အဆုံးစွန်ရူးသွပ်သွားချိန်ဟာ ဒီအချိန် ဒီအခိုက်အတန့်လေးပါပဲ။ မုန်ရည်တွေ ပေလူးနေတဲ့ ဆင်ရိုင်းတစ်ကောင်ရဲ့ အသိမဲ့သွားတဲ့ အချိန်ဟာလည်း ဒီအချိန်ပါပဲ။

ငါ့ကိုယ်ထဲမှာ နောက်ထပ် ငါမဟုတ်တဲ့ ငါ့ကိုယ်တစ်ခု ပူးဝင်စေးကပ်လို့။

ငါ့သွေးကြောထဲမှာ နောက်ထပ် သွေးကြောတစ်ခု စီးမျောလှည့်လည်လို့။

ဒါပေမယ့် ဒါတွေဟာလည်း တစ်ခုတည်း တစ်စည်းတည်းလည်း ဖြစ်ရဲ့။

ပင်လယ်ရေအေးထဲမှာ ပါဝင်ခဲ့ဖူးတဲ့ ယုန်လေးရဲ့ ကိုယ်ငွေ့နွေးနွေးတွေ ငါ့ကိုယ်ထဲမှာ ပျံ့နှံ့နေတယ်။

မိုးကာတစ်ထည်အောက်က ရေစိုနေတဲ့ ကိုယ်နံ့သင်းသင်းတွေ ပိုက်ကွန်တစ်ခုလို ငါ့ကို အုပ်မိုးနေတယ်။

ငါ့ပါးစပ်တစ်ခုလုံးဟာလည်း ဆားငံရေနဲ့ ငန်ကြွက်နေခဲ့တယ်။

ချစ်သူရဲ့ ဆံနွယ်တစ်မျှင်စီတိုင်းကတော့ သံကြိုးတစ်ပင်လို မာတောင့် ကြမ်းရှလို့၊ သူ့တစ်ကိုယ်လုံးဟာ ဘယ်အချိန်က ကြမ်းတမ်းတဲ့ ကျောက်ခက်တောင်တန်း ဖြစ်သွားတာလဲ။

ငါ့ခန္ဓာကိုယ်ထဲ နက်နက်စူးစူး တိုးစိုက်ဝင်နေတာ ယုန်လေးရဲ့ လက်သည်းတွေလား။

ဓားလှံလက်နက်အသီးသီးရဲ့ မာကြောထက်ရှလွန်းတဲ့ အသွားတွေလား။

သေအံ့မူးမူးအချိန်ကို အကြောက်အကန်ငြင်းဆန်ရင်း ပြန်လည်ကိုက်ခဲနေတဲ့ သားကောင်တစ်ကောင်ရဲ့ သွားချွန်ချွန်တွေလား။

ငါ့ရင်ဘတ်တစ်ခုလုံးမှာ ရွှဲနစ်နေတာကရော...၊

မိုးရေစက်တွေလား...။ ဇောချွေးတွေလား...။ ချစ်သူရဲ့ အကြေကွဲဆုံး မျက်ရည်တွေလား...။

ငါမသိတော့ဘူး။

ငိုရှိုက်သံတွေဟာ ငါ့နားထဲမှာ မိုးခြိမ်းသံထက် ကျယ်လောင်လွန်းနေခဲ့တယ်။

ပန်းတစ်ပွင့်ကို ပွေ့ဖက်မိတဲ့အခါ ငါ့ရင်ခွင်ထဲ တကယ်ရောက်လာခဲ့တာက ခြောက်သွေ့ပူပြင်းတဲ့ ကန္တာရဆူးခင်းတစ်ခုပါပဲ။

နူးညံ့ပျော့ပြောင်းမှုနဲ့တူတာ ဘယ်အရာမှ ငါမရခဲ့ပါဘူး။

ငါ ဘာရခဲ့သလဲ။ ငါ ဘာရခဲ့သလဲ။ ငါ ဘာရခဲ့သလဲ။

ငါ ရခဲ့တာဟာ ခက်ရှမာကြောပြင်းထန်လွန်းတဲ့ အမုန်းတွေပါပဲ။

ညစ်ပတ်စုတ်ပြတ်နေတဲ့ ငါ့ကိုယ်ထဲက နတ်ဆိုးတွေရဲ့ စိတ်ဓာတ်တစ်ခုသာပါပဲ။

ဘယ်တော့မှ ဆုံးနိုင်တော့မှာ မဟုတ်တဲ့ နောင်တတရားနဲ့ ကြေကွဲမှုတွေပါပဲ။

ပြီးတော့ သေရွာပါမယ့် ရင်တွင်းဒဏ်ရာ ဗရပွတွေ။

✫

ကျွန်မတစ်ကိုယ်လုံးရှိ အင်အားမှန်သမျှကို ထိုစာမျက်နှာများက စုပ်ယူဝါးမျိုသွားသလို ခံစားလိုက်ရပါသည်။

ပက်လက်ကုလားထိုင်ပေါ်သို့ ပျော့ခွေစွာလှဲချလိုက်ရင်း ဖိုင်လေးကို ရင်မှာ ပိုက်ထားမိပါသည်။

ကျွန်မ ဆက်မဖတ်ဖြစ်ပါ။ မဖတ်ရဲတော့ပါ။

ရှေ့ဆက်ဖြစ်လာမည့် အဖြစ်အပျက်မှန်သမျှတွင် ပျော်ရွှင်စရာတစ်စက်ကလေးမှ မရှိနိုင်တော့ကြောင်း ကျွန်မ ကောင်းကောင်းသိနေပါသည်။

လူနှစ်ယောက်၏ဘဝ။

မဟုတ်သေးပါ။

မိသားစုတစ်ခုနှင့် အဝေးမှ လူတစ်ဦး၏ဘဝကို တစ်သက်တာ ခြောက်သယောင်း သွေ့ခြောက်စေခဲ့သော(သို့မဟုတ်) လောင်ကျွမ်းပြာကျသွားစေခဲ့သော မိနစ်၊ စက္ကန့်များသည် ဒိုင်ယာရီစာမျက်နှာများဆီမှ ပွင့်အန်ထွက်လာနေပါသည်။

အတိတ်ကာလမှာ အမှန်တကယ်ဖြစ်ပျက်သွားခဲ့ဖူးသော အဖြစ်အပျက်တို့ကို မှတ်တမ်းတင်ထားသည့် ထိုဝါကျများသည် မုန်တိုင်းနှင့်ပါလာသည့် ပင်လယ်ရေတစ်ခုအလား ကျွန်မတစ်ကိုယ်လုံးကို ဖုံးလွှမ်းဝါးမြိုပစ်လိုက်ဖို့ ကြိုးစားနေတာလည်း ဖြစ်နိုင်သည်။

အမှန်တော့ ဤစာရွက်သည် အဆုံးစွန်ပေါက်ကွဲပြီး သေဆုံးသွားသည့် မီးတောင်တစ်လုံးက ရေးခဲ့သော ဒိုင်ယာရီသာ ဖြစ်ပါသည်။ ဆို့လှိုက်တက်လာသော ခံစားမှုများကို မြိုချရန် ကြိုးစားပြီး ငိုကြွေးဖို့ မေ့လျော့နေသော ကျွန်မ၏ မျက်နှာပြင်တွင် ဘယ်အချိန်က ရောက်ရှိနေသည်မသိသော မျက်ရည်စီးကြောင်းက ဒဏ်ရာအမာရွတ်နှစ်ခုလို ထင်းထင်းကြီး တင်ရှိနေပါသည်။

မေမေ့ကို ချစ်မြတ်နိုးလွန်းသောစိတ်ဖြင့် မိုးစက်တွေကို ပုံပြင်ပြောခိုင်းခဲ့သော ဖေ့ဖေမျက်နှာပေါ်မှ အပြုံးများကို မြင်ယောင်မိသည်။ နောင်တတရား၊ ရှက်စိတ်များဖြင့် ကြေကွဲနေသော နွမ်းဖပ်ဖပ် မျက်နှာတစ်ခုကို မြင်ယောင်လာပါသည်။

ကြောက်လန့်တကြား ဆုံးရှုံးလိုက်ရရှာသော မေမေ့၏ သန့်စင်မှုနှင့် ချစ်ခြင်းတရားများကို ကြေကွဲစွာ စာနာမိလိုက်ပါသည်။

**ကိုယ်က အချစ်ခံရခြင်းဆိုတာ ဒီလောက်တောင်မှ ခါးသက်သတဲ့လားကွယ်ဟု မေမေ တီးတိုးညည်းဆိုခဲ့ဖူးပါမည်လား။**

●

# မိုးစက်ပုံပြင်၏
# နောက်ဆုံးဝါကျများ

တစ်ခါက။
နေ့ရက်တစ်ရက်တွင်
ဤသို့ဖြစ်ပျက်ခဲ့ဖူးပါသည်။

✢

ကျလုလုမျက်ရည်များကဲ့သို့ ပြိုကျအံ့ဆဲဆဲ မိုးရေစက်များကို ရင်နှင့်အပြည့်သိုဝှက်ထားသော တိမ်ညိုမည်းတစ်အုပ်သည် တောင်များ၏ ဦးခေါင်းပေါ်မှကျော်ကာ ဖြည်းဖြည်းလိမ့်လိမ့် လိုမ့်ဆင်းလာနေကြသည်။

သူတို့ကို ကြည့်ရသည်မှာ အညိုရောင် တူညီဝတ်စုံများဝတ်ဆင်၍ ကြေကွဲဖွယ်ကောင်းသော ဝမ်းနည်းခြင်းအခမ်းအနားတစ်ခုကို တိတ်ဆိတ်စွာ လာရောက်ကျင်းပနေကြသည်နှင့်တူ၏။

ထိုအရပ်ဝန်းကျင်ကို ဝိုင်းရံထားသော တောင်စဉ်တောင်တန်းတို့တွင် တောင်ခိုးတအူအူထွက်နေသည်။ မြင်ရသမျှသော ရေမြေတောတောင်အနှံ့၌ မြေငွေ့တို့သည် မျှုံဖြစ်၏။

ရေငွေ့တို့သည် မျှုံဖြစ်၏။

အပူငွေ့ သဲ့သဲ့သည်ပင် မျှုံဖြစ်၏။

အရာအားလုံးကို ဝိုးတစ်ဝါးမြင်ကွင်းကသာ လွှမ်းခြုံသိမ်းပိုက်ထား၏။ ဘဝ၏ အိပ်မက်ဆန်မှုကို သင်္ကေတပြုနေသည့်အလား၊ မရေရာမှုတို့ကို ကိုယ်စားပြုနေသည့်အလား။

မိုးသက်လေ၏ ရှေ့ပြေးတို့သည် ပျော့ပြောင်းသော မြက်ပင်သစ်ခက်တို့ကို သွက်သွက်ခါနေစေသည်။ လေတိုးတိုက်သံသည် ထူးဆန်းသောသီချင်းတစ်မျိုးကို လေးလေးတွဲ့တွဲ့သီဆိုနေသည်နှင့်ပင် တူသေးတော့၏။ တအီအီတနွဲ့နွဲ့ကြားရတတ်သော တောင်တန်းဒေသ၏ နတ်ခေါ်တေးသံများနှင့် တေးသွားအလိုက်ချင်း ဆင်သလိုလို။

ဤနေရာသို့လာနိုင်သည့် တစ်ခုတည်းသော မြေနီလမ်းကလေးသည် တောင်ကုန်းလေးအတိုင်း တွန့်လိမ်မော့တက်သွားနေသည်မှာ ယခင်အတိုင်းပင်။ အထီးကျန်စွာ။ ခပ်ထိုင်းထိုင်း စိုစွတ်စွာ။ ထိပ်ဖျားတွင် ပန်းပွင့်ဖြူဖြူများပါသော တောရိုင်းပင် ရှည်နွဲ့နွဲ့တို့က လမ်းကလေး၏ ဘေးဘယ်ညာကို အနားသတ်ထား၏။ တောရိုင်းပင်တို့နှင့်အတူ စိမ်းညို့အုပ်ဆိုင်းနေသော မိုးထိမြင့် သက်တမ်းရင့် ထင်းရှူးပင်တို့ကို မြင်ရသည်မှာ လမ်းတစ်လျှောက်လုံးကို သတိကြီးစွာစောင့်ကြပ်ထိမ်းသိမ်းထားသည့် အစောင့်အကြပ်များကိုတွေ့ရသလို။

တောင်ကြားလေးတစ်ခုလုံးသည် ချောင်းမှ ဖြစ်သော မြူကြောင့် မှုန်မှိုင်းအုပ်ဆိုင်းနေသော ဝန်းကျင်တစ်ခုကို ဖြစ်နေစေသည်။

တိမ်များကြားမှာ လမ်းလျှောက်ဖူးပါသလား။

ကိုယ့် ဘေးဘယ်ညာမှာ တိမ်။ ကိုယ့်အပေါ်နဲ့ အောက်ဖက်မှာ တိမ်။ ထို တိမ်တို့သည် အငြိမ်မနေ။ ကိုယ့်ကို ပွတ်တိုက်ဖြတ်သန်း၍ လေသယ်ဆောင်ရာ ရွေ့လျားနေကြသည်။ ထိုအရပ်တွင် တောင်ခိုးနှင့် မြူတို့ ရောယှက်ပေါင်းစည်းမှုသည် တိမ်ဖြစ်၏။ ထိုတိမ်တို့သည် မြေပြင်မှ ကောင်းကင်အထိ လွင့်မျောသွားလာနေကြ၏။ ထိုမြေပြင်ပေါ်တွင် လမ်းလျှောက်နေသော ကိုယ်သည် တိမ်တစ်စလိုပင်လွင့်မျောနေနိုင်၏။ သို့သော် ကျွန်တော် လွင့်မျောနေမိသည်မှာတော့ လေနှင်ရာမဟုတ်။ စိတ်နှင်ရာသို့ ဖြစ်ပါသည်။

ကျွန်တော်သည် မိုးကာဂျာကင်ပါးကို ဇစ်တင်းတင်းဆွဲစေ့ရင်း တောင်ကြောလေးအတိုင်း တက်လာခဲ့သည်။ မနှစ်က ရောက်ခဲ့ဖူးသော

ထိုနေရာသည် ယခုတိုင် အပြောင်းအလဲမရှိသေး။ မြေပုံနှင့် အုတ်ဂူသစ်တချို့ တိုးလာသည်မှလွဲ၍ သည်အတိုင်းပင်။

သင်္ချိုင်းမြေသည် တိမ်မှျင်များကြားတွင် ငြိမ်သက်စွာ အေးအေးလူလူ လဲလျောင်းမပျက်။

မနှစ်က သည်အချိန် သည်ရက်တွင် ကျွန်တော် ဤနေရာသို့ ရောက်ခဲ့သေးသည်။

ကိုဇော်လတ်၏ ဈာပနကို လာရောက်ပို့ဆောင်ခဲ့ခြင်း ဖြစ်၏။ ဘာ့ကြောင့် ဤဈာပနကို ကျွန်တော် လိုက်ပါပို့ဆောင်ခဲ့ပါသလဲဟူသော အဖြေကို ယနေ့တိုင် ကျွန်တော် မရရှိခဲ့ပါ။

ကျွန်တော် 'နန်း'ကို စာနာစွာ အားပေးချင်၍ လာခဲ့သည်လား။ သူ၏ ကြေကွဲမှုကို မြိန်ရေယှက်ရေ ကြည့်လိုစိတ်ဖြင့် ရောက်လာခဲ့သည်လား။ မတော်တဆ ထိုသို့သော အဖြစ်များကြုံလျှင် ကျွန်တော် ပြောမည်ဟု ကြံရွယ်ထားသော "*မင်းပေးခဲ့တဲ့မီးကို လက်နဲ့မယူဘဲ ဘဝနဲ့ယူသွားတဲ့ လူတစ်ယောက် အခု မင်းရှေ့မှာ ရောက်နေပြီလေ...*" ဆိုသည့် အဓိပ္ပာယ်ထွက်မည့် မျက်လုံးများဖြင့် ကျွန်တော် သူ့ကို ကြည့်လို၍ လာခဲ့ခြင်း ဖြစ်ပါသလား။ ထိုအချိန်က ကျွန်တော့်ရင်ထဲမှာ 'နန်း'ကို လှလှပပ ကလဲ့စားချေလိုသောစိတ်တစ်ခုသာ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်နေခဲ့ပါသလား။

ထိုနေ့က'နန်း'နှင့် မျက်လုံးချင်း တစ်ကြိမ်သာ ဆုံလိုက်ဖြစ်၏။

အချိန်ကြာကြာ မတွေ့ဖြစ်၊ အားပေး စကားသော်မှ ကျွန်တော် မပြောဖြစ်ခဲ့အောင်ကို လူမှုရေးအရ တာဝန်မဲ့ခဲ့သည်မှာ အမှန်ဖြစ်သည်။ ကျွန်တော့် ရင်ထဲ၊ နှတ်ထဲတွင် သစ္စာမဲ့ခြင်းဟု ကမ္ပည်းထိုးထားသော အတားအဆီးအကန့်ကြီးတစ်ခု ခိုင်ခိုင်ခန့်ခန့် တည်ရှိနေခဲ့ပါသည်။ သို့သော် ထိုကြီးမားသော အတားအဆီးကြီး၏ နောက်ကွယ်တွင် တစ်စုံတစ်ရာ ရှိနေပါလိမ့်ဦးမည်။

ထိုတစ်စုံတစ်ရာဟာ ဘာဖြစ်သည်ဆိုခြင်းကို ကျွန်တော်မသိလိုပါ။ မသိချင်သော်လည်း ကျွန်တော် တိတိကျကျကို သိနေပါသည်။

ထိုတစ်စုံတစ်ရာသည် ယနေ့တိုင် နုတ်ပယ်မရနိုင်လောက်အောင် အမြစ်တွယ်နေသေးသည့် 'နန်း'အပေါ် ထားရှိသော ကျွန်တော့်ချစ်ခြင်း

ကလွဲ၍ အခြားမဖြစ်နိုင်ပါ။

ထို့အတူ ကျွန်တော် မသိချင်သော်လည်း ကျွန်တော် သိနေသည်ဟု ထင်ထားသည့် နောက်ထပ် အကြောင်းအရာတစ်ခု ရှိနေပါသေးသည်။

ဤသည်မှာ ကျွန်တော့်ရင်ထဲကအကြောင်းကို ကျွန်တော် သိနေသလို ထိုနေ့က ဆုံခဲ့မိသော မျက်ဝန်းတစ်စုံအကြောင်းကိုလည်း ကျွန်တော် ကောင်းကောင်းသိနေခဲ့ခြင်း ဖြစ်ပါသည်။

စက္ကန့်အချို့သာ မြင်တွေ့လိုက်ရသော ထိုမျက်ဝန်းအစုံ၏ နောက်ကွယ်တွင် ရှက်ရွံ့နေခြင်း၊ နာကြင်ကြေကွဲနေခြင်း၊ ဆုံးရှုံးခဲ့ရသည်ကို နှမြောတသနေခြင်းနှင့် မျှော်လင့်ခြင်းများ သိပ်သိပ်သည်းသည်း ရောနှောပါဝင်နေကြောင်း ကျွန်တော် သိလိုက်ပါသည်။ ဖြစ်ပြီးခဲ့သမျှ သူ ရင်ဆိုင်ခဲ့ရသမျှ အဖြစ်အပျက်များအပေါ် စိတ်ပျက်လက်ပျက် ဖြစ်နေသည့် အဓိပ္ပာယ်များလည်း ပါဝင်နိုင်ပါသည်။

ကျွန်တော် ဤနေရာသို့ ဘာ့ကြောင့် မရောက်ရောက်အောင် ပြန်လာခဲ့ပါသလဲ။

ထိုအဖြေသည် ကျွန်တော့်နှလုံးသားကို ဤနေရာလေးတွင် အပြီးတိုင် မြှုပ်နှံသင်္ဂြိုလ်ပစ်လိုက်ဖို့ကလွဲပြီး အခြားမရှိနိုင်ဟု တွေးမိပြီးကာမှ နှစ်ပေါင်းများစွာ စွန့်လွှတ်ထားခဲ့ရပြီးဖြစ်သော တစ်စုံတစ်ရာကိုလာရောက်ရှာဖွေတာကော မဖြစ်နိုင်ပေဘူးလားဟု တွေးနေမိပြန်ပါသည်။

ကျွန်တော် တကူးတကန့် လာရောက်ရှာဖွေနေသော ထို တစ်စုံတစ်ရာသည် မနှစ်က သည်အချိန်သည်နေရာတွင် ဆုံခဲ့ရသည့် မျက်ဝန်းတစ်စုံ၊ အကြည့်တစ်ချက် ဖြစ်နိုင်သည်။

ပိုမိုပြည့်စုံအောင်ပြောရလျှင် ထိုမျက်ဝန်းများနောက်ကွယ်မှ အနက် ရှိုင်းဆုံးတစ်နေရာတွင် ခိုအောင်းနေမည့် နှလုံးသားသာ ဖြစ်ပါမည်။ သို့မဟုတ် ထိုနှလုံးသားမှ မထိမ်မချန် မကွယ်မဝှက် ပြောဆိုနေသည့် အမှန်ကိုဆိုမည့် စကားသံများသာ ဖြစ်ပါလိမ့်မည်။ ထို စကားသံများသည် ချစ်သူက ကျွန်တော့်ကို ချစ်နေသေးကြောင်းပြောနေခြင်းမှလွဲပြီး အခြား မဖြစ်နိုင်။

နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီးဖြစ်သော ချစ်ခဲ့ရသူတစ်ဦး၏ နှလုံးသားထဲတွင် ကျွန်တော့်ကို ချစ်ခင်မြတ်နိုးနေသေးခြင်းများ ရှိနေလိမ့်ဦးမည်၊ (သို့မဟုတ်) ထိုသို့သော ခံစားချက်များ ပြန်လည်ရှင်သန်လာလိမ့်ဦးမည်ဟုများ ကျွန်တော်စိတ်ကူးယဉ်နေမိသည် ထင်ပါသည်။ ထိုအတွေးသည်ယခုချိန်တွင် ဖြစ်ပေါ်နေသည့် တစ်ခုတည်းသော မျှော်လင့်ချက်သေးသေးလေးလည်း ဖြစ်နိုင်ပါသေးသည်။

ကိုယ့်အပေါ် ရက်ရက်စက်စက် သစ္စာမဲ့ခဲ့သူ မိန်းမတစ်ယောက်အပေါ် ကျွန်တော့်နှလုံးသား၏ ပြန်လည်တုံ့ပြန်မှုကို ကျွန်တော်ကိုယ်တိုင်နားမလည်နိုင်ခဲ့။ ချစ်ခြင်းဖြင့် စွဲလမ်းတမ်းတနေသည့် နှလုံးသားဆိုသည်မှာ တစ်ခါတစ်ရံ သူရူးတစ်ယောက်၏ ဦးနှောက်နှင့်များ ဆင်တူနေတတ်ပါသလားဟု တွေးမိသေး၏။

နက်ဖြန်မနက် သည်မြို့လေးထံမှ ကျွန်တော် ပြန်လည်ထွက်ခွာရပြန်ဦးတော့မည်။

ယာယီခွဲခွာခြင်းလား၊ ထာဝရစွန့်ခွာခြင်းလားဆိုသည်မှာ အနာဂတ်ကို ကြိုတင်သိမြင်နိုင်စွမ်း မရှိသည်မို့ ကျွန်တော် မသိနိုင်။ မိုင်ပေါင်းရာချီခရီးကို တခုတ်တရ အရောက်ပြန်ဖြစ်အောင် ပြန်လာခဲ့ခြင်းကိုက သည်မြို့ကလေးနှင့် ပတ်သက်သည့် အရာရာအားလုံးကို နောက်ဆုံးအကြိမ်လာရောက်နှုတ်ဆက်ခြင်းဟု အဓိပ္ပာယ်ဆောင်နေသည်လား မဆိုတတ်တော့။

သည်မြို့ကလေးမှ ပြန်သွားပြီးသည့်နောက်တွင် ကျွန်တော်သည် အိမ်ထောင်သည်တစ်ယောက်လည်း ဖြစ်သွားနိုင်ပါသည်။

အိုမင်းလှုပြီဖြစ်သော မိဘနှစ်ပါးမှ သူတို့၏ တစ်ဦးတည်းသော သားတစ်ယောက်အပေါ် နှစ်ပေါင်းများစွာ တောင်းဆိုနေခဲ့သော်လည်း ကျွန်တော်ဘက်က ဖြည့်ဆည်းမပေးနိုင်ခဲ့သည့် အိမ်ရာထူထောင်ခြင်းဟူသော ကိစ္စသည် ယခုအခါ အလှည့်အပြောင်းတစ်ခုသို့ ရောက်လာခဲ့ပြီ ဖြစ်၏။

မျိုးဆက်ထူထောင်ရေး၊

နာမကျန်းချိန်တွင် ဖေးကူ ထူမမည့်လူ ရှိရေး၊

သိုက်ဝန်းသော မိသားစုဘဝတစ်ခုကို ထူထောင်ရေး၊

လူပီသသည့်ဘဝကို ဖြတ်သန်းရေး စသဖြင့် နှစ်ပေါင်းများစွာ အကြိမ်ကြိမ် နာကြားခဲ့ရပြီးသော အိမ်ထောင်ရေးတရားများကို ယခုအခါ နေ့စဉ်လိုလို ခပ်စိတ်စိတ်ကြားနေရသည်။ ဘဝနေဝင်ချိန်ရောက်နေကြပြီ ဖြစ်သော မိဘနှစ်ပါးက သူတို့သားအပေါ် ပြင်းပြင်းထန်ထန် တောင်းဆိုနေ သည့် တောင်းဆိုတိုက်တွန်းချက်များ ဖြစ်ပါသည်။

ပျိုရွယ်စဉ်နေ့ရက်များအားလုံး၌ တိတ်ဆိတ်စွာကြေကွဲခြင်းနှင့် အထီးကျန်ခြင်းကိုသာ ချိုမြိန်စွာ သောက်သုံးနေထိုင်ခဲ့ခြင်းမှာ မိဘ အလိုဆန္ဒနှင့် ဆန့်ကျင်စွာ ကိုယ်တိုင်ရွေးချယ်ခဲ့သော လမ်းဖြစ်၏။

ထို့အတွက် တရံတစ်ဆစ်မျှ နောင်တမရခဲ့။

ခုချိန်တွင်မူ ရာသက်ပန် သည်လိုပင် နေထိုင်သွားလိုသော ကိုယ့် စိတ်ဆန္ဒမှန်နှင့် မိဘ၏ စိတ်အလိုကို လိုက်လျောခြင်းဖြင့် သူတို့ကိုကျေနပ် စိတ်ချမ်းသာစေလိုသောစိတ်တို့က ကျွန်တော့်ကို ဆောက်တည်ရာမရ ဖြစ်စေခဲ့သည်။

ထို ဆောက်တည်ရာမရသော စိတ်ကပင် ခရီးတစ်ခု ထွက်ခွာ စေခဲ့ခြင်း ဖြစ်၏။ သို့သော် ဘာ့ကြောင့် သည်မြို့ကလေးဆီကိုမှ လာရန် ခရီးစဉ်ရေးဆွဲဖြစ်ခဲ့သည်ကိုတော့ ကျွန်တော်ကိုယ်တိုင် ယခုထက်ထိ ရှင်းရှင်းလင်းလင်း မသိခဲ့ပါ။

လူကတော့ မြို့ကလေးထံ ရောက်ရှိနေခဲ့ပါပြီ။

မြို့ကလေးက နွေးထွေးခြင်းမရှိ၊ အေးစက်ခြင်းမရှိသော ပကတိ ရင်ခွင်ဖြင့် ကျွန်တော့်ကို ကြိုဆိုခဲ့သည်။

လွန်ခဲ့သော သုံးရက်က မြို့သို့ ပြန်ရောက်သောအခါ ချောင် ကျကျ တည်းခိုခန်းတစ်ခုကို ရှာတည်းခဲ့သည်။ ဘယ်သူငယ်ချင်း တစ် ယောက်ကိုမှ မဆက်သွယ်ခဲ့။ မတော်တဆတွေ့ဆုံနိုင်မည့် အခြေအနေ မျိုးကိုပင် သတိထား ရှောင်တိမ်းခဲ့၏။ မရောက်သည်မှာ ဆယ်စုနှစ်ချီ ကြာခဲ့ပြီ ဖြစ်၍ ယခင်လူရင်းများမှလွဲ၍ ကျွန်တော့်ကို မမှတ်မိကြတော့ ခြင်းက တစ်ကိုယ်တော်နေလိုမှုကို ပိုမိုထောက်ကူပေးနေခဲ့သည်။

ထိုရက်များအတွင်း တည်းခိုခန်းမှ စက်ဘီးတစ်စင်းငှားကာ ငယ် ဘဝက ကျွန်တော် ထိတွေ့ဖြတ်သန်းခဲ့ဖူးရာ နေရာတိုင်းသို့ တစ်ယောက် တည်း သွားလာနေခဲ့သည်။

ထိုအခါ ကျွန်တော်သည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ဤမြို့လေးတွင် နေထိုင်ကျောင်းတက်ခဲ့သော အထက်တန်းကျောင်းသားတစ်ယောက် ပြန်ဖြစ်သွားသည်။

ကျွန်တော်တို့မိသားစု နေထိုင်ခဲ့ဖူးရာ အိမ်လေးသည် အလွန်အိုမင်းဟောင်းနွမ်းနေသည်မှလွဲ၍ ယခင်အတိုင်းပင် မပြောင်းမလဲရှိနေဆဲဖြစ်၏။ ဂစ်တာတီးနေကျ နေရာလေးကိုကြည့်ရင်း ချစ်သူအတွက် ရေးခဲ့ဖူးသော 'မိုးစက်ပုံပြင်'ဟူသည့် သီချင်းလေးကို သတိရနေမိပါသေးသည်။

ကောင်းကင်သစ် လက်ဖက်ရည်ဆိုင်နေရာတွင် သစ်လွင်သောတိုက်တစ်လုံးကိုတွေ့သောအခါ ကျွန်တော့်နှုတ်မှ 'စာကျက်နေသလားမေ' ဟူသည့် သီချင်းတစ်ပိုဒ်ကို တိုးတိုးလေး လေချွန်လိုက်မိသည်။

မိုးဖွဲဖွဲကျနေသော ဘောလုံးကွင်းဘက်ကိုရောက်သည့်အခါ ခြေထောက်ပေါ်မှ အနာရွတ်ဟောင်းကို စမ်းမိသည်။ ကျွန်တော် မနမ်းခဲ့ဖူးသော ချစ်သူ၏ နှုတ်ခမ်းကိုလည်း လွမ်းမိသေးသည်။ ထိုနှုတ်ခမ်းသည် ရင်ထဲတွင် သက်ထက်ဆုံးသတိရနေမိလောက်အောင်ပင် ကျွန်တော့်ဒဏ်ရာကို ပြုစုပေးခဲ့ဖူး၏။ ခုတော့ အရာအားလုံးသည် အတိတ်မှာပျော်ဝင်ပျောက်ဆုံးသွားခဲ့ကြပြီ။ ဖြစ်ပျက်ခဲ့ဖူးသမျှ အဖြစ်အပျက်တို့၏ သဲလွန်စခြေရာလက်ရာအဖြစ် ကျွန်တော့်နှလုံးသားသာ ကျန်ရစ်၏။

အဖေ့ရုံးရှေ့ရောက်သောနေ့က ဇွန်းခက်ရင်းတစ်စုံအကြောင်း (သို့မဟုတ်) ကျွန်တော့်နာမည်များနှင့် ပြည့်သိပ်နေသော အဝါရောင် စာအုပ်ကလေးတစ်အုပ်အကြောင်းကို သတိရမိလိမ့်မည်ဟု ကိုယ့်ဘာသာ တွေးထင်ထားမိသော်လည်း အမှန်တကယ် ရင်ထဲ နွေးခနဲဝင်လာသော မှတ်မိမှုမှာ သူ ပထမဆုံးရုံးတက်သောနေ့က ကျွန်တော့်လက်ကို ပွတ်တိုက်သွားခဲ့ဖူးသည့် ရှည်သွယ်ညွတ်ပြောင်းသော ချစ်သူ့ဆံပင်ရှည်ရှည်များ၏ အထိအတွေ့ ဖြစ်နေသည်ကို အံ့သြစွာ တွေ့ရှိလိုက်ရပါသည်။

ချစ်သူ့အိမ်ရှိရာဘက်ကိုတော့ ကျွန်တော် မသွားခဲ့။

တောင်ကုန်းထိပ်က ထိုအိမ်မည်းမည်းကြီးကိုမြင်လျှင် ရင်ထဲမှ တစ်သက်စာဒဏ်ရာကို သတိရမိမည်စိုးသောကြောင့် ဖြစ်ပါသည်။ ထိုအိမ်ကြီးထဲတွင် ကျွန်တော့်ကို ကြေကွဲခြင်းဝဲဂယက်ထဲမှ တစ်သက်တာရုန်း

ထွက်ခွင့်မရအောင် ပိတ်လှောင်ထားခဲ့သော ထောင်ချောက်ဝင်္ကပါအခန်း တစ်ခု ရှိနေသေးကြောင်း ဘယ်တုန်းကမှ မမေ့လျော့ခဲ့ပါ။

ကျွန်တော့်ရင်ထဲက အရာများစွာ ကျကျန်ရစ်ခဲ့သော သေတ္တာအိုကြီးမှာ ထိုအိမ်ပင်ဖြစ်၏။

ကျွန်တော့်ရင်သည် ထိုအိမ်ထဲမှမီးလင်းဖိုလို ယနေ့တိုင် တငွေ့ငွေ့ လောင်ကျွမ်းဆဲ ဖြစ်၏။

မြို့အနှံ့ စက်ဘီးနင်းရင်း ဘီးနှင့်ကတ္တရာလမ်း ပွတ်တိုက်နေသည်ကို ငုံ့ကြည့်မိသောခဏ၌ ထိုလမ်းသည် ကြိုကြားရေစိုနေသော သင်္ကြန်လမ်းမ ဖြစ်သွားခဲ့သည်။

'တစ်ယောက်တည်း ဘယ်များ လျှောက်သွားနေလဲ' ဟူသော သီချင်းသံကို ကြားယောင်လာ၏။ ချစ်ခြင်းကြောင့် အမှားမှား အယွင်းယွင်း ဖြစ်ခဲ့သော အတိတ်ကိုတွေးနေသည့် ကျွန်တော့်မျက်နှာတွင် အမှတ်မထင် အပြုံးတစ်ခု မြင်ရမည်ဆိုပါက ထိုအပြုံးသည် ရှက်ပြုံးမှလွဲ၍ အခြားမဖြစ် နိုင်ပါ။

ဆံနွယ်တစ်မျှင်၊

ဝင်္ကပါအခန်း၊

လောင်ကျွမ်းနေသော မီးလင်းဖို၊

အိုမင်းခြင်းမရှိသေးသည့် အချစ်၊

အပစ်ပယ်ခံခဲ့ရသည့် နေ့ရက်များစွာ၊

အဖြေရှာမရသော ဆုံးဖြတ်ချက်တို့ဖြင့် လုံးထွေးဝေဝါးနေသော ကျွန်တော်သည် အမှန်မှာတော့ စိတ်နှင်ရာလွင့်နေသော တိမ်မျှင်တစ်စသာ ဖြစ်ပါသည်။

ကိုယ့်ကိုယ်ကို လွင့်မျောနေသူဟု သတိရမိလိုက်သော ခဏ၌ လူက ကိုဇော်လတ်အုတ်ဂူနှင့် မနီးမဝေး သစ်ပင်ကြီးတစ်ပင်အောက်တွင် ရောက်ရှိနေခဲ့ပါပြီ။

သင်္ချိုင်းမြေတစ်ခုလုံး လူသူရှင်းနေ၏။

ဟိုး... ခပ်ဝေးဝေးက အစောင့်တဲလေးတွင်မူ မီးခိုးတလူလူ ထွက်နေသည်။ ချမ်း၍မီးလှုံနေသည်လား၊ ချက်ပြုတ်စားသောက်နေသည်လား

မသိနိုင်။

ကျွန်တော်သည် သစ်ပင်ကို ကျောမှီရင်း ထိုင်ချလိုက်သည်။

သစ်ပင်ရင်းရှိ အဖြူရောင်ပန်းပွင့်များ ဆုပ်ဆုပ်ခဲခဲ ပွင့်နေသည့် တောရိုင်းပန်းပင်လေးများက ရင်ညွန့်ရောက်အောင် အရံအတားဖြစ်နေခဲ့သည်။

ကျွန်တော် ထိုင်နေပုံမှာ ပန်းခြုံနွယ်ပင်များအကြား ပုန်းအောင်းနေသည့် သတ္တဝါတစ်ကောင်နှင့်များ တူနေမည်လား။ ထိုနေရာမှ ကြည့်လျှင်တော့ ကျွန်တော့်အောက်ခြေဘက် မီတာတစ်ရာကျော်ကျော်လောက် အကွာတွင် အုတ်ဂူကို မြင်ကွင်းရှင်းရှင်းဖြင့် မြင်နေရ၏။ ကျွန်တော်တက်လာခဲ့သည့် စိုထိုင်းထိုင်းလမ်းကလေးကိုလည်း တိမ်မြူများဝိုင်းနေသည့် ပြာမှိုင်းမှိုင်း တောင်တန်းနောက်ခံဖြင့် လွမ်းဆွတ်ဖွယ်ရာ တွေ့ရသည်။

ကိုဇော်လတ် အုတ်ဂူသည် တစ်နှစ်စာ ခြုံနွယ်ပိတ်ပေါင်းငယ်တို့ဖြင့် ရစ်နွယ်နေသည်။ အုတ်ဂူကို ငေးကြည့်နေမိရင်း ဘောင်းဘီအိတ်ထဲမှ တွန့်ကြေနေသော ဆေးလိပ်ဘူးကို ထုတ်ယူပြီး တစ်လိပ်ဆွဲနုတ်ယူလိုက်သည်။ ပြီးမှ သောက်ချင်စိတ်မရှိတော့သဖြင့် ဆေးလိပ်ကို လုံးခြေလွှင့်ပစ်လိုက်မိ၏။ ထိုလုပ်ဆောင်ချက်အားလုံးသည် အသိမဲ့လုပ်ဆောင်ချက်များ ဖြစ်နိုင်ပါသည်။

လူ့ဘဝဆိုသည်မှာ ဆေးလိပ်တစ်လိပ်လိုပဲလား။ ဘဝ၏အဓိပ္ပာယ်ကိုက ပူပင်သောကများ၏ ရှို့မြိုက်ခံရမှုကြောင့် လောင်ကျွမ်းကုန်ဆုံးသွားတတ်သော အချိန်ကာလဟူသည့် သတ်မှတ်ချက်တစ်ခု ဖြစ်ပါသလား။

ကိုဇော်လတ်သည် သေဆုံးသွားခဲ့ပြီး ဖြစ်သော အောင်နိုင်သူတစ်ယောက်လား။

ကျွန်တော်ကကော အသက်ရှင်သန်နေဆဲ ရှုံးနိမ့်သူလား။

ထိုသို့ ဆိုလျှင် 'နန်း'သည် အလွန်မာယာများသော သစ္စာမဲ့သူဟူသည့် သရဖူကို ရယူပိုင်ဆိုင်လိုက်ဖို့ကလွဲပြီး အခြားမရှိနိုင်တော့။

မည်သို့ပင်ဖြစ်စေ ကျွန်တော် သူ့ကို ချစ်နေသေးသည်လား။

ဤအချိန်တွင် ဤနေရာသို့ ကျွန်တော်ရောက်ရှိနေခြင်းကိုက ထို အချက်ကို ပိုမိုခိုင်လုံစေလိမ့်မည်ဟု ထင်ပါသည်။

ကျွန်တော့်ရောက်ရှိနေမှုသည် ကျွန်တော့်နှလုံးသားကို ဤနေရာလေးတွင် ရာသက်ပန်မြှုပ်နှံသဂြိုလ်ပစ်လိုက်ဖို့ထက် မနှစ်က မြင်တွေ့ခဲ့ရသည့် မျက်ဝန်းတစ်စုံကို တသသ လာရောက်ရှာဖွေနေခြင်း ဖြစ်ဖို့က ပို၍ ဖြစ်နိုင်ခြေ များလှပါသည်။

ထွေဝါးနေသော ကျွန်တော့်စိတ်ကူးအတွေးများသည် ကိုယ်ကို ပွတ်တိုက်လွင့်မျောသွားသည့် တိမ်မြူလွှာများနှင့် လေအသွဲ့တွင် နွဲ့နွဲ့ယိမ်းနေသော အဖြူရောင်အပွင့်ပါ တောပန်းများလို တစ်စက်ကလေးမှ အငြိမ်မနေခဲ့။ အချိန်ကာလနှင့် အဖြစ်အပျက်ပေါင်းများစွာဆီ ကူးချီဆန်လှဲ့။

ဤနေရာတွင် ထိုင်နေမိသည်မှာ အချိန်ဘယ်လောက်ကြာခဲ့ပြီလဲ ကျွန်တော် မခန့်မှန်းတတ်တော့ပါ။

တောင်များပေါ်မှ လိမ့်ပြုကျဆင်းလာသော မိုးတိမ်ထုသည် ဤနေရာလေး၏ ကောင်းကင်ကို အုပ်မိုးစပြုပြီ။ တိုက်နေသော လေသည် အတန်ငယ်ထန်စပြုလာသလို လေထဲတွင် ရေငွေ့ပါဝင်မှုများလာပုံက သိသာလှ၏။ မကြာမီ မိုးရွာတော့မည်ထင်ပါသည်။ မိုးမရွာမီ ကျွန်တော်ပြန်သင့်ပြီ။ ပြန်ရန်စိတ်ကူးဖြင့် အုတ်ဂူလေးဆီ တစ်ချက်ကြည့်ကာ မတ်တပ်ရပ်လိုက်ရင်း အပြန်လမ်းဆီ ခြေလှမ်းရွေ့ရန် ပြင်လိုက်၏။

လူသည် သစ်ပင်ကို ကျောမှီလျက်အနေအထားမှ လှုပ်ရှားမရဖြစ်သွားခဲ့သည်။ လှမ်းရန်ပြင်ထားသော ခြေလှမ်းတို့ နေရာမရွေ့။ ကျွန်တော့် မျက်လုံးများသည်လည်း နေရာမရွေ့။

ကျွန်တော့်မျက်လုံးတို့သည် လမ်းကလေးဆီမှမရွေ့။

မျက်လုံးထဲတွင် မြင်နေသည်မှာ စိတ်စွဲလမ်းမှုကြောင့် ထင်မြင်လာသည့် မြင်ကွင်းလား။

လမ်းကလေးအတိုင်း လူနှစ်ယောက် တရွေ့ရွေ့ တက်လာနေသည်ကို မြင်ရခြင်းသည် ကျွန်တော့်၏ 'ဟုတ်ယောင်ထင်မှု'လား။

ထိုလူနှစ်ယောက်သည် မိန်းမနှစ်ယောက်ဖြစ်ကြောင်းသေချာသွားချိန်၌ ကျွန်တော့်ရင်တို့ တလှပ်လှပ်တုန်လာသည်။

'သူမများဖြစ်လေမလား'ဟူသည့် အတွေးသည် မေးခွန်းလား၊ မျှော်လင့်ခြင်းလား။ ကျွန်တော်မသိတော့။

သည်အချိန် သည်နေရာတွင် ကျွန်တော်သူ့ကို တွေ့မြင်ချင်သည်လား။ တွေ့မြင်ခွင့်ရဖို့ မျှော်လင့်နေသည်လား။ မတွေ့မြင်ချင်ဘူးလား။။

ကျွန်တော်က ပျောက်ဆုံးနေသော မျက်လုံးအစုံကို လာရောက်ရှာဖွေသူ အမှန်ဖြစ်နေခဲ့လျှင် ထိုမျက်လုံးများ ရောက်လာခြင်းကို ကန့်ကွက်ရန် အကြောင်းမရှိ။ ပျော်ရွှင်စွာ ကြိုဆိုလိုက်ရုံသာဖြစ်၏။

သို့သော် အခြားတစ်ဖက်မှ တွေးကြည့်လျှင် ဤနေရာသို့ သူရောက်ရှိလာခြင်းကိုက ကိုဇော်လတ်နှင့် သူ့အကြားရှိ ကြီးမားသော မေတ္တာတရားပြယုဂ် မဟုတ်ပေဘူးလား။ ထိုအခြေအနေမျိုးကို ယနေ့အချိန်၌ ကျွန်တော် မြင်တွေ့ခံစားနိုင်မည်မထင်ပါ။

ကျွန်တော်သည် ဘဝတစ်လျှောက်လုံး ဤသို့ လုံးခြာလိုက်နေသော အခြေအနေများ၊ မေးခွန်းများနှင့်သာ အမြဲကြုံတွေ့ရတတ်သူတစ်ဦး ဖြစ်နေပါတော့သည်။

ကျွန်တော့်မျက်လုံးအစုံက ထိုနှစ်ယောက်ကို မမှိတ်မသုန်ကြည့်နေဆဲ။ သဲသဲကွဲကွဲမြင်နိုင်သောအနေအထားရောက်သောအခါ ကျွန်တော်လက်ခံလိုသည်ဖြစ်စေ၊ လက်မခံလိုသည်ဖြစ်စေ အဖြေတစ်ခုကတော့ ထွက်ခဲ့ပြီ။ ပို၍သေချာစေသည်မှာ လေအတိုက်တွင် လွင့်မျောသွားသော ဆံပင်ရှည်ရှည်သန်သန်တို့၏ ဝေ့ဝဲလှုပ်ခါမှု ဖြစ်၏။

'အော်... သူ့ဆံပင်ရှည်ရှည်တို့သည် သည်အချိန်ထိ လှပစွာဝေ့ဝဲလှုပ်ခါနိုင်စွမ်း ရှိနေတုန်းပေကိုး'

ကျွန်တော့်ကျောပြင်ကို ကြမ်းရှသောသစ်ပင်ပင်စည်နှင့် ပွတ်တိုက်ပြီး လျှောချထိုင်လိုက်မိ၏။ အသိစိတ်ဖြင့်ထိုင်ချလိုက်သည်လား၊ သူ့အလိုလို ညွတ်ခွေကျသွားသည်လားတော့မသိ။

မျက်လုံးအကြည့်ကတော့ လမ်းကလေးဆီတွင် ရှိနေဆဲ။

နန်း၏ ခြေလှမ်းများသည် ကျွန်တော်ရှိရာဘက်သို့ တဖြည်းဖြည်းနီးလာနေပြီ။

သူ ဝတ်ဆင်ထားသည့် အရောင်မှိုင်းမှိုင်း အသားပွပွ အဝတ်အထည်များက ဆံပင်များလိုပင် လေတွင်တဖျတ်ဖျတ်ခါနေ၏။

ကျွန်တော့်နားထဲတွင် ထိုဆံနွယ်မျှင်များအချင်းချင်း ထိခတ်နေသံကို ကြားနေရသည်ဟု ထင်မြင်လာခဲ့သည်။

ပျောက်ဆုံးနေသောမျက်လုံးများ ကျွန်တော်ရှိရာ ပျံ့ဝဲရောက်ရှိလာနေခဲ့ပြီ။ ဒါဟာ သိပ်ကိုလှတဲ့ လိပ်ပြာလေးတစ်ကောင်လား။

သူတို့နှစ်ယောက် တိုးညင်းစွာစကားပြောလာပုံရသည်။ သူ့ဘေးမှ ပါလာသူသည် သူ့သမီးဖြစ်မည်။ ထိုသားအမိ၏လက်တွင် ဆွဲခြင်းတစ်လုံးစီ ပါ၏။ နန်းကတော့ ဆွဲခြင်းအပြင် သူ့ရင်ခွင်၌ ပန်းတစ်စည်း ပွေ့ထားသေးသည်။

ဤနေ့ဤရက်သည် ကိုဇော်လတ်ဆုံးသွားသည့် နှစ်လည်နေ့များဖြစ်လေမလား။

ကျွန်တော် မသိ။ သတိမထားမိ။ ကျွန်တော်သိသည်မှာ မနှစ်ကသည်အချိန်လောက်တွင် တိမ်းပါးသွားခဲ့သည်ဟုသာ ဖြစ်သည်။ ရက်မမှတ်မိ။ နေ့စွဲမှတ်မထားခဲ့။

လေတိုက်နှုန်း ပိုမြန်လာသည်။

မိုးတိမ်ညိုတို့ ပိုနိမ့်လာ၏။

ခုနကထက် အတန်ငယ် ပိုကျယ်လာသော သစ်ရွက်ခတ်သံနှင့် လေတိုးသံတို့သည် ဤဝန်းကျင် ဤမြင်ကွင်းအတွက် နောက်ခံသီချင်းများ ဖြစ်၏။ ထိုအသံများသည် ကျွန်တော်စွဲလမ်းသော တယောအလက်ပေါင်း များစွာထိုးလိုက်သည့် အသံနှင့်မတူ၊ ကြားရသူချောက်ချားအောင် ခြိမ်းခြောက်မှုတစ်ခုခု ထည့်သွင်းထားသလို ခံစားရ၏။

နတ်ဝင်သည်တစ်စု သံပြိုင်သီဆိုနေသော ဝိညာဉ်ခေါ်တေးသံနှင့် တူနေသည်။

ထိုသားအမိ အုတ်ဂူဆီရောက်ခဲ့ပြီ။

ပါလာသော ခြင်းထဲမှ ပစ္စည်းများကို ထုတ်ယူလိုက်ကြသည်။ ကျွန်တော်သည် ထိုင်လျက်အနေအထားကို လုံးဝမပြင်မိ။ သူတို့လှုပ်ရှားမှုကိုသာ ကြည့်နေမိသည်။

နောက်တစ်ကြိမ် ဆေးလိပ်ဘူးကို ထုတ်ယူလိုက်မိ၏။

သည်တစ်ကြိမ်တွင်လည်း မီးမညှိဖြစ်ပါ။ တငွေ့ငွေ့ လောင်ကျွမ်းကုန်ဆုံးသွားသော ဆေးလိပ်တစ်လိပ်၏ အဖြစ်ကို မကြည့်ချင်တော့ခြင်းဟူသော ခံစားချက်မျိုး ဖြစ်ပေါ်နေသည်ထင်၏။ ထိုဆေးလိပ်ကို ချေမွ၍ ဘေးတွင် ချထားလိုက်ပြန်သည်။

သူတို့ခြင်းများထဲတွင် မြေတူးတူရွင်းငယ်၊ တစ်တောင်ခန့် ဓား တစ်ချောင်း၊ အုန်းလက်တံဖြင့်လုပ်ထားသည့် တံမြက်စည်းကြမ်းအတို နှင့် ဤနေရာမှလွဲ၍ မမြင်ရသော ပစ္စည်းများ ပါဝင်ပုံရသည်။

သူတို့သည် တိတ်ဆိတ်စွာပင် ဂူပေါ်မှ ခြုံနွယ်များကို ခုတ်ထွင် တူးဆွ ဖယ်ရှားပစ်နေကြသည်။

သုတ်ခနဲ တိုက်လိုက်သော မိုးသက်လေနှင့်အတူ မိုးဖွဲလေးများ လိုက်ပါလာ၏။

ချစ်သူ့အိမ်သို့သွားခဲ့သည့်မနက်က ကျခဲ့ဖူးသော (မိုးဟုပင် ခေါ်ရန် ခက်သည့်) မှုန်မှုန်ဖွဲဖွဲ ရေမှုန်ရေစက်ကလေးများ ဖြစ်သည်။ သို့သော် ရေခဲတမျှအေး၏။

ကျွန်တော်က ထိုင်မြဲအတိုင်းထိုင်နေပြီး။ သူတို့က လုပ်မြဲအလုပ်ကို ဆက်လုပ်နေကြသည်။

ထို မှုန်ဖွဲဖွဲမိုးများကျပြီး မကြာမီ မိုးသည်းသည်း ပြိုကျလာခဲ့သည်။

ကျွန်တော် ထိုင်ရာက မထ။

သူတို့လည်း လုပ်လက်စကို မရပ်။

အေးစက်သောမိုးရေစက်များသည် ကျွန်တော့်ကို အုပ်မိုးထားသည့် သစ်ပင် ပေါ်ကျလာသလို သူတို့သားအမိကိုယ်ပေါ်ကိုလည်း ကျရောက် ထိမှန်နေ၏။ ထို သည်းသည်းမိုးရေများထဲမှာပင် ဂူရှင်းလင်းရေးအလုပ်ကို သူတို့ ဆက်လုပ်နေကြသည်။ သည်းလာသည့် မိုးရေထဲတွင် ကျွန်တော့် တစ်ကိုယ်လုံး ရွှဲနစ်နေခဲ့ပြီ။ ထိုသားအမိကိုလည်း အေးစက်လွန်းသော မိုးရေစက်များက အလွတ်မပေးခဲ့။

ဘူးထဲမှဆေးလိပ်များကို တစ်လိပ်ပြီးတစ်လိပ် ထုတ်ယူချေမွရင်း ထိုင်နေမိသည်။

ကျွန်တော်လုပ်ဆောင်နေပုံက ရေစိုနေသောဆေးလိပ်များမို့ မီးညှိ မရ၍ ချေမွပစ်နေသည်နှင့် မတူ။ ဆေးလိပ်တစ်လိပ်ချင်းစီကို ချေမွနေ ခြင်းသည် ကျွန်တော့်ခံစားမှု တစ်ခုချင်းစီကို ဖျက်ဆီးပစ်နေခြင်းသာဖြစ် သည်ဟု ယုံကြည်လုပ်ဆောင်နေခြင်းမျိုး ဖြစ်နိုင်ပါသည်။

ကျွန်တော့် နှလုံးသားကို ကျွန်တော်ကိုယ်တိုင် စိတ်လိုလက်ရ

ချေမှုဖျက်ဆီးပစ်နေခြင်းသာ ဖြစ်ပါလိမ့်မည်။

နက်ဖန်နံနက်တွင် ကျွန်တော် ဤမြို့ကလေးထံမှ ထွက်ခွာသွားရ တော့မည်။ ထိုအခါတွင် ယနေ့တိုင် မငြိမ်းနိုင်သေးသည့် ဝေဒနာကို နောင် ရက်ပေါင်းနှစ်ပေါင်းများစွာတိုင်အောင် ကျွန်တော် ဆက်လက်သယ် ဆောင်သွားသင့်ပါသလား။ ကျွန်တော့်အပေါ် သစ္စာမဲ့ခဲ့သူ တစ်ယောက် အတွက်...၊ ယနေ့တိုင် သူ့အိမ်ရာအပေါ် မေတ္တာကြီးမားစွာ သတိတရ လွမ်းဆွတ်နေသူတစ်ဦးအတွက် ခံစားမှု၊ ကြေကွဲခြင်းနှင့် အချစ်များကို လက်ခံသိမ်းဆည်းထားသင့်ပါသေးသလား။

ကျွန်တော့်လက်သည် မိုးရေထိထားသည့် နီကိုတင်းဆေးများ ကြောင့် ဝါထိန်နေ၏။ မိုးရေသည် ထိုအဝါရောင်အစွန်းအထင်းများကို ပျောက်ပျက်သွားအောင် မလုပ်နိုင်၊ သို့သော် ချေမှုနေခြင်းအလုပ်က ရပ် မသွား။

ကျွန်တော့်ရင်ထဲတွင် စွန်းထင်းနေသည့် အတိတ်ပုံရိပ်တို့ကိုရော ဘယ်အရာကမှ ပျောက်ပျယ်သွားအောင်လုပ်ဆောင်နိုင်စွမ်း မရှိကြတော့ ဘူးတဲ့လား။

ကျွန်တော့်လက်က စီးကရက်များကိုသာ ဆက်လက်ချေမှု ဖျက်ဆီး ပစ်လျှက်ရှိနေပါသည်။

သူတို့ ခြုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းဖယ်ရှားပြီးသွားကြပြီ။

သာမန်လူတို့ မခံနိုင်လောက်အောင် ချမ်းရသည့် တောင်ပေါ်မိုးရေ သည်းသည်းအောက်တွင် သူတို့နှစ်ယောက်စလုံးသည် ချမ်းသည့် ဒဏ်ကို ခံစားနေရပုံမပေါ်။

သူတို့ရင်ထဲတွင် ကြီးမားသော မီးပုံတစ်ပုံစီ ရှို့လုံ့ထားကြသည် လား။

သန့်ရှင်းသပ်ရပ်နေပြီဖြစ်သော အုတ်ဂူလေးပေါ်သို့ ‘နန်း’က သူ ယူလာသည့် ပန်းစည်းလေးကို တင်လိုက်သည်။

သည့်နောက်တွင်တော့ မိုးလေကွယ်အောင် လုပ်ထားသည့် ဂူ မျက်နှာစာရှိ ချိုင့်ကလေးထဲတွင် ဖယောင်းတိုင်မီးတို့ ထိန်ထိန်ငြိးလာ သည်။ သူတို့နှစ်ယောက်သည် ထိုဖယောင်းတိုင်မီးများကို ရင်တွင်းအပူ

ဖြင့် ညှိယူ ထွန်းလင်းစေခဲ့သည်လား။ ထိုချိုင့်လေးထဲမှ အမွေးတိုင်ငွေ့ တလူလူ ထွက်လာပြန်၏။ ထို အငွေ့တို့သည် လေကြားမိုးကြားမှအထက်သို့ ဖြန့်ကြဲလွင့်ပျံတက်နေ၏။

မီးခိုးငွေ့တန်းတွေ ဘယ်ဆီကိုသွားကြသည်လဲ။

ထိုသားအမိ၏ ဆုမွန်ကောင်းများ၊ လွမ်းတသမှုများ၊ ဆုတောင်းများကို သယ်ဆောင်၍ ကိုဇော်လတ် ဝိညာဉ်တည်ရာအရပ်သို့ သွားရောက်ပို့ဆောင်ပေးနေကြသည်လား။

ပန်း၊ မီး၊ အမွေးတိုင်တို့ကို နေသားတကျ ပြင်ဆင်ပြီးသောအခါ ထိုသားအမိသည် အုတ်ဂူကို ကန်တော့ရန် ပြင်ဆင်ကြသည်။

ယခုတိုင် ကျွန်တော် နေရာမရွှေ့မိသေး။

လက်ထဲတွင်တော့ ချေမွဖျက်ဆီးပစ်စရာ စီးကရက်များ ကုန်သွားခဲ့ပြီ။

မကုန်သေးသည်က ကျွန်တော့်ရင်တွင်းမှ ခံစားမှုများဖြစ်၏။

ကြေမွမသွားခဲ့သည်ကတော့ နှစ်ပေါင်းများစွာ စိုင်ခဲဖွဲ့တည်ခဲ့သော ကျွန်တော့်ရင်တွင်းမှ ချစ်ခြင်းများသာ ဖြစ်ပါမည်။

အုတ်ဂူလေး၏ ရှေ့တွင် သည်းသည်းရွာချနေသော မိုးကြောင့် ရေကြည်များ အိုင်ထွန်းနေသည်။ ထိုသားအမိသည် ထိုရေကြည်အိုင်လေးထဲတွင်ပင် ပုဆစ်တုပ်ထိုင်လိုက်ကြ၏။ ရေလွတ်ရာသို့ ရွှေ့ပြောင်းမထိုင်ကြခြင်းဖြင့် သူတို့၏ အလေးအမြတ်ထားမှုကို ပြသနေကြခြင်းလား။ သည့်နောက် မိုးထဲရေထဲမှာပင် အုတ်ဂူကို ကန်တော့နေကြ၏။ သူတို့သည် ထုံကျင်လာအောင်အေးစက်နိုင်သည့်ဒဏ်မှ လွန်မြောက်နေလောက်အောင်ကိုပင် အလွမ်းမီး တောက်လောင်ဆဲပါလား။

အုံ့သြဖွယ်မြင်ကွင်းကို ကျွန်တော် အကြောင်သား ငေးမောကြည့်ရှုနေမိသည်။

အားလုံးပြီးဆုံးသွားဖို့ ကောင်းပါပြီ။

ဒီနေရာမှာပဲ အရာရာဟာ ငြိမ်သက်အေးချမ်းစွာ ပြီးဆုံးသွားပါတော့။

ထိုသို့ တီးတိုးရေရွတ်မိသည့်ခဏ၌ ကျွန်တော့်မျက်နှာပေါ်မှာ အလွန်အေးစက်နေသော မိုးရေစီးကြောင်းများအကြား၊ ပူနွေးသည့် ရေစီး

ကြောင်းလေးနှစ်ခု သိသိသာသာစီးဆင်းနေသည်ကို သတိပြုမိသည်။

ကျွန်တော့် မျက်ရည်များမှလွဲ၍ အခြား ဖြစ်နိုင်ဖွယ်မရှိ။

ကျွန်တော် ကျေနပ်ပါသည်။ ကျွန်တော့်ရင်ထဲမှ သူနှင့်ပတ်သက်သမျှ အရာရာသည် မည်သည့်အသွင်သဏ္ဌာန်တစ်မျိုးမျိုးနှင့်မဆို ထွက်ခွာသွားကြဖို့ကောင်းပါပြီ။

ကျွန်တော့်ရင်ထဲမှ စွဲလမ်းမှုအားလုံး အပြီးတိုင် ပျက်စီးကြွေမွသွားဖို့ သည်မြင်ကွင်းလေးတစ်ခုနဲ့တင် လုံလောက်လှပြီဟု ထင်ပါသည်။ မျက်လုံးများမှတစ်ဆင့် တစ်စုံတစ်ရာကို မျှော်လင့်ရင်း ကျွန်တော် ရှာဖွေနေခဲ့သော နှလုံးသားတစ်ခု၏ အတွင်းတစ်နေရာကို ဤလှုပ်ရှားမှုများဖြင့် မြင်တွေ့ခွင့် ရခဲ့ပြီထင်ပါသည်။

သူတို့ မတ်တပ်ရပ်လိုက်ကြသည်။

ကျွန်တော် ထိုင်နေရာမှ မထသေး။

သူတို့သည် ပစ္စည်းများ သိမ်းဆည်းပြီးနောက် လာရာလမ်းဆီ ခြေဦးလှည့်လိုက်ကြသည်။ အတန်ငယ် လှမ်းလာခဲ့ပြီးမှ အုတ်ဂူဆီ လည်ပြန်တစ်ချက် ပြန်လှည့်ကြည့်လိုက်၏။ သည့်နောက် လမ်းလေးအတိုင်း ဆက်ဆင်းသွားခဲ့ကြသည်။ ဖြည်းဖြည်းမှန်မှန်ပင်။

ကျွန်တော်နှင့် ဝေးရာဆီ သူတို့ တရွေ့ရွေ့နှင်နေကြပြီ။

ကျွန်တော် ဘာလုပ်ရမည်နည်း။

ထွက်တွေ့လိုက်ရမည်လား။

'ပီနန်း'ဟု အကျယ်ကြီး အော်ခေါ်လိုက်မိလျှင် သူ လှည့်တော့ ကြည့်မည်ထင်ပါသည်။ ပြီးလျှင် 'မျှော်လင့်နေဆဲပါ'ဆိုသည့် မျက်လုံးများနှင့် ကျွန်တော့်ကို ဆက်ဆံမည်လား။ ထိုသို့ ဆက်ဆံခဲ့လျှင် ဘေးနားက သမီးလေးအနေဖြင့် ထိုအဖြစ်အပျက်အပေါ် မည်သို့ နားလည်ပေးနိုင်ပါမည်နည်း။

မဖြစ်နိုင်ပါ။

သူ့နှလုံးသားမှာ ကျွန်တော့်ကို တသသရှိနေသေးကြောင်း ထင်မြင်မိခဲ့သည်ဆိုပါက ထိုအမြင်သည် အလွန်ဆိုးဝါးသော ရူးသွပ်မှုသာ ဖြစ်နိုင်ပါသည်။ ဆောက်တည်ရာမရဖြစ်နေသော စိတ်ခံစားမှုတို့ကသာ ဤအတွေးမျိုး တွေးမိခြင်း ဖြစ်ပါလိမ့်မည်။ 'နန်း'ရင်ထဲရှိ ရှင်းလင်းသော

ခံစားမှုများကို ခုနက မြင်ကွင်းဖြင့် ကြည့်ရှုခွင့်ရခဲ့ပြီး မဟုတ်ပါလား။

သည်နေရာတွင် သည်ပုံစံဖြင့် ကျွန်တော့်ကို တွေ့ပါက နန်း ဘယ်လို နားလည်သွားမလဲ။ သူ့သမီးလေးကရော...။

သည်လိုအချိန် သည်လိုနေရာမျိုးမှာ ကျွန်တော် ဘာလာလုပ် နေတာလဲဟူသော မေးခွန်းက အရာအားလုံးရဲ့အဖြေဖြစ်၏။ ရင်ထဲတွင် တစ်သက်တာ သိမ်းဝှက်ထားခဲ့သမျှ တစ်ကြိမ်တည်းဖြင့် ပေါ်တော့မည်။

ထိုအခါ ရှင်းလင်းငြိမ်သက်နေသော အရာရာသည် ကျွန်တော့် အတွက်ကြောင့် ရှုပ်ထွေးပျက်စီးသွားနိုင်ပါသည်။

နေပါတော့။

အားလုံး သည်အတိုင်းသာ ပြီးဆုံးသွားလိုက်ပါတော့။

အဖြစ်အပျက်အားလုံးသည် ကျွန်တော် ချေမွထားသော စီးကရက် များလိုပင် တစ်စစီဖြစ်ပြီး ဟောသည်ရေစီးနှင့်အတူ မျောပါပျောက်ဆုံး သွားကြပါတော့။ ရာသက်ပန် ပြန်လည်ရှာဖွေမတွေ့နိုင်တော့မည့် ခံစားမှု များအဖြစ် မြေကြီးထဲ နစ်ဝင်ပျောက်ဆုံးသွားကြပါတော့။

သူတို့ တရွေ့ရွေ့ ဝေးကွာသွားနေခဲ့ပါပြီ။

နက်ဖြန်နံနက်တွင် ကျွန်တော်သည် ဤမြို့ကလေးကို အပြီးတိုင် ခွဲခွာသွားပါတော့မည်။

✢

တစ်ခါက
နေ့ရက်တစ်ရက်တွင်
ဤသို့ ဖြစ်ပျက်ခဲ့ဖူးပါသည်။

ငြိမ်းအေးအိမ်

■